

www.burmeseclassic.com
လုံးချင်းဝတ္ထုသစ်
မြူလဲ့သူမ
ရိုးမညီလာ
www.burmeseclassic.com

www.burmeseclassic.com

အဖုံးဒီဇိုင်း - L လင်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း။
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဒေါ်ရွှေ (မြ - ၀၂၀၇၉)
သုခပုံနှိပ်တိုက်
အမှတ်(၁၄၀)၊ ၄၅-လမ်း(အထက်)၊
ဗိုလ်တထောင်။
အတွင်းပလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းအေး
ပုံနှိပ်ခြင်း - ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၃၅၀ ကျပ်

မြပုလဲသွယ်
နိုးမညီလာ / မြပုလဲသွယ် ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၄
၂၅၆ - စာ ; ၁၂ × ၁၈ စင်တီ။
(၁) နိုးမညီလာ

# အခန်း (၁)

"ဖြစ်မှဖြစ်ပါ့မလား အစောရယ်"

"ဖြစ်ပါတယ် မမရယ်၊ အစောအတွက် စိတ်ချလက်ချနေပြီး အန်တီတွေး ခေါ်တဲ့နောက်ကိုသာ လိုက်သွားလိုက်ပါ"

"မမသွားတာနဲ့ အစောလည်း အလုပ်ရှိတဲ့ နေရာကိုသွားဖို့ အားလုံး စီစဉ်ပြီးပါပြီ"

အခန်းက ရုတ်တရက် တိတ်ဆိတ်သွားသည်။ ညီအစ်မနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး သက်ပြင်းကိုယ်စီ ကျိတ်ချလိုက်သည်။ မိဘမဲ့များဖြစ်၍ တစ်ယောက်ကိုတစ်ယောက် မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်ကြသည်မှန်သော်လည်း အချိန်တန်တော့ ရှိသည့်ညီမလေးနှစ်ယောက် အတူနေ၍ မဖြစ်။

တကွဲတပြားစီနေဖို့ ကံတရားက ဖန်လာသည်။ အန်တီတွေး ဆိုတာ မမသြရဲ့အဒေါ် အပျိုကြီးဖြစ်ပြီး နိုင်ငံခြားမှာနေသူ။ မမသြရဲ့ အဒေါ်ဖြစ်ပေမယ့် အစောနဲ့ကျတော့ ဘာမှ သွေးမတော် သားမစပ် သူစိမ်းတွေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကလည်း အစောတို့ဖေဖေက အိမ်ထောင်နှစ်ဆက်။ မမသြကို မွေးပြီး မမသြအမေ ဆုံးသွားတော့ ဖေဖေက သမီးတစ်ယောက်နှင့် ကျန်ခဲ့သည်။ တော်တော်နှင့် အိမ်ထောင်မပြု။ မမသြ ငါးနှစ်သမီး အရွယ်ရောက်တော့ အစောမေမေနှင့်တွေ့ပြီး အိမ်ထောင်ကျတော့ စောကို မွေးသည်။

အစောမေမေက မမသြကို သမီးအရင်းလို ချစ်သလို အမေ ငတ်နေသည့် မမသြကလည်း အစောမေမေကို မေမေဟုခေါ်ပြီး မေမေ့ ကို သိပ်ချစ်သည်။ မမသြက အစောကိုလည်း ချစ်သည်။ အလို လိုက်သည်။ ညီမအတွက် အစစအရာရာ အနစ်နာခံသည်။ အစ်မကြီး ပီသသည့် သြကို အစောကလည်း ချစ်သည်။

သြ ဆယ်တန်းအောင်သည့် နှစ်မှာ အစောတို့မိဘနှစ်ပါးစလုံး ကားအက်ဆီးဒင့်ဖြင့် ကွယ်လွန်၍ အစောတို့ညီအစ်မ နှစ်ယောက် တည်း မျက်စိသူငယ်နားသူငယ် အားကိုးရာမဲ့ ကျန်ရစ်သည်။ အစော မေမေက တစ်ဦးတည်းသော သမီးလည်းဖြစ်၊ ဆွေမျိုးရင်းလည်း နည်းသဖြင့် အစောဘက် တခြားတွယ်တာစရာ မရှိ။

သြကိုသာ ကလေးတစ်ယောက်လို တွယ်ကပ်နေပေမယ့် သြ မှာကျတော့ သြအမေဘက်က အဒေါ်အပျိုကြီးက အင်္ဂလန်မှာနေသည်။ ဖေဖေရှိစဉ်ကတည်းက သူ့တူမ သြကို မကြာခဏ လှမ်းခေါ်ပေမယ့် ဖေဖေက မမသြကို မလွှတ်။ သြကို မွေးစားဖို့ တောင်းတော့လည်း မပေး။ မိသားစု အတူနေကြသည်။

မနေနိုင်သည့် အဒေါ်အပျိုကြီးကလည်း နိုင်ငံခြားပြန် လူကြုံ ရှိတိုင်း ပစ္စည်းတွေ မကြာခဏ လှမ်းလှမ်းပို့ပေးနေ၍ အစောတို့ညီအစ်မ





သုံးသမျှ၊ ဝတ်သမျှ ပစ္စည်းတွေအားလုံး သူများထက် လှပဆန်းကြယ် နေတတ်သည်။

တန်ဖိုးကြီးနေကြသည်။ သစ်ဆန်းနေကြသည့်အတွက် ကျောင်း မှာ နာမည်ကြီးသူတွေ ဖြစ်ခဲ့ရသည်။

ညီအစ်မနှစ်ယောက်စလုံး မှုန်နေအောင် လှကြတာလည်း ပါ သည်။ ငွေကြေးချမ်းသာ ပြည့်စုံကြသူများဖြစ်၍လည်း လူတိုင်းက စိတ်ဝင်စားခြင်း ခံရကြသူတွေထဲ သြနှင့်စောတို့ ထိပ်ဆုံးက ပါဝင်ခဲ့ ပေမယ့် မိဘတွေ မရှိတော့ သြတို့ဘဝ အခြေအနေက တစ်မျိုးပြောင်း လဲသွားသည်။

ဖေဖေ မရှိတော့ ကုမ္ပဏီကို တခြားသူလက်ထဲ ထိုးအပ်လိုက် ရသည်။ ညီအစ်မနှစ်ယောက်စလုံး ကျောင်းသူမျှသာဖြစ်၍ ဘာတစ်ခုမှ စီးပွားရေးအကြောင်း လူတွေအကြောင်း မသိ။

ဖေဖေ့ မိတ်ဆွေထဲမှ ယုံကြည်အားကိုးရသည်ဟု ထင်သော သူတွေလက်ထဲ ပြန်အမ်းငွေကို ထိုးအပ်ပြီး တိုးပွားပေးသည့်ငွေကို အဟုတ်မှတ်နေတုန်း ထိုလူက သြတို့ညီအစ်မကို လိမ်သွား၍ ပေးထား သမျှငွေ ဘာတစ်ခုမှ ပြန်မရလိုက်။

အားလုံး ဆုံးရှုံးသွားသည်။

လူချင်းလည်း လုံးဝအတွေ့မခံတော့သည့်အပြင် သူတို့နေသည့် အိမ်ကိုပါရောင်းပြီး လိပ်စာကိုပါ ဖျောက်ဖျက်ပစ်လိုက်၍ ဘာမှမတတ် နိုင်ဘဲ လက်လျှော့လိုက်ကြရသည့်ဘဝ။

ညီအစ်မနှစ်ယောက် ဘယ်သူ့ကိုမှ အားမကိုးဘဲ ရှိသည့်ငွေကို ခြိုးခြံချွေတာပြီး ကျောင်းဆက်တက်သည်။ သြ တက္ကသိုလ်က ဘွဲ့



www.burmeseclassic.com

www.burmeseclassic.com



ရုံးခန်းထဲက စိတ်ကြိုက်အလုပ်ကို လွယ်လွယ်နှင့်ရှာမရ။ ရှာတွေ့ပြန်တော့လည်း ပြဿနာနှင့် ဖြစ်သည့် အလုပ်မျိုးဖြစ်၍ ဟိုအလုပ်မကြိုက် ဒီအလုပ်ပြောင်း၊ ဒီအလုပ်မကြိုက် ဟိုအလုပ်ပြောင်းနှင့် အလုပ်သံသရာ လည်နေခဲ့ရာဝဲ ရှိသည့်ပစ္စည်းလေးတွေထဲက ထုခွဲရောင်းချရင်း ငွေကုန် မျှတ် နေလာခဲ့ကြသည်။

စော ကျောင်းပြီးသွားသည့် နှစ်စမှာ ညြိစိတ်ကြိုက် အလုပ်တစ်ခု ရသည်။ ရသည့်အလုပ်က ကလေးနှစ်ယောက်ကို စာသင်ပေးရမည့် အလုပ်။ ပေးထားသည့် လစာကလည်း မက်လောက်စရာ ဖြစ်သလို နေစရိတ်၊ စားစရိတ်ငြိမ်းဆိုတာကို ညြိက သဘောကျပေမယ့် သွား ရမည့်ခရီးက ဝေးလွန်းသဖြင့် စဉ်းစားနေဆဲ…

အင်္ဂလန်မှာနေသည့် ညြိအဒေါ် အန်တီထွေးက ညြိအတွက် နိုင်ငံခြားမှာနေပြီး လခကောင်းကောင်းရမည့် အလုပ်ရှာပေးသည့်အတွက် ညြိ ပျော်သွားသည်။ အစောကို ညြိနှင့်အတူ ခေါ်လာပါရစေဆိုတော့ အန်တီထွေးက လက်မခံ။

အန်တီထွေး ကိုယ်တိုင်လည်း အရင်လို အပျိုကြီး မဟုတ်တော့ အိမ်ထောင်ကျပြီး သားသမီးတွေ ရနေပြီ။ အစောက ညြိမိတ္တေးရဲ့သမီး ဆိုတော့ ကြည့်မရတာလည်း ပါမည်ထင်သည်။ ညြိတစ်ယောက်တည်း ကိုပဲ ခေါ်သည်။

နောက်အလုပ် အဆင်ပြေပြီး နေရာအခြေတကျရှိမှ အစောကို ခေါ်ပါဆိုတော့ ညြိဘက်က ဖွင့်ပြောဖို့ ခက်သွားသည်။ ညီအစ်မ နှစ်ယောက်ခွဲပြီး နိုင်ငံခြားရပ်ခြား တိုင်းတစ်ပါးကို တစ်ယောက်တည်း သွားသင့် မသွားသင့် စဉ်းစားရခက်လာသည်။





ညြိအတွက် အန်တီထွေးက အားလုံး အသင့်လုပ်ပေးထား၍ ကျေးဇူးတင်စရာ ကောင်းသလို ဒီအခွင့်အရေးကို လက်လွှတ်ခံ ငြင်း ပယ်လိုက်လျှင် နောက်ထပ် ထိုအခွင့်အရေးမျိုး ထပ်မရနိုင်မှန်းလည်း ညြိတို့ ညီအစ်မနှစ်ယောက်စလုံး သဘောပေါက် နားလည်ထားသည်။

နောက်ဆုံး အစောကပဲ အစ်မဖြစ်သူ ညြိကို အန်တီထွေး အစီ အစဉ်အတိုင်းလုပ်ဖို့ တိုက်တွန်းအားပေးသည်။

"ခဏပဲ ခွဲရမှာပါ မမညြိရယ်၊ နောက် ဟိုမှာ မမညြိ အဆင် ပြေသွားတော့ အစောကို လှမ်းခေါ်ပေါ့၊ အဲဒီအခါကျမှ ညီအစ်မ နှစ်ယောက် ကျောင်းလည်းတက်၊ အလုပ်လည်းရှာ့ ဘယ်လောက် ဟန်ကျလဲ"

"ဒါပေမယ့် ဒီမှာက အစောတစ်ယောက်တည်း ကျန်ခဲ့မှာ ဆိုတော့…"

"ဘာဖြစ်လဲ၊ အစောက ကလေးလား၊ ဒီလိုပဲ စောထက် ငယ်ရွယ်တဲ့ မိန်းကလေးတွေတောင် သူများတိုင်းပြည်ထွက်ပြီး အလုပ် လုပ်နေကြတာ၊ အစောအတွက် ဘာမှစိတ်မပူနဲ့၊ ဒါမြန်မာပြည်၊ 'ကိုယ့် တိုင်းပြည်မှာ ကိုယ့်လူမျိုးနဲ့ကိုယ် နေရစ်ခဲ့တာ ဘာမှစိုးရိမ်စရာ မရှိဘူး"

"မမညြိသာ ကိုယ် သွားရမယ့်ခရီးကို စိတ်ဖြောင့်ဖြောင့်သွား၊ စောက မမညြိကိုယ်စား ကျောင်းဆရာမ အလုပ်ကို အတွေ့အကြုံသစ် လည်းရ၊ စိတ်ပြေလက်ပျောက် ခရီးထွက်ပြီးသားဖြစ်အောင် အလုပ် ဝင်လုပ်လိုက်မယ်၊ မကောင်းဘူးလား"

"အိမ်ကို သံရုံးငှားပြီး တခြားနေရာမှာ အစော ဘာအလုပ်မှ မလုပ်ဘဲ အေးအေးဆေးဆေး နေပါလား အစောရယ်၊ ကလေးတွေကို

www.burmeseclassic.com



စာသင်ရတယ်ဆိုတာ စိတ်ရှည်မှုဖြစ်တာမျိုး အစောရဲ့"

"အစောကိုယ်တိုင်လည်း ကလေးတွေကို ချစ်တာပဲ၊ ဖြစ်ပါတယ် မမသြရယ်၊ နောက်တစ်ခုက မမသြမရှိဘဲ အစော ဒီနေရာမှာ ဆက်မနေချင်ဘူး။ တခြားနေရာတစ်ခုမှာ တခြားပုံစံတစ်ခုနဲ့ မမသြကို လွမ်းတဲ့စိတ်တွေကို မေ့ထားချင်တယ်"

"အစောရယ်"

မမသြ စိတ်ထိခိုက်သွားတာကို ကြည့်ပြီး အစောလည်း မျက်ရည်ဝဲသွားသည်။ ငိုချင်စိတ်ကို မြိုသိပ်ပြီး စောပြုံးလိုက်သည်။

ဒါက်တရားပဲလေ။

အစော ဘာတာတ်နိုင်မှာလဲ။

အန်တီတွေးက မမသြနဲ့အတူ အစောလိုက်လာတာကို လက်မခံနိုင်ဟု ပြတ်သားစွာ ဆိုလာမှတော့ အစော နေရစ်ခဲ့ရုံပေါ့။

"အေးလေ… မမသြတို့ ညီအစ်မ ခဏပဲ ခွဲရမှာပါ၊ ဟိုရောက်ရင် မမသြ အလုပ်ကြိုးစားလုပ်ပြီး ငွေစုမယ်၊ ပြီးတော့ အစောကို လှမ်းခေါ်ပြီး ညီအစ်မနှစ်ယောက် ဘယ်တော့မှမခွဲဘဲ အတူနေကြမယ်… ဟုတ်လား"

"မမသြ အိမ်ထောင်မပြုခင် အချိန်အထိလို့ပဲ ပြောပါ၊ မမသြ အိမ်ထောင်ကျသွားရင် အစောက မမသြနဲ့ အတူလိုက်မနေတော့ဘူး"

"ဘာဖြစ်လို့လဲ အစောရဲ့"

"အိုး… အစောချစ်တဲ့ မမကို လုယူသွားတဲ့ လူကြီးကို မုန်းလို့ပေါ့"

"အစောရယ်… ခစ်… ခစ်"





ညီအစ်မနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ယ်မိကြသည်။ ဘဝဆိုတာ ဒီလိုပဲ ရယ်တစ်လှည့် ငိုတစ်လှည့်ပဲ သင်ပါရဲ့။ မမသြ နိုင်ငံခြားကို ထွက်သွားပြီး နောက်ရက်မှာ အစောက သည်း မမသြကိုယ်စား အလုပ်ခန့်စာလေးကိုကိုင်၍ ပန်းညီလာသို့ ွက်ခဲ့သည်။

ပန်းညီလာရိပ်ငြိမ်။

နာမည်လေးက လှသလို ပန်းညီလာမှာနေသည့် မိသားစုဝင် တွေကလည်း ထူးခြားသည်ဟု ဆိုပါသည်။ ဘယ်လို ထူးခြားသည် ဆိုတာကိုတော့ အစောလည်း မသိ။ ဤအလုပ်ကို မမသြ၏ အသိ တ်ဆွေမှတစ်ဆင့် ရခဲ့ခြင်းဖြစ်သည်။

ပန်းညီလာကို လာရသည့်ခရီးက မနီးပါ။ ခရီးပေါက်အောင် ားဖြင့် တစ်ညအိပ်သွားရသည်။ ခရီးဆုံးရောက်လျှင် အစောကို န်းညီလာမှ လာကြိုမည့်အကြောင်း ကြိုတင်အကြောင်းကြားထားသည့် ူက စိုင်းညီလာ။

စာတ်ပုံနှင့်တကွ ရောက်ရှိလာသော ဆရာမ၏ လျှောက်လွှာကို ရရှိပါသည်။ အခု စာရလျှင် တစ်ပတ်အတွင်း ပန်းညီလာသို့ အရောက်လာပါ။ လာမည့်ရက်ကို ကြိုတင်အသိပေးပါက လာကြိုပါမည်…။

ဒေါက်တာစိုင်းညီလာ



www.burmeseclassic.com

www.burmeseclassic.com



တောင်ရိုးရိပ်စံအိမ်။ ရမည့်လစာငွေက တစ်လတစ်သိန်းအဖြစ် စရိတ်ငြိမ်း။ အလုပ်က ကလေးတွေကို စာသင်ပြပေးရမည့် ဆရာ့အလုပ်။ ကြိုတင်လစာ မဟုတ်ဘဲ ခရီးစရိတ် သီးသန့်သုံးရန် ငွေ တစ်သိန်း ပို့ပေးလိုက်သေးသည်။

အစောဘဝမှာ သူမ လုပ်အားခအဖြစ် ပထမဆုံးရသည့်ငွေအဖြစ် စိတ်ထဲမှာ ကျေနပ်ကြည်နူးမဆုံး။ သွားရမည့် ခရီးကလည်း အဆင် ပြေသည်။ တစ်ခုပဲ ပြောစရာရှိသည်။

ဒေါက်တာစိုင်းညီလာဆိုသည့် ပုဂ္ဂိုလ်ကြီးက အသိရခက်ပါသည် တဲ့။ ဒေါသလည်း ကြီးသည်။ စိတ်လည်း သိပ်မရှည်တတ်။ သူ့ အကြိုက်မတွေ့လျှင် ဘယ်လိုပုဂ္ဂိုလ်ကိုမှ အားမနာတတ်။ စိတ်ထဲရှိ သည့်အတိုင်း သူ့ခံစားချက်ကို ခပ်ရှင်းရှင်း ရင်ဖွင့်ရမှ ကျေနပ်သူ။

"ဒါလေးတစ်ခုတော့ အစော သတိထားစရာ ရှိတယ်။ တခြား တော့ မှာစရာ မရှိပါဘူး။ ကျန်တဲ့ မိသားစုဝင်တွေအားလုံး စိတ် သဘောထား ပြည့်ဝကြပါတယ်"

အစောမသွားခင် မမသြ ဆရာမကြီးကိုယ်တိုင် အစောကို ထို စကားစုအား ဖုန်းဆက်အသိပေး အကြောင်းကြားပါသည်။ ပြီးတော့ လမ်းခရီးမှာ အဆင်ပြေချောမွေ့ပါစေဟု ဆုတောင်းသည်။

မမသြ ဆရာမကြီး ဒေါ်ကြင်ကလည်း အစောရောက်မည့်ရက် အတိအကျ၊ စီးလာမည့် ကားနံပါတ်ကစ အချိန်နာရီ အတိအကျ တောင်ရိုးရိပ်စံအိမ်ကို အကြောင်းကြားပေးသည်။ ကားက နှင်းထုကို ထိုးခွဲ၍ တရိပ်ရိပ် ပြေးနေ၏။ နံနက်ခုနစ်နာရီပေမယ့် နှင်းမကွဲသေး။

ထူထဲသော နှင်းမြူထုကြောင့် ကားမှန်ကို ထွင်းဖောက်ပြီး ကြိုး စားကြည့်ပေမယ့် ပတ်ဝန်းကျင်ကို ဘာတစ်ခုမှ သဲကွဲစွာ မမြင်ရ။

"တောင်ရိုးရိပ်မှာ ဆင်းမယ့်သူပါရင် အသင့်ပြင်ထားပါ"

"ပါ ပါတယ်"

တောင်ရိုးရိပ် အမည်ပါလာ၍ အစော ပြန်အော်လိုက်ရပေမယ့် ကားထဲက ရှိရှိသမျှ ခရီးသည်တွေအားလုံး တစ္စ်ယောက်မှ မလှုပ်။ အသာ သူမ ခရီးဆောင်အိတ်ကို ဆွဲပြီး နေရာက ထအံရပ်မှာ-

"ဟိုး… တောင်ရိုးရိပ်ပါတယ် ဆရာရေ"

"ကျွိ"

စကားသံအဆုံးမှာ အစော စီးလာသည့် ကားကြီးက တိတ်ဆိတ် ငြိမ်သက်သော နှင်းမှုန်များအကြား ကျွီးခနဲ ရပ်တန့်သွား၏။

"ဆင်း… ဆင်း တူမကြီး၊ ဒီအိတ်ကို ဦးလေးသယ်ခဲ့မယ်"

"ကျေးဇူးတင်ပါတယ်ရှင်"

အစောလက်မှ ခရီးဆောင်အိတ်ကို စပယ်ယာ ဦးလေးကြီးက ဆွဲယူလိုက်သဖြင့် ကားအောက်ကို လွယ်ကူပေါ့ပါးစွာ အစော ရောက် သွား၏။

"ဆွဲ… ဆရာရေ"

စပယ်ယာ ဦးလေးကြီးက အစောနားမှာ ခရီးဆောင်အိတ်ကို ချပြီးသည်နှင့် အစော စီးလာသည့် ကားကြီးက နှင်းထုထဲ တဖြည်း ဖြည်း တိုးဝင်သွား၏။

"အား… အေးလိုက်တာ"

အချမ်းလုံရုံ ဝတ်ထားသည့် အဖြူရောင် သားမွေးကုတ်အင်္ကျီ ကို အအေးဓာတ်က တိုးဝင်လာတော့ အစောကိုယ်လေး တွန့်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားချိန်မှာ အနက်ရောင် မာစီးဒီးကားတစ်စီးက နှင်းထုထဲမှ ဘွား ခနဲ ပေါ်လာပြီး စေနားမှာ ရပ်တန့်လိုက်၏။

ထို့နောက် ကားပေါ်မှ အသက်ကြီးကြီး လူတစ်ယောက် ဆင်း လာကာ စောကို တစ်ချက်မျှ ဝေ့ဝဲကြည့်လိုက်ပြီးနောက်…

"ဆရာမ ဒေါ်စောဆိုတာများလား ခင်ဗျာ၊ ကျွန်တော် တောင် ရိုးရိပ်က ဆရာမကို လာကြိုတဲ့ ဦးမြိုင်ပါ"

"ဟုတ်ပါတယ်၊ ကျွန်မ အစောပါ ဦးမြိုင်"

"ကားပေါ်ကြွပါ ဆရာမ"

ဒရိုင်ဘာ ဦးမြိုင်က အစောတက်ရန် ကားတံခါးကို ခပ်ရိုရို အမူအယာနှင့် ဖွင့်ပေးပြီး အစော အဝတ်အိတ်ကို ကားနောက်ခန်းမှာ စနစ်တကျ သိမ်းလိုက်၏။ တိတ်ဆိတ်သော ပတ်ဝန်းကျင်မှာ ကျေး ငှက်အော်သံ၊ မြူနှင်းဖုံးမှုတစ်ပါး တခြားသူ မည်သူတစ်ဦးတစ်ယောက် မှမရှိ၍ အစော မျက်ခုံးလေး တွန့်သွား၏။

အစော စိတ်ကူးဖြင့် ထင်မြင်ထားသလို နေရာမျိုးမဟုတ်ဘဲ ဘယ်လိုအဆောက်အဦမှ မမြင်ရသဖြင့် အံ့ဩသွား၏။

"ဒီနေရာက ဘယ်လိုနေရာမျိုးလဲ ဦးမြိုင်"

"တောင်ရိုးရိပ်မိသားစုပိုင် နေရာပါ ဆရာမ၊ ဒီအနီး ပတ်ဝန်း ကျင်မှာ တခြား သူစိမ်းတစ်ရံစာ မရှိပါဘူး၊ အားလုံး တောင်ရိုးရိပ်နဲ့ ဆွေရိပ်မျိုးရိပ်တွေ ချည်းပါပဲ"

"မြို့ထဲတော့ မဟုတ်ပါဘူးနော်"

"မြို့ပြင်နဲ့ တော်တော်ဝေးတဲ့ နေရာတစ်ခုပါ ဆရာမ၊ ဒါပေမဲ့ မြို့ထဲကို သွားချင်ရင်လည်း နီးပါတယ်"





"ဟုတ်ကဲ့"

ကားက နေရာက ညင်သာစွာ စထွက်သည်။ တောင်ရိုးရိပ် အကြောင်း တစ်ခါမှ မစဉ်းစားခဲ့ဖူးသည့် အစောအတွက် လက်တွေ့ ကိုယ်တိုင်ကြုံတွေ့ ရင်ဆိုင်လာရသည့် ထူးခြားမှုအပေါ် ပထမဆုံး စ၍ စိတ်ဝင်စားစပြုလာ၏။

ထို့ကြောင့် ကားပေါ်မှ မြင်တွေ့နေရသော ရှုခင်းများ၊ အမှတ် အသားများကို စတင် လေ့လာဖြစ်၏။

တောင်ရိုးရိပ်ဆိုသည့် လမ်းခွဲဆိုင်းဘုတ် ခပ်လတ်လတ်တစ်ခုကို ကားလမ်း၏ ဘေးတစ်နေရာတွင် တွေ့လိုက်ရသဖြင့် အစော စီးလာ သည့် ကားဒရိုင်ဘာကြီးက ခရီးသွားတစ်ယောက်ဖြစ်သော အစောကို ဤလမ်းခွဲလေးမှဆင်းရန် အလွယ်တကူ သတိပေးခြင်းဟု သဘော ပေါက်လိုက်၏။

ကားက လမ်းအတိုင်း မသွားတော့ဘဲ တောင်ရိုးရိပ်သာ‌ဆိုသည့် ဆိုင်းဘုတ်လေးဘက်သို့ ဖဲ့ဆင်းသွားသည်။ ကျောက်ခင်းလမ်းဖြစ်ပြီး သစ်ပင်ကြီးငယ်တချို့ ခပ်ကျဲကျဲမျှသာ မြင်ရ၏။

လမ်း၏ အတွင်းပိုင်းသို့ ရောက်လာလေ တွေ့မြင်ရသည့် ရှုခင်းက ပို၍စိမ်းစိုလှပလာလေဖြစ်ကာ မြင်သမျှတွေ့သမျှ နေရာတိုင်း သစ်ကြီး ဝါးကြီးများ အုံ့အုံ့ဆိုင်းဆိုင်း မှိုင်းမှိုင်းညို့ညို့အသွင် ဆောင်လာကာ အစောစိတ်ထဲ တစ်မျိုးအေးချမ်းကာ ငြိမ်သက်သွားသည်။

အခုချိန်ထိ မည်သည့် အဆောက်အဦကိုမျှ မတွေ့ရသေး။

"တီ… တီ"

လမ်းချိုးအကွေ့ တစ်နေရာက တောင်စောင်းသဖွယ် နေရာတစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ကို ဖြတ်ဖော်ထား၍ တစ်ဖက်ကို မမြင်ရ၍ ကားဟွန်းတီး၍ အချက်ပေးခြင်းဟု စောထင်သည်။

"ဟော"

ဒီတစ်ခါ အစောတွေ့လိုက်ရသည်က မြင့်မားလှပသည့် တောင်ခြေအဆင့်ဆင့် ကုန်းမြေမြင့်ထက်မှာ လှပစွာ ထီးထီးမားမား ရှိနေသည့် အမိုးနီနီဖြင့် လှပသော နှစ်ထပ်အိမ်မြင့်ကြီး ဖြစ်သည်။

အဖြူရောင် တိုက်မြင့်ကြီးမှာ ကြီးမားကျယ်ပြန့်သော ဝရန်တာ သုံးခုက အိမ်ကြီး၏ မျက်နှာစာပြင်မှာ ခန့်ညားလှပစွာ နေရာယူထားသည်။

အတိအကျ ပြောရမည်ဆိုလျှင် တောင်ရိုးရိပ်သာက တောင်ကုန်းမြင့်အထက် တစ်နေရာတွင် ထီးထီးမားမား ခန့်ညားလှပစွာ တည်ရှိနေခြင်း ဖြစ်သည့်အတွက် အစောစီးလာသည့် ကားကလည်း ကုန်းမြေမြင့်အတိုင်း ကွေ့ကာဝိုက်ကာဖြင့် ဦးတည်သွားနေ၏။

အစောမှာသာ အပေါ်စီးမှတစ်ဆင့် လှမ်းမြင်တွေ့နေရသော သူမလာရာ လမ်းခရီးကို ခရီးနှင့်တကွ သူမမြင်တွေ့နေရသော ပတ်ဝန်းကျင်အနေအထားကိုကြည့်ကာ တစ်ခုပြီးတစ်ခု အံ့သြနေမိသည်။ ဝါးရုံများ၊ သစ်ပင်ကြီးငယ်များ၊ ထင်းရှူး၊ ယူကလစ်၊ စိန်ပန်းပြာများမှသည် တခြား အစောမသိသော သစ်ပင်ကြီး သစ်ပင်ငယ် အားလုံး တွေ့မြင်နေရသမျှ သူ့နေရာနှင့်သူ လှပသန့်ရှင်းနေ၏။

မြက်ခင်းစိမ်းစိမ်းနှင့် လိုက်ဖက်တင့်တယ်သည့် ပန်းရောင်စုံတွေကလည်း သူ့နေရာနှင့်သူ စီစီရီရီ၊ တိတိရိရိ လှပစွာ ပုံဖော်စိုက်ပျိုးထားသည့် ပုံသဏ္ဌာန်တွေက အမျိုးမျိုး။ တစ်နေရာမှာတော့ တောင်ရိုးရိပ်သာဆိုသည့် အမည်ကို ပန်းတို့ဖြင့် ပုံဖော်ထားပုံက ခမ်းနား





သပ်ရပ်လှပသည်။ စနစ်တကျ ရှိသည်။ အိမ်၏ မျက်နှာစာမှာ ရောင်စုံခွန်ငယ်တစ်ခုကို ရေသူမရုပ်နှင့်အတူ ရေတသွင်သွင် စီးကျနေတာကို တွေ့ရသည်။

ခရီးပန်းလာသည့် အစောအတွက် မြင်ရတွေ့ရသမျှ ရှုခင်းတိုင်းက အမောပြေစရာ၊ အေးနေချင်စရာ။ ဟိုအဝေးမှာလည်း တစ်ထပ်တိုက်ပုလေးနှစ်လုံးကို ဖျပ်ဖျ လှမ်းမြင်ရသည်။

"ကျွိ"

အစော စီးလာသည့်ကားက လှပသော တိုက်အိမ်ကြီးရှေ့မှာ ရပ်တန့်သွားတော့ အစောရင်တွေ တဒိတ်ဒိတ် ခုန်လာ၏။

"တောင်ရိုးရိပ်သာကို ရောက်ပါပြီ ဆရာမ"

ဒရိုင်ဘာကြီးဦးမြင့် စကားအဆုံးမှာ တိုက်ထဲမှ ထွက်လာသည့် မိန်းကလေးတစ်ယောက်နှင့် အဒေါ်ကြီးတစ်ယောက် ထွက်လာ၏။ ဦးမြင့်က မစောဆင်းဖို့ ကားတံခါးကို သူကိုယ်တိုင် ဖွင့်ပေးပြီး အစောအိတ်အိတ်ကို မိန်းကလေးက ပေါ့ပါးစွာ သယ်ယူသွား၏။

"ကြွပါ ဆရာမ"

အစော မာစီးဒီးကားပေါ်မှ ဆင်းလိုက်သည်နှင့် ကားက ဝေါခနဲ ဆင်ဝင်အောက်မှ ထွက်သွားသည်။ အစောက သူမရှေ့မှ ဦးဆောင်သွားသည့် အဒေါ်ကြီးနောက်ကို လိုက်ခဲ့ရင်း အိမ်ကြီးကိုပါ တစ်ဆက်တည်း အကဲခတ်လိုက်သည်။

အိမ်ကြီး၏ အုတ်လှေကားထစ်များကို ကျော်နင်းပြီးမှ အောက်ထပ်ဧည့်ခန်းမဆောင်ထဲသို့ ခေါ်ဆောင်သွား၏။

"ခဏလေး ထိုင်ပါဦး ဆရာမ၊ ကျွန်မ ကိုစိုင်းကို သွားခေါ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါဦးမယ်"

"ကျွန်တော် ရောက်ပါပြီ ဒေါ်စု၊ ဒေါ်စု လုပ်စရာရှိတာ အ
လုပ်ပါ"

အောင်မြင်ခန့်ညားသော အသံ။

မားမတ်ခန့်ညားသော ရုပ်သွင်နှင့် တည်ငြိမ်ချောမောသော ယောကျာ်းပျိုတစ်ယောက်က ပင်နီရောင်ရှမ်းဆောင်းအင်္ကျီနှင့် ရှမ်းတိုက်ကို အချိုးကျကျ ဝတ်ထားလျက် အီတာလီဖြစ် သရေကွင်းထိုးဖိနပ်ကို စီးလျက် အစောရှေ့ ရောက်လာ၏။

ဒေါ်စုဆိုသည် အမျိုးသမီးကြီးက ကိုစိုင်းဆိုသည့် လူကို ခ ရိုရိုတစ်ချက် ဦးညွတ်ကာ အနောက်ဘက် အဆောင်အတွင်းသို့ ချက်ချ ဝင်ရောက် ပျောက်ကွယ်သွားသည်။

"ရန်ကုန်က ဆရာမဆိုတာလား"

"ဟုတ်ကဲ့၊ ကျွန်မနာမည် အစောပါ"

အရပ်က အမြင့်ကြီးဖြစ်၍ အစောကို အုပ်မိုးမတတ် ခန္ဓာကိုယ် ထွားကြိုင်းသန်မာသလောက် အဆီပိုတစ်စက်မျှမရှိ။ အသက်က ဘ ဆယ်အရွယ်ခန့်ဟု ထင်သော်လည်း အတိအကျ ခန့်မှန်း၍မရ။

အသားကဖြူဖြူ၊ မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်နှင့် နှုတ်ခ နှစ်လွှာကို တင်းတင်းစေ့ပြီး စေမျက်နှာကို စူးရှတောက်ပသော မျက်လုံးများ အစုံဖြင့် စူးစိုက်ကြည့်နေသည့် မျက်ဝန်းတွေက အရောင်တဖျတ်ဖျတ် လက်နေ၏။

အစောတစ်ကိုယ်လုံးကို စေ့စေ့စပ်စပ် နက်ရှိုင်းစွာ စူးစိုက်ကြည့် တည်တင်းခက်ထန်သော မျက်နှာမှာ အရောင်တစ်မျိုး ဖြတ်သွား





မျက်ခုံးထူအစုံကို သိသာစွာ တွန့်ကုတ်လိုက်တာ မြင်လိုက်ရသည်။

"စိုင်းညီလာဆိုတာ ကိုယ်ပါ"

"ထိုင်ပါ"

"ဟုတ်ကဲ့"

သူ ညွှန်ပြသည့် ကတ္တီပါနီနှစ်ရောင်ပေါ် ရွှေရောင်ပန်းကနုတ်တို့ လှပစွာ တန်ဆာဆင်ထားသည့် ခုံမြင့်ကြီးတစ်လုံးမှာ စောဝင်ထိုင်လိုက်တော့ သူက အစောနှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်သည်။

ပြီးတော့ ဘာစကားမှမဆိုဘဲ သူ့ရှေ့တည့်တည့်မှာ ရှိနေသော စောမျက်နှာလှလှလေးကို စူးရှတောက်ပသော မျက်လုံးနက်နက်ဖြင့် စူးစိုက်ကြည့်နေသဖြင့် အစောမှာ မျက်နှာအထားရခက်လျက် စိုင်းညီလာ ဆိုသူရှေ့က ထွက်ပြေးချင်လာ၏။

ဒါကို သတိထားမိသွားဟန်ဖြင့် စိုင်းညီလာက သူ့အကြည့်ကို ရုတ်ခနဲ လွှဲပစ်ပြီး စကားစသည်။

"အန်တီကြင် ပြောထားတုန်းက တောင်ရိုးရိုးသာကို ရောက်လာမယ့် ဆရာမဆိုတာ ဒီလောက် ငယ်ငယ်ချောချောလှလှလေး ဖြစ်နေ ဦးမယ်လို့ ထင်မထားခဲ့မိဘူး"

သူ့ထံမှ ပွင့်လင်းစွာ စောအလှကို ချီးမွမ်းစကားဆိုလာသည့် အတွက် အစော အနေရခက်သော်လည်း ဘာစကားမှ ပြန်မဆိုဖြစ်ပါ။

"ကဲ... ကဲ... ဧည့်ခန်းဆောင်ကို သွားလိုက်ကြရအောင်... ပါ"

"ဟုတ်ကဲ့"

ကြွပါဆိုသော်လည်း အစောရှေ့က အရပ်ရှည်ကြီးနှင့် မြင့်မြင့်

www.burmeseclassic.com

www.burmeseclassic.com



ဘအား ဝင့်ကြွားစွာ ဦးဆောင်လျှောက်သွားသူက စိုင်းညီလာဆိုသည်
လူချောကြီး ဖြစ်သည်။ သူကိုယ်တိုင်က တောင်ရိုးရိပ်သာကို ရောက်
လာမည့် ကလေးတို့၏ ဆရာမကို ဤမျှ ငယ်ငယ်ချောချောလေး
ဖြစ်နေလိမ့်မည်ဟု မျှော်လင့်မထားသလို စောကိုယ်တိုင်မှာလည်း
တောင်ရိုးရိပ်သာ၏ အရှင်သခင်မှာ ဤမျှ ငယ်ရွယ်ချောမောလှန်းသ
ဖြစ်နေလိမ့်မည်ဟု မထင်ခဲ့ပါ။

"ဒါ ကိုယ့်ရဲ့ သီးသည့်ဧည့်ခန်းဆောင်ပဲ"

"ဟုတ်ကဲ့"

သီးသန့်ဧည့်ခန်းဆောင်မှာ ခန်းလုံးပြည့်ကော်ဇောများ ခင်းထာ
သည်မှာ နင်းရက်စရာပင် မရှိ။ တစ်ခန်းလုံး ရွှေရောင်နှင့်အဖြူ ရော
စပ်ဖောက်ယက်ထားသော အဖိုးတန် ခန်းစည်းလိုက်ကာများကို အသ
ပြုထားသဖြင့် မြင်ရသည်မှာ ဆန်းနေ၏။ ခမ်းနားနေ၏။

အခန်း၏ အလယ်ဗဟိုတည့်တည့်မှာ ရွှေရောင်ကတ္တီပါ အနေ
သတ်ထားသော ပန်းကနုတ် ခုံမြင့်ကြီးတစ်ခုံ ချထား၏။ အခန်း
နံရံထောင့်နှစ်ဖက်မှာ ဝေနေအောင် အလှစိုက်ထားသည့် ပန်းအိုးအ
ကြီးနှစ်လုံး ချထားသည်။

အခန်းကအေးပြီး ပန်းရနံ့တစ်မျိုး ခပ်ဖျော့ဖျော့ သင်းမွှေးနေ၏
စိုင်းညီလာက ထိုင်ခုံများတွင်ထိုင်ရန် လက်တန်း၍ ညွှန်ပြပြီး တာ
တင်ထားသော ငွေမောင်းကလေးကို ခပ်သာသာ တစ်ချက်တီးလိုက်
ပြီး စောကို မရယ်မပြုံး မျက်နှာထားတည်တည်ဖြင့် စူးစူးရှရှ တစ်ချ
စိုက်ကြည့်သည်။

ငါးပေသုံးလက်မခန့် ရှိသည့် အရပ်အမောင်းနှင့် လိုက်ဖက်သေ





ကိုယ်အချိုးအစားကို သေးကျဉ်းသော ခါးဖြင့် ပိုင်းခြားထားသော
အဆာက မြန်မြန်ဆန်ဆန် ဝတ်စုံဝတ်ထားသဖြင့် မယ်ပြိုင်ပွဲမှာ အလှ
ပြနေသူတစ်ယောက်လို ဖြစ်နေသလားမသိ။

သေချာသည်။ မြန်မာအင်္ကျီ လက်ရှည်ပိတောက် ရောင်ရင်စေ့
ခါးတို အင်္ကျီလေးနှင့် လိုက်ဖက်စွာ အနက်ခံပေါ်မှာ ပိတောက်ရောင်
အပွင့်အခက်လေးများ ရေးခြယ်ထားသည့် လုံချည်နက်နက်လေးကို
ကိုယ်မှာ ချပ်ယပ်စွာ ဝတ်ထားခြင်းဖြင့် စောအလှက အရှိကိုအရှိအတိုင်း
ပေါ်လွင်နေ၏။

နက်မှောင်ရှည်လျားသည့် ဆံပင်ထူထူများကို တစ်ပတ်လျှို့ထုံး
ထားသည့်တိုင် ပေါင်လယ်ခန့်အထိ အိအိထွေးထွေး ဆံပင်တို့က
တွဲလျက်။ ဖြူနုဝင်းဝါသည့် မျက်နှာနုနုလေးမှာ ဇင်ရော်တောင်
မျက်ခုံး၊ လှပဝိုင်းစက်သည့် မျက်ဝန်းအစုံက ရွှန်းစိုတောက်ပလျက်။
ပါးခပ်စင်းစင်းက အဖျားတွင် လုံးကော့စွာ လှလှလေးတင်ထားသလို
ဖြစ်နေပြီး နီမြန်းနုထွေးသော နှုတ်ခမ်းအစုံက ဆေးမကူဘဲ သွေးရောင်
လွှမ်းလျက် နှင်းဆီဖူးသဖွယ် ထူထူအိအိလေး ဖြစ်နေပုံက မျက်စိ
ကွဲချင်စရာမရှိ ဖြစ်နေတာကို မျက်တောင်မခတ် စူးစိုက်ကြည့်ရင်း...

"မင်း လူတော့ ဟုတ်ပါတယ်နော်"

"ရှင်"

"ဪ... ကိုယ့်ကိုများ နတ်သမီးလေးတစ်ပါးက ကိုယ်ထင်
လာပြနေသလားလို့ပါ"

"အို"

"အဟွန်း... ဟွန်း... ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



စိုင်းညီလာက သူ့စိတ်ထဲ ရှိသည့်အတိုင်းပြောပြီး သူ့စကားသူ သဘောကျသွားသလို ရယ်နေချိန်မှာ အစောကတော့ တောင်ရိုးရိပ်သာ ၏ အရှင်သခင် စိုင်းညီလာ၏ အပြောအဆိုကို မနှစ်သက်သလို မကျေမနပ် အကြည့်လေးများဖြင့် သူ့မျက်နှာကို ဆတ်ခနဲ ကြည့်လိုက်သည်။

"ဆောရီး… ကိုယ်က ဒီလိုပဲ စိတ်ထဲမှာရှိတာကို ပြောတတ်လို့၊ ကိုယ့်ကိုလူတွေက လူ့ဗွစာကြီး၊ ပေါင်းရသင်းရခက်တဲ့လူလို့ ပြောကြတယ်"

"ကိုယ့်စကားကြောင့် ဆရာမ စိတ်အနှောင့်အယှက် ဖြစ်သွားရင် ဆောရီးပါဗျာ"

သူ့ထံမှ တောင်းပန်စကားကို စော နားထောင်နေပေမယ့် ဘာ တစ်ခုမှ မတုံ့ပြန်တော့ သူက စောမျက်နှာကို မျက်လုံးနက်နက်များဖြင့် စူးရှတောက်ပစွာ စူးစိုက်ကြည့်ရင်း…

"ဘယ်လိုလဲ ဆရာမ၊ ကိုယ့်ကို လူရိုင်းတစ်ယောက်အဖြစ် စကားပြန်မပြောနိုင်လောက်အောင် စိတ်ဆိုးသွားပြီလား"

"အဲဒီလို မဟုတ်ပါဘူး"

"ဒါပေမယ့် ဒေါသတော့ ဖြစ်သွားတယ်၊ အဲဒီလို မဟုတ်လား၊ ဟွန်း—— ဟွန်း--- ဟွန်း"

"ဒီလိုပါဗျာ၊ လူတွေဟာ ကိုယ့်ရင်ထဲက ခံစားချက် အစစ် အမှန်ကို ဘယ်သူ့ကိုမှ ထုတ်မပြောရဲကြဘူး။ ကိုယ့်ကို လူအထင် သေးမှာ သိပ်ကြောက်ကြတယ်"

"မဟုတ်တာကို အဟုတ်ဖြစ်အောင် ကြံဖန်ပြီး လူအထင်ကြီး





အောင် ဟန်ဆောင်လိမ်ညာ ပြောဆိုနေကြတဲ့ လူအများစုထဲမှာ အရှိကို ရှိအတိုင်း အမှန်တရားကို ရှင်းရှင်းဘွင်းဘွင်း ချပြောတတ်တဲ့ ကိုယ့်ကို ဘူးလူဆန်းလို့ သူတို့ကပြောတာ မဆန်းဘူးလား ဆရာမ"

"ဆရာမအထင်ရော ဘယ်လိုရှိလဲ"

"ဟို… အဲဒါက နှုတ်ချိုသျှိုတစ်ပါးဆိုတာလည်း ရှိပါတယ် ရှင်"

"ဪ… ဪ"

"ဆရာမက ဘယ်ဆိုးလို့လဲ၊ ကိုယ့်ကို အနုနည်းနဲ့ ဆုံးမလိုက် တာပေါ့… ဟုတ်လား"

"အို… စောဆိုလိုတာက အဲဒီလို မဟုတ်ပါဘူးရှင်"

"စောတဲ့လား"

"ရှင်"

"စောဆိုတဲ့ နာမည်လေးကို သဘောကျလို့ပါဗျာ"

စောမှာ ဘာဆက်ပြောရမှန်းမသိဘဲ အနေခက်နေတုန်း အိမ်ဖော် ...မိန်းသမီးလေးတစ်ယောက်က ဗန်းတစ်ချပ်နှင့်အပြည့် စားသောက် ...များ မ ယူလာတာ မြင်လိုက်ရ၏။

အားလုံး ငွေထည်ပန်းကန် ပန်းကန်ပစ္စည်းတွေချည်းဖြစ်ပြီး အရောင် ...တ်ဖိတ် လက်နေ၏။ နို့ပူပူတစ်ခွက်၊ ကော်ဖီကရားတစ်ခု၊ ပေါင်မုန့် ...ာင်၊ အားလုံး ပူနွေးမွေးကြိုင်နေ၏။

"နွားနို့ပူပူလေး သောက်လိုက်ပါဦး၊ မုန့်လည်းစားပါ၊ အားလုံး ...တောင်ရိုးရိပ်သာရဲ့ ခြံထွက်ပစ္စည်းတွေနဲ့ချည်း လုပ်ထားတာပါ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆို စောကိုယ်တိုင် တောင်ရိုးရိုပ်သာ မိသားစုအကြောင်း အားလုံး သိလာမှာပါ၊ အခု လောလောဆယ်တော့ စင်သီယာတို့ သားသားတို့နဲ့ အရင်မိတ်ဆက်ပေးမယ်"

"မုန့်စားဦးလေ"

"ကျေးဇူးတင်ပါတယ် ကိုစိုင်း၊ စော မစားတော့ပါဘူး"

"ကိုစိုင်းတဲ့လား… အဟွန်း… ဟွန်း"

"ကြိုက်သလိုခေါ်ပါဗျာ… ခေါ်ပါ"

ဘယ်လိုစကားအဓိပ္ပာယ်မှန်းမသိသော အပြောကြောင့် စောကို လာကြိုသည့် ခေါ်စခေါ်သလို ကိုစိုင်းလို့ လိုက်ခေါ်မိတာ မှားများ မှားသွားပြီလားဟု တွေးရင်း အောင့်မှာ စိတ်မသက်မသာ ဖြစ်သွားကာ တစ်မျိုးကြီး ဖြစ်သွားသည်။

စောလို တောင်ရိုးရိပ်သာမှာ စာလာသင်ပြတဲ့ ဆရာမလေးက တောင်ရိုးရိပ်သာရဲ့ အရှင်သခင်ကို သူတို့ခေါ်သလို ကိုစိုင်းလို့ လိုက်မခေါ်သင့်ဘူး ထင်ပါရဲ့ဟု တစ်ဆက်တည်း တွေးလိုက်မိစဉ်မှာ စားပွဲပေါ်က ငွေမောင်းလေးမှ အသံသာသာဖြင့် နှစ်ချက်ထုရိုက်သံကို ကြားလိုက်ရသည်။

ဧည့်ခန်းဆောင်သို့ ဘိုဆန်ဆန်ရုပ်ရည်နှင့် လှပသော အသက် သုံးဆယ်ခန့် စိုင်းညီလာနှင့်ရွယ်တူ အမျိုးသမီးတစ်ယောက် ဝင်လာပြီး သူနှင့်အတူ အသက်လေးနှစ်အရွယ် သားလေးနှစ်ယောက် ပါလာသည်။

"ဒါ… စင်သီယာနဲ့ အမွှာသားလေးနှစ်ယောက်ပဲ စော"

"စင်သီယာ… ဒါ သားတို့ကို စာသင်ပေးမယ့် ဆရာမ…





တာတဲ့"

အမျိုးသမီးနှစ်ယောက် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်၍ ပြုံးလိုက်ကြသည်။

"တွေ့ရတာ ဝမ်းသာပါတယ် ဆရာမ၊ သားသားတို့ကို အကောင်းဆုံး သင်ပြပေးပါလို့ ဆရာမလက်ကို သားတို့ကို အပ်ပါတယ်"

"ဟုတ်ကဲ့၊ စောဘက်က အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမှာပါ မမ"

"သင့်ခ်ယူး"

"ဒါက သားကြီး ကိုကို၊ သူက ညီညီပါ၊ အမွှာဆိုပေမယ့် ရုပ်ချင်းမတူလို့ ခွဲရလွယ်ပါတယ်"

စင်သီယာအသံက နူးညံ့သလို စကားကို ခပ်တိုးတိုးပဲ ပြောသည်။ ခန္ဓာကိုယ်က ပါးယါးလျလျ မော်ဒယ်တစ်ယောက်၏ ခန္ဓာကိုယ်နှင့်တူသလို စင်သီယာ ဝတ်ထားပုံကလည်း ဖက်ရှင်ကျကျ လှလှပပ။ ဆံကေပ်ကို ပြင်ဆင်ထားပုံကအစ ပညာသားပါ၍ ပြင်လို့ပြင်ထားမှန်း သိ၏။

အရပ်က သိပ်မမြင့်။

အသားက ပိုးဟပ်တစ်ကောင်လို ဖြူဖွေးနေပြီး ဆံပင်ကို ကျောသယ်ခန့် ရွှေညိုရောင်ဆိုးဆေးသုံးပြီး ခပ်ဖွာဖွာ ကောက်ထားသည့် ဆံပင်ကို ကပိုကရို ထုံးထားသည်။

ပါးပါးပျော့ပျော့ နို့နှစ်ရောင် ဂါဝန်တစ်ထည်ကို ဝတ်ထားပြီး ခါးမှာ ရွှေရောင်နားကွင်းကြီး ဆွဲထားသည်။ လည်ပင်းမှာ ဘာမှဝတ်



www.burmeseclassic.com

www.burmeseclassic.com



မထား။ လက်ညှိုးမှာ စိန်လက်စွပ်ခပ်ကြီးကြီး တစ်ကွင်းကို ဝတ်ထားပြီး ကြိုးသေးသေးလေးတွေ ရှပ်နေသော ငွေမှင်ရောင်ဖိနပ်ကို စီးထားပုံက ငေးနေချင်စရာ။

စကားပြောတိုင်း မျက်တောင်ထူထူ တပ်ထားသည့် မျက်ဝန်းတွေ လှုပ်ရှားသွားပုံက လှသည်။

"သားတို့… ဒါ သားတို့ကို မြန်မာစာသင်ပေးမယ့် ဆရာမပဲ၊ နှုတ်ဆက်လိုက်ကြပါဦးကွယ်"

"ဂွတ်မောနင်း"

အမွှာသားကြီးက နှုတ်ဆက်ခြင်း ဖြစ်သည်။

"ဂွတ်မောနင်းပါကွယ်"

စောက ကလေးနှစ်ယောက်ကို အလိုက်သင့်ပြုံးပြီး နှုတ်ဆက်လိုက်တော့ စိုင်းညီလာက ပြုံးနေသည့် စောမျက်နှာကို စိုက်ကြည့်နေ၏။

"ကြည့်ပါဦး စင်သီယာ… ဆရာမက သိပ်မြန်မာမဆန်လွန်းဘူးလား"

"အမှန်ပြောရရင် ဆရာမလိုပုံစံမျိုးက ဒီနေ့ခေတ်ကြီးမှာ သိပ်ကိုရှားပါသွားပြီ ကိုစိုင်း၊ ကိုစိုင်းပြောသလို ဆရာမက သိပ်ကို မြန်မာဆန်တဲ့ မိန်းကလေးပါ"

"စောကို အခုလို အသိအမှတ်ပြုတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်"

စောကလည်း စိုင်းညီလာတို့ ဇနီးမောင်နှံနှစ်ယောက် သူမကို ရှေ့ထားပြီး ပြောချင်ရာ ပြောနေကြတာကို ကြားနေရရပင် ကျေးဇူး





…င်စကားဆိုလိုက်ရသည်။

"ဪ… ဆရာမကို ကိုစိုင်းညီနဲ့ မိတ်ဆက်ပေးရဦးမယ်၊ …ဆနော်"

စင်သီယာက ခပ်ပြုံးပြုံး အမူအယာနှင့် ဆင်စွယ်ဖုန်းလေးကို …လိုက်သည်။

"ရိုးလား… ခဏဆင်းခဲ့ပါဦး၊ ဆရာမနဲ့ မိတ်ဆက်ပေးချင်လို့"

"ရိုး အခုပဲ လာပါလိမ့်မယ်"

လက်ထဲက ဖုန်းကိုချပြီး စင်သီယာ ခပ်တိုးတိုး ပြောလိုက်ချိန်မှာပဲ …န်းထဲကို မိန်းမလှလေးတစ်ယောက် ဝင်လာ၏။

"ကိုကို"

"ဒေဝီပါလား… လာလေ"

အားလုံး၏ အကြည့်က ဒေဝီဆိုသည့် လှပငယ်ရွယ်သော မိန်းမ…လေးထံ ရောက်သွားသည်။ ဖန်းနုရောင် ပခုံးချိတ်ဂါဝန်ရှည်ပေါ်မှာ …ွေးကုတ်ပန်းနုရောင်ကို ဝတ်ဆင်ထားသည့် ဒေဝီက ရုပ်အလှကြီး …တ်သော်လည်း ချစ်စရာကောင်းသည်။

"ဒါ… ကိုယ့်ညီမ ဒေဝီ၊ ဒေဝီ… ဒါသားတို့ကို စာသင်မယ့် …မစော"

စိုင်းညီလာထံမှ မိတ်ဆက်စကားအဆုံးမှာ ဒေဝီအကြည့်တွေက …ထံ ဖျတ်ခနဲ ရောက်လာ၏။ ပြီးတော့ စောကို သဘောမကျသော …နှာထားနှင့် လှတစ်ကိုယ်လုံး ဆေ့ဆေ့စပ်စပ် စူးစူးရဲရဲ မျက်ခုံးတွန့် …ကြည့်လိုက်ပုံက ခပ်ရိုင်းရိုင်း။

"ဒါ ကိုကို့ဆရာမပေါ့… ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"သားသားတို့ ဆရာမ မဟုတ်ဘူးလား ကိုကိုရဲ၊ အဟောင်း… ဟင်း"

"ဒေဝီ"

စင်သီယာထံမှ အသံခပ်တိုးတိုး ကြားရ၏။

"ဟော… ရိုးလာပြီ"

ဒေဝီက ဘယ်သူ့ကိုမှ ဂရုမစိုက်။

အခန်းပေါက်သို့ ရောက်လာသည့် ရိုးဆိုသည့် လူဆီသို့ အပြေးလေးရောက်သွား၏။ ဧည့်ခန်းထဲ ဝင်လာသူက စိုင်းညီလာနှင့် တစ်ပုံစံတည်း တည်ကြည်ခန့်ညား ချောမွေ့သည့် လူတစ်ယောက်ဖြစ်၍ ညီအစ်ကို ပြောနေစရာမလိုအောင် ရုပ်ချင်းတူသူ ဖြစ်သည်။

တစ်ခုပဲ ကွာသည်။

ရိုးဆိုသည့်လူက ငယ်သည်။

ဆံပင်ရှည်သည်။ မျက်လုံးတွေက သူ့အစ်ကိုအတိုင်း တောက်ပစူးရှရှ စောမျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး မျက်နှာကို လိုအပ်သည်ထက် ပိုတင်းသွားတာ မြင်လိုက်ရသည်။

သူ့ပုံစံက ဘယ်လိုပါလိမ့်။

တောင်ရိုးရိပ်ကို စာသင်ဖို့ ရောက်လာတဲ့ စောကို မကြိုက်နှစ်သက်သလိုလို၊ မကြိုဆိုချင်သလိုလို၊ လက်မခံချင်သလိုလိုပါလား။

"လာ… ရိုးမ၊ ဒါ… စောပဲ၊ မင်းတူလေးတွေကို စာသင်ပေးမယ့် ဆရာမပဲ"

စိုင်းညီလာက သူ့ညီ ရိုးမပခုံးကို တစ်ချက်ပုတ်ပြီး စောနှင့်





သူ့ညီကို မိတ်ဆက်ပေးသည်။ စိုင်းရိုးမက စောကို မပြုံးမရယ် မျက်နှာထား ခပ်တည်တည်ကြည့်လျက် အသိအမှတ်ပြုသည်ဆိုရုံ ခေါင်းတစ်ချက် ဆတ်ပြပြီး အကြည့်ကို ချက်ချင်းလွှဲပစ်သည်။

"ဒါပဲမဟုတ်လား ကိုကို၊ ကျွန်တော့်သူငယ်ချင်းတွေနဲ့ ချိန်းထားလို့ သွားတော့မယ်"

"ကောင်းပြီ"

"ဒေဝီပါ လိုက်မယ်နော် ရိုး"

စိုင်းရိုးမ ဘာမှမပြောရသေးခင် စိုင်းရိုးမလက်မောင်းကို ယီးလေးခိုပြီး ဒေဝီလိုက်သွား၏။

"ဩော်… စင်သီယာရေ… ဆရာမကို နားပါစေ၊ သားသားတို့ကိုလည်း သူတို့အခန်းကို ပြန်ပို့လိုက်ပါဦး"

စင်သီယာနှင့် အမွှာသားလေးနှစ်ယောက် ထွက်သွားပြီး၊ မကြာမီ စောကို ဒေါ်စုကိုယ်တိုင် လာခေါ်၍ စောနားရမည့် အခန်းအရောက် ပို့ပေးပြီးမှ ပြန်သွားသည်။



www.burmeseclassic.com

## အခန်း (၂)

"ဟယ်… စောအခန်းက လှမ်းကြည့်ရင် အားလုံးကို အပေါ်စီးက လှမ်းမြင်နေတာပါလား"

စောမှာ အသံလေးများထွက်အောင် နှုတ်မှုားမှ တအံ့တသြလေး ရေရွတ်ရင်း မှန်ပြတင်းတံခါးရွက်များကို အကျယ်ကြီးခွဲဖွင့်ကာ အေးမြလတ်ဆတ်သော လေများကို အားပါးတရ ရှူရှိုက်လိုက်သည်။

လှပသည့် သဘာဝတရား၏ ခွဲဆောင်မှုအောက်မှာ စော ရှော မယှက် အကြာကြီး ငေးနေမိသည်။ စိမ်းစိမ်းညိုညို သစ်ပင်တွေ တောင်တန်းပြာပြာ၊ မြူခိုးဆိုင်းဆိုင်း၊ မှိုင်းမှိုင်းဝေဝေ မြင်ကွင်းကြားမှာ ရစ်ခွေစီးဆင်းနေသည့် မြစ်တစ်စင်းက အလှတရားကို အားဖြည့်လျှက် ရှိရာ မျက်စိမလွှဲချင်စရာ ဖြစ်သည်။

အခုမှ တောင်ရိုးရိပ်၏ အောက်ခြေတစ်နေရာမှာ ရှိနေသည့် တခြားတိုက်အိမ်များကို မြင်ရသည်။ တချို့က နီးနီးကပ်ကပ် စုစုဝေးဝေး။ တချို့ကျပြန်တော့ သီးသီးသန့်သန့်။ တစ်ဦးတည်း တစ်ယောက်တည်းပုံစံ တစ်အိုးတစ်အိမ်။





စောကို လာကြိုသည့် ကားဒရိုင်ဘာကြီး ပြောသလို အားလုံးဟာ တောင်ရိုးရိပ်မိသားစုဝင်တွေဟု သိရ၍ သူစိမ်းတစ်ရံဆံ မပါဝင်ဘဲ ဆွေမျိုးအုပ်စုလေးဖွဲ့ပြီး နေကြသလို ဖြစ်နေ၏။

စောကြည့်နေဆဲမှာပင် တောင်ရိုးရိပ်ဆီသို့ ကွေ့ကာဝိုက်ကာ ဖောက်လုပ်ထားသည့် လမ်းအတိုင်း အပြေးတက်လာသည့် ဖြူငါကား ဝါဝါလေးကို တွေ့လိုက်ရ၏။ ကားမောင်းသူကို ဘယ်သူဘယ်ဝါဟု သဲကွဲစွာ မမြင်ရသော ကားကို ကျွမ်းကျင်ပိုင်နိုင်စွာ အရှိန်ပြင်းပြင်း မောင်းလာပုံက လှသည်။

အချိန်အတော်ကြာအောင် ဖြန်းခဲ့ပြီးပြီမို့ ပြတင်းကခွာပြီး ရေချိုးရန် အသင့်ပြင်ဆင်လိုက်သည်။ စောအတွက် ပေးထားသည့် အိပ်ခန်းထဲမှာ တစ်ယောက်အိပ်မွေ့ယာ၊ ထူထဲလှပသော ကတ္တီပါ မွေးပွနက်ပြာရောင်ရင့်ရင့် နှင်းဆီပွင့် ပုံဖော်ထားသည့် စောင်ထူကြီးမှအစ အခုံး အားလုံး အသစ်စက်စက်တွေချည်း ဖြစ်သလို ရေချိုးခန်း၊ အိမ်သာကအစ အားလုံး သန့်ရှင်းတောက်ပြောင်နေ၏။

မှန်တင်ခုံ၊ မတ်ရပ်ဗီရို၊ မွေးပွမျက်နှာသုတ်ပဝါ၊ ညဝတ်အင်္ကျီ အဆုံး အားလုံး ဘာတစ်ခုမှ လိုအပ်တာမရှိအောင် ပြည့်စုံနေပုံက အိမ်တစ်အိမ်မှာ ရောက်နေတာမျိုး မဟုတ်ဘဲ ဟိုတယ်တစ်ခုမှာ တည်းခိုနေရသလို ရေပူရေအေးကအစ လိုသလိုစပ်ချိုးရ၏။

အချိန်ဆွဲပြီး ရေချိုးမနေတော့ဘဲ ခပ်သွက်သွက်လေး ရေချိုးလိုက်၏။ ပန်းနုရောင်ပေါ်မှာ အဖြူအစက်ပျောက်များ ပါသည်ဆိုရုံ ရေးထားသည့် လုံချည်နှင့် ပန်းဖျော့ရောင်မှာ အဖြူရောင်အပွင့်အခက်တချို့ လက်မောင်းနှစ်ဖက်မှ လှပစွာ နေရာယူထားသည့် အင်္ကျီလက်



www.burmeseclassic.com

www.burmeseclassic.com



ရှည်၊ တစ်ပတ်လျှိုဆံထုံးနှင့် စောပုံစံက ဘယ်လိုပင် လူကြီးလေးသမှယ်
ကလေးမလေးတစ်ယောက်က လူကြီးသူမ တစ်ယောက်ပုံစံ ဖမ်းထား
သကဲ့သို့ တွေ့မြင်ရသူအပေါင်းကို အသည်းယားစရာ ချစ်စရာ အလှကို
ပိုင်ဆိုင်ထားသူ ဖြစ်နေ၏။

ဆံပင်အားလုံးကို အပြောင်သိမ်းထား၍ နဖူးဝေါမှာ ဆံတဲ့ခွ
လေး ဖြာကျနေပုံက ရှိသမျှ အလှကျက်သရေ အားလုံး စုဝေးဝေါင်း
စပ်ထားသကဲ့သို့။

"ဟယ်... ဒါလေးက ဘာလေးပါလိမ့်"

မှန်တင်ခုံရှေ့မှာ သင့်တင်ဆိုရုံလေး အလှပြင်ခင်ပြီး ထွက်အလာ
အခန်းပေါက်ဝမှာ ရောက်နေသည့် အညိုရောင်စာရွက်ခေါက်လေးတစ်ခု
ကို တွေ့မြင်လိုက်ရသဖြင့် စော ကောက်ယူလိုက်၏။

ထိုအခေါက်လေးကို ရောက်စတုန်းက စော မတွေ့မိပါ။ အခု
ရောက်လာသည်ဆိုတော့ ဘယ်လိုပါလိမ့်ဟု တွေးရင်း စာရွက်ခေါက်
လေးကို ဖွင့်ဖတ်လိုက်သည်။

**ကျေးဇူးပြုပြီး ဒီနေရာက အမြန်ဆုံး ပြန်ပါ။**
**အန္တရာယ်ရှိသည်။**

"ဟင်"

လက်ရေးက ခပ်သော့သော့ဖြစ်၍ ယောကျ်ားလက်ရေးလား
မိန်းမလက်ရေးလားဆိုတာ စောမသိ။ စောသိတာက တောင်ရိုးရိပ်ကို
ရောက်ရောက်ခြင်း စောကို ဒီနေရာကပြန်ဖို့ သတိပေးစာ ရောက်လာ





ခြင်းအတွက် ဘာဆက်လုပ်ရမှန်းမသိဘဲ ဖြစ်သွား၏။

စာမှာ မည်သည့် နာမည်မှမပါ။ အခန်းတံခါးအောက်မှာ ထို
စာကို ထားသွားခြင်းဟု စောသဘောပေါက်လိုက်၏။ ဒီစာကို နိုင်း
ညီလာကို ပြရမှာလား။ ဒါမှမဟုတ် စာထဲမှာပါသည့်အတိုင်း တောင်
ရိုးရိပ်က စောပြန်ရမည်လား။ ကိုယ့်ဘာသာ ဘာလုပ်၍ လုပ်ရမှန်း
သိခင် စောအခန်းတံခါး ခေါက်သံကို ကြားလိုက်ရ၏။

"ခေါက်... ခေါက်"

"ဘယ်သူလဲ"

"ခေါ်စုပါ၊ ထမင်း သုံးဆောင်လို့ ရပါပြီ"

"ကျွိုး"

အခန်းတံခါးကို စောဖွင့်လိုက်တော့ ခေါ်စုကို တွေ့လိုက်ရသည်။
စော ဆုံးဖြတ်ချက်တစ် ခုကို ရဲဝံ့စွာ ချလိုက်၏။

"ခေါ်စုကို စော ပြောစရာရှိလို့"

"ပြောပါ ဆရာမ"

"စောအခန်းထဲက စာတစ်စောင် ရပါတယ်၊ ဘယ်သူ လာထား
သွားတာလဲဆိုတာတော့ စောမသိပါဘူး၊ စာက ဒီမှာပါ"

စာကို ခေါ်စုလက်ထဲကို လှမ်းပေးလိုက်တော့ ခေါ်စုက စော
ပေးသည့်စာကို ချက်ချင်းဖြန့်ဖတ်ပြီး မျက်နှာပျက်သွားသည်။

"ဒီ... ဒီစာက ဘယ်လိုလုပ်ပြီး ဆရာမလေးအခန်းထဲ ရောက်
လာရတာလဲကွယ်၊ ဒီကိစ္စကိုသာ မောင်စိုင်းသိရင် မိုးမီးလောင်မယ်
ထင်တယ်"

"ဒါ ဘယ်သူ့စာလို့ ခေါ်စုက ထင်လို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်စုလည်း မထင်တတ်ပါဘူးကွယ်၊ ဒါပေမဲ့ တောင်ရိုးရိုး ... မှာ ဒီလိုပြဿနာမျိုး တစ်ခါမှ မဖြစ်ဘူးလို့ မောင်စိုင်းသာ ဒီကိစ္စ ... သိရင် တောင်ရိုးရိပ်မှာရှိတဲ့ မိသားစုတွေအားလုံးကို ဒေါ်ယူစစ်ဆေ ... မေးမြန်းတော့မှာကို သိလို့ပါ"

ဒေါ်စုက ဖတ်ပြီးစာကို စောလက်ထဲ ပြန်ပေးသည်။

"အဲဒီတော့လည်း အဖြစ်မှန်ကို အမှန်အတိုင်း သိရမှာမဟုတ် ... လား ဒေါ်စု"

"ပြဿနာက ဒီလောက်နဲ့ပြီးမှာ မဟုတ်ဘူး ဆရာမ၊ ဒီစာ ... တောင်ရိုးရိပ်ရဲ့ ဂုဏ်သိက္ခာနဲ့ဆိုင်တဲ့စာဖြစ်လို့ တရားခံကိုမိရင် အပြ ... ကြီးကြီးပေးတာကို ခံရမှာမို့ပါ"

"အပြစ်ကြီးကြီးဆိုတာ ဘယ်လိုအပြစ်မျိုးကို ပြောတာ ... ဒေါ်စု"

"ရိုက်နှက်ဆုံးမတာ၊ တောင်ရိုးရိပ်ကို ဘယ်တော့မှ ပြန်မလာ ... ရဆိုတာမျိုး အထိပေါ့ကွယ်၊ ဖြစ်နိုင်ရင် ဒီကိစ္စကို မောင်စိုင်း မသိ ... စေနဲ့လား ဆရာမရယ်၊ သူ ဒေါသဖြစ်ရင် ကြောက်စရာ ကောင်းလွ ... လို့ပါ"

ဒေါ်စုက စောကို ခြေထောက်ဖတ်မတတ် တောင်းပော ... ယန်ယန်နှင့် ထိုစာကို တောင်ရိုးရိပ်၏ အရှင်သခင် စိုင်းညီလာသိမှာ ... အလွန်စိုးရိမ်နေသည်။

"စောလည်း ဒီစာကို ဦးစိုင်းညီလာကို မပြချင်ပါဘူး ဒေါ် ... ရယ်၊ အခုစာက စောကို တောင်ရိုးရိပ်မှာ မနေစေချင်တာဆိုတော့..."

"အိုကွယ်... စာထဲမှာ ဘာပဲရေးထားရေးထား မောင် ... ကိုယ်တိုင် ဆရာမလေးကို ခန့်ထားတာပဲ၊ မောင်စိုင်း ဆုံးဖြတ်ပြီးသား ... လုပ်ကို ဘယ်သူမှ ဝင်တားလို့ မရပါဘူးကွဲ့"

"ဒါဖြင့် အန္တရာယ်ဆိုတာကရော"

"ဒါကလည်း ဆရာမလေး ပြန်အောင် တမင်ခြိမ်းခြောက်တဲ့ ... ားပါကွယ်၊ ဒီတောင်ရိုးရိပ်မှာ ဘာအန္တရာယ်မှ မရှိဘူး၊ အဲဒါကို ... ရာမလေး ယုံပါ"

"ဒီစာကို ဆရာမ သိမ်းထားလိုက်ပါကွယ်၊ တောင်ရိုးရိပ်မှာ ... ရာမနေသ၍ ဘာမှမဖြစ်စေရဘူးလို့ ဒေါ်စု အာမခံပါတယ်ကွယ်၊ ... တယ်ပါ"

ဒေါ်စုကိုယ်တိုင် သနားစရာကောင်းအောင် တောင်းပန်နေတာကို ... ည့်ပြီး စာကို စော ပြန်သိမ်းလိုက်သည်။ စိတ်ထဲမှာတော့ မတောင် ... ူနှင့် ဘာကိုမှန်းမသိ မွန်းကျပ်ကျပ်ကြီးဖြစ်ကာ သက်ပြင်းချလိုက် ...

"စောကြောင့်တော့ ဘယ်သူ့ကိုမှ ဒုက္ခမရောက်စေချင်ပါဘူး ... ါစုရယ်၊ ဒါပေမဲ့ ဒီစာကြောင့် စောမှာ စဉ်းစားစရာတွေ အများကြီး ... လာတယ်"

"ဒါကတော့ကွယ်..."

ဒေါ်စုမှာ ထိုမျှလောက်သာပြောပြီး ရှေ့ကို စကားမဆက်။ မျက်စိ ... ျက်နှာပျက်နှင့် စောမျက်နှာလေးကို စိတ်ရှုပ်ထွေးသည့် အမူ ... ာဖြင့် သက်ပြင်းတစ်ချချ ဖြစ်နေ၏။

"ကဲပါလေ... စာကိစ္စ နောက်မှပဲ ဆက်ပြောကြတာပေါ့၊ ... ာ အောက်မှာ စောကို စောင့်နေကြမှာဆိုတော့ သွားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီကွယ်"

စောရှာ စာအကြောင်း ကြာရှည်စွာ စဉ်းစားမနေအားပါ။ ထမ
စားခန်းဆီသို့ ဦးဆောင်သွားနေပြီဖြစ်သော ဒေါ်စုနောက်သို့ လိုက်
ရသည်။ တောင်ရိုးရိပ်အိမ်ကြီးမှာ ကြီးသလောက် အမှတ်များတ
သည့်သဘောကိုပါ သတိထားလိုက်မိ၏။

အခုလည်း ဒေါ်စု ဦးဆောင်ရာနောက်သို့ စောခြေလှမ်းတွေ
လိုက်ပါနေရသော်လည်း စိတ်ကတော့ တောင်ရိုးရိပ်အိမ်ကြီး၏
စည်းတည်ဆောက်ပုံ၊ ခမ်းနားကြီးကျယ်ပုံ အစုစုမှာ မရှိ။

ကလေးတို့ကို စာသင်ပြရန် ရောက်လာသည့် စောကို ဤနေ
က အမြန်ဆုံး ပြန်သွားပါ၊ အန္တရာယ်ရှိသည်ဆိုသော စာကိုသာ အ
ရောက်ရောက်သွား၍ သက်ပြင်းကျိတ်ချနေမိ၏။

အန္တရာယ်ရှိသည်တဲ့။

ဘယ်လိုအန္တရာယ်များပါလိမ့်။

"ဟော... ဆရာမ ရောက်လာပြီ"

ထမင်းစားခန်းအတွင်းသို့ ဒေါ်စုနှင့်အတူ စောလှမ်းအဝင် စင်
ယာထံမှ ချိုလွင်သော အသံစာစာလေးကို စောကြားလိုက်ရခြင်းဖြ
သည်။ ထမင်းစားဆောင်ကြီးက မီးဆိုင်းမီးပန်းများဖြင့် လှပလျှ
ထမင်းစား စားပွဲခုံရှည်ကြီးမှာ မိသားစုဆယ်ယောက် ဝင်စားနိုင်သ
ကတ္တီပါအနားသပ်ပန်းကနုတ်ခုံများ ဖြစ်သည်။

စားပွဲကြီးတစ်ခုလုံး ဟင်းခွက်တွေ ပြည့်နေ၏။ အားလုံး ရော
နေပြီဖြစ်၍ စောတစ်ယောက်တည်း နောက်ကျနေခြင်း ဖြစ်သည်
"ထိုင်ပါ၊ ဆရာမကတော့ ပန်းနုရောင်ဝတ်စုံလေးနဲ့လည်း 





တာပဲနော်"

"မမစင်သီယာအလှကို မမီပါဘူးရှင်"

စောစကားကြောင့် စင်သီယာက ညင်သာစွာ ရယ်သည်။

"ကျေပြီနော် ဆရာမ"

စောက ဘာမှမပြော။ နှင်းဆီဖူးနှုတ်ခမ်းအစုံကိုသာ လှပစွာ
ရင်း စင်သီယာ ညွှန်ပြသည့်ခုံမှာ ဝင်ထိုင်လိုက်သည်။

စားပွဲ၏ထိပ်တွင် ထိုင်နေသူက တောင်ရိုးရိပ်၏ အရှင်သခင်
ညီလာကိုယ်တိုင်ဖြစ်ပြီး စောနှင့်မျက်နှာချင်းဆိုင်မှာ ထိုင်သူက
ရိုးမဖြစ်သည်။

ကျန်သည့် ခုံများတွင် စင်သီယာ၊ ဒေဝီတို့က ထိုင်နေပြီး အမွှာ
နှစ်ယောက်ကို မတွေ့ရပါ။ စိုင်းညီလာက စောမျက်နှာလှလှ
ကို တစ်ချက်စိုက်ကြည့်ပြီး အောင်မြင်ခန့်ညားသော အသံဖြင့်...

"ဒီဟင်းပွဲတွေကတော့ မြို့ကြီးပြကြီးတွေမှာ မရနိုင်တော့ တော
င်းလျှာတွေလို့ ဆိုရမှာပေါ့ဗျာ၊ ဟောဒါက မြွေသား၊ ဟောဒါက
ကြက်၊ ဒါက ဂျီသားဟင်း၊ တောဝက်သားအစုံပဲ၊ ကျန်တာက
ာ့ ရိုးရာအစားအစာ အသီးအနှံတွေကို ပူပူနွေးနွေး ချက်ပြုတ်ထား
ဆိုတော့ ကိုယ့်အိမ်ကိုယ့်ယာလို သဘောထားပြီး ဖြည်းဖြည်းချင်း
ဆောင်ပါ"

"ဟုတ်ကဲ့"

"ဒါက ဂျီသားဟင်း၊ စားကြည့်ပါဦး ဆရာမ"

"ဟုတ်ကဲ့... မမ"

စင်သီယာက စောပန်းကန်ထဲ ဂျီသားဟင်းတစ်ဖတ် လာထည့်



www.burmeseclassic.com

ထေ၍ ဓားထက်တစ်ဖန် မစေင်သီယာ ပန်းကန်ထဲသို့ တခြားဟင်
တစ်မျိုး ခပ်ယူကာ ဦးချလိုက်ပါသည်။

ဦးစိုင်းညီလာ ပန်းကန်ထဲကိုတော့ အိမ်ရှင်သဘောက ဘယ်
ရှိမှန်းမသိ၍ ဟင်းခပ်ထည့်ပေးခြင်းဖြင့် ဦးချခြင်း မပြုတော့ပါ။
အခိုက်မှာပဲ…

"ကိုယ့် ပန်းကန်ထဲကိုရော ဟင်းထည့်မပေးတော့ဘူးလ
ဆရာမ"

"ရှင်…"

"ဪ… ဟုတ်ကဲ့"

စောမှာ စိုင်းညီလာစကားကြောင့် ကြက်သားဟင်းတစ်ဖတ်ကို သ
ရပ်လုပ်ပစ္စာခပ်ပြီး တောင်ရိုးရိပ်၏ အရှင်သခင် ပန်းကန်ထဲကို လှ
ထည့်၍ ဦးချလိုက်သည့်အခိုက်မှာပဲ စိုင်းရိုးမနှင့် အကြည့်ချင်းဆုံသွ
ချိန်မှာ သိသာစွာ တင်းမာခက်ထန်သွားသည့် မျက်နှာကြောင့် စေ
ကိုယ်လေး တွန့်ခနဲ ဖြစ်သွားသည်။

စော သူ့အစ်ကိုကို ဟင်းထည့်ပေးတာကို မကြိုက်မနှစ်သ
ကြောင်း သူ့အမူအယာက သိသာစွာ ဖော်ပြနေ၍ စော အနေရခ
သွား၏။

ဒါပေမဲ့ မတတ်နိုင်။ အိမ်ကြီး၏ အရှင်သခင် စိုင်းညီလ
ကိုယ်တိုင်က သူ့ပန်းကန်ထဲ ဟင်းထည့်ပေးပါဟု သူ့နှုတ်ဖျား
ဖွင့်ဟတောင်းဆိုလာမှတော့ စောဘက်က ငြင်းပယ်ခွင့် မရှိ။

စင်သီယာ မျက်နှာကတော့ ခပ်ပြုံးပြုံး။

စိုင်းညီလာကိုတစ်လှည့်၊ စောမျက်နှာလှလှလေးကို တစ်လှည့်

ပြီး ကျေနပ်နေပုံက ဟန်ဆောင်နေခြင်း မဟုတ်တာ သေချာသည်။

ထမင်းပွဲကို ဦးဆောင်သွားသူက စိုင်းညီလာကိုယ်တိုင်ဖြစ်ပြီး
ညီလာ ပြောသမျှဆိုသမျှ ပြုံးပြုံးလေး နားထောင်နိုင်သူကလည်း
သီယာ ဖြစ်သည်။

ကိုယ်တိုင် ထမင်းစားနေပေမယ့် တစ်ချိန်လုံး ထမင်းဝိုင်းရှိ
အားကို ဂရုစိုက်နေသူ ဖြစ်သည်။ ဘာတစ်ခုမှ လိုအပ်တာ မရှိစေရ။
ဖော်လေးတွေကို ပြောရဆိုရခက်နေလျှင် သူကိုယ်တိုင် ထမင်းဟင်း
နှံသင့်ဖြစ်အောင် ဂရုစိုက်၍ ပွဲလိုက်ပေးသည်။

"ကိုယ့်ကိုကိုယ်လည်း ဂရုစိုက်ပါဦး စင်သီယာ"

ကြားထဲက မနေနိုင်သည့် ဒေါ်စုက ဝင်ပြောပေမယ့် စိုင်းညီလာ
ဒါအဝင် တခြား ဘယ်သူကမှ စင်သီယာကို ကိုယ့်ဘာသာ ထမင်း
ရုစိုက်စားရန် ဘယ်သူမှမပြော။

"စင်သီယာအတွက် စိတ်မပူပါနဲ့ ဒေါ်စု၊ စင်သီယာ ကိုယ့်
ကိုကိုယ်လည်း ဂရုစိုက်ပါတယ်"

စင်သီယာ ပြောပုံလေးက နူးနူးညံ့ညံ့။ လှုပ်ရှားမှုတိုင်းမှာလည်း
သိမ်မွေ့သည်။ လှပသော မျက်နှာလေး အစဉ်သဖြင့် ပြုံးချိုနေပုံလေး
ကိုက တစ်မျိုးဆွဲဆောင်မှု ရှိသည်ဟု ထင်သည်။

"စင်သီယာက ဒီလိုပဲ မိသားစုအားလုံးကို ဂရုစိုက်ရမှ ကျေနပ်
သူဆိုတော့ သူစိတ်ချမ်းသာအောင် ဒီလိုပဲ လွှတ်ထားရတယ် စောရေ၊
င်သီယာကြောင့် စောစိတ်ထဲမှာ ဘာမှအနှောင့်အယှက်မဖြစ်နဲ့…
ဟုတ်လား"

"ဟုတ်ကဲ့"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



စိုင်းညီလာက လှပသည့် စင်သီယာမျက်နှာလေးကို ခပ်ပြုံးပြုံးကြည့်ရင်း စောကို ပြောခြင်းဖြစ်သည့်အတွက် စောလည်း အလိုက်သင့်ပြုံး၍ ခေါင်းညိတ်လိုက်ရသည်။

ထမင်းပွဲမှ ပထမဆုံး ထွက်သွားသူက စိုင်းရီးမ။

"တော်ပြီလား… ရီး"

"ဟုတ်ကဲ့ မမ"

"အိုကွယ်… ရီးကိုကြည့်ရတာ သိပ်စားလို့ အဆင်မပြေသလိုဘဲ မမ ရီးအတွက် ဘာလုပ်ပေးရမလဲဟင်"

မမစင်သီယာက စိုင်းရီးမကို တကယ့် ကလေးတစ်ယောက်လို ဂရုတစိုက် မေးနေပေမယ့် စိုင်းရီးမမျက်နှာကတော့ နူးညံ့သိမ်မွေ့သော မမစင်သီယာမျက်နှာနှင့် ဆန့်ကျင်ဘက်။ မျက်နှာထား တည်တည်ဖြင့် ထမင်းပွဲမှ ထပါသည်။

"ကျွန်တော့်အတွက် ဘာမှမလိုပါဘူး မမစင်သီယာ၊ နည်းနည်း ရင်ပြည့်နေလို့ပါ"

"ကိုကို… ကျွန်တော် ဦးသြန့် နန္ဒာအိုင်ကို သွားမလို့၊ ဘာမှာဦးမလဲ"

"မမှာတော့ဘူး ညီ၊ ကားကိုသာ ဂရုစိုက်မောင်းပါ"

"ဟုတ်ကဲ့၊ မမစင်သီယာ… ကျွန်တော်သွားပြီ"

"ကောင်းပါပြီကွယ်"

စိုင်းရီးမက စောကို တစ်ချက်မကြည့်။ မားမတ်ခန့်ညားသော ခြေလှမ်းများဖြင့် ထမင်းစားခန်းထဲက ထွက်သွား၍ စောကိုယ်တိုင်လည်း ထမင်းပိုင်းကို လက်စသိမ်းလိုက်ပါသည်။





"တော်ပြီလား စော၊ ထမင်းတွေ ထည့်ပါဦးကွယ်"

"စော ဒီထက် ပိုမစားနိုင်လို့ပါ မမ၊ ကျေးဇူးတင်ပါတယ်"

"ဒါကြောင့် စောကိုယ်လေးက လှနေတာပေါ့ စင်သီယာရယ်၊ သုတဲ့လူတွေက အစားအသောက် အနေအထိုင်မှာလည်း ကျန်းမာရေးနဲ့ ညီညွတ်မှုတအောင် နေတတ်ကြတဲ့သူတွေချည်းပဲ"

"ကိုယ်ပြောတာ မှန်တယ်မဟုတ်လား စော"

"ရှင်… ဪ… ဟုတ်ကဲ့"

စောမှာ စိုင်းညီလာထံမှ စကားကြောင့် မျက်နှာလေး ခပ်အမ်းအမ်းဖြင့် စင်သီယာကို တစ်ချက်လှမ်းကြည့်ပြီး ခေါင်းလေးညိတ်လိုက်ရသည်။

"မမလည်း စော စရောက်ကတည်းက သတိထားမိပါတယ်ကွယ်၊ စောဟာ ကိုယ့်ကျန်းမာရေးကို ဂရုစိုက်တတ်မယ့်သူလို့ ထင်သားပဲ"

"လာ… ညီမ၊ အချိုပွဲလေး တည်လိုက်ရအောင်"

စင်သီယာနှင့်အတူ အချိုပွဲတည်သည်ဆိုပေမယ့် စားပွဲနှင့်အပြည့် ချထားသည့် အသီးအနှံအစုံ မုန့်မျိုးစုံတို့ကို စော မစားနိုင်တော့၍ ဘော်ဇီတစ်ခွက်နှင့် ကျေနပ်ပါရန် စင်သီယာကို တောင်းပန်စကား ဆိုလိုက်ရသည်။

စိုင်းရီးမက စော စရောက်သည့်နေ့မှာပင် ကြိုဆိုပုံ ထူးလှခြင်းကိုက ညအိပ်ရာဝင်ချိန်အထိ စောကို ဆုံးဖြတ်ရခက်စေသော အတွေးတို့ဖြင့် လွှမ်းမိုးထားနိုင်သော နေရာအဖြစ် စော သက်ပြင်းချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၃)

"ဆရာမ"

"ဩော်... ဒေါ်စု"

စောရှိရာသို့ ရေးကြီးသုတ်ပြာ အမူအယာနှင့် ရောက်လာသော ဒေါ်စုကြောင့် ကလေးများကို စာသင်ရန် စာသင်ခန်းဆီသို့ ဦးတည်သွားနေသော စောခြေလှမ်းအစုံ ရပ်တန့်သွားသည်။

"ဟို... စာကိစ္စ မောင်စိုင်းကို မပြောဖို့ ဒေါ်စု ဆရာမကို လာတောင်းပန်တာပါကွယ်"

"အဲဒီစာကို ဘယ်သူရေးတာလဲဆိုတာ ဒေါ်စုသိလား"

စောစကားကြောင့် ဒေါ်စု မျက်နှာပျက်သွား၍ စာရေးသူကို ဒေါ်စုသိကြောင်း စော ချက်ချင်းနားလည်သဘောပေါက်လိုက်သည်။

"သူ ဘယ်သူလဲ ဒေါ်စု၊ အစောကို ဘာလို့ ဒီမှာ မနေစေချင်ရတာလဲ၊ အဲဒါကို အစော သိချင်တယ်"

"မှန်တာပြောရရင် စာရေးတဲ့သူဟာ ဘယ်သူလဲဆိုတာ ဒေါ်စု သေသေချာချာတော့ မသိရပါဘူးကွယ်၊ ဒါပေမယ့်..."





"သတိပေး စာရေးတဲ့လူဟာ ကိုယ်ဆိုရင် မင်းဘာပြောမလဲ"

"ရှင်"

"မောင်ရိုးမ"

လှေကားထောင့်ချိုး အကွယ်နေရာက အစောတို့နားကို ဘွားခနဲ ရောက်လာသူက စိုင်းရိုးမဆိုသည့် ကိုလူချောကိုယ်တိုင်ဖြစ်နေ၍ အစော အံ့သြနေသလို ဒေါ်စုလည်း မျက်နှာပျက်သွား၏။

"ဒေါ်စု... လုပ်စရာရှိတာ သွားလုပ်ပါ၊ ကျွန်တော့်ကိစ္စ ကျွန်တော် ရှင်းလိုက်မယ်"

"ကောင်းပါပြီကွယ်"

ဒေါ်စုက အစောကို ခွင့်တောင်းသလို တစ်ချက်ကြည့်ပြီး အစောတို့နားက ထွက်သွားသည့်အတွက် အစောနှင့်ရိုးမ နှစ်ယောက်တည်း ကျန်ခဲ့သည်။

အစောက သူမရှေ့မှာ မြင့်မားထွားကြိုင်းသည့် ကိုယ်ဟန် တည်ကြည် ခန့်ညားချောမောသော မျက်နှာက ရှုန်တည်တည်ဖြင့် အစော မျက်နှာလှလှလေးကို ငုံ့မိုးစူးစိုက်ကြည့်နေသည့် ရိုးမမျက်နှာကို အစော ပြန်ကြည့်လိုက်၏။

"ရှင် ဘာဖြစ်လို့ အစောကို ဒီမှာ မနေစေချင်ရတာလဲ"

"မနေစေချင်တာ မနေစေချင်လို့ပေါ့၊ ရှင်းနေတာပဲ"

"ဟုတ်ပြီလေ၊ ရှင် မနေစေချင်ရတဲ့အထဲမှာ တခြားအကြောင်းတော့ ရှိမယ်ထင်တယ်"

ရိုးမက သူ့မျက်စိရှေ့မှာ အလှကြီးလှနေသော အစောမျက်နှာလေးကို စူးရှတောက်ပသော မျက်ဝန်းတောက်တောက်များဖြင့် စူး



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်ရင်း စိတ်ထဲ တစ်မျိုးဖြစ်လာသည်။

ရိုးမညီလာကို ကလေးတွေ စာသင်ပြပေးမည့် ဆရာမတစ်ယောက် ရောက်လာမည်ဆိုတုန်းက ထိုကိစ္စကို ရိုးမကိုယ်တိုင် လုံးဝ စိတ်မဝင်စားခဲ့။ အမှာညီအစ်ကို နှစ်ယောက်အတွက် ဆရာမ ရောက်လာမည်ဆိုတုန်းကလည်း ထိုအတိုင်း။

ကိုယ့်အာရုံနှင့်ကိုယ်။ ကိုယ့်အလုပ် ကိုယ်ရှုပ်နေခဲ့သည်။ ကလေးတွေကို စာသင်ပေးမည့် ဆရာမဆိုတာ မိုးပေါ်က ပြုတ်ကျလာသည့် နတ်သမီးလေးလို ဤမျှလှပနုငယ် ချစ်ချင်ဖွယ်ရာ ဖြစ်နေလိမ့်မည်ဟု မထင်ခဲ့။

လက်တွေ့မှာ ရိုးမ ရင်ဆိုင်လိုက်ရတာက ရိုးမညီလာကို ရောက်လာသည့် ဆရာမကို မြင်မြင်ချင်း ဆရာမ၏အလှက သူ့ကိုအံ့ဩတုန်လှုပ်စေခဲ့သလို သူ့နှလုံးသားကို လှုပ်ရှားစေသူ ဖြစ်နေ၏။

ထိုထက် ပိုဆိုးသည်က ကိုကိုစိုင်းညီလာ ဆရာမလှလှလေး အပေါ်မှာ လိုအပ်တာထက် ပိုနေသည့် အပြုအမူ အပြောအဆိုတွေက ကိုကို့ရင်ထဲက စိတ်ခံစားချက်ကို ဖော်ပြနေတော့ သူဘာလုပ်ရမှန်း မသိ။

ကိုကိုစိုင်းညီလာကိုယ်တိုင် သိပ်လှသည့် အစောကို စိတ်ဝင်စားနေတာကို ရိုးမလိုပဲ မမစင်သီယာလည်း သိနေပေမယ့် မမစင်သီယာက ကိုကို စိတ်ချမ်းသာတာ၊ ပျော်နေတာကိုမြင်လျှင် အမြဲ ကျေနပ်နေတတ်သူဆိုတော့ ဒီကိစ္စမှာလည်း သူမပုံစံအတိုင်း အပြုံးမပျက်။

ကိုကို့ဘက်ကပင် ပါချင်နေသည့်သူ။ အစောဆိုသည့် ဆရာမ ငယ်ငယ်ချောချော လှလှလေးကတော့ စိုင်းညီလာမိသားစုထဲက အဖြစ်





အပျက်တွေကို ဘာတစ်ခုမှမသိ၊ နားလည်း မလည်၊ ဘယ်သူ ဘာပြောပြော မျက်လုံးဝိုင်းကြီးတွေနှင့် စိတ်ဝင်တစား လှမ်းလှမ်းကြည့်နေတတ်သည်ကလွဲ၍ သူမအပေါ် ကျရောက်လာမည့် အန္တရာယ်ကို ခိုဝ်မိ။

ရိုးမကတော့ သူမအပေါ် ကျရောက်လာမည့် အန္တရာယ်ကို ကြိုမြင်နေ၍ အစောဆိုသည့် ဆရာမလှလှလေးကို ရိုးမညီလာအမြန်ဆုံး ထွက်သွားရန် သတိပေးစာရေးပြီး သူမအခန်းမှာ ထားခဲ့သည်။

ဒါကိုပဲ သူမက ရိုးမ စေတနာကို မသိ၊ စာရေးသူကို စုံစမ်းမေးမြန်းနေ၍ ဒေါ်စုကိုယ်စား သူက ဝင်ဖြေလိုက်ခြင်း ဖြစ်၏။

"ဘယ်လိုလဲရှင့်၊ အစော မေးတာကို ရှင်မဖြေနိုင်တော့ဘူးလား"

"မဖြေနိုင်တာ မဟုတ်ဘူးကွ၊ မဖြေချင်တာ၊ အကောင်းဆုံးကတော့ ဒီမှာ အလုပ်မလုပ်ပါနဲ့၊ အမြန်ဆုံးပြန်ပါ၊ ကိုယ် ပြောချင်တာ ဒါပဲ"

ပြောစရာကုန်ပြီဖြစ်၍ ရိုးမက အစောနားက ချာခနဲ လှည့်ထွက်သွားနိုင်းလိုက်ပေမယ့် အစောက မကျေနပ်။ အကြောင်းပြချက် ဘာတစ်ခုမှ သိခွင့်မရဘဲ အစောကို ဒီနေရာက အမြန်ဆုံး ထွက်သွားဆိုပြီး အစောကို အမိန့်ပေးတာ သိပ်ပြီးတစ်ဖက်သတ် ဆန်လွန်းနေသည်ဟု ထင်မိသည်။

"ဒီမှာရှင့်… ဦးရိုးမ"

အစောထံမှ ခေါ်သံချိုချိုလေးကြောင့် ကျောခိုင်းအနေအထားမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည့် ရိုးမခြေအစုံ တုန့်ခနဲရပ်သွားပြီး အစောရှိရာဘက်ကို မျက်နှာ မူလိုက်၏။

"ရှင်က အစောမေးတာကို မဖြေဘဲ ရှင်ပြောချင်တာတွေချည်း ပြောသွားတာ တရားမျှတမှု ရှိရဲ့လား"

"အစော မေးတာကို ရှင်မဖြေနိုင်သ၍ အစောကလည်း ဒီမှာ ဆက်နေပြီး အလုပ်ဆက်လုပ်ရမှာပဲ၊ ကလေးတွေ စာသင်ချိန်ရောက် နေလို့ အစောကို ခွင့်ပြုပါ"

ဒီတစ်ခါ ရိုးမကိုထားပြီး လှပကျော့ရှင်းစွာ ကျောခိုင်းသွားသူ အစော။ ရိုးမမှာ ထင်မှတ်မထားသည့် အစောထံမှ စကားလေးများနှ သူ့ကို အားခံချင်သည့် အပြုံအမူလေးများကိုကြည့်ကာ မျက်ခုံးထူ များကို တွန့်ကုတ်လျက် မှုန်တည်သော မျက်နှာဖြင့် အစောနော ကျောပြည့်ပြည့်လေးကို စိုက်ကြည့်ကာ နေရာမှ ချာခနဲ ကျောခိုင် ထွက်ခဲ့သည်။

ရိုးမရင်ထဲက စိုးရိမ်ပူလောင်မှုနှင့် စိတ်မချသော ခံစားရ တေနှာကို အစောဆိုသည့် မိန်းမလှလေး မသိ။ မြင်မြင်ချင်း ချစ်မိသ သူမှာသာ အစော နားလည်သဘောပေါက် လက်ခံလာအောင် ရမည့်စကားကို စဉ်းစားရွေးချယ်ရင်း သူ့အိပ်ရာထက်မှာ ဘယ်သူ ခေါသဖြစ်ရမှန်းမသိ။ မှောက်ခုံကြီး ငြိမ်သက်နေမိသည်။

မင်းကြောင့် ကိုယ်တော့ သိပ်ခက်နေပြီ အစော။ မင်းအပေါ တဲ့ ကိုယ့်စေတနာကို မင်းသိရင်…

အိပ်ရာမှ ဝုန်းခနဲ သူခုန်ထလိုက်ပြီး နန္ဒာအိုင်ကို ချက်ချင်းပြ ဆုံးဖြတ်လိုက်သည်။ ရိုးမညီလာမှာ သူဆက်နေလျှင် အစောနှင့် နေ့

တွေ့နေရမည်။ ပြီးတော့ သူ မမြင်ချင် မတွေ့ချင်တာတွေ မြင်ရတွေ့ရ ကြားနေရဦးမည်။

အစောဆိုသည့် မရွှေချောကလည်း ရိုးမစေတနာကို နားလည် ဘာမဟုတ်။ ကိုကိုနှင့် မမစင်သီယာကတော့ တစ်ပုံစံတည်းသမားတွေ တော့ ရိုးမ ဘာပြောပြော မမစင်သီယာက ဂရုစိုက်မှာမဟုတ်။

ကြားထဲက ရိုးမပဲ အကုသိုလ်တွေ ဖြစ်နေရမှာ သေချာသည်။ ဘိတာလည်း အိမ်မှာမရှိ။ သူ့သင်တန်းကိစ္စနှင့် ပြန်သွားတော့ တခြား လေးအဖော်လည်း အစောနားမှာ မရှိ။

စိတ်ရှုပ်ရှုပ်ဖြင့် အပေါ်ထပ်က ဆင်းလာသော ရိုးမနှင့် အောက် က တက်လာသော စင်သီယာတို့ လှေကားအလယ်မှာ ဆုံမိကြ ည်။

"ဘယ်သွားမလို့လဲ ရိုး၊ နန္ဒာအိုင်က အခုပဲ ပြန်ရောက်တာ ဦးကွယ်၊ မျက်နှာကလည်း မှုန်လို့၊ ဘယ်သူနဲ့ စိတ်ဆိုးလာတာ"

"အစောဆိုတဲ့ ဆရာမနဲ့"

ဟု ရိုးမစိတ်ထဲက ပြန်ဖြေလိုက်ပေမယ့် အပြင်မှာတော့…

"ဘယ်သူနဲ့မှ စိတ်မဆိုးပါဘူး၊ ကျွန်တော့်ဘာသာ နန္ဒာအိုင် ပြန်မလို့"

"နန္ဒာအိုင်က အခုပဲ ပြန်လာတယ်၊ နန္ဒာအိုင်ကို ပြန်သွားဦး ဆိုတော့ ဟုတ်မှဟုတ်သေးရဲ့လား ရိုးရယ်"

"ဒီနေ့ ရိုးပြန်လာမယ်ဆိုလို့ ကိုကိုက ခမ်းမှန်တို့ကို ငင်နော တယ်။ ရိုးမှာ တခြားကိစ္စမရှိဘူးဆိုရင် နန္ဒာအိုင်ကို နောက်မှ





www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားပါ၊ မမတို့အားလုံး စီစဉ်ပြီးနေပြီ"

"ဒါပေမဲ့..."

"ဒါပေမဲ့ လုပ်မနေနဲ့ ရီး၊ မင်းသူငယ်ချင်း ခွန်မင်းလ လာလိမ့်မယ်၊ နောက်မှ နန္ဒအိုင်ကိုသွား၊ အခုပွဲမှာ မင်းရှိနေမှဖြစ်မယ်

ရီးမကို ဘာစကားမှ မပြောနိုင်အောင် ဝင်ရောက်စီစဉ်ဆုံးဖြ လိုက်သူက တခြားသူ မဟုတ်။ ရီးမညီလာရဲ့ အရှင်သခင် စိုင်း လာဆိုသည့် ရီးမ၏အစ်ကိုကိုယ်တိုင် ဖြစ်နေ၍ ရီးမဘာမှပြန်မ နိုင်ဘဲ ကိုယ့်အခန်းကို ပြန်ခဲ့ရသည်။

ရီးမညီလာရဲ့ မိသားစုကြီးတစ်ခုလုံးရဲ့ စီးပွားရေးကို ဦးဆော နေသူက ကိုကိုစိုင်းညီလာတစ်ယောက်တည်း ဖြစ်သည်။ ညီအစ်ကို ပေမယ့် ကိုကိုနှင့်ရီးမက အသက်ချင်း ခြောက်နှစ်ကွာသည့် ညီအစ် ဖြစ်သည်။

မိဘနှစ်ပါးစလုံး ရီးမငယ်စဉ်ကလေးဘဝမှာ ဆုံးပါးသွာ ကိုကိုကပဲ ရီးမကို မိဘနေရာက စီမံအုပ်ချုပ်လာခဲ့သလို ရီးမ အစ်ကိုကြီးလိုရော၊ မိဘလိုရော ချစ်ခင်အလိုလိုက်ထားခဲ့သူ။

ချစ်သလောက်လည်း စည်းကမ်းကြီးသည်။ သူ့ပြောစကား နားထောင်မှ ကြိုက်သည်။ ရီးမလိုချင်တာ၊ ဖြစ်ချင်တာမှန်သမျှ လို ရပြီး ပြည့်စုံသောဘဝကို ပေးထားပေမယ့် ကိုကို့ဆန္ဒကို ကျော်လွ အတိုက်အခံ လုပ်တာမျိုးကျတော့ ခွင့်မပြု။

ကြီးလေးသော အပြစ်ပေးရာမှာ နာမည်ကြီးသူ။ ရက်စက်သူ ဆိုပေမယ့် ကိုကို့ကို ရီးမ ချစ်သည်။ ကိုကို့စိတ်တိုင်းကျဖြစ်အော နေသည်။ ညီအစ်ကိုနှစ်ယောက်ကြားမှာ ဘာပြဿနာမှ မရှိပေ

ကျောင်းကိစ္စမှာတော့ သဘောထား ကွဲလွဲမှုတွေ ဖြစ်ခဲ့သည်။

ရီးမက စာတော်သည်။

ဆေးတက္ကသိုလ်ဝင်ပေမယ့် ဆေးကျောင်းကိုမတက်။ သူ ဝါသနာ သည့် စက်မှုတက္ကသိုလ်ကို တက်သည်။ ထိုကိစ္စအတွက် ညီအစ်ကို ယောက်ကြားမှာ ပြဿနာဖြစ်ပေမယ့် ရီးမက သူ့ဆုံးဖြတ်ချက်ကို ဘဲ တင်းခံနေတာနှင့် အစ်ကိုဖြစ်သူ စိုင်းညီလာကပဲ အလျှော့ပေးလိုက် ပြေအေးသွားသည်။

သူတို့ညီအစ်ကို နှစ်ယောက်ကြားမှာ ဒီလိုကိစ္စတွေရော၊ တခြား သေးအဖွဲ့ ကိစ္စတွေရော အများကြီး။ စိုင်းညီလာ ဖြစ်စေချင်သည့် တိုင်း ရီးမက မဖြစ်။

ကိုယ်ရေးကိုယ်တာ ကိစ္စတွေကို ရီးမကိုယ်တိုင်ပဲ ဆုံးဖြတ်ချင် သည်။ တခြားသူ ဝင်စွက်ဖက်တာကို မကြိုက်။ စိုင်းညီလာက ညီ သူ ကောင်းစားရေးအတွက်ဟုဆိုကာ ရီးမ မကြိုက်သည့်ကိစ္စတွေကို ခဏခဏ လုပ်သည်။

ထိုအထဲမှာ စောခမ်းမွန်နှင့်ကိစ္စလည်း ပါသည်။ ရီးမ မသိဘဲ ညီလာက သူ့ကို စောခမ်းမွန်နှင့် လက်ထပ်ဖို့ကိစ္စ သဘောတူလိုက် သည်။ ရီးမက ခမ်းမွန်ကို လုံးဝသဘောမကျ။ ချစ်သူအဖြစ် တစ်ခါမှ စားမကြည့်ဘူး။ လက်ထပ်ပြီး နှစ်ယောက်တည်း တစ်အိုးတစ်အိမ် ထောင်ရန် လုံးဝစိတ်ကူး မရှိ။

ဒါက စိုင်းရီးမဆိုသည့် သူ့ဘက်က သဘောထား။ သူ့အမြင် ပေမယ့် အစ်ကိုဖြစ်သူ စိုင်းညီလာက စိုင်းရီးမ မသိဘဲ စကားတွေ ထားခဲ့ပြီးပြီဆိုတော့ စိုင်းရီးမရင်ထဲ ဘယ်လိုမှ မခံစားနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုနှစ်ယောက် ထိပ်တိုက်ပြဿနာတက်ကြသည်။

“စောခမ်းမွန်ကို ညီ လုံးဝလက်မထပ်နိုင်ဘူး ကိုကို”

“အကြောင်းပြချက်က ဘာလဲ ညီ၊ ခမ်းမွန်ကို မချစ်ဘူး[…] ပြောမလို့လား”

စိုင်းညီလာက သူ့အမေးကို သူ့ဘာသာဖြေပြီး သဘောကျ[…] ရယ်လိုက်၍ စိုင်းရှီးမ မျက်ခုံးထူတွေ တွန့်သွား၏။

“သြော်... ညီ... ညီ... အနုပညာသမားရယ်လို့ မခေ[…] ရဘူး၊ တယ်လည်း စိတ်ကူးယဉ်တာကိုး”

“စောခမ်းမွန်ကို လက်မထပ်နိုင်တာနဲ့ အနုပညာကိစ္စ ဘာ[…] မဆိုင်ဘူး ကိုကို၊ ကျွန်တော့်အိမ်ထောင်ရေးကိစ္စကို ကျွန်တော့်ဘာသာ[…] ဆုံးဖြတ်ချင်တယ်”

“ကိုယ် တကယ်ချစ်တဲ့လူပဲ ပိုင်ဆိုင်ချင်တယ်၊ ကျွန်တေ[…] နှလုံးသားက လိုက်လိုက်လှဲလှဲ တောင်းဆိုလာတဲ့သူကိုပဲ ကျွန်တေ[…] လက်ထပ်မယ်”

“လူတိုင်း လူတိုင်းရဲ့ စိတ်ထဲမှာ အားလုံး ကိုယ်ဖြစ်ချင်တာကို[…] ဖြစ်ခွင့်ရချင်ကြတဲ့သူတွေချည်းပဲ ညီ၊ အဲဒီလို လူစားထဲမှာ ကို[…] ကိုယ်တိုင်လည်း အပါအဝင် တစ်ယောက်ဖြစ်ခဲ့တယ်ဆိုရင် ည[…] လက်ခံပါ့မလား”

ကိုကိုစိုင်းညီလာမျက်နှာကို စိုင်းရှီးမ တအံ့တသြ မော့ကြ[…] လိုက်တော့ တည်ငြိမ်လေးနက်သော မျက်နှာဖြင့် စိုင်းရှီးမမျက်နှာ[…] ကြည့်နေသော ကိုကို့မျက်ဝန်းများဖြင့် ဆုံသည်။

“ညီညီ့ အမြင်မှာတော့ ကိုကို့ပုံစံက တစ်မျိုးဖြစ်ချင် ဖြစ်[…]





[…]ဘဲ၊ ဒါပေမဲ့ ကိုကို့မှာလည်း နှလုံးသားနဲ့ပါ ညီ၊ ကိုကိုကိုယ်တိုင် […]ည်း ခံစားတတ်တယ်၊ ချစ်တတ်ပါတယ်ကွာ”

“အကြောင်းကြောင်းကြောင့် ကိုကို့ရင်ဘတ်ကြီးထဲက အချစ်ကို […]တ်ဖော်ခွင့် မရခဲ့တာတွေကို ညီ သိမှာမဟုတ်ဘူး၊ တချို့ကိစ္စတွေက […]ကိုယ်ဖြစ်ချင်တာထက် ဖြစ်သင့်ဖြစ်ထိုက်တာကို ရွေးလိုက်ရတာတွေ […]ည်း အများကြီးပဲ ညီ”

“ကိုကို ဘာကိုဆိုလိုတာလဲ”

“အဖြေက ရှင်းရှင်းလေးပါ ညီ၊ အခု ကိုကို့ကို ရှီးမညီလာမှာ […]စောခမ်းမွန်ဒက်ဒီရဲ့ ရှယ်ယာတွေ အများကြီးပဲ၊ စောခမ်းမွန်သာ တခြား […]တစ်ယောက်နဲ့ အိမ်ထောင်ပြုသွားရင် ဒီငွေတွေကို နစ်နာဆုံးရှုံးရမှာ […] ကိုကိုတို့ပဲ”

“လောလောဆယ် ကိုကို့မှာ သူတို့ငွေကို ထုတ်အမ်းပေးနိုင် […]လောက်တဲ့ အခြေအနေလည်း မရှိဘူး၊ ဒီတော့ လက်ရှိ စီးပွားရေး […]အခြေအနေအရ ညီ့ဘက်က စောခမ်းမွန်ကို အလိုက်အထိုက် ဆက်ဆံ […]ရမှာဖြစ်မယ်၊ ကိုကိုပြောတာ ညီ နားလည်တယ်နော်”

နားလည်ပါသည်။

သိပ်ကို နားလည်လွန်းလို့ ဘာလုပ်ရမှန်းမသိ။ ကိုကိုစိုင်းညီလာ […]တော ဘယ်လိုလုပ်ငန်းပဲလုပ်လုပ် ကိုယ့်ကိုယ်ကျိုးစီးပွားကို ကြည့်ပြီး […]အခြေကိုက်မှ လုပ်တတ်သူဆိုတာ စိုင်းရှီးမ သိသည်။

“မင်း ဘာမှ စဉ်းစားမနေနဲ့ ရှီးမ၊ စောခမ်းမွန်ကို လက်ထပ် […] ခင်းဘဝအတွက် အကောင်းဆုံးပဲ”

သူ ဘာမှမပြော။



www.burmeseclassic.com

www.burmeseclassic.com



အခ်ဳိ႕ခြဲခဲ့သူကို မွတ္ဆက္ၿပီး ညီအစ္ကိုခ်င္း လမ္းခြဲလိုက္သည္
ရင္ထဲမွာေတာ့ စိတ္အလိုမက်ျခင္းေတြေၾကာင့္ တင္းက်ပ္လ်က္။ နန္း
အိုင္ရွိရာသို႔ သူ႔ကားကို အျမန္ ေမာင္းထြက္ခဲ့သည္။



## အခန္း (၄)

ေတာင္ရိုးရိပ္၏ မိုးလင္းခ်ိန္သည္ အေစာအိမ္မွာ ရွိစဥ္ကႏွင့္ တူ၏။ ကြာျခားလွန္း၍ အေစာစိတ္ထဲတြင္ ေတာင္ရိုးရိပ္ကို ေရာက္ေနျခင္းသည္ပင္ အိပ္မက္မက္ေနသည္ႏွင့္ တူေန၏။

ေတာင္ရိုးရိပ္၏ နံနက္သည္ အရဏ္ဦးအလင္းေရာင္ႏွင့္အတူ သတ္ဝင္လႈပ္ရွားလ်က္ ရွိသည္။ ေဒါ္စု၏ အစီအမံျဖင့္ ဘုရားတြင္ ဆြမ္းကပ္ရန္ ဆြမ္းေတာ္ တသီးတသန္႔ ခ်က္သည္မွစ၍ ေတာင္ရိုးမိသားစု၏ နံနက္စာဘရိတ္ဖက္စ္ အပါအဝင္ အားလုံးအသင့္ျဖစ္ေအာင္ အကူေကာင္မေလး သုံးေယာက္ႏွင့္ စတင္လည္ပတ္ျခင္း ျဖစ္သည္။

ၿငိမ္းခ်မ္းသစ္လြင္ေသာ နံနက္ကို ဘုရားတရားသံကိုယ္စီႏွင့္ ႀကိဳရသည္။ အေစာကိုယ္တိုင္ မနက္ေလးနာရီထ ကိုယ္လက္သန္႔စင္ၿပီး ေတာင္ရိုးရိပ္မိသားစုႏွင့္အတူ ႀကီးက်ယ္ခမ္းနားေသာ ဘုရားခန္းမေဆာင္ႀကီးထဲမွာ တျခားသူမ်ားႏွင့္အတူ ဘုရားရွိခိုး ဝတ္ျပဳဆုေတာင္းရသည့္အျဖစ္ကလည္း မယုံႏိုင္စရာျဖစ္ေသာ္လည္း ထိုအေနအထားကို အေစာကိုယ္တိုင္ စိတ္ပါလက္ပါ ရွိ႐ုံမက စိတ္ထဲၿငိမ္းခ်မ္းေအးျမမႈကိုပါ ခံစားရ၍ ေတာင္ရိုးရိပ္မိသားစု၏ ဘုရား၊ တရား ၾကည္ညိဳပုံကို အထူးေလးစား အားက်မိသည္။

www.burmeseclassic.com



ရှေ့ခေတ် လက်ရာခွန့်ဖြစ်သော မြတ်စွာရပ်ပွားတော်နှင့် ဘု
ကျောင်းဆောင်တို့၏ အံ့သြဖွယ်ရာ ကြည့်ညိုသပ္ပါယ်ချင်စရာဖြစ်အော
အထူးတလည် ပြင်ဆင်မွမ်းမံထားပုံမှာလည်း မျက်စိပသာဒဖြစ်ရုံမ
အစီအစဉ်ကျကျ စီမံနိုင်သူကိုလည်း ချီးကျူးမိသည်။ ဘုရားတစ်ဆော
လုံး ဝေနေအောင် ထိုးစိုက်ထားသော ပန်းတွေက လီလီပန်းအဖြူရော
တွေချည်းဖြစ်ကာ နှင်းဆီ၊ ပန်းရနံ့တို့ ဖွံ့သင်းကြိုင်လှိုင်လျက်။ ကိုယ်
ဘုရားကို အာရုံပြုပြီး ဝတ်ပြုဆုတောင်းနေကြသူများကြောင့် အားလုံ
ကြည်ညိုဖွယ်အဆင်းဆောင်လျက်ရှိသည်။

ထူးခြားသည်မှာ ဘုရားဆောင်အတွင်း ဝင်ရောက်သူတိုင်းလို
အထက်အောက်ဆင်တူ ဝတ်ဖြူစင်ကြယ်များ ဝတ်ကြရခြင်း ဖြစ်သည်
ခေါင်းပေါင်း၊ ပဝါအစ ခြုံထည်ပဝါများအဆုံး အားလုံး အဖြူရောင်တွေ
ချည်း ဖြစ်သည်။ မည်သူမျှ စကားမဆိုကြ။ ကိုယ် လုပ်စရာရှိတာ
လုပ်ပြီး အားလုံး တိတ်ဆိတ်ငြိမ်သက်စွာ မိမိတို့ သွားလိုရာသို့
ထွက်သွားကြခြင်း ဖြစ်သည်။

အစောကတော့ သူတို့ဝတ်သလို ဝတ်ဖြူစင်ကြယ် ပါမလာ
သဖြင့် နို့နှစ်ရောင် အစပေါ်မှာ အသားရောင့်ဖျော့ဖျော့ ပန်းသေးသေး
လေးများ ခပ်ကျဲကျဲပါသည့် ချည်ထည်ဝတ်စုံလေးနှင့် နို့နှစ်ရောင်
ပြောင် ပဝါရှည်ခြုံထည်ဖြင့်သာ ဘုရားဝတ်ပြုရသည်။

တောင်ရိုးရိပ်၏ အရှင်သခင် စိုင်းညီလာနှင့် စင်သီယာတို့က
သူတို့အတွက် သီးသန့်နေရာတွင် ငြိမ်သက်စွာ တရားရှုမှတ်နေကြပြီး
သူတို့နေရာနှင့် အစောတို့နေရာကို အလွန်လှပသော အဖြူရောင်
ဇာခန်းဆီးလိုက်ကာဖြင့် လှပစွာ စည်းထားကာရံထားသည့်အတွက်





နှစ်သောက်၏ နောက်ကျောပိုင်းကိုသာ မြင်ရသည်။

ဒေဝီအပါအဝင် မမစင်သီယာ၏ ကလေးများပါမကျန် အိမ်ရှိ
ဘုရားခန်းထဲတွင် ရှိသော်လည်း စိုင်းရိုးမဆိုသည့် သူကိုတော့
ရပါ။ သတ်မှတ်ချိန် နာရီဝက်ဖြစ်ကြောင်း ဒေါ်စုက အစောကို
အသိပေးထား၍ နာရီဝက်ပြည့်သည်နှင့် ဘုရားခန်းထဲက အစော
လာခဲ့သည်။ ဘုရားခန်းထဲမှာ ဒေဝီနှင့်ကလေးများ တခြား
သားများ ကျန်ရစ်ခဲ့သည်။ တစ်အိမ်လုံး တိတ်နေပုံက အပ်ကျသံပင်
ရစေတတ် ဖြစ်သည်။

အစောကိုယ်တိုင် ဘုရားတရား ကြည်ညိုသည့် မိန်းကလေးဖြစ်၍
ခြားသော စိတ်ကြည်နူးဖွယ်ဖြင့် နေ့သစ်၏ အရုဏ်ဦးကို ကြိုဆို
ခွင့်ရခြင်းအပေါ် စိတ်ထဲ ကျေနပ်နှစ်သက်နေမိသလို ကလေးတွေ
သူတို့လိုချင်သည့်ပုံစံ ချပေးထားနိုင်သည့် တောင်ရိုးရိပ်သခင်နှင့်
င်မကို ထပ်ဆင့်ချီးကျူးနေမိသည်။ ဒီနေ့ခေတ် ဒီနေ့အချိန်အခါ
လကြီးမှာ ဒီလို ဘာသာရေးကို အလေးအနက် တန်ဖိုးထား မြတ်နိုး
ည်းကပ် ကိုးကွယ်သော ဗုဒ္ဓဘာသာဝင်မိသားစုက ရှားပါးရတနာဟု
ာထင်သည်။

ခေတ်မီသော တောင်ရိုးရိပ်လို မိသားစုက ဘာသာရေးအပေါ်
းရှိသည့် သူတို့သဘောထားက လေးစားအတုယူစရာ စံနမူနာ
ောင်းဖြစ်သည်။

"နောင် ... နောင်"

သာယာသော ငှက်မောင်းသံကို နှစ်ချက်တိတိ ညင်သာစွာ ကြား
သဖြင့် အစောအတွေးက ထိုနေရာမှာ အဆုံးသတ် ရပ်တန့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းရိုးရိပ်၏ ဒုတိယအမှတ်အသားအဖြစ် ငွေမောင်းနှစ်ချက် တီး
ခတ်ခြင်းက မိသားစု ဘုရိတ်ဖက်စ်စားရန် အချက်ပေးတီးခတ်သံ
ဖြစ်ကြောင်း တောင်ရိုးရိပ်မိသားစု၏ စာရင်းဖယ်ာများအရ အစော
သိခဲ့ရသည်။

လူဆယ်ယောက်စာ ထမင်းစားပွဲရှည်ကြီး၏ ထိပ်မှာ စိုင်းညီလာ
က မီးခိုးဖျော့ရောင် ရှမ်းဘောင်းဘီ၊ ရှမ်းတိုက်ပုံတစ်မျိုးနှင့် ကျက်
သရေရှိစွာ ခန့်ခန့်ညားညား နေရာယူထားသည်။ သူ့ခုံနှင့်ကပ်လျက်
စင်သီယာထိုင်ပြီး စင်သီယာနှင့် မျက်နှာချင်းဆိုင်ခုံမှာ အစောအတွက်
ဖြစ်သည်။ ပြီးမှ ကလေးတွေကို ကြီးစဉ်ငယ်လိုက် နေရာချ ပေးထား
သည်။ စားသောက်စရာတွေက စားပွဲပေါ်မှာ ပြည့်နေသည်။ မြန်မာ
အစားအစာ ကောက်ညှင်းနှင့် စားတော်ပဲပြုတ် အငွေ့တထောင်းထောင်း
ထနေသလို ဘိုစာဖြစ်သော ပေါင်မုန့်ထောပတ်သုပ်၊ ကြက်ဥကြော်
ဝက်ပေါင်ခြောက်၊ ကော်ဖီအိုးနှင့် နို့သီးသန့်၊ သကြားခဲထည့်ထားသော
ငွေအိုးလေးတွေကအစ အားလုံး တခမ်းတနား လှပသပ်ရပ်စွာ ပြင်ဆင်
ထားသည်။

ကြက်ပေါင်း ရှမ်းခေါက်ဆွဲနှင့် မုန့်ညင်းချဉ် အတွဲအစပ်ကလည်း
လျှာရင်းမြိန်စေသော အစောအကြိုက် အစားအစာအဖြစ် စင်သီယာ
ကိုယ်တိုင် တယုတယ သူမကိုယ်တိုင် အားလုံးကို ပြင်ဆင်ကျွေးမွေး
ပုံက တကယ့်ကို စိတ်ရှည်လက်ရှည် ဖြစ်သည်။

ဘုရားခန်းမဆောင်မှာ ဝတ်ဆင်ခဲ့သော ဝတ်ဖြူစင်ကြယ်အားလုံး
သူတို့ကိုယ်ပေါ်မှာ မရှိတော့။ လှပသစ်လွင်သော အရောင်ဖျော့ဖျော့
ဝတ်စုံကိုယ်စီဝတ်ပြီး တစ်ယောက်စာ စားနိုင်ရုံ ပြင်ဆင်ပေးသည်။

"မင်္ဂလာပါ အစော"

"မင်္ဂလာပါ ကိုစိုင်း"

"အင်း… အစောနှုတ်ဖျားက ကိုစိုင်းလို့ ခေါ်လိုက်သံကလည်း
အတွက် တစ်မျိုး ဆန်းကြယ်ဖြန့်တာပဲ၊ တခြားသူတွေခေါ်နေကျ
နဲ့ကို မတူဘူး"

စိုင်းညီလာက အစောမျက်နှာကို ရွှန်းရွှန်းတောက်တောက် မျက်ဝန်း
ကြီးတွေနှင့် စူးစူးစိုက်စိုက်ကြည့်ပြီး အပြုံးနှင့် ချီးကျူးစကားဆို
တော့ အစောမှာ မျက်နှာလေးရဲပြီး အနေရခက်သွားကာ ဘာ
ရမှန်းမသိ ဖြစ်သွားသည်။

"အစောက အသံလေးကိုက ချိုနေတာလေ စိုင်းရဲ့၊ ဒီတော့
နားထဲမှာ နားထောင်ရတာ တစ်မျိုး ဆန်းနေမှာပေါ့"

"အစောလို အသံမျိုးနဲ့သာ သီချင်းဆိုလိုက်ရင် ဘယ်လောက်
နားထောင်လို့ ကောင်းလိုက်မလဲ စိုင်းရယ်"

"ဟုတ်တယ်… ဟုတ်တယ်၊ စင်သီယာပြောတာ မှန်တယ်၊
ကို တစ်နေ့ သီချင်းဆိုပြခိုင်းရဦးမယ်"

"စင်သီယာ စီစဉ်လိုက်မယ်လေ စိုင်း"

"သင့်ခ်ယူး… စင်သီယာ"

အစောကို အနားမှာထားပြီး သူတို့ချင်း ပြောချင်ရာ ပြောဆိုနေ
သည့် စိုင်းညီလာနှင့် စင်သီယာကိုကြည့်ကာ အစော အံ့ဩနေမိ
သည်။ အစောကိစ္စကို အစောနှင့်မဆိုင်သလို ပြောလည်းပြောတတ်
သည်။

"စားနော် အစော၊ ဒီကြက်ပေါင်းခေါက်ဆွဲက စင်သီယာရဲ့



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီးလက်ရာတွေထဲက တစ်ခုပဲ၊ ကိုယ့်အတွက် ဘယ်တော့
မရှိနိုင်တဲ့ နံနက်စာဆိုလည်း ဟုတ်တယ်"

"စားလို့ကောင်းရဲ့လား အစော"

"ဟုတ်ကဲ့၊ စားလို့ သိပ်ကိုကောင်းပါတယ်ရှင်"

အမှန်တကယ်လည်း စားရသည့် ခေါက်ဆွဲအရသာမှာ ကောင်း
လွန်း၍ အစောက စိုင်းညီလာ အမေးစကားကို အားပါးတရ ထောက်
ခံလိုက်တော့ စိုင်းညီလာက အစောကိုကြည့်ပြီး ရယ်သည်။

"တွေ့လား... စင်သီယာ၊ နောက်ဆို အစောလည်း ကိုယ့်လို
စင်သီယာလက်ရာကို မစားရ မနေနိုင်ဖြစ်လာတော့မယ်"

"ဒီတော့လည်း စင်သီယာက ပိုချက်လိုက်မှာပေါ့ စိုင်းရယ်
စင်သီယာလက်ရာကို အခုလို မိသားစုစုံစုံညီညီ အားပါးတရစားတာ
မြင်ရတိုင်း စင်သီယာ ပျော်တယ်"

"ပျော်ရမှာပါဗျာ၊ ပျော်ရမှာပါ၊ နောက်ဆို စင်သီယာ ပိုပျော်
ရအောင် ကိုယ်ဒီမှာပဲ အကြာကြီး နေဖြစ်ဦးမှာပါ"

"ကျေးဇူးတင်ပါတယ် စိုင်း"

စင်သီယာထံမှ အစဉ် ပြုံးချိုနေသော မျက်နှာနှင့် နူးညံ့သိမ်မွေ့
စိုင်းညီလာကို ကျေးဇူးတင်စကားဆိုပုံကို အစော ငေးခနဲ ကြည့်ဖြစ်သွား
သည်။ သူတို့မိသားစု အရေးကိစ္စကို အစော သိပ်မသိ။ သိပ်နားမလည်
ပေမယ့် စင်သီယာကို အစော အားကျမိသည်။

အမြဲ ပြုံးနေသည့် စင်သီယာမျက်နှာလေးက လှပသိမ်မွေ့သလို
စင်သီယာ၏ တိုးတိတ်ညင်သာသော စကားသံ၊ ချိုသာယဉ်ကျေးသော
အပြုအမူတိုင်းမှာလည်း မဟာဆန်လှတာကိုတော့ အစော သတိမထား





မနေနိုင်။

ဤပွဲတွင် ဒေဝီထံမှ အသံတိတ်နေသလို စိုင်းရှီးမဆိုသည့်
...လှချောကိုလည်း မတွေ့ရပါ။ စကားဝိုင်း၏ ဦးဆောင်သူက ရှီးမ
...ညီလာ၏ အရှင်သခင် စိုင်းညီလာဖြစ်ပြီး သူ့ထံမှ စူးရှသည့် အကြည့်
...ကလည်း အစောထံ မကြာခဏ ရောက်ရောက်လာတတ်သည်
...လည်း ရှောင်ကွင်း၍ မလွတ်ပါ။

"တော်ပြီလား ဒေဝီ"

"ဟုတ်ကဲ့ မမစင်သီယာ"

"အစားနည်းလိုက်တာ ညီမရယ်၊ နေလို့ရော ကောင်းရဲ့လား"

"ကောင်းပါတယ် မမစင်သီယာ၊ ဒေဝီမှာ တခြားလုပ်စရာ
...တွေ ရှိသေးလို့ ခွင့်ပြုပါ"

"ကောင်းပါပြီကွယ်"

နံနက်စာဝိုင်းမှ ပထမဆုံး ထသွားသူက ဒေဝီဖြစ်သည်။

"ကိုကြီး... ဒေဝီ သွားတော့မယ်"

"အင်း.... အင်း"

စိုင်းညီလာက ဒေဝီထံမှ နှုတ်ဆက်သံကို အသိအမှတ်ပြုသည်
ဦးခေါင်းကိုဆက်ပြီး အစားအသောက်မပျက် ဆက်စားနေ၏။

"ရှီးလည်း မမြင်ပါလား စင်သီယာ"

"ညက ရှီး အိမ်ပြန်မအိပ်ဘူး စိုင်း"

"ဒီကောင်နဲ့လည်း ခက်တယ် စင်သီယာ၊ သူ့ခြေငြိမ်အောင်
...ထောင်မြန်မြန် ပြုပေးလိုက်တာပဲ ကောင်းတယ်"

"ခုတ်တော့ မလုပ်နဲ့ စိုင်းရယ်၊ ရှီးလေး စိုင်းကြောင့် စိတ်ညစ်



www.burmeseclassic.com

www.burmeseclassic.com



နေပါ့မယ်"

"ယောက်ျားပဲ စင်သီယာရယ်၊ တုံးဆိုတိုက် ကျားဆိုကိုက် အရာရာတိုင်း အသင့်ဖြစ်နေရမှာပေါ့"

စိုင်းညီလာအသံထဲမှာ အလိုမကျသံ အလိုမကျဟန်တွေ ပါသွာ၍ စင်သီယာ ရယ်ရယ်မောမောနှင့် တစ်ထစ်လျှော့လိုက်သည်။

"စင်သီယာက သဘောပြောတာပါ စိုင်းရယ်၊ အရာအားလုံ စိုင်းသဘောအတိုင်းပဲ ဖြစ်ရမှာပါ"

"ဟော... ပြောရင်းဆိုရင်း ဟိုမှာ ရိုးလာနေပြီ စိုင်း"

ထမင်းစားခန်းထဲ လှမ်းဝင်လာနေပြီဖြစ်သော စိုင်းရိုးမကြော အစောမှာ ဆက်ထိုင်နေရမှာလား ခွင့်တောင်းပြီး ထထွက်သွားရမည် လား ဆဲခွဲမရ ဖြစ်သွားသည်။

"အစောကို ခွင့်ပြုပါဦး မမစင်သီယာနဲ့ ကိုစိုင်း"

"ကောင်းပါပြီ အစော"

စင်သီယာက စကားဖြင့် အပြုံးမပျက် တုံ့ပြန်သလို စိုင်းညီလာ က ခေါင်းညိတ် အသိအမှတ်ပြုသည်။ အစောက စိုင်းညီလာနှ မျက်နှာချင်းဆိုင်ခုံမှာ ထိုင်လိုက်သည့် စိုင်းရိုးမကို ကြည့်လည်းမကြ နှုတ်လည်းမဆက်ဘဲ ထွက်ခဲ့သည်။

စိုင်းရိုးမကတော့ နံနက်ခင်းနှင့်အပြိုင် ကျက်သရေရှိစွာ အ ချင်းပြိုင်နေသော အစောအလှကိုကြည့်ကာ သူ့ကိုနှုတ်မဆက်ဘဲ တည်တည်လေး ကျောခိုင်းသွားပုံကြောင့် အခံရခက်ခက်နှင့် နှုတ်ခ ကို တင်းတင်းစေ့လျက် ကျန်ခဲ့သည်။

## အခန်း (၅)

ကလေးများကို စာသင်ရသည်မှာ ချစ်စရာကောင်းသလို ပျော် ရာလည်း ကောင်းသည်။ စိုင်းညီလာက ကလေးတွေ အင်္ဂလန်သူ အစ် အသက်ခြောက်ဆယ်ကျော်အရွယ် ဘိုမကြီး အဲလစ်နှင့် အင်္ဂလိပ် ာ သင်နိုင်းထား၍ ကလေးတွေ စကားပြောပုံ လေယူလေသိမ်းကအစ ာယ့်တိုင်းတစ်ပါးမှာ ကြီးပြင်းလာရသော လေသံအစစ် ဖြစ်နေသည်။

မြန်မာစာ အခြေခံနှင့် မြန်မာ့ယဉ်ကျေးမှုကိုတော့ အစောက ာဝန်ယူ သင်ကြားပေးရသူ ဖြစ်သည်။ ကွန်ပျူတာ အခြေခံ၊ ပန်းချီ ာများကို တခြား ဆရာတစ်ယောက်ထံမှ သူတို့ကလေးတွေ သင်ယူ ာတ်မြောက်ပြီး ဖြစ်နေသည်။

အစောက ကလေးတွေကို ဗုဒ္ဓဘာသာ အခြေခံယဉ်ကျေးမှုနှင့် ာစာကို သင်ကြားပေးနေချိန်တွေမှာ အစောကို တိတ်တဆိတ် ာင့်ကြည့်နေသူတစ်ယောက် ရှိနေခြင်းကို အစော မသိ။ သူမ ာဝန်ယူထားသည့် တာဝန်ပိုင်းကို စိတ်ရှည်ရှည်ထားပြီး ကလေးတွေ ာလည်သည်အထိ ရှင်းပြသင်ကြားပေးသည်။

ကလေးတွေကလည်း လိမ္မာသည်။





www.burmeseclassic.com

www.burmeseclassic.com



**မိခင်ဖြစ်သူ စင်သီယာ၏ ဆုံးမသွန်သင်မှု ကောင်းခြင်းကြော** ကြောင်းလည်းကောင်း၊ မိခင်ဖြစ်သူ၏ ပင်ကိုယ်ဗီဇစရိုက် နူးညံ့အေးဆေး သိမ်မွေ့မှုကို ဆက်ခံရရှိထားခြင်းကြောင့်လည်းကောင်း ကလေးတွေ အားလုံး စင်သီယာနှင့် သွင်ပြင်စရိုက် လက္ခဏာအားလုံး တူညီသူများ ဖြစ်သည်။

"ဘယ်လိုလဲ အစော၊ သားတို့ကို စာသင်ရတာ ပင်ပန်းနေ ပြီလား"

"မပင်ပန်းပါဘူး ကိုစိုင်း၊ ကိုစိုင်းသားတွေက အရွယ်နဲ့မလိုက် အောင် အရမ်းလိမ္မာယဉ်ကျေးကြတဲ့ ကလေးတွေပါရှင်"

သူ့သားတွေ လိမ္မာကြောင်း တော်ကြောင်း ချီးမွမ်းခံလိုက်ရ စိုင်းညီလာ မျက်နှာချောချောမှာ ပီတိအပြုံးတွေဝေလျက် စာသင်ခန်း ထဲက သူတို့အမေရှိရာ ထွက်သွားကြသော သူ့သားတွေကို ရှု တောက်ပသော မျက်လုံးအစုံဖြင့် တစ်ချက် လှမ်းကြည့်သည်။

"စင်သီယာနဲ့ တူကြတာလေ၊ မအေတူသားတွေပေါ့၊ ကိုယ့် တူရင် အစောပြောသလို လိမ္မာချင်မှ လိမ္မာမယ်၊ ဘာဖြစ်လို့လဲ သိလား ကိုယ်ငယ်ငယ်လေးကတည်းက အခုချိန်ထိ ကိုယ်လုပ်ချင်တာ ကိုယ်ဖြစ် ချင်တာ ဖြစ်ကိုဖြစ်ရမှဆိုတဲ့ လူစားမျိုးလေ"

"အဟွန်း... ဟွန်း... ဟွန်း"

စိုင်းညီလာက သူ့စကားကို သဘောကျသလို အသံထွက် ရယ်သည်။ သူ ရယ်လိုက်တော့ စိုင်းညီလာပုံစံက အပြစ်ကင်းသော ကလေးတစ်ယောက်လို ရိုးရှင်း အသက်ထက်များစွာ နုပျိုချောမွေ့သွား သည်။





"ဘယ်လိုလဲ အစော၊ ကိုယ့်ကို လူဆိုးဆိုပြီး ကြောက်သွား ပြီလား"

"မကြောက်ပါဘူး"

"တကယ်မကြောက်တာဆိုရင် အစောကို ကိုယ်ချီးကျူးရတော့ မှာပဲ"

စိုင်းညီလာ စကားကြောင့် အစောပြုံးပြီး သူ့မျက်နှာကို မော့ ကြည့်လိုက်သည်။ အစောကို ပြန်ငုံ့ကြည့်နေသည့် စိုင်းညီလာနှင့် အကြည့်ချင်းဆုံတော့ အစောက သူမ ပြောစရာရှိတာ ပြောလိုက်သည်။

"သိပ်လည်း ချီးကျူးမစောပါနဲ့ဦး ကိုစိုင်း"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ အစောကိုယ်တိုင်ကလည်း ကိုစိုင်းလို လူဆိုးတစ်ယောက် ဖြစ်နေလို့"

"ဟား... ဟား... ကြိုက်သွားပြီ၊ သိပ်ကြိုက်သွားပြီ၊ အစောဆိုတဲ့ မိန်းမလှလေးရေ... မင်းကလည်း ကိုယ်နဲ့အပြိုင် ဆိုးတဲ့ လူတဲ့လား"

"ဟား... ဟား... ဟား"

စိုင်းညီလာရယ်သံထဲမှာ အဓိပ္ပာယ်ဖော်ရခက်သော သက်ဝင်မှု တစ်မျိုး ရှိနေခြင်းကို အစော မသိပါ။ သူ့လို လူတစ်ယောက်နှင့် အပြိုင် ဆိုးတတ်သူအဖြစ် တမင်ပြောလိုက်မိသော စကားအပေါ်မှာ အတွေးနပ်ကြီး တွေးနပ်လျက် အစော ပြုံးလိုက်သည်။

ဒါမှ နောက်တစ်ခါ အစောကို ခြိမ်းခြောက်လို့ မရမှာဟု အစော တွေးနေချိန်မှာ စိုင်းညီလာနှင့်အစောတို့ နားသို့ စိုင်းရိုးမ ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘာတွေ ဒီလောက် သဘောကျပြီး ရယ်နေတာလဲ ကိုကို"

စိုင်းရိုးမပါးစပ်က သူ့အစ်ကိုကို နှုတ်ဆက်နေပေမယ့် ရှုံ့

တောက်ပသော သူ့အကြည့်တွေက စိုင်းညီလာနားမှာ အတူရှိနေသည်

လှပသည့် အစောထံမှသာ ရှိနေတာကို အစော မမြင်ဟန်ဆော

အကြည့်လွှဲလိုက်သည်။

"အစောကို ခွင့်ပြုပါဦး ကိုစိုင်း"

"ကောင်းပါပြီဗျာ"

အစောက စိုင်းရိုးမကို လုံးဝမနှုတ်ဆက်ဘဲ သူတို့ညီအစ်ကိုနား

ကြွေရရ လှလှပပလေး ကျောခိုင်းထွက်ခွာသွားသည်။

"ကြည့်စမ်း... ရိုး၊ အစောဆိုတဲ့ မိန်းမလှလေးက လှပုံသဏ္ဍာ

နုနယ်ပျော့ပျောင်းသလောက် စိတ်ဓာတ်ရေးရာကျတော့ ကိုကိုတို့

မာကျောအေးစက်တဲ့ သူပဲကွ"

"ကိုကို့ကို ဘယ်သူပြောလဲ"

"သူကိုယ်တိုင်ပြောတာ ရိုး၊ ကိုကိုတော့ အဲဒီလို စိတ်ရှိတဲ့

မိန်းကလေးကို သိပ်သဘောကျသွားပြီ၊ မိန်းမဆိုတိုင်း နေရာတကာ

လိုက်ပြီး နွဲ့နေစရာ မလိုဘူးကွ၊ မာသင့်ရင် မာရမယ်၊ ကြမ်းသင့်ရင်

ကြမ်းရမယ်၊ ဟုတ်တယ် မဟုတ်လား ရိုး"

စိုင်းညီလာက အစောအကြောင်း သူကိုယ်တိုင် နှုတ်က ထုတ်

ဖော်ချီးကျူးရုံနဲ့ မပြီးပဲ ရိုးမဘက်လှည့်ပြီး သူ့အဆိုကို ပြုံးပြုံးကြီး

ထောက်ခံခိုင်းနေ၍ ရိုးမက ခေါင်းခါလိုက်သည်။

"မဟုတ်ဘူး ကိုကို၊ မိန်းမဟာ မိန်းမပဲ ဖြစ်ရမယ်၊ သူ





ကိုယ်သဘာဝကိုက အင်မတန်နုနယ်တဲ့ နှလုံးသားပိုင်ရှင်ပဲ ဖြစ်ရ

မယ်။ ကိုကိုပြောတဲ့ ကြမ်းရမ်းတဲ့ မိန်းမမျိုး ကျွန်တော် အမုန်းဆုံးပဲ"

"မင်းက စိတ်ကူးယဉ်သမား ပီသတယ် ရိုး၊ အရာရာကို

မင်းက သဘာဝတရားထဲမှာပဲ ထားချင်တဲ့လူစားမျိုးဆိုတာ ကိုကို

သိသွားတယ်"

"ကိုကိုကတော့ မင်းလိုမဟုတ်ဘူး ရိုး၊ ဪ... နေဦး၊

မင်း ဘယ်မှမသွားဘဲ အိမ်မှာနေပါ၊ အစ်ကိုပြောတာ မင်းနားလည်တယ်

နော်"

"နားလည်ပါတယ်"

"ဟုတ်ပြီ၊ ဒါဆို ခရီးထွက်ဖို့ကိစ္စ ကိုကို အခုပဲ သွားစီစဉ်

လိုက်တော့မယ်"

စိုင်းညီလာက သူ့ထုံးစံအတိုင်း သူပြောချင်ရာပြောပြီး ခြေလှမ်း

ကြီးတွေနှင့် ရိုးမနားက ထွက်သွားသည်။

"ကိုကို"

"ဘာလဲ... ရိုး"

"ကျွန်တော်နဲ့ ခမ်းမွန်ကိစ္စ"

"တော်ပြီ မင်းတို့ကိစ္စ အပြန်ကျမှ ငါဆွေးနွေးမယ်"

ရိုးမစကား အဆုံးသို့မရောက်။ စိုင်းညီလာက သူ့ကိုထားပြီး

ထွက်သွားသည်။ ရိုး ဘာမှမတတ်နိုင်သည့်အဆုံး သူ့အခန်း သူတက်

သည်။ အိပ်ရာထဲမှာ ကိုယ်ကို ပစ်လှဲလိုက်ပေမယ့် စိတ်က အနားမနေ

အစောမျက်နှာက အာရုံထဲ ဖျတ်ခနဲ ဝင်လာသည်။

သူ့လို လူတစ်ယောက်လုံးကို အရေးမစိုက်သလို နေပြသည့်



www.burmeseclassic.com

www.burmeseclassic.com



အစော အခုအယာတွေက ရိုးမတို လာလာထိသည်။ ရောက်စတုန်းက
ရိုးမပေးလိုက်မိသော သတိပေးစာက အစောဆိုသည့် မိန်းမချော အမြ
မှာ သူဟာ မုန်းစရာလူတစ်ယောက် ဖြစ်ခဲ့သလား မသိပါ။

ရိုးမကတော့ သူမ မုန်းမုန်း မမုန်းမုန်း ဂရုစိုက်မည် မဟုတ်ပါ
လုပ်သင့်လုပ်ထိုက်တာကို လုပ်ဆောင်ခြင်းဟုသာ သဘောပိုက်ထာ
သည်။ သို့သော် ရိုးမစေတနာက အစောအတွက် အရာမထင်ခဲ့
သူ့ကိုပင် အစောက ခပ်စွာစွာလေး ရန်တွေ့တာပင် ခံလိုက်ရသေးသည်

အခုတော့ အစောကိစ္စက ရိုးမထင်ထားသည့်အတိုင်း ဖြစ်လာ
သည်။ စိုင်းညီလာ အကြည့်၊ စိုင်းညီလာ အပြုံးတွေက အစောနှ
ပတ်သက်ရင် အသက်ဝင် ပီပြင်လွန်းနေရုံမက စိုင်းညီလာ နှုတ်ကပ
အစောကို သူ အင်မတန် သဘောကျနေပြီဆိုသည့်အကြောင်း ည
အစ်ကိုချင်း ဖြောင့်ပင်ထုတ်ပြောသွားသည့်အတွက် သူ့အိပ်ရာမှ ရုန်းခ
ထလိုက်သည်။

သူ ငြိမ်နေ၍ မဖြစ်။

တစ်ခုခုတော့ လုပ်မှဖြစ်မည်။

ညီအစ်ကိုဆိုပေမယ့် စိုင်းညီလာက ရိုးမနှင့် ဆန့်ကျင်ဘက်
လူသား ဖြစ်ရုံမက ညီအစ်ကိုချင်း အတွေးအခေါ် အယူအဆကအ
ဘာတစ်ခုမှမတူ။

မိန်းမလှလှ မြင်တိုင်း စိုင်းညီလာက စိတ်ဝင်စားတတ်ပေမယ့်
ရိုးမကျတော့ ဘယ်လိုမိန်းမကို စိတ်မဝင်စား။ ထို့ကြောင့်လည်း အ
ချိန်ထိ ချစ်သူရည်းစား မရှိ။ တစ်ကိုယ်တည်း စိတ်လွတ်ကိုယ်လွတ်
နေချင်သလို နေနိုင်သူ ဖြစ်သည်။





ရိုးမကို စိတ်ဝင်စားနေသည့် မိန်းမလှလေးပေါင်း မြောက်မြား
သော သူက အရေးမလုပ် မာနကြီးပြလေ တစ်ဖက်က သမီးရှင်တွေ
သူတို့သမီးတွေကပါ သည်းသည်းလှုပ် စိတ်ဝင်စားကြလေ
ပါသည်။

အနေအထိုင် တည်ကြည်၍ ယောကျ်ားပီသသော ရိုးမ၏ ဂုဏ်
သင်းက သမီးရှင်လောကမှာ ပျံ့မွှေးသော သတင်းတစ်ပုဒ် ဖြစ်သည်။
ကို ရိုးမလည်း သိသည်။ သူ့လိုတစ်ယောက်အပေါ်မှာ အဖက်မတန်
သို အဆက်ဆံခံနေရတာ အစောဆိုသည့် မိန်းမလှလေးပဲ ရှိသည်။
ဒါကို ရိုးမရင်ထဲက မခံနိုင်။

သူကသာ သူ့အပေါ် ညွတ်ချင်ကြွေချင်နေသူတွေအပေါ် စိတ်
စားသလို မတူမတန်သလို မာနခပ်ကြီးကြီးပုံစံနှင့် ပြောဆိုပြုမူ
ဆံချင် ဆက်ဆံမည်။ သူ့လိုလူကို ဒါမျိုး လာလုပ်တာကြတော့
နက ခွင့်မပြု။

သူ့ကိုယ်သူ ဘယ်လိုမှ သတိမထားမိခင် အစော်ရှိရာ အောက်
သို့ သူဆင်းခဲ့သည်။ အောက်ရောက်ပြီးမှ ဘယ်ကိုသွားရမှန်း
ယောင်ချာချာ ဖြစ်နေတုန်း အစောထံမှ ရယ်သံသာသာလေးကို
လိုက်ရ၍ သူ့ခြေအစုံက အသံကြားရာနောက် လိုက်သွားသည်။

သူ တွေ့ပါပြီ။

အစောဆိုသည့် မိန်းမချောက သူ့ကိုမမြင်။

မမစင်သီယာ၊ နန်းလိတ်နှင့် မီလာတို့ကြားမှာ ရယ်ရယ်မောမော
တွေကို ရေဆေးနေပုံက ကျက်သရေရှိသည်။ လှပတင့်တယ်သည်။
ယ်လိုက်တိုင်း ချစ်စရာကောင်းသည့် ဖြူဖွေးညီညာသော ပုလဲ



www.burmeseclassic.com

www.burmeseclassic.com



သွယ်သွားတန်းလေးတွေ လှစ်ခနဲ ပေါ်ထွက်လာပုံကအစ သူမအလှ
ဘယ်သူနဲ့မှမတူ။

အစောအလှတွေကို စေ့စေ့သေချာစွာ စူးစိုက်ကြည့်ရင်း ရှိ
ရင်ထဲပူလာ၏။

ထိုအပူက တခြား အပူမဟုတ်။

အစောအလှတွေကို သူတွေ့နေမြင်နေသလို အစ်ကိုဖြစ်သူ စို
ညီလာလည်း တွေ့နေမြင်နေမှာပဲဆိုသည့် အတွေးဖြစ်သည်။ မျက်
အစုံကို အလန့်တကြားမှိတ်ပြီး သူခေါင်းခါလိုက်သည်။

စိုင်းညီလာလောက် ယောကျာ်းပီသစွာ ခန့်ညားချောမောသေ
ယောကျာ်းမျိုး ဤကမ္ဘာမှာ တခြားတစ်ယောက် မရှိပါ။ ရှိခဲ့ရင်လည်
ထိုသူမှာ စိုင်းရိုးမသာ ဖြစ်လိမ့်မည်။ အားလုံးက သူတို့ ညီအစ်
နှစ်ယောက် အချောအလှချင်းတူ၊ ရုပ်ချင်းတူကြသူများဟု ဆိုကြသည်

ထိုလှပ ခန့်ညားသော ဥပဓိရုပ်မှာ ဂုဏ်နေအင်အားကို ထ
ပေါင်းလိုက်တော့ မိန်းမများစွာအတွက် အလွန်အင်အားပြင်းသေ
လက်နက်တစ်မျိုး ဖြစ်သွားသလို မိန်းမတိုင်း ပစ်ကျသွားနိုင်သေ
ဆွဲဆောင်ညှို့ငင်အားလည်း ဖြစ်သွားသည်။

ဒါကြောင့်လည်း သူတို့ညီအစ်ကိုကို အသေရရ အရှင်ရရ ဖြ
နေကြသည့် မိန်းမတွေလက်က လွတ်အောင် ပြေးသည့်အခါ ရှိသ
အလှူပေး အဖမ်းခံလိုက် ခပ်ပြုံးပြုံး ဆုံးဖြတ်တတ်သည့် အခြေအ
တွေလည်း ရှိလာသည်။

ထိုအခွင့်အရေး အားလုံး ရှိမနှင့်မဆိုင်ပေမယ့် စိုင်းညီလာန
သက်ဆိုင်ပတ်သက်နေသည်။ မမစင်သီယာဆိုလျှင် သူမ ခင်ပွန်းသ





ကို ဘယ်တော့မှ စိတ်အနှောင့်အယှက် မဖြစ်စေရ။ ယောကျာ်းကို
ချစ်လွန်းသည့် မိန်းမအဖြစ် ဘယ်လိုကိစ္စပဲလာလာ စိုင်းညီလာဘက်က
အမြဲ ရပ်တည်တတ်သော မိန်းမဖြစ်သည်။

တချို့ မိန်းမတွေက စိုင်းညီလာလို ချောမောခန့်ညားသော
ဥပဓိရုပ်၊ ချမ်းသာကြွယ်ဝသည့် ငွေကြေးနောက် လိုက်ကြခြင်းဖြင့်
ရိုးမနှင့် သားရှိမှန်းသိသိနှင့် ဖွတ်အတင်း စိုင်းညီလာနောက် လိုက်ကြ
ကြိုက်ကြသူတွေလည်း ရှိသည်။

တချို့ ဆင်းရဲနွမ်းပါးသူတွေက သူတို့သမီးပျိုလေးတွေကို စိုင်း
ညီလာထံပို့ပြီး သူတို့ မိသားစုစီးပွားရေး ပြေလည်အောင် ကြိုးစား
ကြသည်အထိ ဖြစ်သည်။ စိုင်းညီလာက ရယ်ရယ်မောမောနှင့် ထို
သမီးတွေကို ကျွမ်းကျင်ပါးနပ်စွာ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းရှိ၍ ဘာ
ပြဿနာမှ မတက်သည့်အပြင် စိုင်းညီလာအတွက်ဆိုလျှင် အသက်ပင်
ပေးရပေးရဆိုသူတွေအထိ ဖြစ်လာအောင်လည်း စိုင်းညီလာက စည်း
ရုံးနိုင်သည်။

သူ့ထံ ပေးပို့လာသည့် သူတစ်ပါး သမီးပျိုလေးတွေကိုလည်း
မျက်ဆီး။ သူ့လုပ်ငန်းထဲမှာ အလုပ်ပေးပြီး မိသားစု စားဝတ်နေရေး
ပြေလည်အောင် ဖန်တီးပေးထား၍ စိုင်းညီလာက သူတို့ထမင်းရှင်၊
ကျေးဇူးရှင် ဖြစ်သွားသည်။ စိုင်းညီလာမှာ ဒီလို အများ၏ လေးစား
အထင်ကြီးမှု ခံရသလို သူလုပ်ချင်တာ ဖြစ်ချင်တာ ရှိလာပြီဆိုရင်လည်း
ဘယ်လိုလူမှ တားမရဆီးမရသည့် ဉာဉ်ဆိုးလေးတွေလည်း ရှိသည်။

နန်းခမ်းဆာနှင့် ကိစ္စတုန်းကလည်း ဘယ်သူမှ ဘာမှမပြော
သည်အထိ စိုင်းညီလာက ထိုကလေးအပေါ်မှာ အစွဲကြီး စွဲလမ်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

စိုင်းညီလာ စွဲလမ်းအောင်လည်း နန်းခမ်းဆာက လှသည် [illegible] ချစ်စရာကောင်းသည်။ နန်းခမ်းဆာအတွက်ဆို ဘာပဲလုပ်ပေးရ လု [illegible] ပေးရ လုပ်ပေးသည်။ အလိုလိုက်သည်။ နန်းခမ်းဆာ ပူဆာသ [illegible] အတုန့်ဝယ်ပေးပေမယ့် သူချစ်သော နန်းခမ်းဆာက နှလုံးရောဂါသ [illegible] မလေး။ စိုင်းညီလာနှင့် တွေ့ချိန်မှာ နန်းခမ်းဆာ နှလုံးရောဂါ [illegible] ကျွမ်းနေတာ ဘယ်သူမှမသိ။

နန်းခမ်းဆာ၏ နောက်ဆုံးအချိန်မှာ စိုင်းညီလာ ရှိနေခဲ့သည် [illegible] ရင်ထဲမရှိအောင် ခံစားရသော သူ့ကို ချစ်ဇနီးသည် စင်သီယာ [illegible] ရင်ခွင်မှာထားပြီး အယုအယ အကြင်နာဆုံး တွေးတွေ့နှစ်သိမ့် ယု [illegible] ခဲ့ရုံမက သူမှာ ရှိရှိသမျှ အချစ်တွေ သွန်ချပေးအပ်ခဲ့လေသူ။

စင်သီယာအချစ်ကို ရိုးမ အံ့ဩစိတ်နှင့် ချီးကျူးခဲ့ရသည်။ န [illegible] မလည်နိုင်အောင် ဖြစ်ခဲ့သည့်ကြားမှ အစ်ကို့အတွက် ကျေးဇူးတင်ခဲ့ [illegible] သည်။ မိန်းမတွေအချစ်က ထူးဆန်းသည်။ သူ့ယောကျ်ား အချစ်သစ် [illegible] ပျော်နေချိန်မှာလည်း စင်သီယာက အပြုံးမပျက်။ နန်းခမ်းဆာအတွ [illegible] လိုအပ်သည့် ပစ္စည်းတွေ သူကိုယ်တိုင် ရှာဖွေဝယ်ခြမ်းပေးသည်အ [illegible] စိတ်သဘောထား ကြီးမြင့်ခဲ့သည့် မိန်းမမြတ်။

စင်သီယာနေရာမှာ တခြားမိန်းမဆိုလျှင် ဘာတွေ ဘယ် [illegible] ဆက်ဖြစ်မည်မသိ။ အခု ရန်ကုန်သူ အစော ရိုးမညီလာ ရောက်လာ [illegible] ချိန်မှာ စိုင်းညီလာအကြည့်၊ စိုင်းညီလာအပြုံးတွေက ထူးခြားမှုတွေ [illegible] အရောင်ပြောင်းလျက်။ လင်းလက်တောက်ပနေပုံက ပတ်ဝန်းကျင် [illegible] လူအားလုံး ရိပ်မိအောင်မင် မြူးကြွလန်းဆန်းနေသည်။





အစော မျက်နှာလှလှလေးကို မျက်လုံးစိမ်းကြီးတွေနှင့် ရှုန်းရှုန်း [illegible] တက်လက် ဝင့်ရှုဝင့်ရှု ကြည့်လိုက်တိုင်း စိုင်းရိုးမ စိတ်မချမ်းသာ [illegible] သဖြင့် စိုင်းညီလာ ဇနီးသည်ဖြစ်သော စင်သီယာက သူမချစ်လင်၏ [illegible] ပြောင်းအလဲ အပြုအမူတိုင်း သူမကပါလိုက်ပြီး ဘာမှမဖြစ်သလို [illegible] အပြုံးမပျက် ပါရမီဖြည့်ပေးနေပုံမှာ စိတ်ပျက်စရာကောင်းသလို သနား [illegible] စရာလည်း ကောင်းသည်။

နန်းခမ်းဆာ ဆုံးပြီးနောက်ပိုင်း စိုင်းညီလာမျက်နှာမှာ အပြုံး [illegible] သလောက် ရှားပါးသွားသည်။ တည်ကြည်သော မျက်နှာထား၊ [illegible] စက်စက် တုံ့ပြန်မှုအောက်မှာ သူ့လုပ်စရာရှိတာတွေကို စက်ရုပ် [illegible] ဆန် ပြုလုပ်နေခဲ့ပေမယ့် စိုင်းညီလာ နှလုံးသားမှာ ဒဏ်ရာက [illegible] ပျောက်သေး။

အခု နန်းခမ်းဆာဆုံးပြီး သုံးနှစ်မြောက်။ အစော ရိုးမညီလာသို့ [illegible] ရောက်လာသည့်အချိန်ကစပြီး စိုင်းညီလာမျက်နှာမှာ ဝေနေသည့် [illegible] အပြုံးတွေက မပျောက်တော့ချေ။ စိုင်းညီလာရင်မှာ ပွင့်လန်းလာပြန် [illegible] သည့် အချစ်ပန်းကို ကာဒယကဲရှင်ဖြစ်သည့် စိုင်းညီလာကိုယ်တိုင်ပင် [illegible] မိမိပါရဲ့လား မသိ။

ရိုးမကတော့ အစောကိုယ်စား စိုင်းညီလာနှင့် စင်သီယာတို့ [illegible] င်မယားစုံတွဲကိုကြည့်ပြီး အသည်းယားနေသည်။ အခုကိစ္စကို အချိန်မီ [illegible] ဆီးရမည့်တာဝန်က သူ့တာဝန်ဖြစ်သည်။ အစောလို မိန်းမလှ [illegible] တကို ဘယ်နည်းနဲ့မှ သူ့အစ်ကို၏ အငယ်အနှောင်းဘဝမျိုး အရောက် [illegible] ခံနိုင်။ တကယ်တမ်း ဖြစ်လာပြီဆိုလျှင်လည်း စင်သီယာက သူ [illegible] ရှိထားသည့် မယားကြီးနေရာက ဖယ်ပေးမည့်သူမျိုး မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



သူမ မိသားစုလေး မပြိုကွဲအောင် ကလေးတွေ အမေမေါ်စေ ရှိအောင် ရောက်သည့်နေရာ၊ ရသည့်နေရာက သူ့ဘဝကို အပြုံးနှ အရှုံးထုတ်သွားမည့်သူ ဖြစ်ရသည်။ ဒါတွေကို ကြိုသိလို့ ရိုးမ အစောကို ဒီအိမ်အရှုပ်အထွေးကြီးထဲက အမြန်ဆုံးပြန်ရန် စာရေး မယ့် အစောဆိုသည့် ရွှေမင်းသမီးက သူ့စေတနာကို နားမလည်

မျက်နှာထားတင်းတင်းလေးနှင့် ရိုးမကိုပင် ရန်တွေ့သွားလို ပါသေးသည်။ လှပသော အစောမျက်နှာလေးကို စိုက်ကြည့်ပြီး ရ ထဲမှာ သူမအတွက် ပြောစရာစကားတွေ ပြည့်သိပ်လာတာကို မျိုသိ ပြီး နေရာက လှည့်ထွက်ခဲ့သည်။



## အခန်း (၆)

အရောင်အသွေးစုံ မီးရောင်တို့က ခြံကြီးတစ်ခုလုံးရှိ သစ်ပင် ကြီးငယ်၊ ပန်းပင်အားလုံးပါမကျန် အလှဆင်ထားသည်။ ညအမှောင် ထုကို နောက်ခံပြု လင်းလက်နေသည့် ရောင်စုံလူတွေကလည်း ပြိုး ပြက်လင်းလက်သော စိန်ရောင်ရွှေရောင် ဖိတ်ဖိတ်လက်နေ၏။

ပွဲက ရိုးမညီလာ စံအိမ်ကြီးအတွင်း ကျင်းပသော ဘုမေးပါတီ ညစ်ခံပွဲဖြစ်သည်။ အပြုံးမျက်နှာ၊ စီလွှင်သော ရယ်မောသံများ၊ တစ် ယောက်ကိုတစ်ယောက် နှုတ်ဆက်သံများကြားမှာ စီးမျောနေသော အေးမြသော မြောက်ပြန်လေနှင့်အတူ အားမာန်အပြည့် မျောလွင့်လာ သည့် စည်လွင်သော ရှမ်းအိုးစည်သံ ဖြစ်သည်။

ရိုးမညီလာစံအိမ်၏ အရှင်သခင် စိုင်းညီလာကိုယ်တိုင် ရှမ်း ဘောင်းဘီ၊ ရှမ်းတိုက်ပုံ၊ ရှမ်းခေါင်းပေါင်း ဝတ်ထားသလို စိုင်းညီလာ ၏ဇနီး စင်သီယာကလည်း ခင်ပွန်းသည်နှင့် အသွေးတူ အရောင်တူ ရှမ်းအင်္ကျီနှင့် ထဘီကို ခမ်းနားကျက်သရေရှိစွာ ဝတ်ဆင်ထားသဖြင့် အိမ်ရှင်မောင်နှံက ဧည့်သည်များနှင့် ရောမသွားဘဲ တလီးတသန့်



www.burmeseclassic.com

www.burmeseclassic.com



ဘခင်းဘရား ပေါ်လွင်ထင်ရှားနေ၏။

အထူးသဖြင့် စိုင်းညီလာ၏ လက်နှစ်ဖက်စလုံးတွင် ဝတ်ဆ
ထားသော အရည်အသွေး ကောင်းလှသည့် စိန်ရုံပတ္တမြား လက်စွ
ကြီးနှင့် ကျောက်စိမ်းလက်စွပ်ကြီး နှစ်တွင်းအပြင် ငုံးဥလုံးသော
ရှိသော စိန်လက်စွပ်ကြီးက သူလှုပ်ရှားလိုက်တိုင်း အရောင်တဖျပ်ဖျ
လက်သွားသည်။ စင်သီယာက စီးကင်းခန့်ရှိသော စိန်ထည်တွေ
နားဆွဲနှင့် လည်ဆွဲအဖြစ် လှပခန့်ညားစွာ ဝတ်ဆင်ထားသည်။ စိ
ရင်ထိုး၊ စိန်ဆံထိုး၊ စိန်ထည်တွေချည်း တစ်ကိုယ်လုံး ဖျတ်ဖျတ်
နေခြင်းက သူတို့ဇနီးမောင်နှံ၏ ကြီးကျယ်ခမ်းနားမှုကို ဖော်ပြနေ၏

အပြိုင်အဆိုင် သူတွေထဲမှာ ဘာအဆောင်အယောင်မှမပါ။ ဘယ
လိုရတနာမှ ဝတ်ဆင်မထားသူက စိုင်းရိုးမ တစ်ယောက်တည်
ရှိသည်။ စိုင်းညီလာက သူ့ညီလုပ်ပုံကို အားမလိုအားမရစိတ်နှ
မကြာခဏ လှမ်းလှမ်းကြည့်နေသည်။ သူကိုယ်တိုင် ရိုးမ ဝတ်ဆင်ရ
သူနှင့် ဆင်တူလက်ဝတ်ရတနာ မူးတစ်ဗူးလုံး အပိုင်ပေးထားပေမယ့်
ဘာတစ်ခုမှ ညီဖြစ်သူက မဝတ်။

နေရာတကာ သူနဲ့ဆန့်ကျင်ဘက် လမ်းကိုသာ ရွေးတတ်သည့်
ညီဖြစ်သူကြောင့် စိုင်းညီလာ အမြဲစိတ်ပူ စိုးရိမ်နေရသည်။ မိဘတွေ
မရှိတော့သည့်အချိန်ကတည်းက ဒီညီလေးတစ်ယောက်တည်းကို
ကိုယ့်သားလေးလို ကိုယ့်ညီလေးလို ချစ်ခဲ့အလိုလိုက်ခဲ့ပေမယ့် စိုင်းရိုးမ
ဆိုသည့် သူ့ညီနှင့်သူ မတူတာတွေ အများကြီးရှိနေမှန်း သူသိသည်။

စိုင်းရိုးမ သူ့ကိုချစ်တာ စိုင်းညီလာ သိသည်။

တတ်နိုင်သမျှ အစ်ကိုဖြစ်သူစကားကို နားထောင်ဖို့ ကြိုးစား

ပေမယ့် ညီအစ်ကိုနှစ်ယောက်ကြားမှာ မကြာခဏ ပြဿနာတက်တာ
လေးတွေ ရှိနေတတ်သည်။ တစ်ခါတလေ ညီကိုချစ်စိတ်နှင့် စိုင်းရိုးမ
ကို အလျှော့ပေးခဲ့သလို စိုင်းရိုးမကိုယ်တိုင်ကလည်း အစ်ကိုကို
ချစ်စိတ်နှင့် သူ့အလိုလိုက်၊ သူ့အကြိုက် ဆောင်ပေးခဲ့တာလေးတွေ
ချစ်ရာလည်းကောင်း၊ သနားစရာလည်း ကောင်းပေမယ့် သူ့ဘက်က
စိုင်းရိုးမကို အမြဲအလျှော့မပေး ဖြစ်ခဲ့တာတွေလည်း ရှိသည်။

စိုင်းရိုးမက လူငယ်ပီပီ နေရာတိုင်းမှာ လက်တွေ့မဆန်။ စိတ်
ကူးယဉ်ချင်နေတာလေးတွေ ရှိနေသည်။ ဝါသနာပါတာကိုက စိုင်းညီ
လာလို အမဲပစ် တောလည်တာမျိုး မဟုတ်။ ပန်းချီဆွဲတာ၊ ပန်းအလှ
ဆွဲ ရုံဆောင်းတာ၊ လိပ်ပြာဖမ်းတာဆိုတာမျိုးတွေဆိုတော့ စိုင်းရိုးမ
ကိုကြည့်ပြီး စိုင်းညီလာ အားမရ။

အရေးဆို သေနတ်ဆွဲထွက်တတ်သည့် စိုင်းညီလာနှင့် ဆန့်ကျင်
ဘက် စိုင်းရိုးမက ပန်းချီစုတ်တံဆွဲပြီး ပြဿနာကို ဖြေရှင်းချင်သူ။
သူ့အမြင် သူ့အတွေး သူ့အယူအဆတွေကို စိုင်းရိုးမက သူ့ပန်းချီ
ကားတွေပေါ်မှာ မှတ်တမ်းတင်ထားတတ်သည်။

အခုပွဲမှာလည်း စိုင်းညီလာ ဖွင့်အခေါင်း တိုက်တွန်း၍ စိုင်းရိုးမ
နှင့် သဘောတူထားသည့် နန်းခမ်းမွန်နှင့် ရယ်ရယ်မောမော စကားဆို
နေခြင်းဖြစ်သည်။ စကားကို ဦးဆောင်ပြောနေသူက စိုင်းရိုးမ မဟုတ်။
ခမ်းမွန်ဖြစ်သည်။ မျိုးရိုးစဉ်ဆက် ချမ်းသာသော ခမ်းမွန်က သူတို့
မိဘနှစ်ပါးအတွက် ရွှေမငြိုးသည့် တစ်ဦးတည်းသော ချစ်သမီးလေး
ဖြစ်သည်။ စိုင်းရိုးမတို့ ခမ်းမွန်ကိုယ်တိုင်က တစ်ဖက်သတ် ခေတ္တာ
နှိုးနေ၍ အခုပြုလုပ်မည့် မင်္ဂလာပွဲကို လက်ခံခြင်း ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com



ခင်ရွှန်းထားသော စိုင်းရိုးမကို သဘောမကျပါဟု ငြင်းလိုက်မည် ဆိုလျှင် ခင်ရွှန်းမိဘနှစ်ပါးတလည်း သူတို့သမီး စိတ်ချမ်းသာ သူတို့ကျင်းပရန် စီစဉ်ထားသည့် မင်္ဂလာပွဲကို ချက်ချင်းဖျက်ပစ် မည်မှာ မလွဲပါ။ ဒါကို စိုင်းညီလာ ကောင်းကောင်း သဘောပေါ ထားသလို ညီဖြစ်သူကိုလည်း သဘောပေါက်စေချင်ပေမယ့် စိုင်းရိုး က စိုင်းညီလာလို ငွေရေးကြေးရေး ကိစ္စပိုင်းမှာ စိတ်ဝင်စားသူ ဖြ မလာခဲ့။

စိုင်းညီလာ လုပ်နေသည့် အလုပ်တွေအပေါ်မှာလည်း စိတ်ဝ စားမှုမရှိ၍ ညီဖြစ်သူကြောင့် သူအမြဲ ရင်မောနေရသည်။ တစ်နေ့ သူ့နေရာကို ဆက်ခံမည့်သူအဖြစ် စိုင်းရိုးမကို စိုင်းညီလာက သူ့ ဖြစ်စေချင်ပေမယ့် ဘာတစ်ခုမှ ဖြစ်မလာ။ သူပျော်သည့်နေရာ ကိန်းဂဏန်းတွေ၊ အရှုံးအမြတ်တွေမဟုတ်။ တောကြိုအုံကြားမှာ သူ စိတ်ကြိုက် ဖန်တီးထားသည့် နန္ဒာအိုင်လို ကျေးငှက်တို့ သဘာဝတို ပျော်မြူးနေသည့် စိမ့်စမ်းရေတံခွန်ကြီး ရှိသည့် နန္ဒာအိုင်လို နေရာမျိုး ဖြစ်သည်။

ထိုနေရာမှာ သူ့စိတ်ကြိုက် ပန်းချီဆွဲမည်။ စာရေးမည်။ ပန်းတွေ ရှာဖွေစုဆောင်းမည်။ ဘာတစ်ခုမှ အခိုပွာယ်မရှိ။ အားလုံး စိုင်းညီလာ အတွက် တစ်ခါမှ ညည်းညူသံ မကြားဖူး။

"ကျွန်တော့်ဘဝကို ငြိမ်းချမ်းပျော်ရွှင်ခြင်းတွေနဲ့ပဲ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြတ်သန်းချင်တယ် ကိုကို၊ ကိန်းဂဏန်းတွေ၊ အရှုံး အမြတ်တွေထဲမှာချည်း ကုန်ဆုံးမခံနိုင်ဘူး၊ လူတန်းစေ့နေနိုင်မယ်၊ လှုံ့တာလေးတွေ လှူဒါန်းမယ်၊ ပရဟိတ အလုပ်လေးတွေ လုပ်မယ်"





"ဘဝဆိုတာ တိုက်ပွဲကွ၊ မင်းအခုပြောနေတာ လူဖျင်းလုပ်ညှိ စကားတွေဆိုတာ မင်းသိလား၊ အဘိုးအဘွားတွေက အဆသာစ်ရာ နိုင်ရင် ငါက ဘာလို့ အဆတစ်ရာ တစ်ထောင် မရှာနိုင်ရမှာလဲ၊ ဘဝရဲ့ပျော်ရွှင်မှု၊ အောင်မြင်မှု၊ ကြီးကျယ်ခမ်းနားမှုတိုင်းကို ငွေနဲ့ဝယ် ရတာကွ နားလည်လား"

"မင်းပြောသလို မိဘတွေ ရှာဖွေထားသမျှ ရှိတာလေး ချွေတာ သုံးနေရအောင် ငါလုပ်ညှိ မဟုတ်ဘူး၊ စိုင်းညီလာဆိုတာ လူအများက အမြဲ ဦးညွှတ်နေရမယ့်လူဆိုတာ မြဲမြဲမှတ်ထား"

အပြောနှင့်ညီအောင်လည်း ကြီးပွားချမ်းသာမည့် နည်းပေါင်းစုံ သုံးပြီး ငွေကိုရှာခဲ့သည်။ တိုးတက်ကြီးပွားမှုတိုင်း မှတ်တိုင်အဖြစ် စိတ်ထူထားနိုင်ခဲ့သူအဖြစ် စီးပွားရေးလောကမှာ စိုင်းညီလာဆိုလျှင် မသိသူ မရှိ။ အောင်မြင်မှုရခဲ့ပေမယ့် ဖျဲပေမယ့် ပင်လယ်မှာ ရေနစ် သတ်သည်ဆိုတာ သူမေ့သွားခဲ့သည့်အခိုက်မှာ ပြဿနာတစ်ခုဖြစ်ပြီး သူ့စီးပွားရေး နလန်မထူနိုင် ဖြစ်သွားသည်။

သူ လိုအပ်သည့် ငွေကြေးအကူအညီကို ပေးအပ်ခဲ့သူက တခြား သူမဟုတ်။ စိုင်းရိုးမကို မေတ္တာရှိနေသည့် ခမ်းမွန်မိဘများ ဖြစ်သည်။ ထိုငွေကို လက်ခံရယူခြင်း မပြုမီ သမီးရှင်ဘက်က သူတို့ဆန္ဒကို ရှင်းလင်းစွာ ကမ်းလှမ်းအသိပေးခဲ့သည်။ ထိုကမ်းလှမ်းချက်က တခြား မဟုတ်။ သူတို့သမီးနှင့် စိုင်းရိုးမကို လက်ထပ်ရန် သဘောတူညီရ မည်ဆိုသော ကတိစကားဖြစ်သည်။

စိုင်းရိုးမအကြောင်း သိထား၍ စိုင်းညီလာက ခပ်အင်အင် စကား တုံ့ပြန်နိုင်ပေမယ့် အရေးကြီးနေသည့်အချိန်ဖြစ်၍ ခမ်းမွန် မိဘနှစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



ပြောသည့် စကားအတိုင်း လက်ခံသဘောတူလိုက်ပြီး သူဆုံးရှုံးသွား သည့် ငွေနောက်ကို အမီလိုက်ခဲ့ပေမယ့် ဒီတစ်ခါလည်း သူ ထင်သလို ဖြစ်မလာ။

သူ့လုပ်ငန်း အရှုံးပေါ်တော့ စိုင်းညီလာ တော်တော်လေး စိတ် ထိခိုက်သွားသည်။ ထိုအချိန်ကျမှ ခမ်းမွန်မိဘတွေက စိုင်းညီလာကို သူ့သမီး မင်္ဂလာကိစ္စ စီစဉ်ခွင့်ပြုပါဟု တောင်းဆိုလာတော့ သူ့ဘက်က ခွင့်ပြုရုံအပြင် တခြားမရှိ။ စိုင်းရိုးမ ခါးခါးသီးသီး ငြင်းနေတာကို ဂရုမစိုက်နိုင်။ သူ ပေးထားသည့် ကတိစကားပျက်လျှင် သူယူထား သည့် ငွေကို ခမ်းမွန်မိဘတွေကို ပြန်ပေးရတော့မည်။ လောလောဆယ် သူ့မှာ ပြန်အမ်းစရာ ငွေမရှိ။

ရှိလည်း မပေးနိုင်။

နောက်ထပ် ရထားသည့် ပရောဂျက်ထဲမှာ သူငွေအားလုံး ရင်း နှီးမြှုပ်နှံလိုက်သည်။ စီးပွားရေးဈေးကွက်ဆိုတာ အမြဲရွှေ့နေသည်မဟုတ်။ အမြတ်ငွေတွေ အစုလိုက် အပုံလိုက်ရတာတွေလည်း ရှိသည်။ အခု သူယူထားသည့် လုပ်ငန်းခွင်မှရမည့် အသီးအပွင့်တွေကို သူကိုယ်တိုင် မြင်တွေ့နေရသည်ဆိုတော့ ရင်းရကျိုးနပ်သည်။

ခက်နေတာက ငွေက ချက်ချင်းပေါ်မလာသေး။ ကြားထဲမှာ လည်း တခြားပြဿနာလေးတွေက ရှိသေးသည်။ ဒီလိုအချိန်မှာ သူ့ဘက်က ခမ်းမွန်မိဘတွေအလိုကို လိုက်ရုံရှိသည်။

နောက် သူငွေပြန်ပေါ်လာမှ တခြားအကြောင်းပြချက်သုံးပြီး ခမ်းမွန်မိဘတွေဆီက ယူထားသည့်ငွေကို ပြန်ပေးလိုက်တော့မည်။ ဒါစိုင်းညီလာ စဉ်းစားဆုံးဖြတ်ထားသည့်အပိုင်း ဖြစ်သည်။ ခမ်းမွ





ယ်တိုင်က စိုင်းရိုးမအပေါ် အတော်လေး စွဲလမ်းပြီး မေတ္တာရှိနေ ဆိုတော့ သူတို့ဘက်က ဘာတွေဘယ်လိုဖြစ်လာဦးမည် မသိ။

အခုလောလောဆယ် နှစ်ဦးနှစ်ဖက် ပြေလည်နေတာကိုပဲ စိုင်း လာမှာ ညီဖြစ်သူကို ပြန်ကျေးဇူးတင်နေရသည်။

ဟော...

စိုင်းညီလာမျက်လုံးထဲ အရောင်တွေ တဖိတ်ဖိတ်လက်သွားကာ နေရာသို့ သူ့အကြည့်တွေ ရူးလက်တောက်ပစွာ ရောက်သွားသည်။ ုးစိုက်ကြည့်မိသူက တခြားသူမဟုတ်။ သားတို့ကို စာသင်ပေး ရိုးမညီလာကို ရောက်လာသော အစောဆိုသည့် မိန်းမလှလေးထံ သည်။

အစောက လူအများထဲမှာ ထင်ရှားနေသော အလှပိုင်ရှင် ဖြစ် ည်။ ဤပွဲကို တက်ရောက်ရန် အစောကို စိုင်းညီလာကိုယ်တိုင် ကြားထားခြင်း ဖြစ်သည်။ အစောက ငြင်းပေမယ့် သူက လက်မခံ။ တ်ခုံး အစောက လာပါမည်ဟု ကတိပြုတော့မှ သူကျေနပ်သွား ည်။ ဤကလေးမနှင့် စိုင်းညီလာ ဘယ်လိုရေစက်ရှိသည် မသိ။

အစောကို မြင်မြင်ချင်း စိုင်းညီလာ ပျောက်ဆုံးနေသူတစ်ယောက် တွေ့ရသကဲ့သို့ ထင်ရအောင် အစောက သူ့စိတ်ထဲ အင်မတန် င်ရင်းနှီးသူလေး ဖြစ်နေသည်မှာလည်း အံ့ဩမယုံနိုင်စရာ ဖြစ် ည်။ နန်းခမ်းဆာနှင့်တုန်းက ခံစားခဲ့ရသည့် စိတ်ခံစားချက်နှင့်လည်း စင်သီယာနှင့်တုန်းက အချစ်မျိုးလည်းမဟုတ်။ အစောနဲ့ ပတ် ပြီး စိုင်းညီလာရင်မှာ ပြောပြ၍ မရနိုင်သည့် ခံစားမှုတစ်မျိုး ူးဆန်းဆန်း ဝင်ရောက်နေသည်က အမှန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



များပြားလှသော ဧည့်ပရိသတ်ထဲ အစောကို ဦးဆောင်ခေါ
သူက ဒေဝီဖြစ်သည်။ တကယ်ဆို ဒေဝီနှင့်အစောတို့က ဤမြို့ရှင်
ကျွမ်းဝင်ကြသူများ မဟုတ်။ စိုင်းညီလာ၏ အမိန့်အတိုင်း ဒေဝီ
စိတ်ဓါတ်ဘဲ လိုက်နာဆောင်ရွက်ပေးခြင်း ဖြစ်သည်။ ဒေဝီဆို
တခြားသူမဟုတ်။ စိုင်းညီလာ အဖေနှင့်ရခဲ့သည့် စိုင်းညီလာမိ
ဘက်မှ ပါလာသော မိထွေး၏သမီး ဖြစ်သည်။

ဒေဝီအမေဆုံးသွားတော့ ကလေးက တစ်ယောက်တည်း စို
ညီလာ အဖေလက်ပေါ်မှာ ကျန်ခဲ့သည်။ ဆွေမရှိ မျိုးမရှိ ကလေးလေး
ဒက်ဒီက စိုင်းညီလာတို့ထံ ခေါ်လာသည်။ အိမ်ဖော်အဒေါ်ကြီး လ
ထဲအပ်ပြီး မွေးသည်။ စိုင်းညီလာ မာမီက ချိုသည်၊ ခါးသည်မပြေ
ဒက်ဒီလုပ်သမျှ ဒီအတိုင်း လက်ပိုက်ကြည့်နေသည်။ နောက်
ဒက်ဒီရော မာမီပါ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားတော့ ဒေဝီ
စိုင်းညီလာကပဲ ဆက်တာဝန်ယူခဲ့သည်။

ဒါတွေကို ဒေဝီကလည်း သိသည်။

သူတို့ညီအစ်ကိုနှင့် သူမ ဘာမှမတော်မှန်းသိ၍ အမွေ
သူနဲ့မဆိုင်။ စာကို ဖိကြိုးစားပြီး သူ့ဘဝ သူတည်ထောင်ဖို့ ကြိုး
သည်။ စိုင်းညီလာက လိုအပ်တာ မှန်သမျှ ထောက်ပံ့ပေးသည်
ဘာတစ်ခုမှ မျက်နှာမငယ်ရ။ ညီဖြစ်သူ စိုင်းရိုးမနှင့် တန်းတူ အ
အရေးပေးထားသည်။ ပတ်ဝန်းကျင်မှာလည်း ဒေဝီကို စိုင်းညီ
ညီမဟုသာ သိကြသည်။ ဒေဝီက လိမ္မာသည်။ စိုင်းညီလာ အလုပ်
မှာလည်း စိတ်ဝင်တစား ကူညီသည်။ ရိုးမလိုမဟုတ်။ တစ်ခါတ
ဆိုးတာနွဲ့တာလေးတွေ ရှိပေမယ့် ဒေဝီကို ဘယ်သူမှ အပြစ်မယူ





ချစ်စရာ ညီမဆိုးလေးလိုပဲ သဘောထားသဖြင့် ဒေဝီကလည်း
ညီလာမှာ နေရတာပျော်သည်။ အစ်ကိုနှစ်ယောက်ဆိုပေမယ့် ရိုးမနဲ့
ဒေဝီကတော့ အသက်ချင်း သိပ်မကွာ။ ဒေဝီက ရိုးမနဲ့ အသက်ချင်း
တူတူဖြစ်၍ သူငယ်ချင်းလို ဖြစ်နေသည်။ စိုင်းညီလာကို ဒေဝီက
ကြောက်ရှိသေပေမယ့် ရိုးမကိုတော့ မကြောက်။

ဒီပွဲမှာ ဒေဝီလည်း ခေတ်မီသောအလှဖြင့် တစ်မျိုးထင်ရှားနေ
လို သူမနှင့် ဘာမှမဆိုင်ဘဲ ရောက်လာရသည့် အစောကလည်း
ရွေ့သိက္ခာရှိသော အလှဖြင့် လှပတင့်တယ်နေသည်။ ယောကျ်ား
ည့်သည် အများစုက ဒေဝီနှင့်အစောနားမှာ တဝဲလည်လည် ဖြစ်နေ
သည်။ ဒါကို ရိုးမလည်း မြင်သည်။

ခမ်းမွန်က သူ့နားမှမခွာ၍ ရိုးမ ဘယ်ကိုမှသွားမရ။ သူ သွား
နောက် အသိုက်အမြဲအတူပါနေ၍ သူကလည်း ဘယ်ကိုမှ သိပ်
သွား။ ဧည့်သည်အားလုံးက ရိုးမနှင့်ခမ်းမွန်ကို လာနှုတ်ဆက်ကြ
သည်။ တစ်နည်းပြောရလျှင် ဤပွဲက ခမ်းမွန်နှင့်ရိုးမတို့ နှစ်ဘက်
နိုင်းအဝိုင်းကို အသိပေးပြီး စေ့စပ်သည့်သဘော ဖြစ်သည်။

"ဘယ်လိုလဲ…၊ ရိုး၊ ခမ်းမွန် ပြောနေတာ ကြားရောကြားရဲ့
လား"

"မကြားဘူး"

"ကိုယ့်ကို ခမ်းမွန် ဘာပြောလိုက်တာလဲ"

"ခစ်… ခစ်"

"ရိုးက တကယ်ရယ်ရတယ် သိလား၊ လူက ခမ်းမွန်နားမှာ
နေပြီး ရိုးစိတ်တွေက ဘယ်ရောက်နေလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခမ်းမွှန်က ရိုးမဖြစ်နေပုံကိုကြည့်ပြီး တခစ်ခစ် ရယ်နေ၍ ရိ
လည်း သူမနှင့်အတူ ရောယောင်ပြီး ပြုံးရယ်လိုက်သည်။ သူ့အဖြ
ခမ်းမွှန်ပြောသလို တကယ်ဖြစ်နေပြီလားမသိ။ အစောကို ဒေဝီနဲ့အ
မြင်လိုက်ရတတည်းက အစောအလှက ရိုးမမျက်လုံးထဲက တစ်ဆ
သူ့နှလုံးသားထဲအထိ ရောက်သွားတာ သူပဲ သိသည်။

ဒီနေ့ပွဲမှာ အလှဆုံးသူကို ပြပါဆိုရင် အစောကိုသာ လက်ည
ထိုးပြကြမှာ သေချာသည်။ အစောအလှက ဤမျှ လွှမ်းမိုးနိုင်သေ
အလှပိုင်ရှင်ဖြစ်သည်ကို ရိုးမကိုယ်တိုင် အခုမှ ပိုသိရခြင်းဖြစ်သည
စတွေ့ကတည်းက အစောလှတာကို သိပေမယ့် အစောအလှကို ဤ
ကြီးကျယ်ခမ်းနားသည့်အလှဟု မထင်ခဲ့။ အခုတော့ အစောအလှ
သူ့မျက်လုံးထဲမှာ လမင်းတစ်စင်းလို ထင်ရှားဝင်းပနေသည်။

"ဟိုမှာလေ… ဒေဝီနားက တစ်ယောက်ဆိုတာ"

အစောကိုပြောမှန်း ရိုးမ သိသိနှင့် ခေါင်းခါလိုက်တော့ ခမ်းမွှ
ရယ်သည်။

"ခုနကတည်းက အဲဒီတစ်ယောက်ကို မေးနေတာ ရိုးက ခ
မွှန်မေးတာကို မကြားဘူး"

"ကိုယ့်စိတ်ထဲ တခြားအကြောင်း တွေးနေမိလို့ပါ"

"ရိုး တွေးနေတဲ့အထဲမှာ ခမ်းမွှန်အကြောင်း မပါဘူးလား

"သိပ်ပါတာပေါ့"

"တကယ်"

"မယုံရင် မမေးနဲ့လေ"

"ယုံပါသတဲ့ရှင်၊ ကဲ… ပြော၊ ခမ်းမွှန်အကြောင်း ရိုး ဘာ





တွေးနေလဲ"

ခမ်းမွှန် အပျော်မျက်နှာကို ဖုံးမရ။

ရိုးမက သူမအကြောင်း တွေးနေသည်ဆိုတော့ ရိုးမအပေါ
တတည်းက တစ်ဖက်သတ် စွဲလမ်းနေသည့် ခမ်းမွှန်ရင်တွေ တသိမ့်
သိမ့် လှိုက်ခုန်သွားကာ ရိုးမ မျက်နှာချောချောကို ချစ်ခြင်းတို့ဖြင့်
မော့မော့လေး ပြုံးကြည့်လိုက်သည်။

"သြော်… ခမ်းမွှန်သာ ကိုယ့်ညီမလေး ဖြစ်ခဲ့ရင် ဘယ်လောက်
ပျော်စရာကောင်းမလဲလို့ပါ"

"ရိုးမှာ ညီမရှိပြီးသားပဲ၊ ဘာလို့ ခမ်းမွှန်က ရိုး ညီမလုပ်ရ
တလဲ"

ရိုးမ စကားကြောင့် ခမ်းမွှန်မျက်နှာလေး ညှိုသွားကာ ပြုံးနေ
ဘလေးတွေပျောက်ပြီး နှုတ်ခမ်းစူသွားသည်။ ရိုးမဆီက ခမ်းမွှန်
ကြားချင်နေသည့် စကားက တခြား။ ရိုးမ ပြောလိုက်သည်က တလွဲ
ဆိုတော့ ခမ်းမွှန် မကျေနပ်။ ဒါကို ရိုးမ သိ၍ ခမ်းမွှန်ကိုကြည့်ပြီး
ယ်လိုက်သည်။

"ကိုယ့်မှာ ညီအစ်မနှစ်ယောက်ရှိတော့ ပိုမကောင်းဘူးလား
ခမ်းမွှန်ရဲ့"

"မကောင်းပါဘူး၊ ခမ်းမွှန်က ရိုးညီမလေး မလုပ်ချင်ပါဘူး"

"ဒါဖြင့် ခမ်းမွှန်က ဘာလုပ်ချင်တာလဲ"

"မသိဘူး"

ခမ်းမွှန်မျက်နှာလေး ပြန်ပြုံးလာတာကြည့်ပြီး ရိုးမ ခမ်းမွှန်ကို
နားသွားသည်။ ကိုယ့်မှာ ဒေဝီလို ညီမတစ်ယောက် ရှိနေတော့

www.burmeseclassic.com



ခံစွန့်အပေါ် ညီမချင်း ကိုယ်ချင်းစာနာမိသည်။ ရိုးမစိတ်ထဲ ခမ်း
ကို တကယ်မချစ်။ စိတ်လည်း မဝင်စားဘဲနဲ့ အစ်ကိုဖြစ်သူ စိုင်
လာကြောင့် အလိုက်အထိုက် ဆက်ဆံနေရတာ သူပဲ သိသည်။

ခမ်းမွန်ကတော့ ဒါတွေကို မသိ။

သူမအပေါ်မှာ ရိုးမ တကယ်စိတ်ဝင်စားနေသည်ဟု ထင်
သည်။

"ခမ်းမွန်"

"ရှင်"

"ခမ်းမွန်မှာ ချစ်သူမရှိဘူးလားဟင်"

"ရိုး စိတ်မဆိုးဘူးဆိုရင်တော့ ခမ်းမွန် အမှန်အတိုင်း ဖြေ
နော်၊ အရင်က ခမ်းမွန်မှာ ချစ်သူရှိခဲ့တယ်"

ဒါကိုတော့ ခမ်းမွန် မညာ။ အမှန်အတိုင်း ဖြေလိုက်သည်

ဒါမျိုးကိစ္စဆိုတာ အစောကြီးကတည်းက ကြိုသိထားကြ
ကောင်းသည်။ နောက်ကျမှသိပြီး ပြဿနာဖြစ်ကြ ရန်ဖြစ်ကြရတာ
ခမ်းမွန် မကြိုက်။

"ခမ်းမွန်က ရိုးသားတယ်နော်၊ တချို့ဆို ခမ်းမွန်လို ဖြေ
ဖြေမှာ"

"ခမ်းမွန်က ရိုးကို မညာချင်ဘူး၊ အဲဒီလိုပဲ ရိုးက ခမ်းမွ
ညာမှာကိုလည်း ကြောက်တယ်"

"ကိုယ်လည်း ခမ်းမွန်ကို မညာပါဘူး၊ ကိုယ့်မှာ ခမ်းမွ
ချစ်သူတော့ အရင်က မရှိခဲ့ဖူးဘူး"

"အရင်က မရှိဘူးဆိုတော့ အခု ရှိနေပြီဆိုတဲ့ သဘောလား





"အင်း"

"အို"

ရိုးမ ရည်ရွယ်သည့်စကားက တခြားတစ်ယောက်ကို ဖြစ်ပေမယ့်
အမြင်မှာတော့ ရိုးမစကားက သူမကို ဦးတည်ပြောနေသလို
ကြည်နူးကျေနပ်စိတ်နှင့်အတူ ပါးမို့လေးတွေ နီမြန်းသွားသည်
ရင်ခုန်လှုပ်ရှားသွားသည်။

"ရိုး သိပ်ဆိုးတာပဲ သိလား"

"ဗျာ"

"ခမ်းမွန် ကိုယ့်ကို ဘာပြောတာလဲ"

"မသိဘူး"

ခမ်းမွန်က ရှက်စနိုးအမူအယာနှင့် ရိုးမနားက ထွက်သွားသည်။
သော မျက်နှာလေးပြုံးလျက် အပျော်ကြီးပျော်နေသည့် သမီးကို
ပြီး ခမ်းမွန်မိဘတွေ စိတ်အကျေနပ်ကြီး ကျေနပ်နေချိန်မှာ ခမ်းမွန်
ကိုဖြစ်သူက သိပ်လှသည့် အစောနား ရောက်နေ၏။

"ဒီမှာ ထိုင်မယ်နော်"

"ရှင်"

"သြော်... ဒီမှာ ထိုင်လို့ရမလားလို့ ခွင့်တောင်းတာပါ"

"ရပါတယ်၊ ထိုင်ပါရှင်"

"သင့်ခ်ယူး"

အစောနှင့် မျက်နှာချင်းဆိုင်ရာ ဝင်ရောက်နေရာ ယူလိုက်သည်
လူချောက အစောမျက်နှာကို မျက်တောင်မခတ် စူးစိုက်ကြည့်နေ၍
အစောမျက်နှာလှလှလေး ပန်းနုရောင် ပြေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်နာမည် စိုင်းဥက္ကာပါ"

"ဟုတ်ကဲ့"

"ဒီတ ညီမနာမည်ရော မသိရဘူးလား"

"အစောပါ"

"လှတယ်နော်"

"ရှင်"

"နာမည်လေးကို ပြောတာပါဗျာ၊ လူလည်းလှ နာမည်လည်း လှတယ်"

"အို"

အစောအလှကို ပြောင်ချီးကျူးနေသူကြောင့် အစောအနေရခက် ပြီး နေရာက ထပြေးချင်စိတ်ပေါက်လာသည်။ အနီးအနားမှာလည်း အစောကို ကူညီစောင့်ရှောက်ပေးမည့် တခြား အသိမိတ်ဆွေလည်း မရှိ။ ဒေဇီက အစောကိုထားပြီး ခဏဟု ထွက်သွားလိုက်သည်မှာ ဘယ်ရောက်သွားမှန်းမသိ။

တကယ်တော့ အစောနဲ့ ဒီလို အခမ်းအနားပွဲမျိုးက ဘာမှမဆိုင်။ ဟင်္သာတွေ အလယ်ရောက်နေသော ကျီးကန်းမလေးလို ဖြစ်နေသည်။ အစောအလုပ်ရှင် စိုင်းညီလာက သူကျင်းပသည့်ပွဲကို မဖြစ်မနေ တက် ပါဟု အမိန့်ထုတ်ထား၍ သူမ သိကျွမ်းရင်းနှီးခြင်း မရှိသူများ အလယ် သို့ အစောရောက်နေခြင်း ဖြစ်သည်။

"အရင် မတွေ့ဖူးဘူးနော်"

"ရှင်"

"အဟွန်း... ဟွန်း... ဟွန်း"





"ဒီလိုပဲ တရင်းရှင်း ပြောနေတော့မှာလား"

"အို"

စိုင်းဥက္ကာဆိုသူက ခပ်ရဲရဲထဲက ဖြစ်သည်။

အစော အနေရခက်တာကိုကြည့်ပြီး အတော်သဘောကျဟန်ဖြင့် သည်။ အစောမှာက စိုင်းဥက္ကာဆိုသည့်လူကြောင့် ဒေါသလေးတွေ လာသည်။

အစောကို ကြည့်ရှုနေပုံတွေကိုလည်း မကြိုက်။ စကားပြောတော့ ည်း မထိတထိ။ သူ့ခန္ဓာကိုယ်ကို ငုံ့ကိုင်းပြီး အစောမျက်နှာကို ရဲ စူးစိုက်ကြည့်ပုံကိုလည်း မုန်းမိသည်။ ဒီတော့ အစောရင်ထဲ ခက်တာထက် ကျော်လွန်လာသည့် ဒေါသလေးများကြောင့် ဥက္ကာဆိုသည့်လူကို ခပ်တည်တည်လေး တုံ့ပြန်ကြည့်လိုက်၏။

"ဒီမှာ"

"ကိုယ့်နာမည် ဒီမှာမဟုတ်ဘူး၊ စိုင်းဥက္ကာ"

"ရှင်ဘာသာ ဘယ်သူဖြစ်ဖြစ် ကျွန်မ စိတ်မဝင်စားဘူး၊ ကျေးဇူး ကျွန်မကို မနှောင့်ယှက်ပါနဲ့လို့ ပြောပါရစေ"

"ဟာ... ဒီလိုတော့လည်း မင်းလေးက တစ်မျိုးချစ်စရာလေး ား၊ ကိုယ်ကလည်း အဲဒါမျိုးမှ ကြိုက်တာ"

"ဘာရှင့်"

"ဩော်... ကိုယ်ပြောတာ ရိုးရိုးသားသားပါဗျာ၊ အစော သဖြစ်နေပုံလေးကို သဘောကျလို့ပါ"

မဖြစ်တော့။

ဒီနေရာက အစောအမြန်ဆုံး ထွက်သွားတော့မှ ဖြစ်မည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ပြီး နေရာမှ ထရပ်လိုက်တော့ စိုင်းဥတ္တာဆိုသည့်လူကပါ အစောနှင့်အတူ ထရပ်လိုက်၍ စိတ်ညစ်သွားသည်။

"ဘယ်သွားမလို့လဲ၊ ပြန်မယ်ဆို ကိုယ် လိုက်ပို့ပေးမယ်"

"ကျေးဇူးတင်ပါတယ်၊ ကျွန်မဘာသာပဲ သွားပါရစေ"

"အစော"

"ဩော်..."

"ရီးမ"

အစောတို့နှစ်ယောက်နားကို ရောက်လာသူက စိုင်းရီးမဖြစ်၍ အစောမျက်နှာမှ အားတက်ခြင်းတွေနှင့် လန်းရွှင်သွားသည်။

"ပြန်မလို့လား"

"ဟုတ်ကဲ့"

"ကိုယ် လိုက်ပို့ပေးမယ်"

"ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ်"

စိုင်းရီးမကြောင့် ဥတ္တာဆိုသည့်လူက အစောနောက်ကို ဆက်လိုက်မလာတော့ဘဲ နေရာမှာ ကိုယ်ရှိန်သပ်ပြီး ကျန်နေခဲ့သည့်အတွက် စိတ်သက်သာရာ ရသွားသည်။

"ခုနလူက ဘယ်သူလဲ"

"အစော မသိပါဘူး၊ သူ့ကိုယ်သူ ဥတ္တာလို့ ပြောတာပါပဲ"

အစောက ရီးမမေးတာကို ဖြေလိုက်ပြီးသည့်နောက် ဘာစကားမှ ပြောစရာမရှိဘဲ နှစ်ယောက်စလုံး ငြိမ်သွားသည်။

"ဒီဘက်ကိုလာ"

"ဟုတ်ကဲ့"



ဒီတစ်ခါတော့ အစောက ရီးမ ဘာပြောပြော လိမ္မာစွာ နာခံမည့် ...လေးမလေးဖြစ်နေ၍ ဒီလို သူ့ကို ရန်မတွေ့၊ ပြန်မစွာဘဲ သူပြော ... အခုလို လိမ်လိမ်မာမာ လက်ခံမည်ဆိုလျှင် ဘယ်လောက် ...င်းလိုက်မလဲ။ ဒါဆို ရီးမလည်း သူမကို ဒေါသဖြစ်နေရတော့ ... မဟုတ်။

"ဒီလမ်းအတိုင်း ဆက်လျှောက်သွားရင် မင်းနေတဲ့ အခန်းကို ...တ်ပြီ"

"အခုလို ကူညီတာ ကျေးဇူးတင်ပါတယ်"

"လိုအပ်လို့ လုပ်ပေးတာ၊ ကျေးဇူးတင်စရာ မလိုပါဘူး"

ဒီလူက ဘယ်လိုလူလဲ။

အစောကို ဆက်ဆံပုံက ရန်သူတစ်ယောက်လိုပါလားဟု မကျေ ...တွေးရင်း သူ့ကို ကျောခိုင်းသွားနေသည့် ရီးမနောက်ကျောပြင် ...ကိုကြည့်ပြီး သူမအိပ်ခန်းထဲဝင်ကာ အခန်းတံခါးကို သော့ပိတ် ...သည့်အချိန်မှာ သူမတို့နှစ်ယောက် လှုပ်ရှားမှုကို စောင့်ကြည့် ...သော မျက်ဝန်းအစုံကလည်း အမှောင်ထုထဲ တိုးဝင်ပျောက်ကွယ် ...သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ကလေးတွေက အစော သင်ကြားသမျှအားလုံး ညီညီညာညာ ရွတ်ဆိုနေ၍ လုပသော အစောမျက်နှာမှာ အပြုံးပန်းတွေ ဝေနေသည်၊ မြန်မာစကား၊ မြန်မာစာ အရေးအသားပိုင်းမှာ ကလေးတွေဘက်က မသိနားမလည်တာလေးတွေ အများကြီးရှိရုံမက တချို့စကားလုံးတွေကို မှန်ကန်အောင် ပြန်လည်သင်ကြားပေးနေရသည်။

ကလေးတွေကို ထိန်းသည့်နာနီက မြန်မာမဟုတ်။ ဂျူးအင်ဒီယမ်း ကပြားဖြစ်၍ သူကိုယ်တိုင်လည်း မြန်မာစကားကို ရေလည်အောင် မပြောတတ်။ မြန်မာစာလည်း မသိ။ ထိုလူလက်ထဲ ကြီးပြင်းလာ သည့် ကလေးတွေက သူတို့နာနီ အစ်စ်ကဲ့သို့ ပြောစရာရှိလျှင် အင်္ဂလိပ် စကား၊ ရှမ်းစကားကိုသာ အပြောများ၍ မြန်မာစကား၊ မြန်မာအသုံး အနှုန်းက သူတို့နှင့် အတော်စိမ်းနေသည်။

မိဘနှစ်ပါးကလည်း ကလေးတွေကို အချိန်ပေးပြီး သင်ကြား ပေးနိုင်ခြင်း မရှိ။ အချိန်ပြည့် နိုင်ငံရပ်ခြား သို့မဟုတ် ပြည်တွင်းပြည် ခရီး မပြတ်သွားနေကြသူများဖြစ်၍ ကလေးတွေနှင့် ဘိုလိုပြောလိုက်





တို့ဘာသာ စကားနှင့်ပြောလိုက်ဆိုတော့ ကလေးတွေက မြန်မာ ားဝင် ရေလည်စွာ မပြောတတ်။

ပြောတာကို နားလည်သည်။

သေချာရေရာစွာ ပြန်ပြောရမည့် စကားဆိုလျှင် သူတို့က သူတို့ ွမ်းကျင်ဆုံး ဘာသာစကားဖြစ်သော အင်္ဂလိပ်စကားနှင့် ရှမ်း းကိုသာ တွင်တွင်ကျယ်ကျယ် အသုံးပြုကြသည့်အတွက် ကလေး အခြေအနေက ပိုဆိုးလာခြင်း ဖြစ်သည်။ ဒါကို စိုင်းညီလာတို့ ောင်နှံ့ နောက်ကျပြီးမှ သတိပြုမိကြသည်။ သိသိချင်း မြန်မာစာ ကျင်စွာ သင်ပြနိုင်မည့် ဆရာကို ငှားရာမှ စိုင်းညီလာကို စာ ပေးသည့် ဆရာမကြီးမှတစ်ဆင့် အစောတို့နှင့် ဆက်သွယ်မိခြင်း သည်။ ဆရာမကြီးက တခြားသူမဟုတ်။ သြ၏ အဒေါ်ဝမ်းကွဲ သည်။ သြက နိုင်ငံခြား ထွက်သွားတော့ အစောက သြနေရာမှာ သင်ပေးရသည့် ဆရာမလေး ဖြစ်လာရခြင်း ဖြစ်သည်။

“သားတို့က သိပ်တော်တာပဲကွယ်၊ မြန်မာစာရေးတဲ့ နေရာမှာ စကားပြောတဲ့ နေရာမှာရော အတော်လေး မှန်လာပြီ၊ ဒါပေမဲ့ ရေးလေးတွေကို ဒီထက်ပိုလှအောင် ရေးနိုင်ရင် ပိုကောင်းမယ်”

“ဆရာမက လက်ရေးအလှဆုံး ရေးနိုင်တဲ့သူကို ဆုချမယ်၊ ပေးမယ့် သင်ခန်းစာကို အမှန်ဆုံး၊ အလှဆုံး ရေးနိုင်အောင် ားကြနော်”

“ဟုတ်တဲ့ပါ ဆရာမ”

“ကဲ… သားတို့ ဒီနေ့ စာသင်တာ ဒီမှာပဲ နားကြမယ်”

“ကျေးဇူးတင်ပါတယ် ဆရာမ”



www.burmeseclassic.com

ကလေးတွေက ဖြူဖြူဖွေးဖွေး ချောချောလှလှလေးတွေချည်း ဖြစ်ပြီး အားလုံး လိမ္မာ၍ ချစ်စရာကောင်းကြသည်။

"ဖြောင်း… ဖြောင်း… ဖြောင်း"

"တော်တယ်၊ သားတို့ဆရာမက သိပ်ကိုတော်တယ်ဗျာ"

"ကိုစိုင်း"

ကလေးတွေ ထွက်သွားပြီးချိန်မှာ အစော စာသင်နေသည့် အခ ဝမှ ထွက်ပေါ်လာသည့် လက်ခုပ်သံနှင့် ချီးကျူးစကားဆိုလာသူ တခြားသူ မဟုတ်။ ရိုးမညီလာ၏ အရှင်သခင် စိုင်းညီလာကိုယ်တို ဖြစ်နေ၍ အစော အံ့သြသွားသည်။

"ဟုတ်ပါတယ်ဗျာ… ကိုစိုင်းပါ"

"ဘယ်အချိန်ကတည်းက အစော စာသင်တဲ့နေရာကို ရော နေတာလဲရှင့်၊ ကလေးတွေကို စာသင်နေရလို့ အစော သတိမထ လိုက်မိတာ ခွင့်လွှတ်ပါ"

ကိုယ့်အလုပ်ရှင် ကိုယ့်နားရောက်နေတာကို မသိလိုက်၍ အစေ တောင်းပန်စကားဆိုလိုက်တော့ သူက လက်ကာလိုက်၏။

"တောင်းပန်ရမှာက ကိုယ်ပါ၊ အစော စာသင်နေတာကို ႏွ မတောင်းဘဲ ကိုယ့်သဘောနဲ့ကိုယ် ကြည့်နေမိတဲ့ ကိုယ့်ကိုသာ ခွ လွှတ်ရမှာပါ"

"ဘယ်လိုလဲ အစော၊ ကိုယ့်သားတွေ လိမ္မာကြရဲ့လား"

"သိပ်ကို လိမ္မာပါတယ် ကိုစိုင်း"

"သင့်ခ်ယူးပါဗျာ"

"အစောနဲ့ကိုယ် လမ်းလျှောက်ရင်း စကားနည်းနည်းလော





ပြောကြရအောင်လား"

"ဟုတ်ကဲ့၊ အစောကို ပြောစရာရှိတာ ပြောပါ၊ ကလေးတွေ သင်နေတဲ့အပေါ်မှာ သဘောမကျတာ၊ မကျေနပ်တာရှိရင်လည်း ပြောနိုင်ပါတယ်"

"တယ်လိမ္မာတဲ့ ဆရာမပါလားဗျာ၊ တချို့ဆို သူတို့အားနည်း ချက်ကိုပြောရင် နည်းနည်းမှ မကြိုက်ဘူး၊ ချက်ချင်း ခုခံကာကွယ်ရန် ထိုတက်ကြတယ်"

"လူချင်းတူပေမယ့် အသက်ရှုပုံချင်း မတူကြဘူး မဟုတ်လား"

"မှန်ပါတယ်၊ ကိုယ်တော့ အစောလို ဆရာမရတာ သိပ် ကောင်းတယ်"

"သိပ်လည်း မမြှောက်ပါနဲ့ရှင်"

"တကယ်ပါဗျာ"

စိုင်းညီလာစကားကြောင့် အစော ပြုံးလိုက်သည်။ ဘာရယ် ဟုတ်သည့် အစော ဂုဏ်ဒြပ်တွေကို ရှုကြဲချီးကျူးနေသူကြောင့်လည်း နေရခက်နေတာလည်း ပါသည်။ အစော ဘာလုပ်လုပ် စိုင်းညီလာ မြင်မှာ အားလုံးတင့်တယ်နေပုံမျိုးဖြစ်ကာ အစောကို မျက်လုံးစိမ်း များဖြင့် တစ်ကိုယ်လုံး သိမ်းကျုံးကြည့်လိုက်တိုင်း အစောမှာ ထဲ စိမ့်ခနဲ စိမ့်ခနဲ ဖြစ်သွားသည်။

ဖြစ်နိုင်လျှင် စိုင်းညီလာနှင့် တတ်နိုင်သမျှ ဝေးဝေးနေချင်သည် သော် အစောဆန္ဒက မပြည့်။ စိုင်းညီလာက ရိုးမညီလာ၏ အရှင် ခင်။ သူမ အလုပ်ရှင်ဖြစ်၍ ဘယ်လိုမှ ရှောင်ပြေးချင်၍ မလွှတ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ အလုပ်ရှင်နှင့် အလုပ်သမား အနေအထားဖြင့် စိုးညီလာ
အလိုက်အထိုက် ပြောဆိုဆက်ဆံနေရသည်။

စင်သီယာကလည်း ဘာတစ်ခုမှ အားမကိုးရ။ သူမ ခင်
တစ်ယောက်လုံး သူမ မျက်စိရှေ့မှာ တခြားသူစိမ်း မိန်းမပျိုတစ်ယော
အပေါ် ကြည့်ရှုပြောဆိုပုံ မရိုးသားမှန်းသိသိနှင့် စင်သီယာကိုယ်တိုင်
သူမခင်ပွန်းသည် အပြုအမူပေါ်မှာ တစ်ချက်လေးမှ စိတ်ဆိုးအေ
ဖြစ်ဟန်မပြ။

ကြည်သာချိုမြစွာ ရယ်မောလျက် အပြုံးမပျက် သူ့ချစ်လ
ပါရမီကို လိုက်ဖြည့်ပြီး ပြောဆိုနေပြန်တာကိုလည်း အံ့ဩစိတ်
မိသည်။ စင်သီယာစိတ်ထဲ သူမခင်ပွန်းသည် လင်ယောကျ်ား
ပျော်ရွှင်ကျေနပ်မည်ဆိုလျှင် သူမကိုယ်တိုင် ဘာပဲလုပ်ရလုပ်ရလို့
တိတ်တဆိတ် ဆုံးဖြတ်ထားလေသလား မသိပါ။

အစောစိတ်ထဲ တွေးသမျှ မြင်သမျှကတော့ သဘောမကျ
တွေချည်း ဖြစ်နေ၏။

"ကိုယ်တို့ဆီမှာ အလုပ်လုပ်ရတာ အစောအတွက် အဆင်
ပါတယ်နော်"

"ဟုတ်ကဲ့… အဆင်ပြေပါတယ်"

အဆင်မပြေတာက ရှင် အခုလို အစောကို လာလာစကားပြော
နေတာ။ အကြောင်းမရှိ အကြောင်းရှာပြီး အစောနားကို ရောက်ရော
လာတာဆိုသည့် စကားကိုတော့ အစောစိတ်ထဲကပဲ သူ မကြားအော
ပြောလိုက်သည်။

"ကိုယ် မကြာခင် ခရီးထွက်ရမယ်၊ သိပ်တော့ မကြာပါ





သားစုအားလုံး သွားကြမှာဆိုတော့ အစောလည်း လိုက်ရလိမ့်မယ်၊
ရမယ့် ခရီးအတွက် အသင့်ပြင်ထားပါ"

"အစောတို့က ဘယ်ကို သွားရမှာလဲ ကိုစိုင်း"

"ရေပြာစခန်း"

"ရှင်"

"ဟိုရောက်ရင် အစော ပျော်သွားမှာပါ၊ အဲဒီမှာ ရေပူစမ်းတွေ
ည်း အများကြီးပဲ၊ ဒီကပြန်ရင် အစောခရီးထွက်ဖို့ အသင့်ပြင်ထား
"

"ဟုတ်ကဲ့၊ အစော အသင့်ပြင်ထားလိုက်ပါ့မယ် ကိုစိုင်း"

အစောဘက်က ခေါင်းညိတ်ရုံမှတစ်ပါး တခြားမရှိ။ တစ်
သားစုလုံး သွားကြမည့်ခရီးမှာ အိမ်ရှင်မိသားစုမရှိဘဲ သူတို့အိမ်မှာ
ယ့်သဘောနှင့် နေကျန်ရစ်ခဲ့၍ မရပါ။ ကိုယ့်အခန်းကိုယ် ပြန်ရောက်
နှင့် လိုအပ်မည့် ပစ္စည်းတွေစုပြီး ခရီးထွက်ဖို့ အသင့်ဖြစ်အောင်
တ်တဆိတ် ပြင်ဆင်နေမိသည်။

ခရီးက တစ်ပတ် ဆယ်ရက်ဟုဆိုသဖြင့် အနွေးအကျီနှင့် ဝတ်
ည့် အဝတ်အစား ဝတ်စုံများကို အပိုအလိုမရှိအောင် စနစ်တကျ
ယ်ပြင်ဆင်ရသည်။ တကယ်ဆို ဒီခရီးကို သွားရမည်။ ဘာလုပ်
ည်ဆိုတာ စိုင်းညီလာကိုယ်တိုင် အစောကို ပြောခြင်းထက် မိန်းမသား
ဖြစ်သည့် စင်သီယာ လာပြောခြင်းက ပိုအဆင်ပြေသည်ဟု ထင်
ည်။

ခက်သည်က စင်သီယာ သဘောထားက ရိုးမညီလာမှ ဘာ
ခုမှ အသုံးမဝင်။ အားလုံး စိုင်းညီလာ သဘော။ စိုင်းညီလာ

www.burmeseclassic.com



အဆုံးအဖြတ်သည်သာ အရေးအကြီးဆုံးဖြစ်၍ စင်သီယာအပါအ ရှိးမည်ီလာရှိ လူအားလုံး စိုင်းညီလာ သဘောထားကိုသာ ထ တညွှတ်တည်း နာခံဆောင်ရွက်ကြခြင်း ဖြစ်သည်။

စိုင်းညီလာအမိန့်။

စိုင်းညီလာ စကားအရာသည်သာ အရာအားလုံးထက် အရေးကြီးကြောင်း အစောကိုယ်တိုင် သိရှိနားလည်ခဲ့ပြီးပါပြီ။ ညီလာ မျက်နှာညှိုလျှင် အားလုံးညှိုကြရသည်။ စိုင်းညီလာ ပျော် အားလုံး ပျော်ကြရသည့်အတွက် စိုင်းညီလာသည်သာ တစ်မိသား လုံး၏ အားကိုးရာ ဖြစ်သည်။

“ဒေါက်… ဒေါက်”

“အစောရေ… မမ ဝင်ခဲ့ပြီနော်”

“ဟုတ်ကဲ့ မမ”

ခွင့်တောင်းသံနှင့်အတူ အစော အိပ်ခန်းတံခါးချပ်ကို တွန်းဖွင့် ဝင်လာသူက စင်သီယာဖြစ်ပြီး လှပသော မျက်နှာလေး ပြုံးနေပုံ ချစ်စရာဖြစ်သည်။

“ဩော်… အစောက ခရီးသွားဖို့ အဝတ်သေတ္တာတော ပြင်ဆင်ပြီးသွားပြီကိုး”

“ကိုစိုင်းက အခုချက်ချင်း ပြင်ခိုင်းလို့ပါ မမ”

“ဟုတ်တယ်… ဟုတ်တယ်၊ မမတို့လည်း သူပဲ အခုချက် ခရီးသွားရမယ်၊ ပြင်ဆင်ပါဆိုလို့ ပြင်ဆင်နေကြတာ၊ ကိုစိုင်းက အ အဆင်ပြေရဲ့လား၊ သွားကြည့်ပါဦးဆိုတာနဲ့ မမ လာကြည့်တာပါကွယ်”

စင်သီယာအသံက တိုးတိတ်ညင်သာသလို သူမလှုပ်ရှားမှု သည်း ကြောင်တစ်ကောင်လို နူးညံ့ညင်သာလွန်းသူ ဖြစ်သည်။ သွားရောင် ဖျော့ဖျော့ဝတ်စုံက ဖြူသောနုသောနှင့် ရောလျက် လှနေ၏။ သို့သော် သူမလှပုံက တစ်မျိုးဖြစ်သည်။

“အစောအတွက် အားလုံး အဆင်ပြေပါတယ်”

“အနွေးအင်္ကျီတော့ ပါအောင်ထည့်နော် ညီမ၊ အစောမှာ အပို ရင် မမအင်္ကျီတွေ ကလေးမလေးတွေ အပိုခိုင်းလိုက်မယ်၊ အင်္ကျီ က အသစ်တွေပါ၊ စိတ်သန့်သန့်နဲ့သာ သုံးနော်၊ မမက အစောကို ပေးတာမို့လို့ မမကို ပြန်ပေးစရာ မလိုဘူး”

“မဟုတ်တာ မမရယ်၊ အစောမှာ အနွေးအင်္ကျီ ပါပါတယ်၊ ကို မပေးပါနဲ့”

“မမစေတနာကို လက်ခံပါကွယ်”

“ခဏနေ အစောအခန်းကို အားလီ လာထားပေးလိမ့်မယ်၊ ကို့အခန်းကို မမသွားကြည့်မလို့၊ အစော လိုက်ဦးမလား”

“မလိုက်တော့ဘူး မမ”

စင်သီယာက အစောကို နှုတ်ဆက်ပြီး လှပကျော့ရှင်းစွာ အစော ခန်းက ထွက်သွားသည်။ သိပ်မကြာလိုက်။ ယုန်မွေးအင်္ကျီ အနွေး ည်လှလှလေး နှစ်ထည်ကို ပါကင်မဖွင့်ရသေးဘဲ အားလီနှင့်အတူ ောက်လာ၏။ နှစ်ထည်လုံး တစ်မျိုးစီလှပြီး ချစ်စရာကောင်းသလို အစားကို ကြည့်ပြီး ဈေးကြီးသော အဖိုးတန်အင်္ကျီတွေမှန်းသိ၍ ားသွားသည်။

တစ်ထည်က အဖြူရောင်ဖြစ်ပြီး နောက်တစ်ထည်က မှိုင်းလို ာင်ဖြစ်သည်။ မယူပါရစေနဲ့ဆိုတော့လည်း မရ။ ရောက်လာတော့

www.burmeseclassic.com



လည်း တန်ဖိုးကြီး ပစ္စည်းတွေဖြစ်နေ၍ ပြန်ပေးရအခက်။ ယ
ရခက်နှင့် စိတ်ညစ်နေမိသည်။

ပြန်ပေးရင် အစောကို စိတ်ဆိုးမှာ သေချာသည်။ ကိစ္စက
နေရာမှာ ရပ်သွားလျှင် ပြဿနာက အရေးကြီး။ ထိုကိစ္စကို စိုင်းညီ
သိသွားလျှင် ရှင်းမရအောင် ရှုပ်ကုန်မှာတွေးပြီး အနေအကျိ နှစ်တ
လက်ခံလိုက်ရသည်။

သွားရမည့် ခရီးကို မိသားစုအားလုံး သွားကြမည်ဆို
ဒေဝီတို့ ရိုးမတို့ပါမှာလား။ ဒါမှမဟုတ် စိုင်းညီလာတို့ မိသားစု
ဆိုလိုသည်လားဆိုတာ အတွေးလည်း သေချာမခွဲခြားတတ်။
ပုံစံက တစ်မျိုးဆိုတော့ သူမသဘောထားကို ခန့်မှန်းရခက်
သီးသီးသန့်သန့် နေတတ်သည့် ဒေဝီသဘောက ဘယ်သူနဲ့မှ အ
တဝင်မရှိ။

အထူးသဖြင့် အိမ်ရှိ အလုပ်သမားတွေအပေါ် ဒေဝီ ဆက်ဆံ
အလုပ်ရှင်နှင့် အလုပ်သမား ဆက်ဆံပုံထက် မပို။ လိုအပ်မှ စ
ပြောသည်။ မလိုအပ်ဘဲ ဘယ်သူ့ကိုမှ စကားမပြော။ အစေ
ဆက်ဆံပုံကလည်း ထိုပုံစံအတိုင်း ဖြစ်သည်။

လှပသော ဒေဝီမျက်နှာမှာ အပြုံးမရှိ။

ဤသည်က ရိုးမနှင့် အတူတူဖြစ်သည်။

ဒေဝီ ပြုံးရယ် ဆက်ဆံတတ်သည့်သူမှာ ဤအိမ်ကြီးထဲ
လူနှစ်ယောက်ပဲ ရှိသည်။ ထိုလူနှစ်ယောက်က စိုင်းရိုးမနှင့် စိုင်းညီ
ဖြစ်သည်။ ဤခရီးမှာ ဒေဝီပါလာရင်တော့ သူမကို သတိထား ဆ
ဆံရန် ကြိုးစည်းစားထားသည်။





တကယ်တမ်း ခရီးစထွက်ကြမည်ဆိုတော့ စိုင်းညီလာ ခရီးစဉ်မှာ
ပါဝင်ကြမည့်သူတွေက စိုင်းညီလာ မိသားစုဝင်တွေချည်း မဟုတ်။
နှင့် လက်ထပ်မည့် ရိုးမ၏ ဖနီးလောင်း ခမ်းမွန်နှင့် သူမ သူငယ်
င်း၊ စိုင်းရိုးမ သူငယ်ချင်းအုပ်စု၊ ဒေဝီနှင့် သူမချစ်သူနှင့် တခြား
တော်တွေပါ တစ်စုတဝေးကြီး ဖြစ်သည်။

အားလုံးက ကျွမ်းဝင်ရင်းနှီးပြီးသားဖြစ်၍ ဘယ်သူမှ မစိမ်း။
တို့အုပ်စုနှင့်ကိုယ် ရယ်ရယ်မောမော စကားပြောကြ။ ပစ္စည်းတွေ
ပေါ်တင်ကြနှင့် ပျော်စရာဖြစ်သော်လည်း အစောအတွက် အားလုံး
အစိမ်းသက်သက်ဖြစ်၍ ကိုယ့်ဘာသာကိုယ် နေတတ်အောင်
ဘော် ကြိုးစားရသည်။

လူချမ်းသာ သူဌေးတွေချည်းဖြစ်၍ အားလုံး အဖိုးတန် အဝတ်
အစား အသုံးအဆောင် ပစ္စည်းတွေက ဖိတ်ဖိတ်လက်နေသော နာမည်
ဆိပ်တွေပါသော ပစ္စည်းအစစ်တွေချည်း ရွေးသုံးကြသူများ ဖြစ်
သည်။ ထိုသူတွေထဲမှာ အစောကိုင်သည့် လက်ကိုင်အိတ်၊ ဖိနပ်နှင့်
ဝတ်အစား အသုံးအဆောင် ပစ္စည်းတွေက ဘာတစ်ခုမှ ညီကျနမနေ
၍ အစောကိုယ်အစော ကျိတ်ကျေးဇူးတင်နေမိသည်။

တစ်ချိန်တစ်ခါက အစောဆိုတာ သူတို့လို လူချမ်းသာ သား
သမီးတစ်ယောက်ဖြစ်၍ အစောအသွင်က နေမထိ လေမထိ နေရသူ
နှင့်အပြိုင် ပို၍ပင် ထင်းလင်းဝင်းပလျက် အစောအလှကို အားလုံး
သတိမထားမိဘဲ မနေနိုင်အောင် ဖြစ်သည်။

ခရီးသွားမည့် အုပ်စုထဲမှာ အများစုက လူငယ်တွေချည်းဖြစ်ပြီး
ခရီးက အပျော်သက်သက်။ ခမ်းမွန်နှင့် စိုင်းရိုးမတို့ ပို၍ရင်းနှီး

www.burmeseclassic.com



ပတ်သက်မှုရှိအောင် တာမင်ဖန်တီးထားသည့် ခရီးဖြစ်သည့်အတ
လူငယ်များ၏ စိတ်ဝင်စားမှုက သူတို့သွားရမည့် လမ်းခရီး
သူတို့ တစ်ခါမှ မမြင်ဖူးသည့် မိန်းမလှလေး အစောထံမှသာ 
ရောက်နေကြသည်။

ဒါကို စိုင်းညီလာက သိသည်။

ထို့ကြောင့် အားလုံးကို အစောနှင့် မိတ်ဆက်ပေးလိုက်မှ 
သွားကြသည်။ အထူးသဖြင့် ယောက်ျားလေးအုပ်စု ဖြစ်သည်။ 
ကို ဘယ်သူမှ စိတ်မဝင်စားဘဲ မနေနိုင်ကြ။ ဒါကို သူတို့နှင့်
ပါလာသည့် မိန်းကလေးအဖော်တွေကလည်း သိသည်။

ခမ်းမွန်နှင့်ဒေဝီက သူတို့လူ သူတို့ ကျွမ်းကျင်လှပစွာ ထိန်း
နိုင်ပေမယ့် ကျန်သည့်လူတွေက အစောကို မနာလိုသည့်အကြ
သဘောမကျသည့် အမူအယာတွေနှင့် တုံ့ပြန်ကြသည်။

"ဒေဝီတို့အိမ်က ကလေးတွေကို စာသင်တဲ့ မူကြိုဆရာ
သူ့ကိုယ်သူ မင်းသမီးများ ထင်နေလား မသိဘူး၊ ကြည့်ပါဦး၊ 
ထားလိုက်တာ အနွေးအကျီကအစ မမစင်သီယာနဲ့ အတူတူ"

"သိပ်လည်း မနာလို ဖြစ်မနေနဲ့ ပင်စီ၊ သူက အထည်
ပျက်လေ သိတယ်မဟုတ်လား၊ ပိုက်ဆံမရှိလို့ သူများဆီမှာ 
အလုပ်လုပ်နေတာ ကြည့်ပါလား..."

"ဝိုး... ဒီလိုလား"

"ဒါကြောင့် ရုပ်ကလေးလှလှနဲ့ ဒေဝီတို့အိမ်က အလုပ်သ
ဖြစ်နေရရှာတာကိုး"

"ခစ်... ခစ်"





"ဒါပဲလေ... ဒါပဲပေါ့"

"ဒီလိုကိုး"

ဒေဝီ့သူငယ်ချင်း ပင်စီက အားလုံးထဲမှာ ရုပ်အဆိုးဆုံးဖြစ်သလို
ဘတ်ရေးရာမှာလည်း အနိမ့်ဆုံး အညံ့ဆုံးဖြစ်သည့်အတိုင်း သူမမှာ
ဉ်ဂုဏ်သိက္ခာကိုယ်မထောက်။

တခြားသူတစ်ယောက်၏ အားနည်းချက်ကို ပြောင်ကျကျ ဝေဖန်
ခိုက်ပြီး အောက်တန်းကျစွာ သဘောတကျ ရယ်မောလိုက်သည့်
ကို အစော မကြားပေမယ့် ရိုးမကကြားပြီး ပင်စီကို သဘော
စွာ ကြည့်လိုက်သည်။

"ဒေဝီ"

"ဘာလဲ ရိုး"

"နင့်သူငယ်ချင်း နင်ကြည့်ထိန်းထား၊ မလိုအပ်ဘဲ စကားတွေ
တ်မပြောစေနဲ့"

"အင်းပါ၊ နောက်တစ်ခါ ဒီလိုမဖြစ်အောင် ဒေဝီ သူ့ကို အသိ
ပိုတ်ပါ့မယ်"

ဒေါသမျက်နှာနှင့် သူတို့နားက ရိုင်းရိုးမ ထွက်သွားတော့ ဒေဝီ
ပင်စီ့ဘက်ကို လှည့်လိုက်သည်။

"ကြားတယ်နော် ပင်စီ"

"ရက်(စ်)"

"တခြားသူနဲ့ ဘာတွေ ဘယ်လိုဖြစ်ဖြစ် ဒေဝီ ဂရုမစိုက်ဘူး
ကြီးတာက ဒေဝီ့အစ်ကိုနှစ်ယောက်နဲ့ ဘာတစ်ခုမှ မငြိမိစေနဲ့၊
ပြောတာ နားလည်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ"

ဒေဝီတို့သူငယ်ချင်းနှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် တီးတိုးပြောနေချိန်မှာ ကားသုံးစီးယာဉ်တန်းခရီးက ရိုးမညီလာမှ ထွက်သည်။ အားလုံး ပျော်ပျော်ရွှင်ရွှင် ဖြစ်သည်။

ပထမကားထဲမှာ စိုင်းရိုးမ၊ ခမ်းမွန်နှင့် သူမအဖော်သူငယ်ချင်း နှစ်ယောက်။ ရိုးမသူငယ်ချင်း ယောကျ်ားလေးနှစ်ယောက်ဖြစ်ပြီး ဒေဝီ သူမချစ်သူနှင့် ပင်စီက ကားတစ်စီး သီးသန့်ဖြစ်သည်။

နောက်ကားထဲမှာ စိုင်းညီလာတို့ ဇနီးမောင်နှံနှင့် သူ့ကလေး နှစ်ယောက်၊ အစော၊ ကလေးထိန်းနာနီ၊ ကားဒရိုင်ဘာတို့ ဖြစ်သည်။ စိုင်းညီလာကို စင်သီယာက တစ်လမ်းလုံး ဂရုစိုက်လာသည်မှာ သူ ကိုယ်သူမပင် ဂရုမစိုက်နိုင်ရှာ။ အစောမှာ စင်သီယာကိုယ်စား စိတ် မောလှမောဖြစ်နေသလောက် စင်သီယာကတော့ အပြုံးတစ်ချက်မပျက် မယားကောင်း ဝတ္တရားနှင့်ညီသူ ဖြစ်သည်။

ကလေးတွေက တစ်လမ်းလုံး သိပ်ပျော်နေသလို အစောလည်း စိတ်လက်ပေါ့ပါးနေမိသည်။ တောင်စဉ်တောတန်း အထပ်ထပ်နှင့် လှိုမြောင်ချိုင့်ဝှမ်းတွေထဲ သူတို့ကားဖြတ်သန်းသွားတိုင်း မြင်မြင်သမျှ မြင်ကွင်းအားလုံးက အစောလို မြေပြန့်သူအတွက် အသစ်အဆန်းဖြစ် နေတတ်ကာ အရာရာတိုင်း အပေါ်မှာလည်း စိတ်ဝင်တစား မှတ်သား လေ့လာပြီးသား ဖြစ်နေပြန်၏။

စိုင်းညီလာက မျက်လုံးလက်လက်များနှင့် အစောရှိရာ မကြာ ခဏ လှမ်းလှမ်းကြည့်ပြီး ပြုံးနေသည့် အစောမျက်နှာလေးကိုကြည့်ကာ အကျေနပ်ကြီး ကျေနပ်နေသည်။ တကယ်တော့ ဒီခရီးက သူတစ်ယောက်





သွားလို့ရသည့် ခရီးဖြစ်သည်။ သူတစ်ယောက်တည်း မသွား အခုလို အပျော်ခရီးဖြစ်အောင် သူနဲ့သက်ဆိုင်ပတ်သက်သည့် အားလုံးကို သူနှင့်အတူ အပါခေါ်လာခြင်း ဖြစ်သည်။

စိုင်းညီလာ အစီအစဉ်က တစ်ချက်ခုတ်နှစ်ချက်ပြတ် ဖြစ်သည်။ နှင့် ခမ်းမွန်တို့နှစ်ယောက် ပိုပြီး ရင်းနှီးကျွမ်းဝင်မှုရလေ စိုင်း အတွက် ပိုအဆင်ပြေလေ ဖြစ်သည်။ ညီဖြစ်သူကို ခမ်းမွန်က တခြားဘယ်သူနှင့်မှ သဘောမတူ။ ဒီခရီးမှာ သူတို့ချင်း ပြေသွားလျှင် သူ့အတွက် နောက်ထပ် ဘာမှစိတ်ပူစရာမလို

အခုလို မိသားစုလိုက် ခရီးမထွက်ရသည်မှာ ကြာပြီဖြစ်၍ စိုင်း ကိုယ်တိုင် ရှိသမျှ အလုပ်ကိစ္စတွေ အကုန်မေ့ထားပြီး စိတ်ကို လပ်ပေါ့ပါးစွာ ထားသည်။ ရေပြာစခန်းမှာ သူပိုင်လုပ်ငန်းတွေ လို အပန်းဖြေ အနားယူစရာတွေကြောင့်လည်း နာမည်ကြီးသည်။ မက ဒီခရီးကို သွားချင်သူမဟုတ်။

စိုင်းညီလာအမိန့် မလွန်ဆန်ချင်၍ ပါလာခြင်းဖြစ်သည်။ ကျန် လူတွေကတော့ ရေပြာစမ်းကို ခရီးထွက်ရမည်ဆိုတာနှင့် အားလုံး နေကြသည်။ ရေပြာစခန်းမှာရှိသည့် ရေပူစမ်းက နာမည်ကြီးသည်။ ရဲ ရောဂါဝေဒနာလောက်တော့ ရေပူစမ်းက ရေချိုးရုံနှင့် ပျောက် သက်သာသည်ဟု ဆိုကြသည်။

သဘာဝကျောက်လှိုဏ်ဂူနှင့် ရှားပါးသည့် တောကောင်သား မျိုးလည်း ရနိုင်သည့်အပြင် တခြားဆေးဖက်ဝင်သစ်ပင် ဆေး ဖုးလည်း ရှိသည်။ တိန်ကောရွာရောက်တော့ စိုင်းညီလာမိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



ဦးအဒီးက အသင့်စောင့်ကြိုပြီး သူ့တည်းခိုခန်းကို ခေါ်သွားသည်
သူ့ဟိုတယ်မှာ ပစ္စည်းစုံသလို စားစရာလည်း စုံသည်။
စိုင်းညီလာတို့ လာမည့်အကြောင်း ကြိုတင်အကြောင်းကြ
ထား၍ ဦးအဒီးက အကောင်းဆုံး ဧည့်ဝတ်ပြုနိုင်အောင် စီစဉ်
ထားသလို အလှအပ အခမ်းနားဆုံးဖြစ်အောင်လည်း ပြင်ဆင်
ထား၏။ မီးဖိုဆောင်ရှိ ထမင်းဟင်း ချက်ပြုတ်သူမှအစ၊ ဧည့်
နေရာယူထားသူအားလုံး ဦးအဒီးနှင့် သားသမီးမြေးမြစ်များချည်း ဖြ
သူစိမ်းတစ်ဦးတစ်ယောက်မှ မပါ။ အားလုံး ဝိုင်းလုပ်ဝိုင်းစား
ဖြစ်ပြီး ရသည့်အကျိုးအမြတ်ကိုလည်း အညီအမျှ ခွဲဝေသုံးစွဲ
စနစ်ကို ကျင့်သုံး၍ ဘယ်သူ့မှာမှ ပြဿနာမရှိ။

ဦးအဒီး မိသားစုအတွက် လိုအပ်သည့် ငွေကြေးကို စိုင်းညီ
က ထောက်ပံ့ပေးထားသဖြင့် ဦးအဒီးတို့မိသားစုအတွက် သူ
ကျေးဇူးရှင်က စိုင်းညီလာ ဖြစ်သည်။ ထိုအတွက် စိုင်းညီလာကလည်
ဦးအဒီးတို့ မိသားစုအပေါ်မှာ ဘယ်သောအခါမှ အခွင့်အရေးမယူ
သူ့ကိုယ်သူ သူဌေးကြီးတစ်ယောက်အဖြစ်ထက် ဦးအဒီး၏ မိတ်
သူငယ်ချင်းအဖြစ် ဆက်ဆံပြောဆိုရတာကို ပိုနှစ်သက်၊ ပိုတန်ဖိုးထ
သူ ဖြစ်သည်။

"အေးအေးဆေးဆေး အနားယူပြီး စားကြသောက်ကြပါ၊
ကိုယ်တိုင် ဟိုတစ်နေ့က အမဲပစ်လာလို့ ဟင်းအထူးအဆန်း
တွေလည်း လုပ်ထားတယ်"

"ဘာတွေများလဲဗျာ... ပြောပါဦး"

စိုင်းညီလာ စိတ်ဝင်စားသလို အစောကလည်း ဦးအဒီး အဖြေ





ချင်သည်။

"တောဝက်သားချက် ရမယ်ဗျာ၊ ကလီစာအစုံကိုတော့ ချဉ်ဖန်
လေး သုပ်ထားပေးမယ်၊ နောက် ဆတ်သားခြောက်ကြော်၊ ယုန်
ဟင်းချို၊ မြုံးသားနှပ်၊ ကျောက်ငါးချိုချဉ်ကြော်၊ ကဲ... ဘာလို
လဲ ပြောပါဦး"

"ပြည့်စုံပါပြီဗျာ၊ ပြည့်စုံပါပြီ"

"စားစရာတွေ မြိန်မြိန်ချဟော့၊ ဒေါ့... နေဦး၊ မစားခင် ခေါင်
လေး နည်းနည်းသောက်လိုက်ရအောင်"

အစားအသောက်တွေ လာမချခင် ခေါင်ရည်နှင့် အရင်ဧည့်ခံ၍
သုံး အနည်းငယ်ဖြစ်ဖြစ် သောက်ကြရသည်။ အစောကို စင်သီယာ
ကိုယ်တိုင် ယူပေး၍ သူတို့ကျေနပ်အောင် သောက်လိုက်ရသည်။ ခါး
သောအရသာက ရင်ထဲပူဆင်းသွားကာ တစ်ကိုယ်လုံး နွေးသွား
သည်။

"ထပ်ယူပါဦး -အစော"

"အို... တော်ပါပြီ၊ အစော ထပ်မသောက်ပါရစေနဲ့"

"ဒါက အရက်မဟုတ်ပါဘူးဗျာ၊ ခေါင်ရည်ပါ"

စိုင်းညီလာ အစောအတွက် ဖွတ်အတင်း ထပ်ထည့်ပေးနေတာကို
ငြင်းလိုက်တော့ သူက ရယ်သည်။

"ကိုယ်က အစော အချမ်းဒဏ်ခံနိုင်အောင် လုပ်ပေးတာပါဗျာ၊
ဘာမျိုးမထင်ပါနဲ့"

"မထင်ပါဘူးရှင်၊ ကိုစိုင်း စေတနာကို ကျေးဇူးတင်ပါတယ်"

ပတ်ဝန်းကျင် တစ်ခုလုံး စိမ့်အေးသော အချမ်းဓာတ်သာ သီသာစွာ



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းခြုံထား၍ နေရထိုင်ရသည်မှာ ချမ်းစိမ့်စိမ့်ဖြစ်နေရှာသောမ
အနွေးအင်္ကျီထူထူ ဝတ်ထားပါလျက် မလုံသလို ဖြစ်နေ၏။ အဘော
ဝတ်ထားသည့် သားမွေးကုတ်အင်္ကျီမှာ တန်ဖိုးကြီး၍ အင်္ဂလန်မှ မ
ညြအန်တီက ပို့ပေးတာ ဖြစ်သည်။ စင်သီယာကလည်း အဘောနှင့်
ဆင်တူ ပန်းရောင်ဖျော့ဖျော့လေး ဝတ်ထား၍ သူမပုံစံက ယုန်မလေးလို
ဖြစ်နေ၏။ စင်သီယာတို့ မိသားစုနှင့် အဘောက တစ်ဝိုင်းတည်း
အတူထိုင်နေကြသူများဖြစ်ပြီး စိုင်းရိုးမနှင့် ခမ်းမွန်တို့အဖွဲ့က တစ်ဝိုင်း
ဒေဝီနှင့် သူမသူငယ်ချင်း ပင်စီ၊ ဒေဝီချစ်သူတို့က တစ်ဝိုင်းဖြစ်သည်။
ကလေးတွေကတော့ သူတို့ဦးလေး စိုင်းရိုးမဝိုင်းကို ပြေးသွားလိုက်
သူတို့အန်တီ ဒေဝီရင်ခွင်ထဲ ပြေးဝင်လိုက်နှင့် အပျော်ကြီး ပျော်နေကြ
သည်။

တိတ်ဆိတ်သော ပတ်ဝန်းကျင်မှာ ကလေးတို့၏ ရယ်မောသံ
စကားပြောသံတို့မှာ စီလွှင်ဆဲဆာလျက်။ ဦးအဒီး၏ မြေးလေး သုံး
ယောက် ပေါင်းလိုက်တော့ နာနီမှာ ကောင်းကောင်းနေရသည်မရှိဘဲ
ကလေးတွေကို တစ်ချိန်လုံး လိုက်ဆွဲနေ၏။

ထမင်းဟင်းပွဲတွေ လာချတော့ အငွေ့ထောင်းထောင်းထနေသလို
ဟင်းနံ့ကလည်း မွှေးကြိုင်သင်းပျံ့နေပုံမှာ စားချင်ဖွယ်ရာ ဖြစ်သည်။

"ဦးအဒီးမိသားစုက ထမင်းဟင်းချက် သိပ်ကောင်းတာ အဘော၊
သူတို့လက်ရာ တစ်ခါစားပြီးရင် နောက်တစ်ခါ ထပ်စားချင်နေအောင်
ကို ဆွဲဆောင်နေတော့တာပဲ"

"ကျွန်တော်တို့က စားသုံးသူတွေ အဲဒီလို စွဲလမ်းနေအောင်
ဆေးခပ်ထားတာဗျ၊ မယုံရင် စိုင်းညီလာကိုသာ မေးကြည့်၊ သူ





ဆောက်တိုင်း ကျွန်တော့်လက်ရာကို မစားရမနေနိုင်ဘူး"

ဦးအဒီး စကားအဆုံးမှာ စိုင်းညီလာ အားပါးတရ ရယ်သလို
ဒီးကလည်း ရယ်သဖြင့် ကျန်လူတွေကလည်း အတူလိုက်ရယ်
သည်။

"ဦးအဒီးပြောတာ မှန်တယ်ဗျ၊ ဦးအဒီးလက်ရာကို ကျွန်တော်
ချင်နေတာ ဆေးခပ်ထားလို့ ဖြစ်မယ်"

"အဲဒီဆေးက ဘာဆေးလဲ ဦးအဒီး"

"အချစ်ဆေးလေဗျာ၊ မေတ္တာဆေးပေါ့၊ ကိုယ်ချစ်တဲ့သူတွေကို
ကောင်းကောင်းစားစေချင်တဲ့ စေတနာမေတ္တာ ဆေးခပ်ပြီး ချက်လိုက်
တာ ဘယ်သူနဲ့မှ မတူတဲ့ ဟင်းချက်လက်ရာ ဖြစ်လာရတာ"

"ကဲ... အားရပါးရသာ သုံးဆောင်ကြ၊ လိုအပ်တာတွေ
ကော့်သားသမီးတွေ လုပ်ပေးလိမ့်မယ်"

"သင့်ခ်ယူး"

ဦးအဒီးက တစ်ပွဲပြီးတစ်ပွဲ ယူလာသည့် ဟင်းပွဲအမည်တွေကို
ချက်သူအမည်နှင့်တွဲ၍ မိတ်ဆက်ပေးသဖြင့် ဦးအဒီး မိသားစု
တွေအားလုံးကို သိကျွမ်းခဲ့ရသည်။

"စားလေ အဘော အသားကင်တွေ ဟင်းတွေ များများစားမှ
ရှိမှာပေါ့၊ အဘော စားနေပုံကို ကြည့်ရတာ အားမရလိုက်တာဗျာ"

"စင်သီယာ... အဘောကို ထည့်ပေးပါဦး"

"တော်ပြီ မမစင်သီယာ၊ အဘောအတွက် ဒီလောက်ဆို ပြည့်
ပါပြီ၊ နောက်ထပ် ထပ်မထည့်နိုင်တော့လို့ပါနော်"

စိုင်းညီလာက အဘော စားနေပုံကိုကြည့်ပြီး အားမရိုအားမရ



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကြီးဝင့်လိုက်၊ သူနှင့်အလှမ်းဝေးနေ၍ သူ့မိန်းမ စင်သီယာ ထည့်ခိုင်းလိုက် ဖြစ်နေပုံကို စိုင်းရိုးမ မကြည့်ချင်ဘဲ လှမ်းမြင်နေ သည်က သူနှင့်မျက်နှာချင်းဆိုင် ဖြစ်နေ၍ပါ။

"ရိုး... စားလေ"

"အော်... အင်း"

ခမ်းမွန်က သူမကိုယ်တိုင် ကျောက်ငါးချိုချဉ်ကြော်ကို ရိုးမပန်းကန် ထဲ ထည့်ပေးသည့်ပုံက တယုတယ ကြင်နာမှုအပြည့် ဖြစ်သည် ဒါကို စိုင်းရိုးမလည်း သိသည်။ သူ့အပေါ်မှာ ခမ်းမွန်အချစ်၊ ခမ်း အကြင်နာတွေ ဘယ်လောက်များပြားမှန်း သိပေမယ့် ခမ်းမွန်အပေါ် ဘာတစ်ခုမှ ခံစားလို့မရတာတော့ ရိုးမလည်း မတတ်နိုင်။

"ခမ်းမွန်လည်း စားလေ"

"အင်း"

ရိုးမက ခမ်းမွန်ပန်းကန်ထဲ ဟင်းပြန်ခပ်ထည့်ပေးတော့ ခမ်း မျက်နှာလေး ပြုံးပျော်သွားသည်။ ခမ်းမွန် လိုချင်တာကလည်း ရိုး ဆီက အကြင်နာ။ ရိုးမရဲ့ ဂရုစိုက်မှုဆိုတော့ ဒီခရီး လာရကျိုးနပ်သွား ပြီဟု တွေးလိုက်သည်။ ခမ်းမွန် စိတ်ထဲကလည်း စိုင်းညီလာ ကျေးဇူးတင်နေ၏။ လူကြီးချင်း သဘောတူထားသည်ဆိုပေမယ့် လူငယ် ချင်း ရင်းနှီးဖို့ လိုသေးသည်ဟု ပြောခဲ့သည့် သူ့စကားအတိုင်း စိုင်း ညီလာက လက်တွေ့ကျင့်သုံးပြနေသည်။

"တွေ့လား ဒေဝီ၊ ဟိုမှာ ရိုးတို့စုံတွဲ၊ တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက် ကြင်နာလဲ"

"အမယ်လေး... ဟင်းလေးခပ်ထည့်ပေးတာလောက်များ





ကားထဲ ထည့်ပြောနေရသေးလား စတီဗင်ရယ်၊ ဒေဝီက ရှင့်ကို ဝ်ထဲအထိ ခွံ့ကျွေးဦးမှာ သိလား"

ထိုစကားကို ဒေဝီက ပြောခြင်း မဟုတ်ပါ။ ဒေဝီကိုယ်စား တို့နှင့်အတူ ရှိနေသည့် ပင်စီက ပြောခြင်းဖြစ်သည်။

"ပင်စီ ပြောသလို ဟုတ်သလား ဒေဝီ"

"ဒေဝီ မသိဘူး"

"ဟား... ဒေဝီ သိပ်ရက်စက်တာပဲကွာ၊ ကိုယ့်အပေါ်မှာ လောက်တောင် မကြင်နာနိုင်ဘူးလား"

စတီဗင့်စကားကို ဒေဝီက မကြားသလိုလုပ်ပြီး သူမ စားစရာ တွေကို ခပ်အေးအေး ဆက်စားနေ၍ စတီဗင် ဒေဝီ့မျက်နှာလှလှလေး ကို စိုက်ကြည့်ပြီး အသည်းယားနေမိသည်။ သူနှင့်ဒေဝီ ချစ်သူတွေ ပေမယ့် ဒေဝီက သူ့အပေါ်မှာ ကန့်သတ်ချုပ်ချယ်မှုတွေ အများ ကြီးပေးထားသူ ဖြစ်သည်။

ချစ်သူသက်တမ်း တစ်နှစ်ကြာလာသည်။

အခုချိန်ထိ ဒေဝီ့ပါးလေးကို သူမအလစ်မှာ ခိုးနမ်းဖူးတာကလွဲ ဒေဝီက စတီဗင်ကို သူမနား အကပ်မခံတာ အဆိုးဆုံးဖြစ်သည်။ တို့နှင့်ပတ်သက်ပြီး ဒေဝီနှင့်သူ စိတ်ဆိုးစကားများကြတော့ ဒေဝီ မျက်နှာမှာ ဘာအပြောင်းအလဲမှ မရှိ။ သွေးဆူပေါက်ကွဲနေသည့် မျက်နှာကိုကြည့်ပြီး စကားတစ်ခွန်းပဲ ပြောသည်။

"ရှင် မကျေနပ်ရင် ဒေဝီကို အခုချိန်ကစပြီး မေ့လိုက်တော့ ပေါ့ရှင်၊ ဒေဝီလည်း ရှင့်ကို မေ့လိုက်ပြီ"

"ဘာ... မင်း ဘာစကားတွေ ပြောနေတာလဲ ဒေဝီ၊ အခု



www.burmeseclassic.com

www.burmeseclassic.com



ချစ် အခုမှေ့ရအောင် အချစ်ကို မင်းက ဘာထင်နေလို့လဲ”

“ဘာမှမထင်ဘူး၊ ရှင် ချစ်ချင်တဲ့အချစ်နဲ့ ဒေဝီချစ်ချင်တဲ့ အ
မတူမှမတူတာ၊ ဒီတော့ ညှိနှိုင်းလို့မရတဲ့ အတူတူ လမ်းခွဲလိုက်
နှစ်ယောက်စလုံးအတွက် အကောင်းဆုံးပဲ”

ထိုအချိန်ကတည်းက ဒေဝီစိတ်ကြိုက်ဖြစ်အောင် ကြိုးစားလ
ရတာ အခုချိန်ထိ ဖြစ်သည်။ ဒေဝီက သူမထုံးစံအတိုင်း တစ်ခုခုဆို
ဒီလိုပဲ မကြားသလို မမြင်သလို လုပ်နေကြဖြစ်၍ သူ ဘာမှပြေ
မရ။ ဒီနေ့တော့ သူဒေဝီကို ပြောချင်နေသလို သူ့ရင်ထဲ ပြည့်
နေသည့် အချစ်တွေကိုလည်း ထိန်းချုပ်ကန့်သတ်မထားဘဲ လွှတ်
ပွင့်လင်းစွာ ဖွင့်ချပစ်ချင်နေ၏။

“ဒေဝီ”

“ပြော”

“ကိုယ့်ကို ဘယ်တော့ လက်ထပ်မှာလဲ”

ရုတ်တရက်ကြီး သူဖြစ်ချင်တာကို မေးလိုက်၍ ဒေဝီက စတီ
မျက်နှာကို အံ့သြသလို ကြည့်သည်။

“ရှင် ဘာတွေပြောနေတာလဲ စတီဗင်”

“ကိုယ် သိချင်တာကို မေးနေတာ”

“ရှင်က ဘယ်အချိန် လက်ထပ်ချင်လို့လဲ”

“အခု”

“ခစ်… ခစ်”

“အဟင်း… ဟင်း… ဟင်း”

ကလေးဆိုးကြီးနှင့်တူသော စတီဗင်ကိုကြည့်ပြီး ပင်စီက ရယ်





သလို ဒေဝီလည်း ရယ်မိသည်။ စတီဗင် ချစ်စရာကောင်းတာ သိ
အမယ့် တစ်ခါတလေ ဂျစ်ကျတတ်တာလေးတွေလည်း ရှိသည်။

“ဒေဝီက ကိုယ့်ကို ဘာရယ်တာလဲ”

“သဘောကျလို့”

“အခုချိန်က ဒီမှာရှိတဲ့ အစားတွေကို ကုန်အောင်စားရမယ့်
အချိန်၊ ဒေဝီ့ကို လက်ထပ်ဖို့ ပြောရမယ့်အချိန် မဟုတ်ဘူး၊ ဟိုမှာ
ဘွားလား၊ ကိုကြီးတို့ဝိုင်းပြီးရင် ရှင့်ကို ဘယ်သူမှ စောင့်နေမှာ မဟုတ်
ဘူး၊ စားစရာရှိတာ စားပြီးမှ ပြောစရာရှိတာ ပြော”

“ဒါဆိုလည်း ပြီးရော”

ဒေဝီပြောတာ မှန်နေ၍ စတီဗင် ရှေ့ဆက်ပြီး ဘာမှပြန်မပြော
နိုင်ပဲ ငြိမ်သွားသည်။ ပြီးတော့ သူ့ရှေ့မှာ ရှိနေသည့် စားစရာတွေကို
ကြည့်ပြီး စိတ်မပါသလို ပုံစံနှင့် ဆက်စားသည်။

“ယောက်ျားဆိုတာ စိတ်မကောက်ရဘူး”

“ဘယ်သူက စိတ်ကောက်တယ် ပြောနေလို့လဲ”

“မကောက်ဘူးလား၊ ဒါဆို ဒေဝီက ကိုယ့်ချစ်သူကို ဂုဏ်ပြု
မှာပေါ့… ဒီမှာ”

လေထဲမြောက်တက်လာသည့် ဝါးတူလုလုလေးထဲ ပါလာသည့်
အသားခြောက်တစ်ဖတ်ကို စတီဗင်ပါးစပ်ထဲ ဒေဝီကိုယ်တိုင် ခွံ့
ကျွေးလိုက်တော့ ပြုံးပျော်သွားသည့် စတီဗင်မျက်နှာကို ဒေဝီ စိုက်
ကြည့်လိုက်သည်။

“ဘယ်လိုလဲ ကျေနပ်ပြီလား”

“နိုး”



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အချစ်ကို ကိုယ်ကိုယ်တိုင် ပြန်ခွဲကျွေးရမှ ကျေနပ်မှာ

"အဝိုတွေ လုပ်မနေစမ်းပါနဲ့"

"ကိုယ့်ကိုချစ်ရင် ကိုယ့်စကားနားထောင်"

စတီဗင် ကျေနပ်အောင် သူခွံကျွေးတာ စားလိုက်မှ သူ့မျက် ...
ပြုံးသွားတာကြည့်ပြီး ဒေဗီ သက်ပြင်းချလိုက်သည်။ ဘယ်သူမှ ဒေဗီ ...
ရုံတွဲကို စိတ်မဝင်စား။ ကိုယ့်အုပ်စုနှင့်ကိုယ် အလုပ်ရှုပ်ပြီး အာရုံ ...
များနေကြသည်။ တကယ်တော့ ဒီခရီးကို ဒေဗီက လိုက်ချင် ...
မဟုတ်။ အစ်ကိုဖြစ်သူ စိုင်းညီလာအမိန့်နှင့် လိုက်ခဲ့ရခြင်း ဖြစ်သည ...

"လူစုံရင် ခရီးဆက်ကြမယ်ဟေ့"

စိုင်းညီလာတို့ကားတွေ ထွက်လာတော့ ဦးအဒီနှင့် သူ့မိသား ...
တွေ လက်ပြပြီး နှုတ်ဆက်ပြီး ကျန်ခဲ့သည်။ ခရီးက နေမဝင် ...
ရောက်ရမည့်ခရီး ဖြစ်သည်။ တောင်ဆင်းတောင်တက်လမ်းတွေ ...
တခြားသူတွေအတွက် မည်သို့ရှိမည် မသိရသော်လည်း အစောအတွ ...
စိတ်ဝင်စားစရာ၊ အံ့သြဖွယ်ကောင်းစရာတွေချည်း ဖြစ်သည်။

မြေပြန့်မှာမွေး၍ မြေပြန့်လွင်ပြင်မှာသာ ကြီးပြင်းခဲ့ရသော အစော ...
ရှမ်းပြည်ရှမ်းရွာများနှင့် အစိမ်းသက်သက်ဖြစ်ရုံမက ထင်းရှူး၊ ချယ် ...
စိန်ပန်းပြာ၊ ယူကလစ်တို့နှင့် စိမ်းသူဖြစ်သည်။ ခရီးစဉ်တစ်လျှော ...
မည်သူမျှ စကားမပြောကြ။ အားလုံး ကိုယ့်အတွေးနှင့်ကိုယ် ငြိမ် ...
သလို ကလေးများနှင့် နာနီကမူ အိပ်ပျော်တစ်လှည့်၊ မပျော်တစ်လှ ...
ဖြစ်သည်။

အစော သူမ မြင်တွေ့ရသော တောင်စွယ်တောင်တန်း ထင်းရှူး ...
တောများအားလုံး ကြည့်ရမြင်ရသမျှ ကြည့်နူးရှုမ်းမြေ့စရာချည်း ဖြစ် ...



... ညနေချိန်မှာ တိမ်ရောင်တောက်နေပုံက ဆန်းပြား ခမ်းနားနေ၏။
... သော် ဤသည်မှ ခေတ္တာခဏသာ ဖြစ်သည်။ တောင်တန်းများက
... ဦးငယ်လိုက်၊ တချို့ တောင်ကြီးများက တခြားတောင်များကို
... နေ၏။ မြေပြန့်လွင်ပြင်တွင် အနံ့အသက် မကောင်းသလောက်
... င်မြင့်လေပြည်မှာ ချိုအေးမွှေးမြနေသည်ဟု အစော စိတ်တွင်
... မိ၏။

ရေပြာစခန်းသို့ ရောက်သည့်အချိန်မှာ အစောမှတစ်ပါး အားလုံး
... ပ်များနေ၏။ ပစ္စည်းသယ်ပေးသည့် အလုပ်သမားများ၊ ညစာ
... င်ချက်ပြုတ်နေကြသူများ၊ စိုင်းညီလာတို့ မိသားစုကို လာရောက်
... နှုတ်ဆက်ကြသူများဖြင့် စည်ကားရှုပ်ထွေးလျက် မအားရ
... င် သူတို့အလုပ်များနေချိန်မှာ အစောက သူမအတွက် ပေးထား
... ည့် အိပ်ခန်းလေးငဲ ရောက်ရှိနေရာယူထားပြီး ဖြစ်သည်။ မီးလင်း
... သော အိပ်ခန်းက နွေးနေ၏။ တစ်ယောက်အိပ်ခုတင်၊ မှန်တင်ခုံ၊
... စားပွဲ၊ အဝတ်ဗီရိုမှအစ ရေချိုးခန်း၊ အိမ်သာအားလုံး သန့်ရှင်း
... ရှိ အဆင့်အတန်းမြင့်သည့် နေရာဖြစ်သည်။

"ခေါက်... ခေါက်"

"လာပြီ"

အခန်းအပြင်မှ တံခါးခေါက်သံကြောင့် အစောအိပ်ခန်းတံခါးကို
... ဖွင့်မှာ မားမားကြီး ရပ်နေသည့် သဏ္ဌာန်ကြောင့် အစော အံ့သြ
... သည်။

"ကိုစိုင်း"

"ဟုတ်ပါတယ်ဗျာ၊ အစောအခန်းမှာ လိုအပ်တာ ... တွေရှိ



www.burmeseclassic.com

www.burmeseclassic.com



သေးလဲလို့ ကိုယ်လာကြည့်တာ”

စိုင်းညီလာက အစောကိုပင် ခွင့်တောင်းစကားမဆို။ အ
အိပ်ခန်းထဲသို့ ခြေလှမ်းကျဲကြီးများနှင့် မားမတ်ခန့်ညားစွာ ဝင်ရော
လာပြီး အိပ်ခန်းတစ်ခုလုံး မျက်လုံးစွေ့ရှ တောက်ပသော မျက်
နက်နက်များဖြင့် သူ့စိတ်ကြိုက် လှည့်ပတ်ကြည့်သည်။

အစောက သူ့နောက်မလိုက်။

အခန်းဝမှာရပ်လျက် စိုင်းညီလာ လှုပ်ရှားမှုကို လိုက်ကြည့်
ဒီအချိန်သာ သူနှင့်အစောကို အခုလို ပုံစံနှင့် တခြားသူတစ်ယော
မြင်တွေ့သွားမှာကို စိုးရိမ်နေ၏။

“ဘာဖြစ်နေတာလဲ အစော၊ နေမကောင်းဘူးလား”

သူက ပြောပြောဆိုဆို အစော နားရောက်လာပြီး လက်ရဲဝ
အစောနဖူးလေးကို သူ့လက်ဖဝါးနှင့် ဖွတ်ခနဲလာထိ၍ အစော မျက်
ထဲ ပြာသွားသည်။

“အို…”

“ကိုယ်လည်း မပူပါဘူး၊ ခရီးပမ်းလို့ထင်တယ်၊ ရေနွေး
လေးနဲ့ ရေချိုးပြီး အနားယူလိုက်ရင် ကောင်းသွားမှာပါ၊ လိုအပ်
ရှိရင် ဒီကြိုးလေးကို ဆွဲလိုက်”

“ဟုတ်ကဲ့”

အစောမှာ မကောင်းတတ်၍ သူပြောသမျှ နားထောင်ပြီး ခေါ
ညိတ်လိုက်ရသော်လည်း စိတ်ထဲကတော့ အစောအပေါ် ပိုင်စိုးပိုင်
ပြုမှုပုံကို မကျေနပ်ချေ။ သို့သော် စိုင်းညီလာပုံစံက တည်တည်ခ
အစောအပေါ် ဂရုစိုက်နေ၍ ရုတ်တရက် ဘယ်လိုစကားဆိုရမှန်း





ဖြစ်နေ၏။

“သြော်… နေဦး၊ ညမီးပျက်ရင် သုံးဖို့ စားပွဲအံဆွဲထဲမှာ
ဓာတ်နှိပ်ဓာတ်မီးနဲ့ မီးခြစ် ဖယောင်းတိုင် အသင့်ရှိတယ်နော်”

“ဟုတ်ကဲ့”

“ညစာစားမယ့် အချိန်ကျမှ ကိုယ်လူလွှတ်ပြီး အခေါ်ခိုင်းလိုက်
မယ် အစော အခု အနားယူလိုက်ဦး”

“ကိုယ်သွားပြီ”

“ဟုတ်”

စိုင်းညီလာက သူပြောချင်တာပြောပြီး အစောအခန်းထဲက ထွက်
သွားမှ အခန်းတံခါးကို သော့ပိတ်ရင်း သက်ပြင်းချလိုက်သည်။ အလုပ်
ရှင်နဲ့ အလုပ်သမားဆိုပေမယ့် စိုင်းညီလာ အခုလို သူစိတ်ထင်ရာ
လုပ်သွားတာမျိုး အစောဘက်က ခွင့်မပြုနိုင်ပါ။ စိတ်မောလူမောဖြင့်
ဖူယာထူထူ ခင်းထားသည့် အိပ်ရာပေါ် အသာလှဲချလိုက်သည်။

ရှိုးမညီလာမှာ အလုပ်လာလုပ်မိတာ မှားများမှားနေပြီလားဟု
တွေးရင်း စိုင်းညီလာတို့ မိသားစုအကြောင်းက အတွေးအာရုံမှာ စိုင်း
မျက်နှာချောချောက ဘွားခနဲပေါ်လာ၏။ ခရီးစဉ်တစ်လျှောက်လုံး
အနားမှာ မိန်းမလှလေး ခမ်းမွန်ရှိနေပေမယ့် သူကလည်း အစောကို
လိုချင်နေသလိုလို။ မကျေနပ်သလိုလို အကြည့်တစ်မျိုးနှင့် မကြာ
ခဏ လှမ်းလှမ်းကြည့်နေတတ်တာ အစော သတိထားမိသည်။

သူက အစောကို ရှိုးမညီလာမှာ မရှိစေချင်သည့်သူဆိုတော့
အစော ဘာလုပ်လုပ် သူ့မျက်လုံးထဲ ဘာတစ်ခုမှ ကြည့်ရပုံမရှိ။ ဒီ
ကြားထဲ ဒေဝီကတစ်မျိုး။ အစောကို ကြည့်ရှုပြောဆို ဆက်ဆံလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဖေဒီပုံစံက အဖက်မတန်သလို။ မတူမတန်သည့်ပုံ တမင်ထား
အစောကို နှိမ့်ချဆက်ဆံတာ အစောသိပေမယ့် မတတ်နိုင်။

သူ့ဆန်စားမှတော့ ရဲရမည်။ ဒါအပြင်မရှိ။ အိပ်ရာကထ
ရေချိုးခန်းထဲဝင်ကာ ရေနွေးနှင့်ရေချိုး အဝတ်လဲသည်။ နဂိုလှပြီးသ
မျက်နှာကို ဘာမှထပ်ပြင်ဆင်ခြင်း မပြုတော့ဘဲ ခရင်လိမ်း၊ နှုတ်ခ
ပါးပါးဆိုး၊ မျက်လုံး မျက်ခုံး ခပ်ပါးပါးခြယ်တာလောက်ပဲ လုပ်လို
သည်။

အဝတ်ကိုတော့ ထူထူဝတ်ရသည်။

အနွေးအင်္ကျီပါသော်လည်း ရာသီဥတုက ချမ်းစိမ့်နေသည
ဆံပင်ရှည်ကြီးကို ကျစ်ဆံမြီးရှည်ကြီးကျစ်၍ ခပ်ရိုးရိုးရှင်းရှင်း ပြင်
ခြယ်သပြီးချိန်မှာ အခန်းတံခါးခေါက်သံ ကြားရသည်။

"ခေါက်… ခေါက်"

"ဘယ်သူလဲ"

"ကိုယ်ပါ"

"ဟင်"

အသံက စိုင်းရိုးမအသံ ဖြစ်နေ၍ အံ့ဩသွားသည်။ စိုင်းညို
ပြောတုန်းက လူလွှတ်ပြီး ခေါ်ခိုင်းလိုက်မယ်ဆိုတာ သူ့ညီကို ေ
တာလား။ အခန်းတံခါးကို ဖွင့်လိုက်တော့ အခန်းအပြင်မှာ မားမ
ခန့်ညားစွာ ရပ်နေသည့် ရိုးမကို တွေ့လိုက်ရ၏။

"ညစာစားဖို့ လာခေါ်တာ"

"ဟုတ်ကဲ့"

"ဒီမှာ ဘယ်အချိန်အထိ အလုပ်လုပ်ဖို့ ဆုံးဖြတ်ထားလဲ"





"ရှင်"

စိုင်းရိုးမစကားကြောင့် အစော သူ့မျက်နှာကို မော့ကြည့်လိုက်
သည်။ သူက အစောမျက်နှာကို ကြည့်နေ၍ အကြည့်ချင်းဆုံသွား
သည့် သူဘယ်သူမှ အကြည့်ကိုမလွှဲ။ အစော စကားပြောတိုင်း သူ့
မျက်နှာကို မော့ကြည့်ရသလို သူစကားပြောလျှင် အစောမျက်နှာကို
ကြည့်ရအောင် ညီအစ်ကိုနှစ်ယောက်စလုံး အရပ်အမြင့်ကြီးတွေ
သည်။

"ရှင် ဘာဖြစ်လို့ အစောကို ဒီမှာ မနေစေချင်ရတာလဲ"

"မနေစေချင်လို့ပေါ့"

သူ့အသံက ပြတ်သည်။

ဖြေသည့်အဖြေကလည်း ရှင်းလွန်း၍ အစော ဘာဆက်ပြော
မသိ ဖြစ်သွားကာ ရိုးမမျက်နှာကို လှပဝိုင်းစက်သော မျက်လုံး
တွေနှင့် ပြန်ကြည့်နေမိသည်။

"အကောင်းဆုံးက မင်းဒီက အမြန်ဆုံး ပြန်သွားပါ၊ ကိုယ်
လိုတာက…"

"ရိုးက ဒီကိုရောက်နေတာကိုး"

"ဪ… ဖေဒီ"

ရိုးမ စကားမဆုံးခင် သူတို့နား ရောက်လာသည့် ဖေဒီကြောင့်
ကားပြတ်သွားကာ ဖေဒီဘက် လှည့်လိုက်သည်။

"ကိစ္စရှိလို့လား ဖေဒီ"

"ခမ်းက ရိုးကို လိုက်ရှာနေလို့ ဖေဒီက ကူရှာပေးတာ"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



စကားပြောရင်း ဒေဝီအကြည့်တွေက ရှုးခနဲ အစောထံ ရောက် ... လာပြီး အထင်အမြင်သေးသလို အကြည့်နှင့် အစောမျက်နှာကို တစ်ချက် ... လှမ်းကြည့်သည်။ ပြီးမှ အစောကို ဂရုမစိုက်ဟန်ဖြင့် ရိုးမနား ... လျှောက်လာကာ ရိုးမလက်မောင်းတစ်ဖက်ကို ပိုင်နိုင်စွာ ဆွဲယူဆုပ်ကို ... လိုက်သည်။

"လာ… ဟိုမှာ လူစုံနေပြီ သွားကြရအောင်"

အစောကို တစ်ချက် လှည့်မကြည့်။ နှုတ်ဆက်စကားပင် မဆို ...

ရိုးမလက်မောင်းကို ဆွဲပြီး သူမလက်နှင့် ပိုင်နိုင်စွာချိတ်လျှ ... စကားဖောင်အောင်ပြော၍ အစောနားက ထွက်သွားသူကို အစော ... အသာငြိမ်ကြည့်နေလိုက်သည်။

"အစော… လာလေ"

"ဟုတ်ကဲ့"

ရိုးမက နောက်လှည့်ပြီး အစောကို ခေါ်ခြင်းဖြစ်သည်။

"လာစမ်းပါ… ဒီပုံကို ခမ်းမြင်ရင် မိုးမီးလောင်မယ် သိလား"

"ခမ်းနဲ့ ဘာဆိုင်လို့လဲ"

ရိုးမအသံက ခပ်ဆတ်ဆတ်။

"သိပ်ဆိုင်တာပေါ့၊ ခမ်းက ရိုးနဲ့လက်ထပ်မယ် ရိုးရဲ့ဇနီးလောင်း ... ပဲ၊ ကိုယ်နဲ့လက်ထပ်မယ့် သတို့သားလောင်းက တခြား၊ မိန်းမနော ... သွားနေတာ ဘယ်မိန်းမကမှ သဘောကျမှာ မဟုတ်ဘူး"

"သူ သဘောကျအောင် ကိုယ်က နေနေတာမှ မဟုတ်ဘဲ ... သူကြိုက်ကြိုက် မကြိုက်ကြိုက် ဂရုမစိုက်ဘူး"

ပြတ်သားတင်းမာသည့် ရိုးမစကားအောက်မှာ ဒေဝီ မလှုပ်နိုင် ...

... ငြိမ်သွားပေမယ့် စိတ်ထဲကတော့ အစောဆိုသည့် မိန်းမကို ... နှပ်။ စတွေ့ကတည်းက သိပ်လှသည့် အစောကို ဒေဝီစိတ်ထဲက ... မရအောင် မုန်းမိသည်။ ကလေးတွေကို စာမသင်ဘဲ ရုပ်ရှင် ... သမီး လုပ်စားရအောင် ချော့မော့လှပလွန်း၍ ဒေဝီစိတ်ထဲက မနှစ် ...

ဒေဝီကိုယ်တိုင် အစောလို မိန်းမချော မိန်းမလှမျိုး မဟုတ်။ ... နှံ့ရှက်ကြမ်း ရေကြီးမှုသာဖြစ်၍ အလှပြင်တွေ အကူအညီနှင့် ... ကိုယ့်ကိုကိုယ် အနုစိတ်ခြယ်မှုန်းနေရတာတောင် အစော၏ ... ယ်အသ တစ်ခုမပါသော သဘာဝမျက်နှာကိုပင် လိုက်၍မမီ။ ... ရော ညီလာပါ အစောဆိုသည့် မိန်းမကို တစ်ယောက်တစ်မျိုးစီ ... ဝင်စားနေကြမှန်းသိရတော့ ပိုဆိုးသည်။

ဒေဝီ့ရင်ထဲက မနာလိုမှုတွေ အပြင်ကို ပွင့်ထွက်မလာအောင် ... ထားပြီး စိတ်ကို ထိန်းချုပ်နေရပေမယ့် အစောဆိုသည့် မိန်းမကို ... ကြီးက အမြန်ဆုံး ထွက်သွားစေချင်မိသည်။ အထူးသဖြင့် ရိုးမ ... မှာ အစောကို မမြင်ချင်။ ရိုးမဆိုတာ ဒေဝီရဲ့အချစ်ဦး။

ဘယ်လိုမှ မရနိုင်မှန်း သိရက်နဲ့ ရိုးမကို ချစ်ခဲ့မြတ်နိုးခဲ့သော ... နှလုံးသား၏ မိုက်မဲရူးသွပ်မှုကို ဒေဝီကိုယ်တိုင် မတားဆီးနိုင်ခဲ့။ ... ခုသေချာသည်က ဒေဝီစိတ်ထဲရှိတာကို ဖော်ထုတ်လိုက်မိတာနှင့် ... သားစု ဒီအသိုင်းအဝိုင်းထဲက သူမ ထာဝရထွက်ခွာ ကျောခိုင်းသွား ... ကို ဒေဝီကိုယ်တိုင် သိထားသည်။

နားလည်ထားသည်။ ကိုယ့်ချစ်သူနားက တခြားတစ်ပါးကို ... ခွာ မသွားချင်လျှင် ဒေဝီလုပ်နိုင်တာက တခြားတစ်ယောက်ကို



www.burmeseclassic.com

လက်ထပ်ရယူခြင်း ဖြစ်သည်။ ရိုးမအကြောင်းကို ဒေဝီ သိသ...
ထို့ကြောင့် စတီဗင်ကို ဒေဝီလက်ထပ်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သ...
မချစ်သောလည်း အောင့်ကာနမ်းရမည်။ ရိုးမက ဒေဝီ မရနိုင်...
တခြားသူက ရိုးမကို အပိုင်သိမ်းသွားမှာမျိုးကိုလည်း လက်မခံ...

ရိုးမနှင့် လူကြီးချင်း သဘောတူထားသည့် ခမ်းမွန်ကို ...
လုံး၀ စိတ်မဝင်စားတာကို မြင်ရတော့ ဒေဝီ ကျိတ်ဝမ်းသာနေသ...
ရိုးမ ဘယ်သူ့ကိုမှ မချစ်လေ ဒေဝီအတွက် စိတ်ချမ်းသာစရာကော...
လေဆိုပေမယ့် အစောကိုကျတော့ ရိုးမကိုယ်တိုင် စိတ်ဝင်စားနေ...
မြင်ရသည့်အတွက် စိတ်မချမ်းသာ။ တားမြစ်ရအောင်လည်း တ...
စွမ်းခြင်း မရှိ။ ဒီတော့ ရသည့်နည်းနှင့် ရိုးမနားမှာနေဖို့ ကြိုးစားသ...
ဒေဝီအဖြစ်က ဒါပဲဖြစ်သည်။

ကိုယ်လည်းမရ။ သူများကိုလည်း မပေးရက်။

ညစာအတွက် ပြင်ဆင်ထားသည်က စားသောက်ခန်းမထဲ...
မဟုတ်။ အပျော်လာသည့် ခရီးဖြစ်၍ ဘာဘီကျူသဘော ကိုယ်...
ယူကိုယ်တိုင်ကြိုက်ရာ ကင်စားနိုင်သည့် အသားကင်၊ ငါးကင်...
အပြင် အသင့်ကင်ပြီးသား ချက်ပြုတ်ထားသည့် အစားအသောက်...
လည်း ပါသည်။ အလယ်မှာ မီးပုံကြီးတစ်ခု။ ထိုပတ်ပတ်လည်...
ညှသည်တွေ ဝိုင်းဖွဲ့ထိုင်နေတာရှိသလို တခြားကိုယ့်အစုနှင့်ကို...
ရယ်မောစကားပြောရင်း စားကြသောက်ကြနှင့် ပျော်စရာ ဖြစ်သ...

အစောတို့ ရောက်လာတော့ စိုင်းညီလာကိုယ်တိုင် အစော...
ကြိုဆိုနေရာပေးသည်။ စိုင်းညီလာနှင့်အတူ အစောကို အချိုသား...
အပြုံး။ အနုးညှံ့ဆုံး အမူအယာနှင့် လိုက်လှဲဖော်ရွေစွာ ဆက်ဆံ...

...သူက စင်သီယာ ဖြစ်သည်။

"လာ... အစော... မမစင်သီယာတို့ ဝိုင်းမှာပဲ ထိုင်နော်"

"ဟုတ်ကဲ့ မမ"

"ဦးဗဒ္ဒရေ... ဒီကိုစားစရာတွေ ချပေးပါဦး"

"ဟုတ်ကဲ့ ဆရာ"

အစောတို့ဝိုင်းက လူကြီးဝိုင်းဖြစ်သည်။

အကင်မျိုးစုံ၊ စားစရာမျိုးစုံအပြင် အချိုရည်အပါအဝင်နှင့် တခြား...
...သောက်စရာမျိုးစုံပါသည့်အတွက် စားလည်းစား၊ စကားလည်း ပြော...
...ဖြစ်သည်။

"စားနော် အစော၊ ဒီကို အပျော်သက်သက် လာတာဆိုတော့...
...ညစ်စိတ်ရှုပ်စရာရှိရင် ဘေးဖယ်ထား ဟုတ်လား"

စင်သီယာက အလွန်လှပ၍ တန်ဖိုးကြီးသော အဖိုးတန်သားမွေး...
...အင်္ကျီဖြူဖြူနှင့် ဘောင်းဘီရှည်အဖြူကို ဝတ်ဆင်ထားသော်လည်း...
...နေရာတည်းမှာ ငြိမ်ငြိမ်မနေ။ ဧည့်သည်တော်များဖြစ်သူနားမှာ လိုအပ်သမျှ...
...ပေးနေသလို တခြားဧည့်သည်များအပေါ်မှာလည်း ဧည့်ဝတ်...
...လှသော အမျိုးသမီးလေး ဖြစ်သည်။

ဟိုဒီကူးပြီး လှုပ်ရှားလိုက်တိုင်း သူမကိုယ်မှ စိန်တွေက အရောင်...
...လက်လက်သွားပုံက လှသည်။ ပြီးပြည့်စုံသည်။ ဒေဝီက ရိုးမကို...
...ခန်းမွန်တို့အုပ်စုထဲ ခေါ်သွား၍ အစောထံ ပြန်ရောက်မလာတော့။

"အစော"

"ရှင်"

"ဖျော်ရည်တစ်ခွက် သောက်ဦးလေ၊ ဘာသောက်မလဲ"

www.burmeseclassic.com



"လိမ္မော်ရည်ဆိုရင် ရပါပြီ"

"ကိုယ်ယူပေးမယ်"

"အို… နေပါစေ၊ အစောဘာသာ ယူပါ့မယ်"

အစော ဘယ်လိုပြောပြောမရ။

စိုင်းညီလာကိုယ်တိုင် အစောအတွက် လိမ္မော်ရည်ယူပြီး သူ နားမှာ လာချပေးသဖြင့် အားနာနာနှင့် သူယူလာပေးသည့် လိမ္မော် ရည်ကို သူ့ရှေ့မှာဘဲ သူကျေနပ်အောင် တစ်ရှိုက်လောက် သော လိုက်ရသည်။

"အစောက သိပ်လှတာပဲနော်"

"ရှင်"

"အပွန်း… ပွန်း… ပွန်း"

"ကိုယ် ဘာပြောပြော၊ အစော အုံ့သြနေတာကိုလည်း သဘော ကျတယ်"

ပြဿနာပါလား။

အစောမျက်နှာကို ရွှန်းရွှန်းစားစား စူးစိုက်ကြည့်ပြီး ချစ်စနိုးဟ ရယ်မောလိုက်သော စိုင်းညီလာကြောင့် အစော ပါးလေးတွေရဲပြီး လူတစ်ကိုယ်လုံး ထူပူကာ အနေရခက်သွားသည်။ အိမ်ထောင်သည် ယောကျ်ားတစ်ယောက်၏ ချီးကျူးစကားက အစောအတွက် ချိုမြိန်ခြင်း မရှိဘဲ ခါးသက်ပူလောင်သွားကာ နေရာက ထသွားချင်စိတ် ဖြစ်လာ သည်။

အနားမှာ စင်သီယာလည်း မရှိ။

တခြား ညှော်သည်ဝိုင်းကို ကူးသွား၍ စိုင်းညီလာနှင့် အစော





ယောက်တည်း ကျန်ရစ်ခဲ့သည့်အချိန်မှာ ထင်မှတ်မထားသည့် း အပြောခံလိုက်ရ၍ အစောမျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ဘာဖြစ်လို့ မျက်နှာပျက်သွားရတာလဲ၊ ကိုယ်ပြောတာကို သဘောမကျလို့လား"

မေးသည့်လူက ဖြောင့်ကျကျ မေးနိုင်ပေမဲ့ ဖြေရမည့်သူက ယ်လိုဖြေရမှန်းမသိ ဖြစ်သွားသည်။ သို့သော် ရင်ထဲရှိတာကို ထိန်ချန် ချင်။ အလုပ်ရှင် သဘောမကျ၍ အလုပ်က ထွက်သွားရလျှင် ည်း ကိစ္စမရှိ။ အားနာပြီး ရေငုံနှုတ်ဆိတ်နေရင် ပိုဆိုးလာဖို့ပဲရှိ၍ ပြောမည့် စကားကို စကားလုံး ရွေးချယ်ပြီး အစောမျက်နှာကို ကြည့်နေသည့် စိုင်းညီလာမျက်နှာကို တုံ့ပြန်ကြည့်လိုက်သည်။

"အစော ဘာပြောချင်လဲ ပြောပါ"

အစောမျက်နှာကို မျက်တောင်မခပ် ကြည့်နေသူထံမှ ထွက်လာ ာ အသံဖြစ်သည့်အတွက် သူမပြောရမည့် စကားကို အားမနာတမ်း ဘောက်က ပြောလိုက်သည်။

"ကျေးဇူးပြုပြီး နောက်တစ်ခါ အစောလှတဲ့အကြောင်းကို ကိုနိုင်း ပြောပါနဲ့လို့ ပြောချင်ပါတယ်"

"ဘာဖြစ်လို့လဲ၊ အစောက လှလို့လှတယ်ပြောတာ စိတ်ဆိုး လား"

စိုင်းညီလာက မလျှော့။

အစောသဘောကို အလွယ်တကူ မလိုက်လျောဘဲ သူပြောချင် ည့် စကားကို ဆက်ပြောနေ၍ အစောမျက်နှာလေး သိသာစွာ ပင်း သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစောကို အိမ်ထောင်ရှိ အမျိုးသားတစ်ယောက်က လှတယ်
ပြောတာမျိုး အစောမကြိုက်ဘူး ကိုစိုင်း"

"အိမ်ထောင်ရှိ အမျိုးသား ဟုတ်လား"

"ဟုတ်ပါတယ်"

အစော ခေါင်းညိတ်လိုက်တော့ သူက မရယ်မပြုံးပုံစံနှင့် အစ
မျက်နှာကို ခပ်နက်နက် စိုက်ကြည့်ပြီး မျက်ခုံးအစုံကို သဘော
သလို တွန့်ကုတ်ထားသည်။

"အိမ်ထောင်မရှိတဲ့လူ ပြောတာကိုတော့ အစောက လက်ခံ
လား"

"လူပျိုနဲ့အပျိုဆိုတာ ဘာပြောပြော တင့်တယ်လို့ အစ
ထင်တယ်"

"ဒါဆို ကိုယ်က အိမ်ထောင်သည် ဖြစ်နေလို့ မတင့်တယ်ဘူး
အစောက ပြောတာလား"

"ဟုတ်ပါတယ်၊ အဲဒီအတိုင်းပါပဲ"

"ကိုယ်က အိမ်ထောင်မရှိတဲ့ လူလွတ်ဆိုရင်တော့ အစော
လက်ခံမယ် ဒီလိုလား"

အစောမျက်နှာကို ခပ်ရဲရဲ စူးစိုက်မေးလိုက်သည့် စိုင်းညီလာ
စကားအဓိပ္ပာယ်တစ်မျိုးကြောင့် အစော ပို၍ ထိတ်လန့်ချောက်ချ
သွားသည်။

သူ့စကားက ဘယ်လိုလဲ။

အစောဆိုလိုသည်က တစ်မျိုး။ သူပြောချင်သည့် စကားအဓိပ္ပာ
က တစ်လွဲဖြစ်နေ၍ အစော စိုင်းညီလာမျက်နှာကို ခပ်တင်းတင်း





ကြည့်လိုက်သည်။

"အစော ပြောတဲ့စကားထဲမှာ ကိုစိုင်းပြောတဲ့ အဓိပ္ပာယ်မပါဘူး"

"ဟုတ်ပါပြီ၊ ကိုယ်ကလည်း ကိုယ်ပြောတဲ့စကားအတိုင်း ဖြစ်
ယ်လို့ အစောကို မဆိုလိုပါဘူးနော်"

"ကောင်းပြီလေ… အစော မကြိုက်တဲ့စကားကို ကိုယ်နောက်
ပြောဘူး၊ ကိုယ်ဘက်က စကားလွန်သွားတယ်ဆိုရင်လည်း အစော
ကိုယ်တောင်းပန်ပါတယ်"

"ဆောရီး… ဟုတ်လား…"

နှစ်ယောက် တင်းမာသော အနေအထားကို ရုတ်တရက် ပျော့
ပြောင်းသွားစေလိုဟန်ဖြင့် စိုင်းညီလာက ရယ်ရယ်မောမော အစော
ချင်သည့်ဆန္ဒကို အလွယ်တကူ လိုက်လျောအတည်ပြုလိုက်၍
အစောစိတ်ထဲ အနည်းငယ် သက်သာရာ ရသွားသော်လည်း စိတ်
နှောင့်အယှက် လုံးဝကင်းသွားသည်က မဟုတ်။

"ကိုယ့်တွေ့ဖူးသမျှ မိန်းကလေးတွေထဲမှာ အစောဟာ ကိုယ့်
တွက် ဘယ်သူနဲ့မှ မတူတဲ့ ထူးခြားတဲ့ မိန်းကလေးပဲ"

"ဘာတွေ ထူးခြားနေတာလဲ စိုင်း"

စင်သီယာ ရောက်လာ၍ အစော အသက်ရှူချောင်သွားသလို
တို့နားက ထွက်သွားချင်စိတ်လည်း ဖြစ်လာသည်။

ပြောပြီး သူက ရယ်နေနိုင်ပေမယ့် အစောက သူလို လိုက်မရယ်
ပါ။ စင်သီယာကတော့ စိုင်းညီလာပြောသည့် စကားအဓိပ္ပာယ်ကို
ကောင်းစွာ နားမလည်သော်လည်း စိုင်းညီလာရယ်တော့ သူပါ အတူ
လိုက်ရယ်နိုင်သူ ဖြစ်သည့်အတိုင်း သူမက စိုင်းညီလာနှင့် အတူရယ်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

"အစောကို ခွင့်ပြုပါဦး မမစင်သီယာ"

"ကောင်းပါပြီကွယ်၊ ဒီပွဲမှာ အစော လွတ်လပ်သလို

နေပါ"

"သင့်ခ်ယူး မမ"

သူတို့နှစ်ယောက်နားက အစော ထွက်လာခဲ့ပေမယ့် စိုင်းညို ၏ အကြည့်၊ အပြောများအောက်မှာ ပေါ့ပါးခြင်းမရှိ။ လေးလံ တာကို သတိထားလိုက်မိသည်။



## အခန်း (၈)

"အစော"

"ဩော်… မမစင်သီယာ"

တစ်ယောက်တည်း အဖော်မရှိ ဖြစ်နေတုန်း အစောနားကို သီယာ ရုတ်တရက် ရောက်လာ၍ အစော အံ့ဩသွားကာ စင်သီ ကို နှုတ်ဆက်လိုက်တော့ စင်သီယာက အစော လက်တစ်ဖက်ကို ရင်းတနီး ဆုပ်ကိုင်လိုက်သည်။

"အစောကို မမ တောင်းပန်ချင်လို့ကွယ်"

"ရှင်"

"ကြည့်ပါဦးကွယ်… အစော အံ့ဩသွားပုံလေးက ချစ်စရာ င်းလိုက်တာ။ ဒါကြောင့် စိုင်းက အစောကို မကြာခဏ ချီးကျူး ား ပြောနေရှာတာ"

စိုင်းဆိုသည့် စကားကြောင့် အစော စိတ်ရှုပ်သွားပေမယ့် စင်သီ ာက သူ့စကား သူသဘောကျသလို ခပ်တိုးတိုးရယ်သည်။ ရင်ရော ားရော ဘယ်လိုမှန်းမသိ သူတို့သဘောထားကို အစော နားမလည်



www.burmeseclassic.com

www.burmeseclassic.com



သလို လိုက်၍လည်း မမီ။ ကိုယ့်ယောကျ်ားက တခြား မိန်း… တစ်ယောက်အကြောင်း ကိုယ့်ရှေ့မှာပြောပြီး ချီးမွမ်းခန်း ဖွင့်ပြနေတ… ပျော်စရာဟု အစော မထင်ပါ။

တော်ရုံလူ ခွင့်မလွှတ်နိုင်သည့် စကားကို စင်သီယာတစ်ယော… သာ ဘာမှမဖြစ်သလို ရယ်မောနေနိုင်တာကိုလည်း အစော အံ့သြ… မိသည်။

"မမစင်သီယာကို တစ်မျိုးမထင်နဲ့နော် အစော၊ မမက အ… ကို မြင်မြင်ချင်း သိပ်သဘောကျခဲ့တာဆိုတော့ စိုင်းဘက်က အ… အပေါ်မှာ ပြောမှားဆိုမှား ရှိခဲ့ရင် သူ့ကိုယ်စား မမက အစော… တောင်းပန်စကားဆိုပါရစေကွယ်"

"တကယ်တော့ စိုင်းဟာ စိတ်သဘောထား ရှင်းတဲ့လူဆို… ဘယ်လိုကိစ္စပဲဖြစ်ဖြစ် သူ့ရင်ထဲရှိတဲ့အတိုင်း လူတွေအပေါ် ပြော… ဆက်ဆံတတ်လွန်းလို့ လူတွေက စိုင်းကွယ်ရာမှာ လူ၀တ ပေါ်… သင်းရခက်တဲ့လူလို့ ပြောကြတာပေါ့ အစောရယ်"

"မမလည်း စိုင်းကို အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အမြဲသတိ… ပါတယ်။ ဒါပေမဲ့ စိုင်းက လူတစ်မျိုးဆိုတော့ ဘယ်သူဘာပြော… ဂရုမစိုက်ဘူး၊ သူ့ပုံစံအတိုင်း သူနေတာပဲ၊ လူရိုင်းပြောပြော၊ လူ… ပြောပြော သူ့စိတ်ထဲရှိတာ ပြောတာပဲ"

"ဘယ်သူ့စကားမှ နားမထောင်ဘူး၊ သူမှန်တယ်ထင်ရင် ဖြ… ချင်ရာဖြစ် တစ်ခွတ်ထိုး လုပ်တတ်သူမျိုး ဆိုတော့လည်း… အားလုံ… ဒီအတိုင်း လက်ပိုက်ကြည့်နေရတယ်"

"မမပြောတာ အစော နားလည်ပါတယ်နော်"





"နားလည်ပါတယ် မမစင်သီယာ"

သူမခင်ပွန်းအကြောင်း တစ်ရှည်တစ်လျား ပြောနေသူမျက်နှာကို …ာ ငေးငေးလေး ကြည့်ဖြစ်သွားသည်။ ပြုံးနေသည့် စင်သီယာ …နှာလေးက နူးညံ့သိမ်မွေ့နေသလို အစောမျက်နှာလေးကို ပြုံးပြုံး …း တုံ့ပြန်ကြည့်နေပုံကလည်း ချစ်စရာကောင်းသည်။

"စိုင်းအပေါ်မှာ စိတ်မဆိုးလိုက်ပါနဲ့လို့ အစောကို မမ တောင်း… ပါရစေနော် ညီမ"

"အစော ကိုစိုင်းကို စိတ်မဆိုးပါဘူး မမ"

"ကျေးဇူးပါ အစောရယ်… မမက စိုင်းကို စိတ်ဆိုးပြီး အစော …ပ်က ထွက်သွားမှာ စိုးရိမ်နေတာ၊ သားတို့နဲ့ အစောက စာသင် …ာ အဆင်ပြေနေပြီဆိုတော့ နောက်ထပ် ဆရာအသစ် ထပ်မရှာချင် …ဘူးကွယ်"

စင်သီယာထံမှ သူကလေးတွေအတွက် စာသင်မည့်ဆရာမ …ထ်သွားမှာ တွေးပူနေတာ အခုမှ နားလည်ပြီး အစော စာနာစွာ …ိုက်သည်။

"မမစင်သီယာ ကလေးတွေကို အစော စာဆက်သင်ပေးဦးမှာ …မစင်သီယာ"

"အစောလို ဆရာမရတာ မမတို့အတွက် သိပ်ကိုကံကောင်း …ယ်၊ စိုင်းကို စိတ်မဆိုးတော့ဘူးဆိုရင် ညှိသည်တွေကို မမသွား …ခေါ်လိုက်ဦးမယ်နော် အစော"

"ဟုတ်ကဲ့ မမ"

တောင်းပန်သူက တောင်းပန်နေသည်ဆိုမှတော့ အစောဘက်က



www.burmeseclassic.com

www.burmeseclassic.com



ကျေးအေးရဲ့အပြင် တခြားမရှိ။ စိုင်းညီလာဆိုတာ လူတစ်ရိုး... ဆိုထားမှတော့ သူပြောလာသည့် စကားတွေ၊ သူ့အပြုအမူတွေ... အစောဘက်က သိပ်ပြီး ကဲကဲဆတ် အထိမခံသလို ဖြစ်နေမှာ... လည်း မဖြစ်ချင်ပါ၊ တတ်နိုင်သမျှ စိတ်ကိုလျှော့ရန် ဆုံးဖြတ်ရ... ကိုယ်သည်းခံနိုင်တာထက် ကျော်လွန်ပိုကဲလာလျှင်တော့ ဤ... အမြန်ဆုံး ထွက်သွားရုံသာ ရှိသည်။ ဒါ့အပြင်မရှိ။

"မမစင်သီယာက ယူ့ကို ဘာတွေပြောနေတာလဲ"

"ဒေဝီ"

မေးမေးပြောပြော်နှင့် အစောနားကို ရောက်လာသူက ... လက်ထဲမှာ ဖန်ခွက်တစ်လုံး ကိုင်ထားပြီး ဖန်ခွက်ထဲက ပယင်း... အရည်က အစောသောက်သည့် လိမ္မော်ရည် မဟုတ်မှန်း အ... သိလိုက်သည်။ ဒေဝီမျက်လုံးတွေက အထင်သေးသည့် အကြည့်... သလို ဒေဝီမျက်နှာကလည်း အပြုံးကလည်း မခိုးမခန့် အပြုံးဖြစ်...

"ဘာမှမပြောပါဘူး၊ ကလေးတွေနဲ့ စာသင်ရတာ အဆင်... လား၊ ပျော်အောင်နေပါလို့ ပြောတာပါ ဘာဖြစ်လို့လဲ"

"ယူနဲ့ကိုကြီး ပြဿနာတက်တယ်ထင်လို့ မဟုတ်ဘူးဆို... လည်း ပြီးတာပဲ"

ဒေဝီက သူပြောချင်တာပြောပြီး အစောနားက လှည့်ထွက်... သည်။ ဘယ်အချိန်ကတည်းက အစောတို့ကို ကြည့်နေမှန်း... ပြဿနာ နည်းနည်းဖြစ်တာနှင့် အစောနားကို ဒေဝီချက်ချင်း ... လာတာကြည့်ပြီး ရိုးမကို သတိရသွားသည်။ သူလည်း အစော... တစ်နေနေရာကနေ ဒေဝီ့လို စောင့်ကြည့်နေမလားဟု တွေးရင်း အ...





...ဘ်လုံးတွေက သူ့အလိုလို ရိုးမကို ရှာကြည့်မိလျက်သား ဖြစ်သွား သည်။ သို့သော် အစော ဝှာဖွေသူက မရှိ။

တခြားသူတွေ ရယ်မောပျော်ရွှင်နေချိန်မှာ အစောမှာ ဘာပျော် ...ရာမှမရှိ။ စိုင်းညီလာနှင့်လည်း စကားပြော အဆင်မပြေတာနှင့် ...တို့ကို နှုတ်ဆက်ပြီး ကိုယ့်အခန်းကို ပြန်ခဲ့သည်။ အစောကို အလုပ် ...အေးတစ်ယောက်က လိုက်ပို့ပေးသည်။ ထိုအစီအစဉ်က စင်သီယာ၏ ...စီအစဉ်ဖြစ်သည်။

အိပ်ရာပေါ် လှကရောက်နေပေမယ့် အစော အိပ်မပျော်။ ဒီ ...လုပ်နှင့် ရေရှည်ဖြစ်ပါမလားဟုတွေးရင်း ရန်ကုန်ကိုပြန်ဖို့ ဆုံးဖြတ် ...တ်သည်။ ချက်ချင်းတော့ ပြန်၍မတော်။ အခြေအနေကြည့်ပြီးမှ ...န်မည့်အချိန်ကို ရွေးချယ်တော့မည်ဟု တွေးလိုက်မှ နှစ်ခြိုက်စွာ ...အိပ်ပျော်သွားသည်၊

မနက်လင်းသည်နှင့် အစောအိပ်ရာကထပြီး လမ်းလျှောက် ...ထွက်ခဲ့သည်။ တောတောင်သစ်နှင့် ရှုခင်းသစ်တွေကို ငေးမောရင်း ...အစော ခြေလှမ်းတွေက အတော်ခရီးပေါက်မှန်းမသိ ပေါက်လာသည်။ ...ဘက်ဘက်ကုန်းမြေမြင့်မှ အေးစက်သော လေထုက အစော တစ်ကိုယ် ...လုံးကို သိမ်းကျုံးပွေ့ယူသော်လည်း မမှု။ ခြေလှမ်းကို လျှောက်မြဲတိုင်း ...လျှောက်ရင်း ကုန်းမြေမြင့်လေးထက်မှာရပ်လျက် သူမရောက်ရှိနေသည့် ...ရာကို အပေါ်စီးက ငေးကြည့်မိသည်။

သဘာဝတရားက ဆန်းကြယ်မှုတွေနှင့် ပြည့်နှက်နေသလို ညို့ ...ဖမ်းစားနိုင်စွမ်းသည့် နေရာမှာလည်း လိုက်မီသူ မရှိ။ အစော ...တွေးတွေက ပျံ့နေသည်။ ဆက်နေရာမှာမှ အတည်တကျ မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ခြေဦးတည့်ရာ ဆက်လျှောက်ရင်း စိတ်ထဲက မမညြကို သတိရ
သည်။

မမညြသာ အစောနားမှာရှိလျှင်ဟု တွေးမိတော့ မမညြ
ပြေးသွားချင်စိတ် ဖြစ်လာသည်။

"ဟိတ်... အဲဒီဘက်ကို မသွားနဲ့"

"ရှင်"

"ဟာ... ဟော့... ရှေ့မှာ... သတိထား"

"အမယ်လေး"

"အစော"

ရိုးမ မျက်စိရှေ့မှာ ရိပ်ခနဲ လျှောကျသွားသည့် အစောနောက်
သူပြေးလိုက်သွားသဖြင့် အစောနည်းတူ ရိုးမပါ တောင်စောင်းအ
လျှောကျသွားသည်။ ဆွဲမိဆွဲရာ လှမ်းဆွဲလိုက်၍ တောင်ခြေအဆုံး
ရိုးမကိုယ်ကြီး လျှောကျမသွားသလို အစောကို နွယ်ခြုံ တစ်ခု
တင်လျက် သတိလစ်နေတာ တွေ့လိုက်ရသည်။

"အစော"

စိုးရိမ်စိတ်ဖြင့် အစောရှိရာ သတိနှင့်ရောက်သွားသည့်အ
အထိ အစောက သတိမရသေး။ သူမကိုယ်လေးကိုပွေ့ပြီး ကြည့်
တော့ ဦးခေါင်းက ထွက်လာသည့် သွေးတွေကို တွေ့လိုက်
လန့်သွားသည်။ သေချာကြည့်တော့ ဒဏ်ရာက သိပ်အပြင်း
မဟုတ်။ သူ့ကိုယ်မှာ အသင့်ပါလာသည့် မာဖလာတစ်ဖ
အစောခေါင်းက ဒဏ်ရာသွေးတိတ်အောင် ဖြစ်သလို စည်းနှောင်
လိုက်သည်။





အစောလှတာကို ရိုးမ သိပါသည်။

သို့သော် သူမအလှကို ရိုးမ သေချာမကြည့်ဘူး။ အခုလို
သော သတိလစ်နေချိန်မှာတော့ အစော မျက်နှာလှလှကို သေသေ
ချာ ကြည့်ခွင့်ရသွားတော့မှ ရိုးမ် ရင်တွေပိုခုန်လာသည်။ အစောက
ထင်ထားတာထက် အဆပေါင်းများစွာ ပိုလှသူလေး ဖြစ်နေခြင်းကို
အလှကို အနီးကပ် သေချာကြည့်မှ တွေ့ရခြင်း ဖြစ်သည်။

အပြစ်ဆိုစရာ ဘာတစ်ခုမှ မရှိသော အလှပိုင်ရှင်က ရိုးမရင်ခွင်
သတိလစ်မှေးမျောနေပုံက ချစ်စရာ။ မြတ်နိုးစရာအတိ ဖြစ်၍လည်း
ကို မြင်သူတိုင်းက စိတ်ဝင်စားကြတာ မဟုတ်လား။

အစောဆိုတဲ့ မိန်းမလှလေးရယ်။ ရိုးမ စိတ်ထဲက အစောအမည်
အမြတ်တနိုး ခေါ်လိုက်မိသည်။ သူမကို မြင်မြင်ချင်း စိတ်ဝင်စား
လို ချစ်ခဲ့မိသည်။ အစ်ကိုဖြစ်သူ စိုင်းညီလာ မျက်လုံးက အစော
ကို မျက်လုံးတောက်တောက်တွေနှင့် စူးစူးရှရှ စိုက်ကြည့်တိုင်း
အသည်းကို ကျွဲခတ်သလို နာခဲ့ရသည်။ သူမအတွက် စိုးရိမ်
ခဲ့ရသလို တစ်နေ့မှ စိတ်မချခဲ့။

ကိုကိုစိုင်းညီလာအကြောင်း ရိုးမသိသည်။ ချစ်ရင်ချစ်သည့်
ကြောင်း၊ မုန်းလျှင်မုန်းသည့်အကြောင်း သူ့ရင်ထဲရှိသည့် အကြောင်း
ကို မချင့်မချိန် ပြောတတ်သူထဲက ကိုကိုစိုင်းညီလာက ထိပ်ဆုံးက
သည်။ ဘာကိုမှ မကွယ်ဝှက်။ ဒါကြောင့်လည်း ကိုကိုစိုင်းညီလာ
ယုံစွာ။ အပေါင်းရသင်းရခက်သည့် လူအဖြစ် သူ့ပတ်ဝန်းကျင်
သိုင်းအဝိုင်းက သတ်မှတ်ထားကြသည်။

ဘယ်သူ ဘာပြောပြော ကိုကိုစိုင်းညီလာက ဂရုမစိုက်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ရှိးမကတော့ ကိုကို့ကို ဂရုစိုက်သည်။ အလေးထားသည်။ ခမ်း… ကိစ္စတုန်းက ကိုကိုဖြစ်ပုံက အသည်းအသန်။ ဒါကို ရှိးမ ခွင့်မလွှ… ချင်ပေမဲ့ ကိုကို့မိန်းမ မမစင်သီယာက အပြစ်စကားတစ်ခွန်း မ… ကိုကို စိတ်ချမ်းသာလျှင်ပြီးရော အားလုံး ကိုကို့အကြိုက်။ ကို… သဘောကျ လိုက်လျောခဲ့သူ။

စင်သီယာလို မိန်းမကလည်း ရှားသည်။ ကိုကိုနှင့် ပတ်သ… လာသူ ဘယ်သူဖြစ်ဖြစ် အပြုံးမပျက် လက်ခံကြိုဆိုသည်။ နေရာ… အလေးထားသည်။ ဂရုစိုက်သည်။ ကိုယ့်နေရာကို လုနေသည့် မိန်း… မမြင်။ ညီမတစ်ယောက်လို ဆက်ဆံသည်က ဟန်ဆောင်ဆက်ဆံခြ… မဟုတ်။ ရင်ထဲက လှိုက်လှဲမှု အပြည့်စေတနာ၊ မေတ္တာအပြည့်… ဆက်ဆံခြင်းဖြစ်၍ စင်သီယာကို လိုက်မီသူမရှိ။

"မမ စိုင်းကိုချစ်တယ် ရှိးရယ်၊ သူစိတ်ချမ်းသာနေတာ… ပျော်နေတာကိုပဲ မြင်ချင်တယ်၊ သူစိတ်ညစ်နေမှာ သူစိတ်မချမ်းမသ… ဖြစ်မှာမျိုး မမ မလိုချင်ဘူး။ သူမိန်းမ ဘယ်နှယောက်ယူယူ … သူ့ကို မုန်းလို့ရမှာ မဟုတ်ဘူး"

"သူယူလာတဲ့ မိန်းမအားလုံး မမညီမတွေချည်းပဲလို့ သဘော… ထားတယ်"

စင်သီယာက အပြောနှင့်လက်တွေ့ညီသည့် ဇနီးကောင်း ဝိ… သည်။ သူ့ယောက်ျား သူဘယ်လောက်ချစ်ကြောင်း၊ မြတ်နိုးကြောင်… ကိုကိုစိုင်းညီလာလည်း သိသည်။ သူဘာဖြစ်ဖြစ်၊ သူ့ရင်ထဲက ဖြစ်ပျ… ခံစားရသမျှ အားလုံး ဘာတစ်ခုမှ မခြွင်းမချန် သူ့မိန်းမစင်သီယာ… အကုန်ဖွင့်ပြောသည်။

…ဘာတစ်ခုမှ ခြွင်းချန်ခြင်း မပြု။

…ဒါကို စင်သီယာကလည်း ကျေနပ်သည်။ ပီတိဖြစ်သည်။ …သည်။ သူ့ယောက်ျား ဖြစ်စေချင်သည့်အတိုင်း အားလုံး ဖြစ် …ည်။ ဖြစ်ခွင့်ပြုသည်၊ အလိုလိုက်သည်။

…အစောကို မြင်မြင်ချင်း ကိုကိုစိုင်းညီလာ စိတ်ဝင်စားသည်။ …ကျသည်။ နှစ်လိုသည်။ ချစ်ခင်မြတ်နိုးလာသည်။ ဒါတွေကို …သာ သိသလို ရှိးမလည်း သိသည်။ ရိပ်မိသည်။ အစ်ကိုဖြစ်သူ …ာ ခံစားချက်ကို နားလည်၍ အစောအတွက် ရင်ပူလာသည်။ …အလွန်လှပ နုငယ်သော အစောလို မိန်းမလှလေးဘဝကို ကိုကို …မပျက်စီးစေချင်။ လှပသည့် အနာဂါတ်ကို ပိုင်ဆိုင်ချင်သည်။ …နာ မေတ္တာနှင့် အစောကို ရှိးမညီလာက အမြန်ဆုံး ပြန်သွားချင် …ှ ရှိးမ ဖြစ်စေချင်သည့်အတိုင်း မဖြစ်။ အစောက အကြောင်း …ရှိးမကို အထင်လွဲသည်။ ရှိးမကလည်း သူပြောသည့်စကားကို …တင်ရကောင်းလားဟု အစောအပေါ် တင်းမာစွာ ဆက်ဆံမိ …ည်။

…အစောကိုမြင်တိုင်း သူ့ဒေါသဖြစ်မိသလို အစောကလည်း ရှိးမ …တွေ့တိုင်း သူမကို မတွေ့မတန်သလို ဆက်ဆံရပါမည်လားဟု …တွေ့တိုင်း မျက်နှာချင်းမဆိုင်လိုဟန် မျက်နှာလှလှလေး လွှဲလွှဲ …ကလည်း အသည်းယားစရာ ဖြစ်သည်။

…ကိုယ့်စေတနာကို မင်းနားမလည်ပါဘူး အစောရယ်။ …ပြဿနာတစ်ခုခုဖြစ်လို့ စင်သီယာကို သွားတိုင်လို့လည်း ဘာ… …စင်သီယာကိုယ်တိုင်က ကိုကို့လူ။ ကိုကိုဘက်တော်သားဆိုတာ




www.burmeseclassic.com

www.burmeseclassic.com



ကို အစော မသိတော့ခက်သည်။ ဒီလိုစကားမျိုး ရိုးမဘက်က အစ
လို မိန်းမလှလေးတစ်ယောက်ကို ပြောအပ်သော စကားမဟုတ်
ကြားထဲ ကိုကိုက ရိုးမကို သူ့စီးပွားဘက် ခမ်းမွန်နဲ့ လူကြီး
သဘောတူထားသည့် ကိစ္စကြောင့် အစောအပေါ်မှာ သူ့အချစ်
ရင်ဖွင့်ပေါက်ကွဲခွင့်မသာဘဲ ထိန်းချုပ်မျိုသိပ်ထားခဲ့ရသည်။

အခုလို အစောနှင့် မမျှော်လင့်ဘဲ ဆုံရခြင်းက ဆန့်ကျင်
က်တရားဖြစ်၍ အစောမျက်နှာလေးကိုကြည့်ပြီး သူသက်ပြင်းချ
သည်။ သူတို့ရောက်နေသည့် နေရာက အပေါ်က လှမ်းကြည့်
လွယ်ကူစွာ မြင်ရသော နေရာမျိုးမဟုတ်။

အော်ဟစ်အကူအညီ တောင်းရအောင်ကလည်း ခရီးလမ်း
တောလမ်းခရီးဖြစ်၍ လူသွားလူလာ မရှိသလောက်နည်းသည့် နေ
ဖြစ်သည်။ သတိမေ့နေသည့် အစောကိုလည်း ဒီအတိုင်းထား
တခြားမှာ အကူအညီ သွားတောင်းလို့လည်း မဖြစ်။ အစော သ
ရလာမှ အစောလက်ကိုဆွဲပြီး အပေါ်ရောက်အောင် မနည်းကြိုး
တက်ရမည့် ခရီးဖြစ်၍ ရိုးမ ရင်မောသွားသည်။

“အစော... အစော”

သူ အစောအမည်ကို ခေါ်ကြည့်သည်။

အစောက မလှုပ်။

သူအစောအတွက် ပိုစိုးရိမ်လာသည်။

အစောတစ်ခုခု ဖြစ်သွားမှာတွေးပြီး ကြောက်လာ၍ အစ
မျက်နှာလေးကို ခပ်ဆဆရိုက်ပြီး အစော သတိရအောင် ကြိုးစားသည်

“အစော”

“အစော”

“အင်း... ဟင်း... ဟင်”

“အစော သတိရလာပြီ”

လှုပ်ရှားလူးလွန့်လာသည့် အစောကိုကြည့်ပြီး ရိုးမ ဝမ်းသာ
သွားသည်။

“အစော... သတိရပြီနော်၊ ကိုယ့်ကို မျက်လုံးဖွင့်ကြည့်ပါဦး”

ရိုးမအသံက နူးညံ့နေသည်။

သိမ့်မွေ့နေသည်။ ချောမောခန့်ညားသည့် သူ့မျက်နှာပေါ်မှာ
ကထန်တင်းမာမှု မရှိ။ အစောအပေါ် ကြင်နာခြင်း၊ မြတ်နိုးခြင်းတို့ဖြင့်
အစောမျက်နှာလေးကို မျက်တောင်မခတ် စူးစိုက်ကြည့်နေချိန် အစော
မျက်လုံးလေးတွေ ပွင့်လာသည်။

“အစော”

သူ အစောအမည်ကို ခေါ်လိုက်သည်။

အစောက သူခေါ်တာကို မထူး။ ရိုးမ မျက်နှာကို အခုမှ မြင်ဖူး
သလို အူကြောင်ကြောင်လေး ကြည့်နေပြီးမှ သူမအာရုံထဲ အသိတရားတို့
ပြန်ရောက်လာ၍ သူမကိုယ်လေးကို ပွေ့ယူပြီး အနီးကပ် မျက်နှာချင်း
တတ် အနေအထားနှင့် အစောမျက်နှာကို ငုံ့ကြည့်နေသူမှာ ရိုးမ
မှန်း သိသွားသည်။

“ဦးရိုးမ”

“အစော ကိုယ့်ကို မှတ်မိတယ်နော်”

“မှတ်မိပါတယ်၊ အခု အစောတို့ ဘယ်ရောက်နေတာလဲ ဟင်”

“အား... ကျွတ်... ကျွတ်”



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို အစောက သူမကိုယ်လေးကို ရီးမရင်ခွင်ထဲက ရုန်းထွက်လိုက်၍ ဦးခေါင်းက ဒဏ်ရာကို ထိမိကာ နာကျင်စွ ညည်းမိလျက်သား ဖြစ်သွားသည်။

"အစော ခေါင်းမှာ ဒဏ်ရာရှိတယ်၊ သတိထားပြီး ဖြည်းဖြည်း ချင်းသွားမှ ဖြစ်မယ်"

ရီးမစကားကြားမှ အစောက သူမ၏ နာကျင်နေသော ဦးခေါင်း နေရာကို စမ်းမိတော့ ပဝါတစ်ထည်နှင့် ဖြစ်သလို ချည်နှောင်ထားမှန်း သိလိုက်သည်။

"သိပ်နာနေလား အစော"

"ဟုတ်ကဲ့"

သနားကရုဏာတို့ ပြည့်လျှမ်းနေသည့် ရီးမထံမှ သူမ မကြား ဖူးသော အကြင်နာစကား။ အကြင်နာ အပြုအမူများအပေါ် အနာ နာသည့်ကြားက အစော အံ့ဩနေမိသည်။ ရီးမဆိုသည့်လူက အစော အပေါ် ဘယ်တုန်းကမှ အရေးယူ ကြင်နာယုယခြင်းမရှိ။ အခုမှ ဘာစိတ်ကူးပေါက်ပြီး အစောကို သနားကြင်နာစွာ ဆက်ဆံနေတာ လဲဟု တွေးနေသည်။

"စခန်းပြန်ရောက်လို့ ဒဏ်ရာကို ဆေးထည့်လိုက်ရင် သက် သာသွားမှာပါ အခု ကိုယ်တို့ ဒီနေရာက သွားကြမယ်"

"လာ… ကိုယ့်လက်ကိုတွဲ"

သူမထံ ကမ်းပေးလာသည့် ရီးမလက်ကို ကြည့်ပြီး အစောက သူပြောသလို သူ့လက်ကိုမတွဲ။ သူမဘာသာ ကြိုးစားပြီး သွားမည် ဆိုသည့် စိတ်ကူးဖြင့် ရီးမ ကမ်းလှမ်းတာကို ငြင်းလိုက်သည်။



"ကျေးဇူးတင်ပါတယ် ဦးရီးမ အစောဘာသာ လျှောက်နိုင် ယ်"

ပြောပြောဆိုဆို အစောက သူကမ်းပေးလာသည့် လက်ကို မတွဲ သူမဘာသာ ကြိုးစားပြီး ထရပ်လိုက်၍ ခြေထောက်တစ်နေရာက ည်းခိုက်အောင် နာကျင်သွားသည်။

"အမယ်လေး… ခြေထောက်က နာလိုက်တာ"

"အစော"

ရီးမ အချိန်မီ သူမခန္ဓာကိုယ်လေးကို ဖမ်းဆွဲလိုက်၍ မြေပေါ်သို့ သွားသော်လည်း ကိုယ့်ကိုကိုယ် မထိန်းနိုင်သူအဖြစ် အစော ကိုယ်လုံး ရီးမရင်ခွင်ထဲ ပစ်ကျသွား၍ ရီးမကိုယ်တိုင်လည်း သွားအောင် အစောကိုယ်လေးကို သူ့ရင်ခွင်ထဲမှာ နစ်နေအောင် ပြီး ထိန်းလိုက်ရသည်။

"အစော ဒီမှာ ဖြည်းဖြည်းချင်း ထိုင်လိုက် ကိုယ်အစော ထောက်ကို ကြည့်ပေးမယ်"

"ဟုတ်ကဲ့"

အစောက ရီးမ၏ အကူအညီဖြင့် သူညွှန်ပြသည့်နေရာမှာ ခပ် ည်း ထိုင်ချလိုက်တော့ ရီးမက အစော နာကျင်နေသည့် ခြေထောက် ကို အသာငုံ့ကြည့်သည်။

"အစော ခြေထောက်ကို တစ်ခုခုနဲ့ ဆွဲခြစ်မိထားတဲ့ပုံပဲ… ရာနည်းနည်းနက်တော့ အစော ခြေထောက်လှုပ်တိုင်း နာနေတာ ယ်"

"အခု အစောတို့ ဘယ်လိုလုပ်ကြမလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ပူပင်စွာ ရိုးမ မျက်နှာကို အားကိုးတကြီး ကြည့်ပြီး အ… မေးလိုက်သည်။

"လောလောဆယ် ပိုဆိုးတာပေါ့၊ စခန်းက လူတွေကို ဖုန်းအ… ပြီး အကူအညီ တောင်းရအောင်လည်း ကိုယ့်မှာ ဖုန်းမပါဘူး"

"ဒီနေရာက ချောက်ကမ်းပါးစွန်းက နည်းနည်းနက်ပြီး … လည်းမတတ်တော့ ပြန်တက်ဖို့ဆိုတာ သိပ်တော့ မလွယ်ဘူး၊ အ… အစောမှာ ဒဏ်ရာတွေနဲ့ဆို ပိုဆိုးမယ်"

ရိုးမစကားကြောင့် အစော ငိုချင်သွားသည်။ သူပြောသည့်… အတိုင်း ထိုစခန်းကို ပြန်ရောက်ဖို့ပင် မလွယ်။ ရေမြေစိမ်း၊ … စိမ်းမှာ အစောအတွက် အန္တရာယ်ကျရောက်နိုင်မှန်း မသိ၍ မိုက်… တစ်ကိုယ်တည်း လမ်းလျှောက်ထွက်လာခဲ့မိသမျှ နောင်တရနေသည်…

ဒါတောင် အနားမှာ ရိုးမတစ်ယောက် ရှိနေ၍ စိတ်ထဲ ဖြေ… သေးသည်။ အစော တစ်ယောက်တည်းသာ ဒီလိုနေရာမှာ ကျနေ… ကတော့ ကိုယ့်အဖြစ်ကိုယ် တွေးပင်မတွေးရဲ။

"မငိုနဲ့လေ ဘာလို့ ငိုရတာလဲ"

ရိုးမ အသံကြားမှာ အစော ငိုနေမှန်း သိလိုက်သည်။ ရိုး… အစော မျက်ရည်တွေကို မြင်တော့ အတော်ထိတ်လန့်သွားကာ … မကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွားသည်။ လှပသော မိန်းကလေးတစ်ယော… သူ့မျက်စိရှေ့မှာ ဝမ်းပမ်းတနည်း ငိုနေသည့်ပုံကို မြင်တွေ့ရခြင်း… သူ့ဘဝအတွက် ပထမဆုံး ဖြစ်မိသည့်အတွက် ဘာလုပ်ပေးရမှန်း…

"ရှင် ပြောပုံဆို အစောတို့စခန်းကို ပြန်မရောက်နိုင်တော့… လားရှင်၊ ဒီဒဏ်ရာတွေနဲ့ အစော ဒီနေရာမှာ အချိန်အကြာကြီး …

…ဘူး စိုင်းရိုးမ"

"ဒီနေရာကသွားဖို့ တခြားနည်းလမ်း မရှိတော့ဘူးလားရှင်"

"သိပ်လည်း မစိုးရိမ်ပါနဲ့ဗျာ။ ကိုယ်တို့ ပျောက်သွားတာသိရင် …ကို ကိုယ်တိုင် မတွေ့တွေ့အောင် လိုက်ရှာမှာပါ။ ဒီကြားထဲ အမဲ …တဲ့လူ၊ ဆေးရွက်ရှာတဲ့လူတွေနဲ့တွေ့ရင် တွေ့ဦးမှာပါ… အား …ယ်နဲ့နော်"

"အစော ခြေထောက်က ဒဏ်ရာသက်သာအောင် ကိုယ်ပတ်တီး …ပေးထားမယ်"

စိတ်မြန်လက်မြန်သမားဖြစ်သည့် ရိုးမက သူ့အပေါ် အင်္ကျီကို …ပြီး အတွင်းကအင်္ကျီ လက်တစ်ဖက်ကို ဆုတ်ဖြဲပစ်လိုက်သည်။

"အို… ဘယ်လိုလုပ်လိုက်တာလဲ ရှင်"

"ဒါနဲ့ အစော ခြေထောက်ကို ပတ်တီးလုပ်ရမှာလေ"

"ဒုက္ခပါပဲရှင်… အစောတော့ ငရဲကြီးကုန်တော့မှာပဲ"

"ငရဲကြီးတော့ ငရဲလေး နိုင်တာပေါ့"

"အို"

အစော စိတ်ညစ်နေပေမယ့် သူက စိတ်ညစ်နေပုံမရ။ ဖြစ်လာ …ည့် အနေအထားမှာ အကောင်းဆုံး ရင်ဆိုင်ဖြေရှင်းမည်ဆိုသော …ကျိုးကောင်းတို့ အားမန်သတ္တိအပြည့်ဖြင့် သူ့လုပ်စရာရှိတာ …လုပ်နေ၏။

"နည်းနည်းနာရင် အောင့်ခံထားနော်၊ ဒီလိုမှမဟုတ်ရင် အစော …ဆို သွေးတိတ်အောင် လုပ်လို့ရမှာ မဟုတ်ဘူး"

"ဟုတ်ကဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူပြောတာ မှန်နေ၍ အစော မျက်နှာငယ်လေးနှင့် ခေါင်းညိ
လိုက်သည်။ နာပေမယ့် မအော်ရဲ။ အံကြိတ်ပြီး ငြိမ်ခံနေသည်။ ရိ
ဆိုသည့်လူကို အစတုန်းက အခုလို ကြင်နာစာနာတတ်မည့်သူအ
မမြင်ခဲ့။ အစောကို တစ်ချိန်လုံး ရန်လိုနေသူအဖြစ်သာ မြင်ခဲ့သ
တင်းမာခက်ထန်သော သူ့အသွင်နှင့် အစောကိုမြင်တိုင်း မျက်နှ
သွားတာ၊ မမြင်ဟန်ဆောင်သွားတတ်၍လည်း ရိုးမကို အစော မု
သည်။ သူဆက်ဆံသလို အစောဘက်က တုံ့ပြန်ခဲ့မိသမျှ အခု
နောင်တရရမလို ဖြစ်နေသည်။

"ကဲ… ပြီးပြီ"

"ကျေးဇူးတင်ပါတယ်ရှင်… အစောမှာ ရှင်ပေးတဲ့ အသ
ရှိတော့တာပါ"

"အဲဒီလို မပြောပါနဲ့ ကိုယ့်မျက်စိရှေ့မှာ ဖြစ်သွားတာဆို
ကူညီသင့်လို့ ကူညီတာပါ။ အစော ပြောသလောက်ကြီးတော့
မဟုတ်ပါဘူး"

"ဒါပေမဲ့…"

"ဟော့… လူသံကြားတယ်၊ ဘယ်သူတွေလဲ မသိဘူး"

သူကိုယ်တိုင်ငြိမ်ပြီး အသံလာရာကို နားစွင့်နေ၍ အစောလ
သူ့နည်းတူ အသာငြိမ်နေလိုက်သည်။

"လူနှစ်ယောက်ပဲ၊ ဒီဘက်ကို လာနေတာ"

ပြောသည့်လူက အတိအကျ ပြောနေပေမယ့် အစောနားထဲ
တော့ ဘာသံမှမကြား။ သူလို နားမပါးတာလား၊ တောထဲက လေတိုး
သံ၊ သစ်ရွက်လေတိုးသံတွေကြောင့် နားမယဉ်တာလား မသိ။ သေ





ချာတာ သူ့လို နားမပါးခြင်း ဖြစ်သည်။

"ဟေး"

ရိုးမက ရုတ်တရက် အသံလှမ်းပြုလိုက်သည်နှင့် တစ်ဖက်မှ
ဟေးခနဲ တုံ့ပြန်သံကို ကြားလိုက်ရသည်။

"ကျွန်တော်တို့ ဒုက္ခရောက်နေလို့ ကူညီပါ။ ဒဏ်ရာနဲ့ လူမမာ
ပါလို့ ခရီးဝေးမသွားနိုင်လို့ပါ"

"နေရာကိုပြော"

"နတ်သမီးကမ်းပါးအောက်မှာ"

"ငါတို့ လာခဲ့မယ်၊ အဲဒီနေရာမှာပဲ စောင့်"

အသံတွေ ပြန်တိတ်သွားသလို သစ်ရွက်လေတိုးသံတွေသာ
အစောနားမှာ ပိုကျယ်လောင်သလို ထင်မိသည်။

"ဝေါ"

"ဟာ… ဒုက္ခပဲ… အချိန်အခါမဟုတ် မိုးက ရွာပြန်ပြီကွာ"

ဝေါခနဲ ပြေးလာသည့်အသံနှင့်အတူ အေးစက်သော မိုးရေစက်
တွေက ဘာအဆောင်း ဘာအကာမှ မရှိသော ရိုးမနှင့်အစောကိုယ်ပေါ်
သို့ ရွာသဖြင့် ခဏအတွင်းမှာ နှစ်ယောက်စလုံး ကိုယ်မှာ မိုးရေတို့
စိုရွှဲသွားသည်။

"လာ… ကိုယ့်ကိုတွဲ၊ ဟိုသစ်ပင်ရိပ်အောက် သွားကြမယ်"

"ဟုတ်ကဲ့… အို"

"အား… ကျွတ်… ကျွတ်"

ဒဏ်ရာကနာ၍ ညည်းသံသဲ့သဲ့ ထွက်သွားသည့် အစောကို
ရိုးမက ကြင်နာစွာ တစ်ချက်ငုံ့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခြေထောက်က သိပ်နာနေလား"

"ရုတ်တရက်မို့ နာသွားတာပါ၊ သတိထားလျှောက်ရင် ရ... တယ်"

ကိုယ့်ကြောင့် သူတစ်ပါး ဒုက္ခရောက်တာ ကိုယ်မခံချင်... ဖြစ်သည့်အတိုင်း ခြေထောက်ဒဏ်ရာက နာပေမယ့် အသံထွက် မညည်း... ကြိုးစားအံကြိတ်လျှောက်ရင်း အရိပ်မထိုးအောင် အုံ့မှိုင်းစိုင်းစိုနေသ... သစ်ကြားအောက် ရောက်သွားသည်။

"မိုးရွာနေတာနဲ့ ဟိုလူတွေကို ဒီနေရာကိုရောက်အောင် လာ... ပါဦးမလား မသိ"

"သူတို့မလာရင် အစောတို့ ဘယ်လိုလုပ်ကြမလဲဟင်"

"လာမှာပါ"

အစောအသံက စိုးရိမ်သံ။

မျက်နှာလေးငယ်သွားတာ ကြည့်ပြီး ရိုးမရင်ထဲ ချစ်ခြင်း... ဖြစ်ထွန်းလာသည်။ သူချစ်တာ အစောသိရင် ဘာတွေဖြစ်လာမ... ဆိုတာ သူကိုယ်တိုင်လည်း မသိ။ ရိုးမသိတာက အစောကို သူ့ချ... သည့်အကြောင်း ဖွင့်ပြောမိလျှင် အစောအချစ်ကို သူပဲ ရယူပိုင်ဆိုင်... ဖြစ်ရမည်ဟု ခိုင်မာစွာ ဆုံးဖြတ်ထားသည်။

ဖွင့်ပြောပြီးမှ အစောက သူ့အချစ်ကို လက်မခံလျှင် နောက်ဆ... တွဲ ပြဿနာတွေ အများကြီးရှိသည်။ သူ့အချစ်ကို အစော လက်ခံသည... ဆိုရင်လည်း ရင်ဆိုင်ရမည့် ကိစ္စတွေကလည်း မနည်း။ မိုးက ပိုသည်... လာသည်။ ရိုးမနှင့် စကားအဆက်အသွယ်ရသည့်လူက အရိပ်... မမြင်ရ။ ဒီအချိန်ဆို သူတို့ပျောက်သွားတာ နိုင်းညီလာတို့လည်... ...လာက်ပြီ ထင်သည်။

ဘယ်သူမှ သူတို့ကို ပစ်ထားမှာ မဟုတ်။ လိုက်ရှာကြမှာ ...ချာသည်။ ဘယ်နေရာကို ရှာရမှန်းမသိ ဖြစ်နေမှာကိုပဲ စိုးရိမ် ...သည်။ ဘယ်သူမှ သူတို့ကို အန္တရာယ်များလှသော နတ်သမီးချောက်ထဲ ...တ်ကျမည်ဟု ထင်ကြမည်မဟုတ်။

"ဟော... ဟိုမှာ... လူ... လူ"

"တွေ့တယ်... ကိုယ်သွားခေါ်လိုက်ဦးမယ်"

အစော ဝမ်းသာသလို ရိုးမလည်း အခုမှ ကြည်လင်ပေါ့ပါးသွား ... မိုးရေထဲ ခြင်းပလိုင်းကိုယ်စီနှင့် ရှမ်းဘောင်းဘီ၊ ရှမ်းတိုက်ပုံ၊ ...နွမ်း ဝတ်ဆင်ထားသည့် လူနှစ်ယောက်ရှိရာ အပြေးလျှောက်သွား ...သည်။ အားလုံး မိုးရေကိုယ်စီ စိုနစ်နေပေမယ့် အငြိုးနဲ့ ရွာနေသော ...င်းကို သတိမထားနိုင်ကြ။ မိုးရေထဲ ဘွားခနဲ ပေါ်လာသည့် ...တို့ တွေ့မြင်သွားဟန်ဖြင့် သူတို့လည်း ရိုးမထံ လျှောက်လာနေ၏။

လမ်းခုလတ်မှာ အတူဆုံမိတော့ နေလောင်ထားသည့် အသား... ...ည်၊ ခြင်းပလိုင်းထဲမှာ တွေ့မြင်နေရသည့် သစ်မြစ်၊ သစ်ဥများ ...ကြောင့် ဆေးရှာနေသူတွေမှန်း သိလိုက်သည်။

"လူမမာက ဘယ်မှာလဲ"

"ဟိုမှာပါ"

နှစ်ယောက်စလုံး တုပ်ခိုင်သန်စွမ်းကြသည့် ကိုယ့်ခန္ဓာနှင့် ...ကသုံးဆယ်ကျော်အရွယ်ပေမယ့် အသက်လေးငါးဆယ် အရွယ် ...ခါက်နေရာ သူတို့၏ လူနေမှုဘဝ အဆင့်အတန်းကို ...တ်က ...တ်ဖော်ပြောနေစရာပင် မလိုချေ။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်အောက်မှာ ထိုင်နေသည့် အစောကိုမြင်တော့ ရှိန...
လိုက်လာသူ နှစ်ယောက်စလုံး တစ်ယောက်မျက်နှာ တစ်ယော...
ကြည့်လိုက်ကြတာ မြင်ရသည်။

"လူမမာက မိန်းကလေးပဲ"

"ဟုတ်ပါတယ်၊ ခေါင်းမှာရော၊ ခြေထောက်မှာပါ ဒဏ်...
ရထားပါတယ်၊ ကူညီနိုင်မယ်ဆိုရင် ကျွန်တော်တို့ကို ကူညီပါ...
အစ်ကိုတို့ကျေးဇူးကို ကျွန်တော် မမေ့ပါဘူး"

"လူမမာက လမ်းလျှောက်နိုင်လား"

"မလျှောက်နိုင်ပါဘူးဗျာ"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ"

လူနှစ်ယောက်က တွေး၍စဉ်းစားနေချိန်မှာ တစ်ယောက်က...
ဘက်ကို လှည့်ကြည့်သည်။

"ခင်ဗျားတို့ ကြည့်ရတာ ဒီက ဟုတ်ဟန်မတူဘူး၊ ဧည့်သ...
တွေထင်တယ်"

"ဟုတ်ပါတယ်၊ ဒီနေရာကို အခုမှ ရောက်ဖူးကြတာ...
ကျွန်တော်တို့ တည်းနေတဲ့ နေရာက ရှိးမညီလာစခန်းပါ"

"ရှိးမညီလာဆိုတာ ဘယ်နားကလဲ"

ရှိးမညီလာဆိုသည့် အမည်ကိုမသိ။

ကြားလည်းကြားဖူးပုံ မရသော ထိုလူနှစ်ယောက်ကိုကြ...
ရှိးမက သူတို့တည်းခိုနေသည့် နေရာကို ပြောပြမှ သဘော...
နားလည်သွားကာ ဦးခေါင်းတညိတ်ညိတ် လုပ်ကြသည်။

"အရင်က အဲဒီနေရာကို ကျားစခန်းလို့ ခေါ်တယ်။





...မြင်အသစ် ပြောင်းသွားပြီးမှ နာမည်အသစ်ပေးထားတာဆိုတော့
...နာမည်အသစ်ကို မသိဘူး"

"အခု မိုးတွေ တအားရွာနေတာဆိုတော့ လမ်းမှာ တောင်ကျ
...တွေနဲ့ ပြည့်နေတယ်။ လမ်းခရီး မကျွမ်းကျင်ရင် ဒုက္ခတွေ့နိုင်တယ်၊
...ဗျားတို့နေတဲ့ စခန်းကို ကျုပ်တို့ သွားအကြောင်း ကြားပေးချင်
...ယ် အလှမ်းတော်တော် ဝေးသေးတာဆိုတော့ အခုချက်ချင်း မသွား
...သေးဘူး"

"ဟော... ပြောရင်းနဲ့ မိုးတွေ ပိုသည်းလာပြီ ဘယ်လိုလုပ်
...ကြလဲ"

မိုးရေထဲမှာ ခိုက်ခိုက်တုန်နေသည့် အစောကလွဲပြီး ကျန်ယောက်ျား
...ယောက်က မိုးရေနှင့် အသားကျလျက် ဘာမှမဖြစ်။ ဒီအတိုင်း
...ကြာနေရင် တစ်ခုမဟုတ်၊ တစ်ခုဖြစ်တော့မှာဆိုတော့ ခပ်မြန်မြန်
...ဖြတ်ချက်ချပြီး ကိုယ့်လုပ်စရာရှိတာ လုပ်ကြရုံသာရှိ၍ မိုးရေထဲ
...ရည်ရပ်နေလို့ အကျိုးမရှိ။

"ခင်ဗျား မိန်းမကို အနီးဆုံးစခန်းကို ကျုပ်တို့ခေါ်သွားမယ်၊
...တော့မှ ခင်ဗျားတို့ တည်းခိုတဲ့နေရာကို ပြန်ကြပေါ့၊ ကျုပ်ပြောတာ
...ယ်လိုလဲ"

"ကောင်းပါတယ်၊ အမိုးအကာ မရှိတဲ့ နေရာထက်စာရင် အမိုး
...ကာရှိတဲ့ နေရာက ပိုကောင်းပါတယ်ဗျာ။ မိုးလွတ်တဲ့နေရာ ရောက်ရင်
...တော်ပါပြီ"

"ကဲ... အိုက်စ မင်းပဲလုပ်စရာရှိတာ လုပ်တော့"

အခုချိန်ထိ သူတို့စကားဝိုင်းထဲ စကားတစ်ခွန်းမှ ဝင်မပြောသော



www.burmeseclassic.com

www.burmeseclassic.com



အိုက်စဆိုသူက ဦးကျွန်ဆိုသည့်လူ ပြောလိုက်တာနှင့် သူ့ကို
ပါလာသော စောင်ဟောင်းကို ပုခက်အဖြစ် ရောက်အောင် သူ
သူဟန်ဖြင့် ဖန်တီးပုံက မြန်ဆန်သည်။

"ရပြီ၊ ခင်ဗျား မိန်းမကို ဒီပေါ်တွဲတင်ပြီး စခန်းကို သွား
မယ်"

"လာ… အစော"

ခေါ်သူကို မငြင်းနိုင်သလို မိန်းမချင်း မိုးမွန်အောင် ပြောနေ
လည်း စိတ်ဆိုးရန် အချိန်မရ။ သည်းသည်းမည်းမည်း ရွာနေ
မိုးရေထဲ အဝတ်စကို ပုခက်လုပ်စီးရင်း မိုးရေထဲ ရှေ့က လမ်းပြ
နေသည့် အိုက်စနောက်ကို ခြေလှမ်းမှန်မှန်နှင့် မိုးရေထဲ မလဲမပြို
အထူးသတိပြု လျှောက်နေရသူ ရိုးမကိုသာ အားနာနေ၏။

"ဖြည်းဖြည်း၊ သတိထားလျှောက်နော် ရှေ့နားမှာ တော
ရေတွေ စီးနေတယ်"

"သတိထား"

အရှိန်ပြင်းပြင်း စီးဆင်းနေသော တောင်ကျရေက အစီးမြန်
ရေထဲမှာ မမြင်မတွေ့နိုင်သည့် အန္တရာယ်တွေ ရှိနေနိုင်တယ်ဆို
အားလုံးသတိနှင့် သွားနေရသည်။

မိုးက ပိုသည်းသလို လေကလည်း ထန်နေသည်။ မိုးထဲ
ဒဏ်ရာရနေသည့် လူမမာက နုနုနယ်နယ် မိန်းမသားဆိုတော့ ပို
သည်။ ဒီကြားထဲ ဝင်းခနဲ ဝင်းခနဲ စူးလက်သွားသည့် လျှပ်စီး
နှင့်အတူ ကြောက်စရာကောင်းအောင် ပစ်ခွင်းလိုက်သည့် မိုးထစ်
သံက တော်ရုံလူ အသည်းပျက်ချင်စရာပါ။





အတက်အဆင်းတွေ တစ်ခုပြီးတစ်ခု ဘယ်နှကြိမ် ကျော်ဖြတ်
သေး။ အစောက မျက်လုံးကို စွတ်မှိတ်ပြီး ဘုရားစာတွေ မနား
ရွတ်ဆိုနေမိသည်။

"ရှေ့နားဆို ရောက်ပြီ"

နောက်ထပ် များများ သွားစရာမလိုတော့။ မိုးလေလုံသည့်
ဂူငင်းရောက်မှာ ကိုယ်စီသက်ပြင်းချလျက် သူတို့ကိုယ်ပေါ်က ရေ
ကို အသာညှစ်ချနေကြသည်။ အဝတ်ပို ဘယ်သူမှမရှိ။ ထင်းမီး
က်တစ်ခု ဖြစ်လာတော့ တဲထဲမှာ အသင့်ရှိနေသည့် မဲညစ်နေ
အိုးထဲ မိုးရေထည့်ပြီး ကျိုချက်ကြသည်။

"သိပ်ချမ်းနေပြီလား အစော"

"ဟုတ်ကဲ့"

"မီးဖိုဘေးမှာဆိုတော့ ခဏနေရင် သက်သာသွားမှာပါ"

"ဟုတ်ကဲ့"

ရိုးမက သူကိုယ်ပေါ်က ရေစိုအဝတ်တွေချွတ်ပြီး မီးဖိုမီးနှင့်
က်သွေ့အောင် လုပ်နေချိန်မှာ ဗလာဖြစ်နေသည့် ရိုးမခန္ဓာကိုယ်ကို
အတိုင်း နီးကပ်စွာ တွေ့မြင်နေရသည့်အတွက် မကြည့်မိအောင်
မျက်လွှဲထားလိုက်သည်။ ယောက်ျားသုံးယောက်စလုံး သူတို့ ကိုယ်
က အဝတ်စိုတွေ ချွတ်ကျ၊ ရေညှစ်ကြ။ မီးလှုံကျ လုပ်နေချိန်မှာ
အက ရေစိုအဝတ်တွေနှင့် ဒီအတိုင်း ငြိမ်နေသည်။

အစောကိုယ်တိုင်က သူမကိုယ်ပေါ်က အဝတ်ကို မချွတ်ချင်
ဘယ်သူကမှလည်း သူမကိုယ်ပေါ်က ရေစိုအဝတ်တွေကို မချွတ်
သဖြင့် တော်ပါသေးရဲ့ဟု တွေးနေမိသော်လည်း ချမ်းလွန်း၍



www.burmeseclassic.com

www.burmeseclassic.com



အစော တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေခြင်းကို ဖုံးမိမရ။

အနာကလည်း နာသည်။

ဓိုက်ကလည်း ဆာသည်။

အလွန် ချမ်းအေးသည့် ရာသီဥတုမှာ မိုးရေစိုနစ်နေသည့်

အဝတ်တွေနှင့် သူမအဖြစ်ကို သူမဘာသာ မတွေးရဲ။

"ဒီမှာက ဆောင်းတွင်းလည်း မိုးရွာချင် ရွာတာပဲ။ ပြေ

"

မရဘူး

ဦးအိုက်စက ပြောခြင်းဖြစ်သည်။

"မင်းမိန်းမ သိပ်ချမ်းနေပြီ ကောင်လေး"

ဒီတစ်ခါ ဝင်ပြောသူက ဦးကျွန်။

"တစ်ခုခု လုပ်ပေးလိုက်ဦး"

အစော မျက်နှာကို ရိုးမ လှမ်းကြည့်လိုက်တော့ သူ့ကို

သည့် အစောမျက်ဝန်းများနှင့် အကြည့်ချင်း ဆုံမိသည်။

သိပ်ချမ်းနေတာ သူသိသည်။ တောင်ပေါ်မှာနေ။ တောင်ပေါ်မှာ

သည့် လူတွေတောင် ဒီအချမ်းဒဏ်ကို ခံစားနေလျှင် အစောလို

သူ့အတွက် ဆိုဖွယ်ရာမရှိမှန်း သူသိသည်။

တဲထဲမှာ ဘာတစ်ခုမှ မရှိ။ မိုးလုံလေလုံ နေထိုင်နိုင်ခြင်း

မီးဖိုလေးရှိခြင်းကြောင့် သူကိုယ်ပေါ်က အဝတ်တွေချွတ်ပြီး

သွေ့အောင် အမြန်ဆုံး ကြိုးစားရင်း အစောကို မကြာခဏ လှမ်း

ကြည့်တော့ ခိုက်ခိုက်တုန်နေသည့် အစောကြောင့် ရိုးမရင်

လာသည်။ မိုးက သည်းသည်းမည်းမည်း ရွာနေစဲ။

အစောကိုယ်လေးကို ပူခက်လုပ်လာသည့် အဝတ်စကို



လဲမည့်နေရာမှာ အရင်ထားပြီးမှ အစောကို သူမကိုယ်ပေါ်က

အဝတ်တွေချွတ်ပြီး သူ့အင်္ကျီနှင့် လဲနိုင်းရသည်။

"အစော ရှင့်အဝတ်တွေ ဝတ်ထားတော့ ရှင်က ဘာသွားဝတ်

"

"ကိုယ်ပြောသလိုသာ လုပ်ပါ၊ အစော အဝတ်တွေ ခြောက်

မှ ပြန်ဝတ်မယ်"

"မဟုတ်တာရှင်၊ အစော ဒီစောင်ကြီးနဲ့ပဲ အစောကိုယ် အစော

လိုက်ပါ့မယ်၊ ရာသီဥတု ဒီလောက်ဆိုးနေတာ အဝတ်မဝတ်ဘဲ

နဲ့။ ရှင့်အဝတ်တွေ ရှင်ပြန်ဝတ်ထားပါ။ ဒီလိုနေရာမှာ ရှင်

ဖြစ်မှာကို အစော အကြောက်ဆုံးပဲ"

ထိုစကားကို သူတို့နှစ်ယောက်တည်း တိုးတိုးကျိတ်ကျိတ်

ကြခြင်း ဖြစ်သည်။ ယောကျ်ားသုံးယောက်အလယ်မှာ အစောက

ငယ် မိန်းမသားတစ်ယောက်တည်း ဖြစ်ရုံမက အစော၏

လုပမှုတွေက ထိန်းမနိုင်သိမ်းမရ။ အရှိအတိုင်း တွေ့မြင်နေရ

အတွက် အစောကိုယ်အစော စိတ်ချလုံခြုံမှုကို မခံစားရ။

စိတ်ထဲက ကြောက်ရွံ့နေမိသည်။ ဒါကို ရိုးမလည်း ရိပ်မိသည်။

မှန်းမသိ ထိတ်လန့်စိတ်နှင့် နားလည်သည်။

"အစောနားမှာ ကိုယ်ရှိနေတာပဲ မကြောက်ပါနဲ့"

"အစော ဒီစောင်ကိုပဲ ခြုံထားမယ်၊ ရှင်လည်း ရှင့်အင်္ကျီရှင်ပြန်

ထားပါ"

"ကောင်းပြီ၊ အစောကိုယ်ပေါ်က အဝတ်တွေကို အရင်လဲလိုက်

ကိုယ်ဒီဘက် လှည့်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



အစောက ရှိုးမကိုယ်ကို မလုံ့တလုံ အကာအကွယ်ယူပြီး သူ [illegible] ကိုယ်ပေါ်က အဝတ်တွေ ချွတ်ပြီး သူမကိုယ်ကို ထမ်းလာသည [illegible] စောင်ဖြင့် သူမကိုယ်လေးကို ရစ်ပတ်လိုက်သည်။

"ရပြီ"

အစောအသံကြောင့် ရှိုးမက သူရှိရာ ခပ်ဖြည်းဖြည်း လှည [illegible] ကြည့်သည်။ သူမြင်တွေ့လိုက်ရသော အစောပုံစံက တောထဲရော [illegible] နေသည့် လူရိုင်းမလေးနှင့် တူပေမယ့် ချစ်စရာကောင်းသော အ [illegible] တရားတို့ဖြင့် လွှမ်းနေသော လူရိုင်းဘုရင်မ ဖြစ်နေသည်။

"လာ… မီးပုံနားမှာ ထိုင်"

ရှိုးမ ကမ်းပေးလာသည့်လက်ထဲ လက်လေးကို အလွယ်တ [illegible] ထည့်ပေးလိုက်တာက သူတို့နှစ်ယောက် အခြေအနေကို စိတ်ဝင်စ [illegible] အကဲခပ်ကြည့်နေသည့် လူနှစ်ယောက်ကြောင့် ဖြစ်သည်။ သူတို့က [illegible] အစောတို့ကို လင်မယားအဖြစ် ယုံကြည်ထားသည့်အတွက် အစော [illegible] အန္တရာယ်ကင်းသည်။ စိတ်ချလုံခြုံသည်။

သဏ္ဌာန်လုပ် သရုပ်တူစေရန် တစ်ယောက်နှင့်တစ်ယောက် [illegible] ရင်းနှီးနေရမည်။ ခပ်စိမ်းစိမ်းနေ၍ မဖြစ်။ ရှိုးမက အစော အဝတ်တွေ [illegible] မီးနှင့်ကင်ပြီး ခပ်မြန်မြန် ခြောက်အောင် လုပ်နေသည်။ ကျန်နှစ်ယော [illegible] က သူတို့ပလိုင်းထဲက သစ်ဥတွေထုတ်ပြီး မီးဖိုထဲ ပစ်ထည့်သူကထည့် [illegible] ရေနွေးဆူဆူပူပူထဲ အရွက်စိမ်းစိမ်းလေးတွေ ခပ်သူက ခပ်နှင့် အလုပ် [illegible] များနေသည်။

အပြင်မှာ လေနှင့်မိုးက ပြင်းထန်နေစဲ။

"ဒီပုံနဲ့ဆို မိုးက တော်တော်နဲ့ စဲဦးမယ် မထင်ဘူး၊ မင်းတို့ [illegible] နေရာရောက်နေတာ ဘယ်အချိန်ကလဲ"

ဦးကျွန်က မေးခြင်းဖြစ်သည်။

"မနက်ခြောက်နာရီလောက်က ဖြစ်မယ်ထင်တယ်ဗျာ ကြာတော့ [illegible] ပြီ"

"ဒါဆို မင်းတို့လည်း ဗိုက်ဆာနေကြမှာပေါ့၊ ဒီမှာ ပိန်းဥတွေ [illegible] တာလို မီးဖုတ်နေတယ်။ အဆာပြေစားလို့ ရတော့ရလောက်ပါ [illegible] ည်"

"ဦးလေးတို့က ဘယ်ကလဲ"

"ပိန္နဲတောင်က၊ ဒီဘက်မှာ စိုက်ခင်းရှိလို့ လာကြည့်ရင်း၊ ဆေး [illegible] ဆေးရွက်တွေလည်း ခူးရင်းဆိုပါတော့"

မီးဖိုထဲ ထင်းတစ်ချောင်းနှင့် မီးဆွနေသော ဦးအိုက်စက ဖြေ [illegible] ဖြစ်သည်။

"အရင်ကတော့ ဒီဘက်ကို သိပ်မလာဖြစ်ဘူး။ ဒီနေ့မှ ထူးထူး [illegible] ဆန်း ဒီနေရာကိုလာချင်တာနဲ့ ရောက်လာတာ၊ မင်းတို့ ကံကောင်း [illegible] တယ်"

"ဦးတို့ကို ကျေးဇူးတင်ပါတယ်ရှင်"

လိုက်လျောစွာ ကျေးဇူးတင်စကားဆိုဖြစ်ရသူက အစောပါ။ သူတို့ [illegible] ရောက်မလာရင် အစောတို့ ဘာဆက်ဖြစ်ကြမည်မသိ။ ဦးစိုင်း [illegible] ဘာက အစောတို့ ပျောက်၍ လိုက်ရှာကြမည်ဆိုသော်လည်း ဒီမိုး [illegible] ဒီရေနှင့် ခရီးဆေးမသွားနိုင်မှန်း အစော သိသည်။

"ရော… ကောင်လေး၊ ဒီဆေးရွက်ကို ကျိုတ်ချေပြီး မင်းနှီးမ [illegible] ရာတွေထဲ ဖိသိပ်ပေးလိုက်။ အနာကိုက်တာ သက်သာသွားလိမ့်

www.burmeseclassic.com



မယ်။ မင်းလည်း ဒီအရွက်တွေကို စားလည်းစား၊ မင်းမိန်းမကိုလည်
ကျွေး"

ဆေးရွက်တစ်ဆုတ်စာ ရိုးမလက်ထဲ ရောက်လာသည်။ ဘ
ဆေးရွက်ဟု မသိရ။ စားကြည့်လိုက်တော့ ခါးသက်သက်ပေမ
သိပ်တော့ အဝင်မဆိုး။ အနာပျောက်မည်ဆိုတာနှင့် အစောက စားန
နေသည်။ ပါးစပ်က ထုတ်မည်သည်းပေမယ့် ခြေထောက်ရော ခေါင်းရေ
တဆစ်ဆစ် ကိုက်ခဲနာကျင်နေသည်။

"သိပ်တော့ မခါးပါဘူး၊ ဝါးစားပြီး မြန်မြန်မျိုချလိုက်၊ ဒါ
ဒဏ်ရာတွေ သက်သာသွားမှာ"

"ဟုတ်ကဲ့"

"ဒီမှာ… ရေနွေးရပြီ၊ ဆေးရွက်ဝါးပြီး ဒီရေနွေးနဲ့ မျောချ

"ကျေးဇူး"

ဦးကျွန် ကမ်းပေးလာသည့် ဝါးဆစ်ခွက်ကို ရိုးမ လှမ်းယူပြ
အစော သောက်လို့ရအောင် ပါးစပ်ကနေ ဖူးဖူးမှုတ်၍ အအေးခံပေ
လိုက်သည်။ အစောက ခါးသော်လည်း ရောဂါပျောက်လိုသောစေ
ဆေးရွက်တွေဝါးပြီး ဖွတ်မျိုချသည်။

"ရော… ဒါလေး သောက်လိုက် အစော"

အစောက သူပေးသည့် ရေနွေးနှင့် ခါးသက်မှုအရသာကို ကစ
ကတန်း မျောချလိုက်သည်။

"ဗိုက်ဆာနေပြီလား၊ ဒီမှာ ပိန်းဥမီးဖုတ်ရပြီ"

မီးဖိုထဲက ခပ်မည်းမည်း ဥတွေထုတ်ပြီး ခွဲလိုက်တော့ ဖြူဖွေ
သည့်အတွင်းသား အနှစ်တွေက မီးရောင်အောက်မှာ အငွေ့ထောင

အောင်းထနေသည်။ မြင်ရတော့ ဗိုက်ထဲက ပိုဆာလာသည်။ ဦးအိုက်
ဘာ သူတို့ရှေ့ကို ဖက်စိမ်းပေါ်တင်ထားသော ပိန်းဥမီးဖုတ် လာချ
သည်။ ရိုးမက အလိုက်တသိ အစော စားနိုင်ရန် အသင့်အခွံခွာ
ဖြူဖွေးသော အနှစ်ကို သူ့မလက်ထဲ ထည့်ပေးသည်။

"အားရှိသွားအောင် စားလိုက်ဦး အစော"

"ရှင်လည်း စားလေ"

"ကိုယ်က ရပါတယ်၊ အစောသာ စားပါ"

"အို… ဘာဖြစ်ဖြစ်၊ ရှင်မစားရင် အစောလည်း မစားဘူး"

"အဟား… ဟား… မင်းကို မင်းမိန်းမက တော်တော်ချစ်တာ
ဘဲ၊ သူ့ယောက်ျားမစားရင် သူလည်း မစားဘူးတဲ့။ ရော…
အောင်လေး… မင်းတို့အတွက်"

နောက်ထပ်ပိန်းဥတစ်လုံး ထပ်လာပေး၍ ရိုးမ အားနာသွား
သည်။

"ဦးလေးတို့ စားပါဗျာ၊ ကျွန်တော်တို့အတွက် ဒီလောက်ဆို
ပါပြီ"

"စားမှာသာ စားစမ်းပါကွာ၊ ငါတို့အတွက်လည်း ဒီမှာ ရှိ
ပါတယ်။ အားနာမနေစမ်းပါနဲ့၊ မင်းအားရှိမှ မင်းမိန်းမကို ပြုစုနိုင်
မပေါ့"

သူတို့ပြောတာ မှန်နေ၍ ရိုးမ အသာငြိမ်နေလိုက်သည်။

"မိုးတိတ်ရင် မင်းတို့နေရာကို ငါတို့ လိုက်ပို့ပေးမယ်၊ စိတ်
ချကြနဲ့"

အားပေးစကား ကြားရ၍ ကျေးဇူးတင်သော်လည်း အပြင်ကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမျှော်ကြည့်တိုင်း ဒေါ်သမာန် ပြင်းထန်နေသည့် မိုးမင်းကြီးကြောင့် သက်ပြင်းကိုယ်စီ ကြိတ်ချနေကြရသည့် ရိုးမတို့အဖြစ်ကို မည်သူမှ မသိ။ သူတို့ပျောက်လို့ စိတ်ပူနေမည့်သူတို့ကို ပြေးမြင်ယောင်ရင်း သူနားမှာ ဒဏ်ရာတွေနှင့် အစောကိုကြည့်ပြီး စိတ်မသက်သာ။

သူသာ အစောနောက်ကို ပြေးလိုက်မသွားရင် အခုလောက်ဆို အစောတစ်ယောက်တည်း သူမနှင့် အလွန်စိမ်းသက်သော ပတ်ဝန်းကျင်မှာ ဘာတွေ ဘယ်လိုဖြစ်နေမည်ဆိုတာ ရိုးမ မတွေးရဲ။ အစောက ဘယ်သူ့ကိုမှ မကြည့်။ မီးရောင်တစ်လက်လက်ကိုသာ ငေးရီရီလေး ကြည့်နေ၍ အစောလက်လေးတစ်ဖက် သူ့အသာဆုပ်ကိုင်လိုက်သည်။

"အစော"

အစောအမည်ကို သူ အလန့်တကြား ခေါ်လိုက်မိသည်။ အစောက ဖျားနေလေပြီ။ သူ ဘာလုပ်ရမှန်းမသိ။ ရေစိုအဝတ်တွေ အမြန်ခြောက်မှ သူမကို နွေးထွေးစွာ ထားနိုင်သည်။ ဒီပုံနှင့်ကြာလျှင် ခက်တော့မည်ဟုတွေးပြီး အစောမျက်နှာကို ကြင်နာစွာ ကြည့်လိုက်သည်။

"အစောအတွက် စိတ်မပူပါနဲ့၊ ဆေးသောက်ထားလို့ မကြာခင် ပြန်ကောင်းလာမှာပါ"

ဖျားနေသူက ရိုးမကို အပြုံးနှင့်ပြန်အားပေးနေ၍ ရိုးမ ပို၍ ရင်နာသွားသည်။ နုံးညံ့သိမ်မွေ့သော နှလုံးသားပိုင်ရှင် အစောဆိုသည့် မိန်းမလှလေးအပေါ်မှာ သူဘာလို့များ ခါးခါးသီးသီး ဆက်ဆံခဲ့မိပါ လိမ့်။ ဦးကျွန်ပြောသလို အစောဒဏ်ရာတွေအပေါ် ဆေးရွက်ကို ကျိတ် ချေဖိအုပ်ပေးသော်လည်း အစောဝေဒနာက သက်သာပုံမရ။





"အစော အိပ်ချင်ရင် အိပ်လေ၊ ကိုယ် အစောကို စောင့်နေမယ်"

အစောအတွက် မီးဖိုဘေးမှာ ဖြစ်သလို နေရာလေးတစ်ခု လုပ်ပေးလိုက်တာနှင့် ဟန်မျှပင်မဆောင်နိုင်ဘဲ အစောကိုယ်လေး လှဲချလိုက်တာ မြင်ရတော့ ရိုးမရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

"အစော"

"ရှင်"

"ကိုယ်အစောကို ဖက်ထားမယ်နော် ဒါမှ အစော အချမ်းသက်သာမှာ"

"ဟုတ်ကဲ့"

အစောကိုယ်လေး သူ့ရင်ခွင်ထဲ ရောက်လာပေမယ့် ချမ်းအေးသည့် ဒဏ်ကြောင့် ခိုက်ခိုက်တုန်နေ၏။

"အစော အဝတ်တွေ ခြောက်တော့မှာပါ သိပ်မကြာတော့ပါဘူး"

"ဟုတ်"

အစောက မျက်လုံး မဖွင့်သော်လည်း ပါးစပ်ကတော့ သူပြောသမျှ လိုက်ပြောပေးနေပုံက ရိုးမရင်ကို စူးနစ်စွာ လာထိသည်။ သူချစ်သော ချစ်သူကို ဒီထက်ပိုပြီး သူ့ဘက်က မကူညီနိုင်သည်က ဝမ်းနည်းစရာဖြစ်သည်။

"ကြည့်ရတာ မုန်တိုင်းရှိပုံပဲ၊ မုန်တိုင်းသတင်းလေး ဘာလေး များမင်းတို့မကြားဘူးလား ကောင်လေး"

"ကျွန်တော်တို့ သတိမထားမိတာလည်း ဖြစ်နိုင်ပါတယ်။ မုန်တိုင်းအကြောင်း ပြောသံတော့ ကျွန်တော် မကြားမိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရိုးမစကားကို ဦးအိုက်စက ခေါင်းညိတ်ထောက်ခံသည်။

"ရာသီဥတုက ဖောက်ပြန်နေတာ ကြာပြီ၊ ဘယ်အချိန် ဘာ… မယ်ဆိုတာ ဘယ်သူမှ အတိအကျ မခန့်မှန်းနိုင်ဘူး။ သူဖြစ်ချင်… ဖြစ်နေတော့တာပဲ"

"ဟုတ်တယ်ဗျာ၊ ဟိုတစ်လောက တောလမ်းဘက်မှာ လေ… ကျလိုက်တာ အိမ်တွေ တော်တော် ပျက်စီးတယ်ပြောတယ်။ … မရောက်လို့ သေချာမသိပေမယ့် သိတဲ့လူတွေ ပြောပုံအရဆိုရင် အ… ကြောက်စရာကောင်းတယ်ဗျာ။ စီးပွားရေး အဆင်ပြေတဲ့သူက … ပြန်ဆောက်နိုင်ပေမယ့် တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ သူတွေကျ… ဘယ်လိုလုပ် အိမ်ပြန်ဆောက်နိုင်မှာလည်းဗျာ"

"လူတွေ တော်တော် ဒုက္ခရောက်ကြတယ်၊ ဘယ်သူမှလည်း… သူတို့ကို ကူညီမယ့်သူ မရှိဘူး"

ဆင်းရဲချမ်းသာ မညီမျှသော လောကကြီးက ဘာတစ်ခုမှ တ… မျှတမှုမရှိ။ ချမ်းသာသူတွေက ပိုချမ်းသာပြီး၊ ဆင်းရဲသူတွေက ပို… ဆင်းရဲတွင်းနက်ကြရသူများ အဖြစ်သာ ရပ်တည်လျက် ဘာဆို… တစ်ခုမှ မပြောင်းလဲချေ။

"အင်း… ဟင်း… ဟင်း"

သူ့ရင်ခွင်ထဲ အိပ်ပျော်နေသော အစောထံမှ ညည်းသံသဲ့… ဖြစ်သည်။

"မင်းမိန်းမ ဖျားနေပြီ ကောင်လေး"

"ဟုတ်တယ် ဦးအိုက်စ၊ သူ ဖျားနေပြီ"

စိုးရိမ်စိတ်ပူစွာ အစောမျက်နှာလေးကို ငုံ့ကြည့်ရင်း သူ…

…က်တော့ ဦးအိုက်စကိုယ်ကြီး လှုပ်လာသည်။

"မင်းမိန်းမ အကျီတွေ ခြောက်လောက်ပြီ ထင်တယ်၊ နိုးပြီး… …တ်လဲခိုင်းလိုက်၊ ငါဆေးကျိုလိုက်မယ်၊ ဆေးသောက်ပြီး အဖျား… …သွားမှာပါ။ သိပ်လည်း မစိုးရိမ်ပါနဲ့"

"ကျွန်… ငါ့ကိုနည်းနည်းကူပြီး ဆေးကျိုဖို့ လုပ်ပေးဦး"

"အေးပါ"

အဘိုးကြီးနှစ်ယောက် ခေါင်းချင်းဆိုင်ပြီး ဆေးတစ်အိုးကျိုရန် …ဆင်ကြနေသည့်အချိန်မှာ ရိုးမက အဖျားရှိန်ဖြင့် အိပ်ပျော်နေသော …ကိုနှိုးပြီး မီးအရှိန်ကြောင့် ခြောက်သွေ့နေပြီဖြစ်သော သူမ အဝတ် …ကို ပြန်လဲလှယ် ဝတ်ဆင်ခိုင်းရသည်။

"အပြင်မှာ မိုးတိတ်ပြီလားဟင်"

"ရွာနေတုန်းပဲ"

မျှော်လင့်ချက်ဖြင့် မေးလာသည့် အစော စကားသံလေးက … အဖြေစကားအောက်မှာ တိုးတိမ်မှိန်ဖျော့သွားကာ အပြင်ကို …မ်းမျှော်ကြည့်ရင်း သက်ပြင်းချသည်။

"ကိုစိုင်းတို့ မမစင်သီယာတို့လည်း အခုလောက်ဆို အစော …အတွက် စိတ်ပူနေမှာပဲနော်"

"ဒါပေါ့… မိုးတိတ်ရင် စခန်းကို ပြန်နိုင်ပါပြီ"

"အာ… ကျွတ်… ကျွတ်"

"ခေါင်းထဲက မူးလိုက်တာ"

"လာ… လာ… ကိုယ်တို့ မီးဖိုနားမှာပဲ နေမှဖြစ်မယ်"

အစောကိုယ်လေးကို ကြင်နာစွာ ပွေ့ယူပြီး မီးဖိုနား ပြန်ရောက်





www.burmeseclassic.com

www.burmeseclassic.com



လာတော့ ဖိုပေါ်မှာ ဆေးကကျိုနှင့်ပြီး ဖြစ်သည်။

"မင်းမိန်းမ ကြည့်ရတာ အိမ်ပြန်ချင်နေပြီ ထင်တယ်"

"ဟုတ်တယ် ဦးအိုက်စ၊ ခေါင်းထဲက နာတယ်လို့ ပြောတ[...]

"ဖျားလည်း ဖျားနေတော့ ပိုဆိုးတာပေါ့ကွ၊ မိန်းကလေ[...] တော့ ဘယ်အကြမ်းခံနိုင်မှာလဲ၊ မိုးမြန်မြန် တိတ်ပါစေလို့ ဦးလေ[...] လည်း ဆုတောင်းနေတာပဲ"

ပြော၍သာ ပြောနေရသော်လည်း မိုးကမစဲ။ ပို၍ပင် သည်းသ[...] မည်းမည်း ရွာနေ၍ စိတ်လျှော့ပြီး အစောကိုယ်လေးကို သူ့ရင်ခွ[...] တင်းနေအောင် ဖက်လိုက်တော့ ပူလောင်နေသော အရေပြာ[...] အတွေ့က သူ့နှလုံးသားထဲ ဝင်ရောက်သွားသလို ရှီးမ အသည်[...] ကျင်ခနဲ ဖြစ်သွားသည်။



## အခန်း (၉)

"ကိုယ်ဘာမှမဖြစ်လို့ စင်သီယာရှေ့ကို ပြန်ရောက်လာပြီ မဟုတ်[…]း စင်သီယာ၊ ဘာဖြစ်လို့ ကိုယ့်ကို ဟိုဟာမလုပ်နဲ့ ဒါမလုပ်နဲ့ [...]တားမြစ်ချင်နေရတာလဲ"

ပြင်းထန်သော ဒေါသအမျက် စကားအောက်မှာ ပြားပြားဝပ်[…]သက်နေရသူက စင်သီယာ။ အစောနှင့်အတူ တစ်ချိန်တည်း[…]ပြိုင်တည်း ပျောက်ဆုံးနေသည့် ရှီးမနှင့်အစောကြောင့် ခေါင်း[…]ဆောက်ခတတ် ဖြစ်နေရသူက စင်သီယာ မဟုတ်။

စိုင်းညီလာဆိုသည့် စင်သီယာယောကျ်ားဖြစ်သည်။ အစောပိုင်း[…]က အစောပျောက်နေသည်ဟု မထင်။ သူမအခန်းကို သော့ခတ်[…]၍ တခြားတစ်နေရာကို သွားနေသည်။ လမ်းလျှောက်ထွက်နေ[…]သည်လိုပဲ အလွယ်တွေးခဲ့ကြ၍ ဘယ်သူမှ စိတ်မပူ။ သို့သော် အစော[…] သူတို့မျှော်လင့်သလို ဘရိတ်ဖတ်စ်မှာလည်း မမြင်ရ။ နေ့လယ်စာ[…]တော့လည်း ရောက်မလာ။

နောက်တော့မှ အစော ပျောက်နေမှန်း သိကြရသလို [illegible]ပြိုင်



www.burmeseclassic.com

www.burmeseclassic.com



တည်း ရှိုးမကိုပါ အရိပ်အယောင် မတွေ့ရပေမှ နှစ်ယောက်အ... ပျောက်သလား။ တစ်ယောက်တစ်နေရာစီ ရောက်နေလေမလ... အတွေးပေါင်းစုံကြရသူက ကျန်ရစ်ခဲ့သူတွေ ဖြစ်သည်။

ဒီကြားထဲ မိုးသက်လေပြင်းကျ၍ မိုးသည်းလေထန်ထဲ ဘယ်...မှ အပြင်မထွက်ရဲ။ မထွက်နိုင်အောင် ဖြစ်နေချိန်မှာ ညီဖြစ်သူ... အစောကြောင့် သည်းထန်သော လေပြင်းနှင့် မိုးမင်းကိုလည်းကော...ကရမထားဘဲ သူတစ်ယောက်တည်း ကားတစ်စီးနှင့် ထွက်သွားသူ... စိုင်းညီလာ ဖြစ်သည်။

ဘယ်သူမှ တားဆီးမရသည့်အဆုံး သူ့နောက်ကို စိတ်အချရ... လူယုံငါးယောက်ကို နောက်ကားတစ်စီးနှင့်အတူ လွှတ်လိုက်ရသည်... စင်သီယာ။

မိုးက မစဲ။ သည်းပဲသည်းနိုင်လွန်း၍ ကြောက်စိတ်တစ်ဝက်... စိုးရိမ်ပူပန်နေရသူက စံနန်းမှာ ကျန်ခဲ့သူတွေဖြစ်သည်။ ရှိုးမ... လူကြီးချင်း သဘောတူထားသည့် ခမ်းမွန်က မျက်ရည်တစမ်းစမ်း... စင်သီယာနား ရောက်လာသလို စင်သီယာကိုယ်တိုင်လည်း သား... ဖေဖေအတွက် ရင်ထဲက အပူကို ဘယ်သူ့ကိုမှ ဖယ်ပါယူပါ ထု... မပြောသာသည့် ဘဝ။

ဒေဝီကတော့ အားလုံးနဲ့ ဆန့်ကျင်ဖက် ဘာတစ်ခုမှ စိတ်မ...စားသလို အေးစက်စက် မျက်နှာနှင့် သူစားစရာရှိတာ အစားမပျက်... သလို သူ့ရည်းစားနှင့်လည်း စကားပြောမပျက်။ ဘာအပူမှ မရှိသ... နေပဲနေနိုင်လွန်းသူဖြစ်သည်။

“မငိုပါနဲ့ ညီမရယ်၊ အားလုံး ဘေးကင်းရန်ကင်း၊ အန္တရာယ်...





...ကြမှာပါကွယ် ဘာမှဖြစ်ကြမှာ မဟုတ်ပါဘူး၊ တစ်နေနေရာကို ...တ်ပြီး ခရီးလွန်နေလို့ မိုးခိုနေကြတာပဲ ဖြစ်မှာပါ”

စင်သီယာက သူဖြစ်စေချင်တာကို ပါးစပ်က ထုတ်ပြောခြင်းဖြင့် ...င်ထဲက ခံစားနေရသည့် ဝေဒနာကို သက်သာလျော့ပါးစေ...ို ခမ်းမွန် ငိုနေတာကိုလည်း ချော့မော့နှစ်သိမ့်စကားဆိုပြီးသား...ည်း ဖြစ်စေပါသည်။

“အဖိုးနဲ့လူပျို နှစ်ယောက်တစ်ပြိုင်တည်း တစ်ချိန်တည်း တစ်...ာတည်း ပျောက်သွားတယ်ဆိုကတည်းက အဖြေက ရှင်းနေတာ ဒေဝီတို့တော့ ဒီလိုကိစ္စမျိုး မပူပေါင်”

“ဒေဝီ ပြောသလို ဟုတ်ချင်မှ ဟုတ်မှာပါ ဒေဝီရယ်၊ မမ...သလောက်တော့ ရှိုးနဲ့အစော ဆက်ဆံရေးက အဲဒီအနေအထားမျိုး ...တ်ကြပါဘူး”

“မမပဲ လူတွေကိုယုံနေ၊ ဒေဝီတို့ကတော့ ကိုယ်ကကျူး ကိုယ့်...တောင် မယုံဘူး”

အပေးအယူ မမျှသော စကားဝိုင်းဖြစ်၍ နှစ်ဦးနှစ်ဖက် အဆင်...ချေ။ ဒေဝီစကားကြောင့် စင်သီယာရင်ထဲထွေးပြီး မခံစားရသော်လည်း ...နှင့် သဘောတူထားသည့် ခမ်းမွန်ကတော့ လူးနေအောင် ငိုသဖြင့် ...မချမ်းသာ။

“တိတ်ပါကွယ်၊ ဒေဝီက ဒီလိုပဲ စကားကို မဆင်မခြင် ပြော...တတ်တယ်၊ သူ့စကား ဘယ်ရောက်လို့ရောက်မှန်း သိတာမဟုတ်ဘူး”

“ကိုကြီးလည်း အရွယ်ပဲ၊ ဒီလောက် မိုးကြီးလေကြီး ကျနေတဲ့...ထဲ လူပျောက်ထွက်ရှာတာ အရေးမကြီးဘူး၊ ကိုယ်ကိုယ်တိုင် ပျောက်

www.burmeseclassic.com

www.burmeseclassic.com



သွားမှ ခက်နေမယ်''

''တော်ပါတော့ ဒေဝီရယ်၊ မမပဲ ဒေဝီကို တောင်းပန်ပါတယ်

''အမယ်လေး… ဒေဝီတို့က စေတနာနဲ့ မမမုဆိုးမ ဖြစ်ကျ

မှာစိုးလို့ ပြောတာ၊ မကြိုက်ဘူးဆိုလည်း မပြောတော့ပါဘူး''

''လာ… စတီဗင်… ဒေဝီတို့ သွားကြမယ်''

ဒေါသပြင်းပြင်းနှင့် စိတ်ဆိုးသွားသော ဒေဝီကို မတားမိ၊ ဒေ

ပြောသည့်စကားများကို မှားသည်ဟု မဆိုချင်သော်လည်း အမှန်အတ

လည်း မကြားချင်တာတွေ ရှိနေတာကို ဒေဝီ နားလည်ဟန်မတူ

စိုင်းညီလာကို မိုးထဲလေထဲ မသွားရန် စင်သီယာ ဘယ်လို

တားမြစ်မရ၍ မျက်စိမှိတ်လျက် လိုက်ရပေမယ့် ပြင်းထန်ကျယ်လော

သော မိုးထစ်ချုန်းသံ၊ လျှပ်စီးရောင်တဖျက်ဖျက်။ ဝင်းလက်တော

ပနေသည့်အချိန် တားမရသည့် ခင်ပွန်းသည်ကို ဒီအတိုင်း လက်ပိ

ကြည့်နေခဲ့ရသည်။

ဖြစ်သင့်တာက ရာသီဥတု ငြိမ်သက်သည့် အချိန်ကျမှ ဒေါ

အေးအေးနှင့် ရှာဖွေရန် ဖြစ်သော်လည်း စင်သီယာ ဖြစ်စေချင်သ

ဖြစ်မလာခဲ့။ အသက်ကိုစွန့်၍ ညီကို ရှာဖွေခြင်းလား။ သူချစ်သေ

အစောဆိုသည့် မိန်းမလှလေး ပျောက်သွား၍ပဲ တုန်လှုပ်ချောက်ခြ

စိတ်နှင့် ရူးသွပ်ခြင်းလား မသိ။

နောက်ဆုံးအချိန် နှစ်နာရီကျော် သုံးနာရီခန့်မှာ စိုင်းညီလာ

သူ့အဖွဲ့ စခန်းပြာကို ပြန်ရောက်လာတာမြင်မှ သက်ပြင်းကိုယ်စီ ချ

ကြသည်။

''ဘယ်သူမှ မတွေ့ဘူး၊ စင်သီယာ တောင်ကျရေထဲများ ပေ





သွားကြပြီလား မသိဘူး''

အေးစက်စိုရွှဲနေသည့် အဝတ်တွေကို ချက်ချင်းလဲလှယ် ဝတ်ဆင်

သလို ကော်ဖီပူနှင့် ဆေးတစ်ခွက် အမြန်ဆုံး မျှောချစေပြီးမှ စိုင်း

ညီလာစကားကို အလိုက်သင့် တုံ့ပြန်ပြောဆိုနိုင်သူက စင်သီယာ။

''ကိုယ့်ဘက်က အစိုးရိမ်လွန်နေတာလည်း ဖြစ်နေနိုင်ပါတယ်

ရှယ်၊ စင်သီယာတော့ သူတို့လည်း မိုးလေလုံခြုံတဲ့ နေရာတစ်ခုမှာ

ဘေးမသီရန်မခ ရှိနေကြမှာပါ''

''စင်သီယာ ပြောသလို ဖြစ်ရင်တော့ အကောင်းဆုံးပေါ့၊ ဖြစ်

လာရင် ဘယ်နှယ့်လုပ်မလဲဆိုတာရော စင်သီယာ တွေးမိရဲ့လား''

တွေးမိပါသည်။

တွေးလည်း တွေးခဲ့ပါသည်။

ဖြစ်လာမှာတော့ ဘာမှမတတ်နိုင်တော့။ မဖြစ်ပါစေနှင့်ဟု

ဆုတောင်းရုံကလွဲပြီး ဖြစ်ပေါ်လာသည့် အနေအထားက ကိုယ့်ဘက်မှာ

ရှိ။

''ကိုယ် ဒီမှာထိုင်နေလို့ မဖြစ်ဘူး စင်သီယာ၊ ကိုယ်သူတို့ကို

လိုက်ရှာမှဖြစ်မယ်''

နောက်ထပ် တစ်ကြိမ် မိုးလေထဲ ထွက်ဦးမည်ဆိုတာကိုတော့

ဒီတစ်ခါ စင်သီယာ ဘယ်လိုမှ ခွင့်မပြုနိုင်။ ဘယ်တုန်းကမှ ခင်ပွန်း

သည်ကို ဆန့်ကျင်စကား မပြောဖူးသော သူမက သူအင်မတန် ချစ်

တော်နိုးသော ယောကျ်ားတစ်ယောက်။ ဒုက္ခတောထဲ သူ့သဘောနှင့်သူ

ထွက်ဆင်းတော့မည် အန္တရာယ်က ရဲရင့်စွာ ကာကွယ်လိုစိတ်ပြင်းစွာ

ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"စင်သီယာ တားတာမရတော့ဘူးလား ကို၊ ကိုယ့်ကို စင်သီ
က ရိုးတို့ကို လိုက်မရှာနဲ့လို့ မပြောဘူး၊ မိုးတိတ်မှ သွားပါ
ပြောနေ၊ တောင်းပန်နေတာပါ"

"ကို့အပေါ် အန္တရာယ်တစ်ခုခု ကျရောက်လာမှာမျိုး စင်သီ
လက်ပိုက်ကြည့်မနေနိုင်ဘူးကို"

"ဒီတော့ စင်သီယာ ဘာလုပ်ချင်လဲ ပြော"

စိုင်းညီလာ မျက်နှာက ဒေါသဖြင့် နီမြန်းနေသလို စကားတွေ
လည်း တင်းမာမှုနှင့်အတူ ခက်ထန်နေတာကြည့်ပြီး သူ့ရင်ထဲ ဘ
လောက် ပူနေလဲဆိုတာ စင်သီယာ နားလည်သဘောပေါက်လိုက်သ

"စင်သီယာ လုပ်ချင်တာက တစ်ခုတည်းပါကို၊ ကိုသွာ
စင်သီယာလည်း ကိုယ်နဲ့အတူလိုက်မယ်"

"ဘာပြောတယ်"

"ကို့ကို တစ်ယောက်တည်း စင်သီယာ စိတ်မချဘူးကို၊
သွားရင် စင်သီယာပါ ကိုနဲ့အတူ လိုက်မယ်လို့ပြောတာ"

"မင်းရူးနေလား စင်သီယာ"

"ဖြစ်မှဖြစ်ရလေ ကိုရယ်၊ စင်သီယာ့ကိုကျတော့ မင်းရူး
လားတဲ့၊ ကို့ကျတော့ရော…"

"ဒီလောက် မိုးသည်းလေထန်ထဲ မင်းလိုက်လာပြီး မင်းကို
မင်း ဒုက္ခရောက်အောင် လုပ်မလို့လား…"

"ကို့အတွက်ဆို စင်သီယာက ဘယ်လောက်ဒုက္ခရော
ရောက် ခံနိုင်တယ်ကို၊ နောက်ဆုံးကုန်ကုန်ပြောရရင် စင်သီယာ့ အသ
ကို ကို့အတွက်ပေးပါဆိုရင်တောင် စင်သီယာ ပေးရဲတယ်"





"တော်ပြီ စင်သီယာ၊ မင်းရှူးတိုင်း ကိုယ်လိုက်မရူးနိုင်ဘူး၊
ကိုယ်နဲ့မလိုက်နဲ့ ဒီမှာပဲ ကလေးတွေနဲ့နေ"

"ကလေးတွေကို ဒေဝီ ကြည့်ထားပါလိမ့်မယ်"

"စင်သီယာ"

စိုင်းညီလာ ဒေါသသံက မိုးလေထဲ အရှိန်ပြင်းစွာ ထွက်ပေါ်
ဝေမယ့် စင်သီယာ ဂရုမစိုက်။ တစ်ဘဝလုံး စိုင်းညီလာအတွက်
သီယာ ပေးဆပ်ခဲ့ပြီးပြီ။ အခု စင်သီယာ ဘာကိုကြောက်နေရမှာလဲ။
ဆုံးယောက်ျားကို ဆုံးရှုံးမခံနိုင်၍ သူနဲ့အတူ ဘယ်ဘဝကိုပဲ
ာက်ရောက် သူမချစ်သည့် စိုင်းညီလာနားမှာသာ အဆုံးသတ် ကုန်
င်သည်။

ထိုအတွက် စင်သီယာမှာ နောင်တမရှိ။

"စင်သီယာကို ခွင့်လွှတ်ပါ ကို၊ ကို့စကားကို အမြဲ နားထောင်ခဲ့
ယ့် ဒီတစ်ခါ ကို့စကားကို စင်သီယာ နားထောင်တော့မှာ မဟုတ်
ကို"

"မင်း ဘာဖြစ်နေတာလဲ စင်သီယာ"

"စင်သီယာ မသိဘူးကို၊ စင်သီယာ သိတာက ကို့ကို စင်သီယာ
ဆုံးရှုံးမခံနိုင်ဘူးဆိုတာပဲ"

"မင်းကွာ"

စိုင်းညီလာ ဒါပဲပြောနိုင်သည်။

ထိုထက် ပိုပြောစရာ စကားလည်း မရှိ။ သူနဲ့ ရကတည်းက
သီယာဆိုတာ သူ့ထားရာနေ၊ သူစေရာသွားလာခဲ့သည့် မိန်းမ။
ညီလာ မျက်နှာညိုရင် မနေတတ်သည့်သူ။ သူ့နားမှာ စိုင်းညီလာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေလျှင် ဘာမှမလို၊ အားလုံး ပြီးပြည့်စုံနေပြီဟု ခံယူထားသ
အတိုင်း စိုင်းညီလာ ပျော်ရွှင်မှုအတွက်၊ စိုင်းညီလာ စိတ်ချမ်းသ
အတွက် သူ့နှလုံးသားကို စတေး၍ အပြုံးမပျက်နေလာခဲ့တာ အချိ
ဘယ်လောက်ကြာပြီလဲ။

သူ့အလိုလိုက် သူ့အကြိုက်ဆောင်လာခဲ့သည့် မိန်းမက
ချိန်မှာတော့ ဖြစ်ချင်ရာဖြစ် စိုင်းညီလာသွားရင် သူလိုက်မည်ဆို
ဆုံးဖြတ်ချက်ကို လုံးဝမလျော့၍ စိုင်းညီလာ အရင်လို စိတ်နေ
ကိုယ်ပါ သွားချင်တိုင်း သွားမရဖြစ်နေတာကို ဒေါသအဖြ
ဖြစ်သည်။

"မင်း ဘာဖြစ်လို့ ခေါင်းမာနေတာလဲ စင်သီယာ"

"ကို ဒုက္ခရောက်မှာ စိုးလို့ပါ"

"ဘာဒုက္ခမှ မရောက်ဖူးကွ နားလည်လား၊ မင်းအခုလု
ပုံကသာ ကိုယ့်ဒေါသကို လာဆွပေးနေတာ"

သူဖြစ်ချင်တာ ဖြစ်ခွင့်မရ၍ စိုင်းညီလာ ဒေါသဖြစ်နေ
ကြောက်စရာ၊ သူ့စိတ်ထဲ တစ်ဦးတည်းသော ညီအတွက် ပူပင်သေ
ဖြစ်နေသလို သူချစ်မိနေပြီဖြစ်သော စောကြောင့်လည်း ရင်ပူနေ
ယောကျ်ားပျိုတစ်ယောက်နဲ့ မိန်းမပျိုတစ်ယောက် အတူပျော
သွားတာ သာမန်ဆို တွေးပူနေစရာ အကြောင်းမရှိ။

နီးရာလိုက်ပြေးသည်လို့ပဲ ယူဆစရာဖြစ်ပေမယ့် ထိုအခြေအ
စိုင်းညီလာ လက်မခံ။ ရိုးမကိုယ်တိုင် သူသဘောတူသည့် ခမ်းနာ
လက်ထပ်ပါမည်ဟု ကတိပေးထားသည်။ သတို့သမီးလောင်း
တိုင်ပါလာသည့် ခရီးမှာ ဒါမျိုးဖြစ်စရာ အကြောင်းမရှိ။ သူ





ဘစ်ခုခုဖြစ်နေလို့သာ ဘာသတင်းအစအနမှမရဟု ယုံကြည်နေသည်။

စိုင်းညီလာကိုယ်တိုင် သူစိတ်ထင်သည့် နေရာတွေ လိုက်ရှာ
သည်။ တွေ့သည့်လူကို မေးသည်၊ ဘယ်သူမှ သူမေးတာကို မဖြေ
နိုင်ကြ။ အားလုံး ခေါင်းခါသည်။ ရာသီဥတုဆိုးသဖြင့် ခရီးက ထင်
သလောက် မပေါက်။ သူ့နောက်ကလိုက်လာသည့် လူတွေကို ပြန်ခိုင်းပြီး
ခနေးကို ပြန်လာခဲ့ရပေမယ့် သူ့စိတ်ကိုမလျော့။

နောက်တစ်နေရာကို ထပ်ထွက်ရှာဦးမည်ဆိုတော့ စင်သီယာက
ခွင့်မပြုတော့။ မိုးကလည်း ဒီနေ့မှ ဇူကြောက်စရာကောင်းအောင်
သည်းသည်းမည်းမည်း ရွာနေသည်။ လေပြင်းကြောင့် ဘယ်သူမှ
အပြင်မထွက်ရဲ။ အိမ်ထဲမှာ ငြိမ်ကုတ်နေရမည့် အနေအထားမှာ စိုင်း
ညီလာက တအုန်းအုန်း ထစ်ချုန်းနေသည့် မိုးထဲ နောက်တစ်ကြိမ်
ထပ်ထွက်ဦးမည်ဆိုတာ ဘယ်လိုမှ မဖြစ်သင့်မှန်း သိသိနှင့် ဇွတ်တိုး
မိုက်မည့် အစီအစဉ်က စင်သီယာကြောင့် သူ့ဘက်က အလျှော့ပေး
လိုက်ရသည်။

"ကောင်းပြီ၊ ကိုယ် စင်သီယာ့ကို အရှုံးပေးတယ်၊ အခု အပြင်
သွားဘူး မိုးတိတ်မှ သွားမယ်"

"ကျေးဇူးတင်ပါတယ် ကို"

လိုက်လျှောသောရင်ဖြင့် သူမချစ်လင့်မျက်နှာကို တစိမ့်စိမ့်ကြည့်၍
ကျေးဇူးတင်စကားဆိုခြင်းဖြစ်ကြောင်း စင်သီယာဝ သိသည်။ ဘယ်
ဘက်က ဝင်ရွေးပါလာသည်မသိ။ စင်သီယာအချစ်တွေက စိုင်း
ညီလာမှ စိုင်းညီလာ ဖြစ်ခဲ့သည်။ ချစ်ခဲ့သည်။

တကယ့်ကို အရူးအမူး ချစ်ခဲ့၍ ဘယ်သူမှ မလုပ်နိုင်တာတွေ



www.burmeseclassic.com

www.burmeseclassic.com



စင်သီယာ လုပ်ခဲ့သည်။ ဘယ်သူမှ မတွေးနိုင်တာတွေ စင်သီ...
တွေးခဲ့သည်။ ထိုအရာက တခြားမဟုတ်။ စိုင်းညီလာချစ်သည့် လု...
စင်သီယာက လိုက်ချစ်၍ စိုင်းညီလာမြတ်နိုးသူကို သူမက လို...
မြတ်နိုးခြင်း ဖြစ်သည်။

အဆုံးစွန်သော ချစ်ခြင်းမြတ်နိုးခြင်းက ပေါက်ဖွားလာသေ...
အချစ်က ယောကျ်ားဖြစ်သူ စိုင်းညီလာကိုယ်တိုင် လိုက်မမီနိုင်...
စင်သီယာကို နေရာပေး အလေးထား ဆက်ဆံခဲ့သည်။ သူဘာလု...
လုပ် ဘာဖြစ်ဖြစ်။ စိုင်းညီလာက သူ့ရင်ထဲက ခံစားချက်ကို ပထမ...
ဖွင့်ဟတိုင်ပင်သူက စင်သီယာဖြစ်သည်။ စိုင်းညီလာနှင့် စင်သီ...
ကြားမှာ ဘာတစ်ခုမှ ဖုံးကွယ်ထားတာ မရှိ။

တစ်ယောက်နှလုံးသားကိုတစ်ယောက် အရှိအရှိအတိုင်း မြင်တွေ...
ခွင့်ရနေသူများဖြစ်၍ အစောအပေါ် ထားရှိသည့် စိုင်းညီလာအချ...
စိုင်းညီလာ မေတ္တာကို စင်သီယာ သိခဲ့နားလည်ခဲ့ရသည်။ တားဆီး...
ရမည့်အရာ မဟုတ်သဖြင့် မတားမြစ်ခဲ့သလို အားပေးခြင်းလည်...
မပြု။ အစောက တခြားသူတွေနှင့် မတူခြင်းကိုသာ စိုင်းညီလာသိအော...
ပြောပြတာပဲ ရှိသည်။

အစောအလှ၊ အစောဘဝ၊ အစောအနေအထားက တော်ဝင်နန်း...
ထိုက်သူဖြစ်၍ စိုင်းညီလာ ပေးအပ်မည့် ဒုတိယဘဝ။ ဒုတိယနေရာ...
မှာ ကျေနပ်ရောင့်ရဲမည့်သူမျိုး မဟုတ်ခြင်းကို စိုင်းညီလာလည်း နား...
လည်သည်။ သူကိုယ်တိုင်လည်း အစောကို ထိုသို့မဖြစ်စေချင်၍...
သူ့အချစ်သူ့မေတ္တာကို အစောမသိအောင် ဖုံးကွယ်ဆိုပါလျှက် ဖုံးဖိမ...

အစောကို ချစ်မိသည့် စိုင်းညီလာအချစ်က သူ တွေ့ဖူးချစ်ဖူး...
...သည့် မိန်းမတွေကို ချစ်ခဲ့တာနှင့်မတူ။ သူ့အတွက် တစ်မူထူးခြား
...ကြယ်သော ချစ်ခြင်းဖြစ်ရုံမက၊ အစောအတွက်ဆို ဘာပဲ လုပ်ပေးရ
...ပေးရဆိုသည့် ပေးဆပ်ချင်သည့် အချစ်မျိုး ဖြစ်နေတာကိုလည်း
...ဘာသာသူ မယုံနိုင်။

သူ့ကြောင့် အစောဘဝ နစ်နာဆုံးရှုံးမှာ သူစိုးရိမ်သလို အစော
...၊ အစောမေတ္တာကို ရယူပိုင်ဆိုင်လိုလျှင် စင်သီယာနှင့် သားသမီး
...လုံးကို စွန့်လွှတ်ရမှာကို စိုင်းညီလာ သိသည်။ အစောထံမှာ
...ချစ်ခြင်းမေတ္တာကို အကုန်အစင် အပ်နှင်းသလို အစောကို မယေသီ
...ဘွဲ့ကို ပေးအပ်နိုင်ရမည်။ စင်သီယာကတော့ စိုင်းညီလာ ဘာ
...လုပ်။ အပြုံးပျက်မည့် မိန်းမ မဟုတ်။ သူမသာ စိုင်းညီလာနားရှိ
...ခွင့်ရလျှင် သပျော်နေပျော်သူ။

အစောကို လက်ထပ်ခြင်း၊ လက်မထပ်ခြင်းကို စင်သီယာ စိတ်
...င်စား။ စင်သီယာ စိတ်ဝင်စားသည့်အရာက ဘယ်လိုအခြေအနေ
...ပဲ ဖြစ်ဖြစ်။ စိုင်းညီလာနား သူမ အမြဲရှိနေရေးသာ၊ အစောကို
...နားခေါ်ထားလျှင် စင်သီယာအပေါ် ပြတ်သားရက်စက်နိုင်မှ ဖြစ်
...သည်။ စင်သီယာကို မြင်တိုင်း အစော ခံစားနေရမှာကို စိုင်းညီလာ
...လိုမရှိ။ ဘာတစ်ခုမှ အပြစ်မရှိသော စင်သီယာလိုမိန်းမကို အပြစ်မရှိ
...ဖြစ်ရာရအောင်လည်း စိုင်းညီလာဘက်က မရက်စက်နိုင်။

အစောကိုလည်း နစ်နာစေလိုစိတ်မရှိ။

ထိုစိတ်ခံစားချက်များကြောင့် စိုင်းညီလာ ရင်ထဲက ခံစားချက်ကို
...သိပ်ထိန်းချုပ်ထားဖြစ်သည်။ ရင်ပွင့်ပေါက်ကွဲတာမျိုး မဖြစ်အောင်
...ကိုယ်သူ အထူးဂရုစိုက်နေသည့်ကြားက အစောအပေါ်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



အကြြင်နာမေတ္တာတွေက တစ်ခါတစ်ရံ လွတ်လွတ်သွားချင်သေးသ

"အစော"

"မင်းဘာကြောင့် ကိုယ့်စိတ်ကို ဖမ်းစားနိုင်ရတာလဲ"

"ကိုယ့်နှလုံးသားကရော မင်းနဲ့ကျမှ ဆယ်ကျော်သက်အ
လူပျိုလေးတစ်ယောက်လို ထိန်းချုပ်ရခက်နေရတာလဲ"

စိုင်းညီလာကိုယ်တိုင်လည်း ထိုအဖြေကို မသိ။ ပြတင်းပေါ
လှမ်းမြင်နေရသည်၊ ပြင်းထန်စွာ ရွာသွန်းနေသည့် မိုးရေစက်တွေ
မျက်တောင်မခတ် စိုက်ငေးကြည့်နေမိသည်။ အချိန်တွေ ဘယ်လော
ကြာသွားသည်မသိ သူသတိရလို့ စင်သီယာကို ကြည့်လိုက်
မရှိ။ သို့သော် စိုင်းညီလာအတွက် ဝီစကီခွက်ကို အသင့်ဖြင်ပေး
တာ တွေ့လိုက်ရသည်။

ထို့နောက်မှာတော့ ဘာကိုမှ စဉ်းစားခြင်း မပြုတော့ပဲ အရက်
တစ်ခွက်ပြီးတစ်ခွက် သောက်ဖြစ်လိုက်သည်။ အပြင်မှာ မိုးနှင့်လေ
ပြင်းထန်နေခဲ့သည်။



## အခန်း (၁၀)

"အို… ဒါက ဘယ်လိုဖြစ်တာလဲ"

"ရှိး"

ခမ်းမွန်ထံမှ အလန့်တကြား ထွက်ပေါ်လာသည့် အသံနှင့်
ထန်သော ခံစားချက်ကြောင့် သိသာစွာ ပျက်သွားသည့် မျက်နှာ။
ရောင်မရှိအောင် ဖြူဖွေးသွားသည့် ထိတ်လန့်မှု အားလုံးကစ်စု
ဝေးတည်း။ တစ်နေရာတည်း တစ်ချိန်တည်း တစ်ပြိုင်တည်း
သွားပုံကို စိုင်းညီလာ နားလည်သည်။ လက်ခံသည်။

ခမ်းမွန်လို နုနယ်သော နှလုံးသားပိုင်ရှင်ကို ဆိုမထားနှင့် စိုင်း
လာလို ယောကျ်ားရင့်မာကြီး တစ်ယောက်သည်ပင်လျှင် ကိုယ်နှင့်
ဆက်ဆိုင်သည့် မြင်ကွင်းအောက်မှာ အကြီးအကျယ် တုန်လှုပ်ချောက်
ရပါသည်ဟုဆိုလျှင် ယုံကြည်ကြပါမည်လားမသိ။ နန်းခမ်းမွန်တ
ညီလာ၏ သတို့သမီးလောင်းဖြစ်၍ ရှိးမရင်ခွင်ထဲမှာ နှစ်မြိုက်စွာ
ခါင်းတိုးဝင် အိပ်ပျော်နေသော အစောနှင့်အစောကိုယ်လေးကို ခင်း
ကျွာ ပွေ့ဖက်လျက် နှစ်မြိုက်စွာ အိပ်ပျော်နေသည့် ရှိးမတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့မြင်နေရသူ ရင်ထဲကိုယ်စီ မှန်တိုင်းထန်သွားသည့် အဖြစ်
မသိ။

မိုးလေကင်းစင်သည့် နံနက်ခင်း ဝေလီဝေလင်းမှာ စိုင်းညီလာ
တို့စခန်းကို ဦးအိုက်စတို့ ရောက်လာပြီး ရီးမတို့ ရှိနေသည့် နေရာ
လာပြောသွားကြသည်။ ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် စိုင်းညီလာ
ငွေပေးသော်လည်း လက်မခံ။ သူတို့ တာဝန်ပြီးတာနှင့် ချက်ချင်
ပြန်သွားကြ၍ သတင်းရရခြင်း နန်းခမ်းမွန်ကို အကြောင်းကြားတေ
သူမပါ လိုက်ချင်ပါသည်ဆို၍ အတူခေါ်လာခဲ့ရပေမယ့် ဒီလိုမြင်ကွင်
မျိုးက သူတို့ရင်စို့သွားအောင် ဆီးကြိုနှုတ်ဆက်လိမ့်မည်ဟု မထင်ခဲ့

မီးဖိုဘေးမှာ တစ်ယောက်ကိုတစ်ယောက် ကြင်နာစွာ တွေးဖက်
အိပ်စက်နေကြသူနှစ်ယောက်က အကြောင်းမသိရင် ကြင်စဦးနေီးမော
နှင့်သာ ပိုတူနေတာ ဝန်မခံလို့မဖြစ်။ သတင်းလာပေးသွားသူတွေက
လည်း ဒီစခန်းက လင်မယားနှစ်ယောက်ဟု စိုင်းညီလာကို ပြောသွား
ကြတာ ပြန်ကြားယောင်ပြီး သက်ပြင်းချလိုက်သည်။

"သူတို့ကို နှိုးလိုက်ရမလား ကိုစိုင်း"

ချစ်စရာကောင်း၍ လှပသော ချစ်စကြင်နာစ ညားခါစ လင်
မယားနှင့်တူသော ရီးမတို့နှစ်ယောက်ကို ဆက်ပြီး မကြည့်နိုင်တော့သည်
တွေတွေကြီး ရပ်ကြည့်နေသည့် စိုင်းညီလာထံမှ ခွင့်တောင်းလိုက်သူ
ရီးမနီးလောင်း နန်းခမ်းမွန် ဖြစ်သည်။

မိန်းမပီပီ သဝန်တိုတတ်၊ မနာလိုတတ် ရန်လိုတတ်ပုံက နန်း
ခမ်းမွန်၏ မိန်းမတွေထဲက မိန်းမစရိုက်ကို ဖော်ပြခြင်းဖြစ်၍ စိုင်းညီလာ
အတွက် ဘာမှမထူးဆန်းပါ။ နောက်တစ်ခုက နန်းခမ်းမွန်မှာ ထိုသို့

ခံနိုင်သော အခွင့်အရေးရှိခြင်း ဖြစ်သည်။ ရီးမအတွက် နန်းခမ်းမွန်က
ဒုမိန်းမဟုတ်။ လက်ထပ်ရန် သဘောတူထားခြင်းခံရသည့် တရားဝင်
နီးလောင်း ဖြစ်သည်။

"ရာသီဥတု သာယာနေတုန်း အချိန်မီ စခန်းပြန်ရောက်တာ
ကောင်းတာပေါ့ ခမ်းမွန်။ ရီးမတို့ကို နှိုးလိုက်ပါ"

"ဟုတ်ကဲ့"

"ရီး... ရီး"

"ဟင်"

"ခမ်းမွန်နဲ့ ကိုကို"

ရီးမက သူမျှော်လင့်နေသည့် လူစုကို အနီးကပ်တွေ့လိုက်ရ၍
ဘာမှ ဝင်းလက်သွားသလို သူ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ပြီး နှစ်ခြိုက်စွာ
အိပ်ပျော်နေသည့် အစောကို သနားကြင်နာစွာ ငုံ့ကြည့်လိုက်သည်။
ဆာရိန်ကြောင့် ဖြစ်လာသည့် အဖျားဒဏ်ဖြင့် တစ်ညလုံး ကောင်း
ကောင်း အိပ်မရနိုင်ရှာဘဲ ချမ်းတုန်နေသည့် အစောကိုယ်လေးကို
ရင်ခွင်ထဲ တစ်ညလုံး အတင်းကျပ်ဆုံး ဖက်တွေးထားခဲ့တာကို
သတိရသွားသည်။

"တစ်ညလုံး ခမ်းမွန် အိပ်လို့မရဘူး ရီးအကြောင်းတွေးပြီး
ပူနေတာနဲ့ ငိုချင်နေမိတာ ရီးသိလား"

ပြောရင်း မျက်ရည်ဝဲလာသည့် နန်းခမ်းမွန်အသံလေးတွေက
ခေါ်လာသည်။ သူမနှင့် လက်ထပ်မည့် သတို့သားလောင်းက
မဟုတ်သည့် တခြားမိန်းမတစ်ယောက်နှင့် တောထဲမှာ တစ်ည
ခဲ့တာကို မယုံချင်ပေမယ့် မရ။ နန်းခမ်းမွန် မျက်ဝန်းနှင့် စာပ်အပ်



www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့နေရတာကိုက အသည်းကို ကွဲခတ်တာထက် အခံရဆိုး
သည်။

"ကိုယ့်အတွက် စိတ်ပူပေးလို့ ခမ်းမွန်ကို ကျေးဇူးတင်ပါတယ်
အစောတစ်ကိုယ်လုံး ဒဏ်ရာတွေနဲ့ တစ်ညလုံး အဖျားတက်နေ
မနက်လင်းကာနီးမှ အိပ်ပျော်သွားတာ"

"သူက ဘာလို့ ဒဏ်ရာတွေရတာလဲ ရီးမ"

"နတ်သမီးကမ်းပါးက ပြုတ်ကျလို့ ကိုကို"

စိုင်းညီလာ အကြည့်တွေက အစောမျက်နှာလေးထံ စူးနစ်
ရောက်သွားပြီးမှ ညီဖြစ်သူထံ ရောက်လာသည်။

"မင်းကရော၊ သူနဲ့အတူ ပြုတ်ကျတာလား"

သူသိချင်တာကို မေးလိုက်သည်။

"မဟုတ်ဘူး ကိုကို၊ သူကျသွားတာ မြင်လို့ ပြေးဆွဲရင်း
ကျွန်တော်ပါ ခြေချော်ကျသွားတာပါ"

"ဪ"

အမှန်တော့ ရီးမ ခြေချော်ကျခြင်းမဟုတ်။ အစောပြုတ်ကျသွား
တာမြင်၍ သူပါ အစောနောက်ကိုလိုက်ပြီး ခုန်ချခြင်းဆိုတာကို
ဘယ်သူမှမသိအောင် ရင်ထဲမှာပဲ သိုဝှက်သိမ်းဆည်းထားလိုက်သည်

"ဖြစ်ရလေ ရီးရယ်၊ ကြားရတာ ခမ်းမွန်ဖြင့် ရင်တုန်လိုက်တ
တော်သေးတယ် ရီး ဘာမှမဖြစ်လို့"

သူတို့ပြောနေတုန်း အစော အိပ်ရာက လန့်နိုးလာသည်။ စိုင်
ညီလာတို့ကို မြင်လိုက်ရတော့ အစောမျက်နှာမှာ အပြုံးတစ်စ
လှပစွာ ပွင့်ဖူးလာသည်။





"ကိုစိုင်း"

အားကိုးတကြီး စိုင်းညီလာအမည်ကိုခေါ်ရင်း ရီးမရင်ခွင်ထဲက
ထွက်လိုက်သည့် အစောကို ရီးမက အသာ ပွေ့ထားလိုက်ပုံက
ကြင်နာတွေ အပြည့်နှင့်ဖြစ်သည်။

"ဘာမှအားမငယ်နော် အစော၊ စခန်းပြန်ရောက်တာနဲ့ အစော
အနာအားလုံး ချက်ချင်း သက်သာပျောက်ကင်းသွားရမယ်လို့ ကိုယ်
မခံတယ်"

အစောကို ကြိုတင်စီစဉ်လာသည့်အတိုင်း ဆောင်ပုခက်နှင့်အပေါ
တ်သည့်အထိ ကားပေါ်သယ်ယူကြသလို ရီးမကိုလည်း နန်းခမ်း
က တစ်လမ်းလုံး ဂရုစိုက်ပြုစုလာပုံက သူမသာ ပိုင်ရှင်စစ်စစ်
ကြောင်း ကြေညာနေသလို ဖြစ်သည်။ အနီးအနားမှာ ဆရာဝန်
သော်လည်း ဆေးဝါးပစ္စည်း အပြည့်အစုံပါသည့်အတွက် အစော
ရာကို သန့်ရှင်းဆေးကြောကာ၊ ဆေးထည့်ပတ်တီးစည်းတာကအစ
လုံးကို စင်သီယာကပဲ ကျွမ်းကျင်စွာ လုပ်ဆောင်ပေးသွားသည်။

ရီးမ နဖူးကဒဏ်ရာကိုတော့ နန်းခမ်းမွန်က သူမကိုယ်တိုင်
ဆေးထည့်ပတ်တီး စည်းပေးသည်။ ဆေးတိုက်တာကအစ တာယုတာယ၊
စောကတော့ အားလုံးကို ကျေးဇူးတင်စကားဆိုပြီး အဖျားရှိန်ဖြင့်
အိပ်ပျော်သွားမှ အားလုံး သက်ပြင်းချကြသည်။

"အစောနားကို တစ်ယောက်စောင့်အိပ်မှ ဖြစ်မယ် မမစင်သီယာ"

ထိုစကားကို ဆိုလိုက်သူက ရီးမဖြစ်နေ၍ အားလုံးအကြည့်တွေ
သူ့ထံ စုပြုံရောက်လာသည်။ ရီးမက ထိုအကြည့်တွေကို ဂရုမစိုက်။
စိတ်ထဲ အစောတစ်ယောက်တည်း ဒဏ်ရာအနာတရဖြစ်ပြီး ဖျားနာ



www.burmeseclassic.com

www.burmeseclassic.com



နေချိန်မှာ သူမနား လူမရှိလျှင် ညရေးညတာ အားငယ်ကြောက်လ
ကို တွေးပြီး ပူနေသည်။

"ဒီညအတွက် ဒေါ်ကျင်ကို အစောအခန်းမှာ စောင့်အိပ်
လိုက်ရင် အားလုံးအဆင်ပြေသွားမှာပါရီး"

"သင့်ခ်ယူး"

"ရီးအတွက် လိုအပ်တာတွေ ခမ်းမွန်ပဲ ကြည့်လုပ်ပေးပါဦးကွ

"ဟုတ်ကဲ့ မမ"

စင်သီယာ တာဝန်မပေးခင်ကတည်းက ရီးမအတွက်ဆို
လုပ်ပေးရလုပ်ပေးရ ရီးမနားမှာ အချိန်ကုန်ချင်နေသူဖြစ်၍ ခမ်
ပျော်သွားပုံကို အားလုံး သတိထားမိသည်။ သူတို့ဖြစ်ချင်တာက
ဒါပဲဖြစ်သည်။ အထူးသဖြင့် စိုင်းညီလာ၊ ရီးမအပေါ် နန်းခမ်
အထင်လွဲစိတ် ထွက်သွားတာမျိုး မဖြစ်စေချင်။

ရီးမကို ကြည့်လိုက်တော့လည်း ခမ်းမွန်ပြုစုသမျှ ဘာတ
မငြင်း။ ကလေးလေးတစ်ယောက် ခမ်းမွန်ကျွေးလျှင် စားသည်။
တိုက်လျှင် သောက်သည်။ သူမကိုယ်တိုင် ထုတ်ပေးသည့် အ
တွေကို ကြေးမများဘဲ ယူဝတ်၍ တစ်ချိန်လုံး ခမ်းမွန်ပြုံးနေ
မြင်ရတော့ စိတ်ချမ်းသာသည်။ ရီးမဘက်က သူ့အပေါ် လိုက်
လျောလျောဆိုတော့ တောထဲက တဲလေးမှာ အစောနှင့် ရီးမကို
နန်းခမ်းမွန်စိတ်ထဲ မရောက်။ ပြီးပြီးပျောက်ပျောက်နှင့် မေ့လျော
သည်။

ထိုကိစ္စကို မမေ့နိုင်သူက ကာယကံရှင်ဖြစ်သည့် ရီးမကိုယ်
ဖြစ်သည်။ တခြားသူတွေကို လိမ်ညာဟန်ဆောင်၍ ရမည်။ သူ့





ားကိုတော့ လိမ်ညာဟန်ဆောင်၍မရ။ အစောကို လှိုက်လှဲ မြတ်နိုး
ာ နှလုံးသားဖြင့် စူးစူးနစ်နစ် ချစ်မိပြီဖြစ်ကြောင်း သူ့ကိုယ်သူ
သိဆုံးဖြစ်သည်။

အားလုံးက သူ့ကို အကဲခတ်နေ၍ သူ့ဘက်က ဟန်မပျက်
ည်ငြိမ်အေးစက်ပြနေရပေမယ့် သူ့ရင်ခုန်သံတိုင်းက အစော၊ အစော
 အော်မြည်နေသည်။ ကိုကိုစိုင်းညီလာ သဘောတူသည့် နန်းခမ်း
ကို အစကတည်းက စိတ်လည်း မဝင်စား။ ချစ်လည်း မချစ်။
မွန်ကတော့ ရီးမအပေါ် တစ်ဖက်သက် မေတ္တာရှိနေတာသိပေမယ့်
ာ်ထပ်ဖို့အထိ ဘယ်တုန်းကမှ မစဉ်းစားခဲ့။ ကိုကိုကြောင့် သူ
ာ်မပါသော်လည်း လုပ်သင့်လုပ်ထိုက်တာကို ဣန္ဒြေမပျက် ပါဝင်
ာ်သက်ပေးခြင်းမှတစ်ပါး ရီးမမှာ ဘာခံစားချက်မှ မရှိ။

အစောကို မြတ်မြတ်နိုးနိုး ချစ်မိသွားတော့ ပိုဆိုးသည်။ ရီးမ
ာ်က အရင်ကနှင့်မတူ။ တစ်မူထူးခြားလာသည်က အစောမျက်နှာ
ကို တစ်နေ့မမြင်ရ မနေနိုင်သလို။ အစောအသံ၊ အစောလှုပ်ရှား
 အားလုံး အမြတ်တနိုး အချစ်တွေနှင့် ထာဝရသိမ်းပိုက်ထားလိုသူ
န်းမသိ ဖြစ်လာခြင်း ဖြစ်သည်။

သူ့အဖြစ်ကို အားလုံးမရိပ်မိအောင် ဖုံးကွယ်ရင်း အစောအချစ်
 အမြန်ဆုံးရယူ သိမ်းပိုက်နိုင်ရန် အကြံထုတ်နေမိသည်။ ကိုကို
ာတော့ နန်းခမ်းမွန်နှင့် တတွဲတွဲနေပေမယ့် ရီးမစိတ်တွေက
ပြည့် အစောထံမှာ ရောက်နေသည်။

ညီဖြစ်သူ ရီးမအခြေအနေကို မပြတ်အကဲခတ်နေသည့် စိုင်းညီ
ာ အရင်ပုံစံအတိုင်း ဘာတစ်ခုမှ မပြောင်းသော ရီးမကို သဘော

www.burmeseclassic.com

www.burmeseclassic.com



ကျနေသည်။ သူထင်ထားသည်က သိပ်လှသည့် အစောလို မိန်း
လေးကို သူလို့လူက သည်းသည်းလှုပ် ချစ်မိစွဲလမ်းမိနေလျှင် ရိုး
လူပျိုလူလွတ်တစ်ယောက်က အစောကို ပိုချစ်နိုင် ပိုစွဲလမ်းနိုင်သည်
ယုံကြည်ထားခဲ့သည်။

အခုတော့ ရိုးမက သူထင်သလို မဖြစ်။ အရင်ကထက်
နန်းခမ်းမွန်နှင့် ပိုနီးစပ်သွားတာ တွေ့ရ၍ ကျိတ်ဝမ်းသာနေသည်

"နေကောင်းသွားပြီလား အစော"

"ဟုတ်ကဲ့၊ ကောင်းသွားပါပြီ၊ ကိုစိုင်းနဲ့ မမစင်သီယာကို အ
သိပ်ကို ကျေးဇူးတင်ပါတယ်ရှင်၊ အစောကြောင့် အားလုံးဒုက္ခရော
ကြရတာတွေးပြီး အားနာလို့ မဆုံးဘူး"

အစော တကယ်လည်း မျက်နှာပူ အားနာမိသည်။ အစော
သာ မဟုတ်လျှင် ဘယ်သူမှ ဒုက္ခရောက်စရာမရှိ။ စိုင်းညီလာ
ခေါင်းက ဒဏ်ရာအတွက် ပတ်တီးစည်းထားသည့်ကြားက ချ
ကောင်းအောင်တစ်မျိုး အလှတိုးနေသည့် အစောကို အသည်းယ
ကြည့်ပြီး ပြုံးသည်။

"ကိုယ်တို့က မိသားစုဝင်တွေပါ အစောရဲ့၊ တစ်ယောက်
ဖြစ်ရင် တစ်ယောက်ကူညီတာ ဘာဆန်းလို့လဲ၊ အစော စကား
သူစိမ်းဆန်လွန်းသလိုပဲ နောက်ကို သူစိမ်းစကား မပြောပါနဲ့"

"ဟုတ်ကဲ့"

စိုင်းညီလာစကားကြောင့် အစော ဘာပြောရမှန်းမသိ။ သူ
သူစိမ်းစကားပြောခြင်းကို ရိုးမညီလာ၏ အရှင်သခင် စိုင်းညီ
သူစိမ်းဆန်လွန်းသည်ဆို၍ အစောများ စကားပြောမှားလေသ





အယောင်ယောင် အမှားမှား တွေးမိသည်အထိ ဖြစ်သည်။

"အစော ခြေထောက်က ဒဏ်ရာသက်သာမှ ကိုယ်တို့ ဒီက
ကြမယ်ဟုတ်လား"

"ဟုတ်ကဲ့"

"အဟွန်း... ဟွန်း... ဟွန်း"

"အစောက ကိုယ်ဘာပြောပြော ဟုတ်ကဲ့ချည်း လုပ်နေရင်
ပ်ကောင်းမှာပဲ"

"ရှင်"

အစောကိုကြည့်ပြီး ရယ်မောနေသူထံ ရွှန်းရွှန်းလက်လက်
ယ်ဝန်းများ အကြည့်အကြောင်းကို အစော မစဉ်းစားချင်သလို သူ
ပြောသည့် စကားအဓိပ္ပာယ်ကိုလည်း အစော နားမလည်ချင်ပါ။

"အလုပ်မသွားခင် အစော အခြေအနေ သိချင်လို့ ဝင်ကြည့်တာ
နေရင် စင်သီယာတို့ ဒေဝီတို့ လာကြလိမ့်မယ်၊ ကိုယ်အလုပ်
သွားစရာရှိလို့ ညနေမှ လာခဲ့မယ်ဟုတ်လား"

"မအားရင် မလာပါနဲ့ရှင်၊ အစော နေကောင်းနေပါပြီ"

စိုင်းညီလာ နောက်တစ်ခါ ထပ်လာဦးမည်ဆို၍ အစောက
နောက်ထပ် သူမလာအောင် ပိတ်ပြောပေမယ့်မရ။

"အစော ခြေထောက်က ဒဏ်ရာကို ကိုယ်အခုထိ မကြည့်ရ
သေးဘူး၊ ညနေမှ ကြည့်တော့မယ်"

"ကိုယ်သွားနေတုန်း အိပ်ရေးဝအောင် အိပ်ပြီး အားရှိအောင်
စားသောက်ထား ကိုယ်သွားပြီ"

စိုင်းညီလာက သူပြောချင်ရာပြောပြီး အစောအခန်းက ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



မှ အစောသက်ပြင်းချလိုက်သည်။ တွေ့စကတည်းက လူတစ်မျိုးဟု သိထားသော်လည်း တည်ငြိမ်ခန့်ညားသော သူ့အသွင်က ကြည့်ကောင်း တယ်။ ကုမ္ပဏီကြီးမြွေသိက္ခာရှိရှိ ပြုမူနေထိုင်တတ်သူအဖြစ် အထင်ကြီး လေးစားခဲ့ရသော်လည်း တစ်ခါတစ်ရံ သူပြောချင်ရာ ဖွတ်တိုးပြော ဆိုမှုကြောင့် စိတ်အနှောင့်ဖြစ်ရသော်လည်း အစော စိတ်ဆိုးလျှင် သူ ကိုယ်သူ အတတ်နိုင်ဆုံး ထိန်းထိန်းသိမ်းသိမ်း နေတတ်တာကို ကျေး ဇူးတင်ရသည်။

မမစင်သီယာက အစော စိတ်အနှောင့်အယှက် မဖြစ်စေရ တောင်းပန်စကားဆိုထား၍ တစ်ကြောင်း၊ အခုအလုပ်ဝင်၊ အခုအလုပ် ထွက် မဖြစ်ချင်သည်က တစ်ကြောင်း၊ စိုင်းညီလာကိုယ်တိုင် အစော ကို အနှောရာယ်ပြုလိမ့်မည်မဟုတ်ဟု ယုံကြည်မိသည်က တစ်ကြောင်း အားလုံးသော အကြောင်းတရားများကြောင့် အစော စိတ်ထင်တိုင်း မပြု။

"ဒေါက်… ဒေါက်"

"ဘယ်သူလဲ"

"တို့ပါ၊ ဝင်ခဲ့မယ်နော်"

စကားအဆုံးမှာ တံခါးရွက်ကို တွန်းဖွင့်ပြီး ဝင်လာသည့် ဒေဝီကို တွေ့လိုက်ရ၍ အစော ရင်မောသွားသည်။

"လာ… ဒေဝီ"

"ဘယ်လိုလဲ… ဒဏ်ရာနဲ့ နေမကောင်းတဲ့လူကလည်း လှလို့ ပလို့ပါလား"

ဒေဝီစကားက အချိုးမပြေသလို အစောတစ်ကိုယ်လုံး သိမ်း





ကြည့်လိုက်သည့် ဒေဝီအကြည့်ကလည်း ဘာတစ်ခုမှ အပိုးမကျိုး။ ထဲ လှောင်ပြောင်သလို မထိတထိ ရယ်လိုက်တော့ ပိုဆိုးသည်။

"ကိုကြီးက သူ့ဆရာမကို လူမမာ သွားမေးပါဆိုလို့ လာခဲ့ အခုတော့လည်း အကောင်းကြီးပါပဲလား"

"ကျေးဇူးတင်ပါတယ် ဒေဝီ"

သူ ဘာဖြစ်လို့ အစောထံ လူမမာ မေးရောက်လာသလဲဆိုတာ ရလိုက်၍ အစော ဒေဝီကို စိတ်မဆိုးမိတော့ပါ။ မာနခဲ မင်းသမီး က သူ့အစ်ကို စိုင်းညီလာစကားကို မလွန်ဆန်နိုင်၍ သူမထံ က်လာခြင်းဟု သိလိုက်၏

"ယူတို့နှစ်ယောက်ရဲ့ တောထဲက ဇာတ်လမ်းက ဘယ်လိုလဲ"

"ရှင်"

"ရိုးနဲ့ယူ အတူတူ ဖက်အိပ်နေကြတယ်ဆိုတာလေ"

"အို"

"ဒေဝီတို့ ထင်သလို မဟုတ်ပါဘူး"

အစောတစ်ကိုယ်လုံး ရှက်စိတ်ဖြင့် ထူပူသွားသည်။ ဒေဝီလို မိန်းလေးတစ်ယောက်ဆီက သက်ညှာမှုကင်းသော စကားမျိုး မေး ပြောလာလိမ့်မည်ဟု ထင်မထားခဲ့။

"တို့ကထင်တာ မဟုတ်ပါဘူး၊ ယူတို့ကို မြင်တဲ့သူတွေက နေကြတာ။ ဆိတ်ငြိမ်တဲ့နေရာမှာ ယောက်ျားနဲ့မိန်းမနှစ်ယောက် အတူရှိနေကြတာဆိုတော့လည်း ဘယ်ထိန်းနိုင်ကြမှာလဲ"

"ဒေဝီစကားတွေ သိပ်လွန်နေပြီနော်"

"ဒါဖြင့် ဘာလို့ ရိုးနဲ့ယူ ဖြစ်ချင်တိုင်း ဖြစ်ခဲ့ကြသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်တော့ ဘာဖြစ်လဲ ဒေဝီ"

"ရိုး"

"ဟင်း…"

တံခါးဝမှာ မားမားကြီးရပ်နေသူက ရိုးမဖြစ်၍ အစော
သူ့မျက်နှာကို မကြည့်ရဲအောင် ထူပူသွားသည်။ ဘယ်အချိန်က အစေ
တို့ နား[illegible]သည်မသိ။ သူ့ပုံစံကြည့်ကတည်းက ဒေဝီနှင့် အစေ
တို့ ပြောနေသည့် စကားတွေ အားလုံးကြားပြီးပြီဟု သိလိုက်သည်

"လွတ်လပ်တဲ့လူ့ဘို့နဲ့အဖို့ ချစ်ကြကြိုက်ကြတာ ဆန်းလို့လ
ဒေဝီ"

တင်းမာခက်ထန်သည့် ရိုးမအသွင်ကိုကြည့်ပြီး ဒေဝီမျက်
သိသာစွာ ပျက်သွားသည်။ သူမ တိုက်ခိုက်ရန်လိုချင်တာက အစော
ကိုပါ။ သူမ တိတ်တခိုး မြတ်နိုးစွဲလမ်းနေသော ရိုးမကို မဟုတ်
အစောသာ ရိုးမညီလာက ထွက်သွားလျှင် ပြီးပြီဟုသဘောထား
သူမဘက်က စိတ်သဘောထားသေးသိမ် ရန်လိုမှုကို ရိုးမကိုယ်တို
တွေ့မြင်သွားတာကို အခံရခက်သွားသည်။

ဒေဝီဖြစ်ချင်တာက ထိုပုံစံမျိုးမဟုတ်။ ရိုးမအမြင်မှာ ဒေဝီဆို
အဆင့်အတန်းမြင့်မြင့် ကိုယ့်ဂုဏ်သိက္ခာနှင့်ကိုယ် နေလာခဲ့သည့် မိန်
ဟုသာ အမြဲအထင်ကြီးနေစေချင်ပေမယ့် အစောကို ရန်လိုမိခြင်းကြော
တစ်သက်လုံး ဒေဝီစောင့်ထိန်းခဲ့သည့် ဂုဏ်သိက္ခာက ရိုးမမျက်လုံး
အလကားဖြစ်သွားပြီဟု နားလည်လိုက်သည်။

"ဒေဝီက သူများတွေ ပြောနေတာ ကြားလို့ပါ၊ ဘာမှမဟုတ်
ကိစ္စလေးနဲ့ ရိုး ဂုဏ်သိက္ခာ ထိခိုက်တယ်ထင်လို့၊ ပြီးတော့ ခမ်း
ကြားသွားရင်လည်း…"

"သူကိုယ်တိုင် ကိုယ်တို့ကို တွေ့ခဲ့တာ ဒေဝီ"

"ဟင်…"

"ဒါကို ဒေဝီ မသိလိုက်…"

ရိုးမနှင့် အစောတို့ကို သူကိုယ်တိုင် တွေ့ခဲ့ရက်နဲ့ နန်းခမ်းမွှန်
ပုံစံက ဘာမှမဖြစ်တာ ဒေဝီ အံ့သြနေသည်။

"ခမ်းမွှန်က ရိုးကို ဘာမှမပြောဘူးလား"

"ဘာပြောရမှာလဲ"

"မဟုတ်ဘူးလေ… သူယူမယ့် ယောက်ျားက သူ့မျက်စိရှေ့
မှာ တခြားမိန်းမတစ်ယောက်နဲ့"

"အစောက တခြားမိန်းမ မဟုတ်ဘူး ဒေဝီ၊ အစောက တို့
ချစ်သူ"

"ဟင်"

"အို"

ဒေဝီ အံ့သြတုန်လှုပ်သွားသလို အစောကိုယ်တိုင် ဘာပြောရ
မှန်းမသိ။ ရိုးမ မျက်နှာကို အလန့်တကြား လှမ်းကြည့်လိုက်ပေမယ့်
ရိုးမက အစောကို မကြည့်။

"အစောနဲ့တို့ ချစ်သူဖြစ်ကြတာ မကြာသေးဘူး၊ နန်းခမ်းမွှန်
ကိစ္စ ရှုပ်နေလို့၊ ဒီကိစ္စ ဘယ်သူမှ ဖွင့်မပြောသေးတာ"

"ကိုရိုးမ"

အစောက ရိုးမအမည်ကိုခေါ်ပြီး သူပြောနေသည့် စကားတွေကို
ဆက်မပြောရန် တားမြစ်ဖို့ ကြိုးစားသည်။ ဒေဝီကတော့ ရိုးမမျက်နှာကို

www.burmeseclassic.com

www.burmeseclassic.com



တစ်လှည့်။ အစောမျက်နှာကိုတစ်လှည့် နာကြည်းမုန်းတီးစွာ ကြည့်ပြီး အခန်းထဲက ချာခနဲ လှည့်ထွက်သွားသည်။

"ဘာဖြစ်လို့ မဟုတ်တာတွေ လျှောက်ပြောလိုက်ရတာလဲ ရှင်ရယ်"

ဒေဝီထွက်သွားမှ အစောက အသံတိုးတိုးလေးဖြင့် ရင်မချိစွာ အပြစ်တင်လိုက်၍ ရှီးမက အစောမျက်နှာကို စိုက်ကြည့်သည်။

"ဟုတ်တာတွေ ပြောနေတာ အစော၊ ကိုယ် အစောကို ချစ်တယ်"

"မဖြစ်နိုင်တာတွေ မပြောပါနဲ့ရှင်၊ အစော တောင်းပန်ပါတယ်"

လက်ထပ်ရမယ့် သတို့သမီးလောင်း တစ်ယောက်လုံး ရှီးမနားမှာ ရှိနေပါလျက် သူမကို လှုပ်ဖို့စကားပြော ချစ်ရေးဆိုလာသူကြောင့် အစော ရင်မခုန်နိုင်ဘဲ စိတ်ရှုပ်၊ စိတ်ညစ်သွားသည်။

"အစောက ဘာအတွက် ကိုယ့်ကို တောင်းပန်နေရတာလဲ"

"အစောကို မချစ်ဖို့ပါ"

"အစောက တော်တော် ရယ်စရာကောင်းတာပဲ"

ပြောပြီး အစောမျက်နှာလေးကိုကြည့်ပြီး ခပ်သဲ့သဲ့ ရယ်လိုက်သည်။ ရှီးမကိုကြည့်၍ အစောငိုချင်လာသည်။ မျက်စိမျက် နှာပျက် နေသည့် အစောပုံစံလေးက ရှီးမလိုလူက သူမကို ချစ်ပါသည်။ မြတ်နိုးတန်ဖိုးထားပါသည်ဆိုသည့်အပေါ်မှာ စိတ်ဝင်စားပုံမရ။ သူမကို မချစ်ပါနဲ့ဟု၍ပင် ရှီးမကို တောင်းပန်စကား ဆိုလိုက်သေးသည်။

"ချစ်ခြင်းမေတ္တာဆိုတဲ့ စကားကို အစော ဘယ်လိုနားလည်ထားလို့လဲ"





အစော မဖြေနိုင်ပါ။

စိတ်ရှုပ်ထွေးသည့် အမူအယာနှင့် ရှီးမကို ပြန်ကြည့်နေမိသည်။ ...သိတာက ရှီးမမှာ လက်ထပ်ရမည့်သူ ရှိသည်၊ ဒါပဲ ဖြစ်သည်။ ...ခြားဘာကိုမှ စိတ်မဝင်စား။ ရှီးမညီလာက အစော မျက်နှာကို ...ကြည့်နေရာက သူပြောချင်သည့် စကားကို တစ်ခွန်းချင်း ဆက်ပြော ...သည်။

"အစော မဖြေနိုင်ရင် ကိုယ်ပဲ ဖြေမယ်။ ချစ်ခြင်းမေတ္တာဆိုတဲ့ ...က အသိရခက်သလို နားလည်ရခက်တဲ့ အရာပဲ၊ အစော ပြော ...သို ဟိုလူကို ချစ်ပါ၊ ဒီလူကို ချစ်ပါဆိုတာမျိုး ပြောလို့မရဘူး"

"လုပ်ယူဖန်တီးလို့ မရဘူး၊ အစောကို ကိုယ်ချစ်တယ်ဆိုတာ ...သည်း ဒီအတိုင်းပဲ အစောကို ဘာလို့ချစ်သွားတယ်ဆိုတာတောင် ...ချိန်ထိ ကိုယ့်ကိုကိုယ် မသိသေးဘူး၊ နားမလည်နိုင်ဘူး၊ ဒါပေမယ့် ...စောကို ကိုယ်ချစ်မိသွားပြီ၊ ကိုယ်ပြောတာ အစော နားလည်လား"

သူပြောတာကို အစော နားလည်ပါသည်။

လက်လည်း လက်ခံသည်။ ချစ်တာကို အပြစ်တင်လို့ မရမှန်း ...ပေမယ့် သူ့အချစ်ကို အစော လက်မခံနိုင်။

"အစောကို ကိုယ်ချစ်တယ်၊ ကိုယ့်အချစ်ကို အစော လက်ခံ ...ပါ"

"မဖြစ်နိုင်လို့ပါရှင်"

"ဟုတ်ပြီ၊ ဘာကိုဘယ်လို မဖြစ်နိုင်တာလဲဆိုတာ ကိုယ့်ကို ...ပြာ"

ညီအစ်ကို နှစ်ယောက်က ပုံစံတူဖြစ်သည်။ သူတို့ပြောချင်တာ



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ ဖွင့်ပြောကြသည်။ တစ်ဖက်သား ခံစားချက်ကို ထည့်တွ
စဉ်းစားခြင်း မရှိ။

"ရှင့်မှာ လက်ထပ်မယ့်သူ ရှိပြီးသားပါ ကိုရိုးမ"

"သူ့ကို ကိုယ်မချစ်ဘူး အစော၊ ကိုကိုကြောင့် မလွဲ မရှော
သာလို့ လက်ခံထားတာပဲ ရှိတယ်၊ ကိုယ်ချစ်တဲ့သူက အစော
အစောကို ကိုယ်လက်ထပ်မယ်"

"အစော ရှင့်ကို လက်မထပ်နိုင်တာ ဝမ်းနည်းပါတယ်ရှ
အစောကို ခွင့်လွှတ်ပါ"

"အစော သိပ်နေမကောင်းသေးလို့ ကိုယ်ဒီလောက်ပဲ ပြေ
တော့မယ်၊ နောက်ဆို အစောက ဘာပြောပြော ကိုယ်လက်ခံနားထော
နေမှာ မဟုတ်ဘူးဆိုတာ အစော နားလည်ထားပါ"

"ကိုယ်သွားမယ်"

"အို"

ပါးတစ်ဖက် နွေးသွားတာကို အပြစ်မတင်နိုင်။ သူပြောချင်တာ
ပြောပြီး အစောအခန်းထဲက ထွက်သွားသည့် ရိုးမ ကျောပြင်
ကြည့်ကာ ထိတ်လန့်နေမိသည်။



## အခန်း (၁၁)

"နေကောင်းတယ်နော် အစော"

"ဟုတ်ကဲ့"

"ခြေထောက်ဒဏ်ရာကရော သက်သာရဲ့လား"

"ဟုတ်ကဲ့"

စိုင်းညီလာအမေးကို ဒုတိယအကြိမ် ခေါင်းညိတ်ဟုတ်ကဲ့ပြီးမှ
သူ့မျက်နှာကို ပြုံးကြည့်နေသည့် စိုင်းညီလာမျက်နှာကို အလန့်
တကြားလေး ကြည့်လိုက်မိသူက အစော။ သူက အစောဟုတ်ကဲ့
ပြောတာကို သဘောကျသူဖြစ်၍ နောက်တစ်ခါ သူ ဘာမေးမေး
အစောဘက်က ဟုတ်ကဲ့ဟု မပြောမိစေရန် သတိထားလိုက်ရသည်။

"ဟိုတစ်နေ့ ညနေက အလုပ်နည်းနည်း ရှုပ်သွားလို့ အစောဆီ
မလာနိုင်တဲ့ကိစ္စ စင်သီယာ ပြောရဲ့လား"

"ဟုတ်ကဲ့ ပြောပါတယ်"

ဟုတ်ကဲ့လို့ ခေါင်းညိတ်ပြီးမှ သတိရကာ ပြောပါတယ်ဆိုသည့်
စကားကို ကမန်းကတန်း ထည့်ပြောတော့ စိုင်းညီလာက ပြုံးပြုံးကြီး
အစောမျက်နှာကို စိုက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစောက် တစ်ခါတလေ ကလေးလေးလိုပဲ"

"အစော အသက်တစ်ဆယ့်ကိုး ရှိပါပြီ၊ အစောကိုယ် အစော တော့ ကိုစိုင်းပြောသလို ကလေးနဲ့ တူတယ်မထင်ပါဘူး"

ဒီတစ်ခါတော့ အစောဘက်က ခပ်စွာစွာ တုံ့ပြန်မိ၍ စိုင်းညီလာ က အသံဝါဝါနှင့် ရယ်သည်။

"အစောကို ကိုယ်ပြောတာက တခြားအဓိပ္ပာယ်နဲ့ ပြောတာ မဟုတ်ဘူး၊ ကလေးလိုပဲ ရိုးသားပြီး ချစ်စရာကောင်းတာကို ပြောတာ ကိုယ့်စကားကို တစ်မျိုးအဓိပ္ပာယ်ကောက်ပြီး စိတ်မဆိုးနဲ့ ဟုတ်လား"

"အကြောင်းမရှိဘဲ အစောက စိတ်မဆိုးတတ်ပါဘူး"

"အကြောင်းရှိရင်တော့ စိတ်ဆိုးမယ်လား"

"ဒါကတော့ အစောမှ မဟုတ်ပါဘူး၊ လူတိုင်းဖြစ်တတ်တဲ့ သဘာဝပါ"

"ဟုတ်ပါပြီဗျာ၊ ကိုယ့်ကိုတော့ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် စိတ်မဆိုးပါနဲ့ ဟုတ်လား၊ ကလေးတွေအတွက်လည်း စိတ်မပူနဲ့ အစောကိုအစောသာ ဂရုစိုက်ပါလို့ လာပြောတာ"

"ကိုယ် သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့"

စိုင်းညီလာ ထွက်သွားမှာ အစောရင်ထဲက မွန်းကျပ်နေတာတွေ လျော့သွားသည်။ အစောကိုတွေ့တိုင်း ချစ်ခင်မြတ်နိုးသည့် အမူအယာ နှင့် အစောမျက်နှာကို တစ်ချက်တစ်ချက် သတိလက်လွတ် ရှုန်းရှုန်း စက်စက် စူးစိုက်ကြည့်တတ်သည့် စိုင်းညီလာကြောင့် အစော မျက်နှာ ပျက် အနေခက်သွားတာမြင်လျှင် သူက ဘာမှမဖြစ်သလို ရယ်မော





ဖြစ်တတ်သော်လည်း အစောကတော့ လက်ရှိအိမ်ထောင်ရှင်ဖြစ်လျက် အစောကို မျက်လုံးလက်လက်နှင့် ကြည့်တတ်တာကို သဘောမကျ။

အစောကို ချစ်ရေးဆိုထားသည့် ညီဖြစ်သူ ရိုးမသည်ပင်လျှင် အစောကို ဤသို့ မကြည့်။ လူလစ်မှ ကွယ်သလိုကြည့်တတ်သူ ဖြစ်သည်။ ရိုးမဆိုမှ အစောရင်လေး ထိတ်ခနဲ ဖြစ်သွားကာ သူ့ကို စိုးဆိုထားတာ သတိရသွားသည်။

"ကိုယ် အစောကို တွေ့ချင်တယ်"

"အို... မဟုတ်တာ"

အစော အလန့်တကြားလေး ငြင်းလိုက်ပေမယ့် ရိုးမက ဂရုမစိုက်။

"ကိုရိုးမ"

"အို... ခုက္ကပါပဲ"

အစောခေါ်ပေမယ့် ရိုးမက တစ်ချက် လှည့်မကြည့်။ မနက် စာစောစီးစီး အစောအခန်းတံခါးဝမှာ ဘွားခနဲပေါ်လာပြီး သူပြော ချင်တာပြောပြီး ထွက်သွား၍ အစောတစ်ယောက်တည်း ဘာလုပ်ရမှန်း သိ ဖြစ်ကျန်ခဲ့သည်။

သူမကို ကျောခိုင်းသွားသည့် ရိုးမနောက် လိုက်သွားရနိုးနိုး၊ အတိုင်းပဲ သူဘာပြောပြော ငြိမ်ပြီးမသိသလို နေရမှာလား။ ဝေခွဲမရ ဖြစ်နေတုန်း အစောနားကို စိုင်းညီလာ ရောက်လာ၍ အစောမှာ ရိုးမ နောက်လည်း မလိုက်သွားရ။ အစောတို့နှစ်ယောက်ကို စိုင်းညီလာများ တွေ့သွားလေသလား အတွေးနှင့် သူမေးသမျှ ဟုတ်ကဲ့ဆိုတာနဲ့ချည်း ဖြေဆိုသတ်နေမိသည်။ နောက်မှ ဟုတ်ကဲ့လို့ အစောပြောတာလေးကိုပဲ သဘောကျပါသည်ဆိုသော စကားကြောင့် နောက်ထပ် ဟုတ်ကဲ့



www.burmeseclassic.com

www.burmeseclassic.com



မပြောမီအောင် သတိထားရင်း ညီအစ်ကိုနှစ်ယောက်ကြောင့် စိ
ရှုပ်ထွေး ကျွန်ရစ်ခဲ့ရသူ ဖြစ်သည်။

"ဟော့… အစောက အပြင်တွေ ဘာတွေ ထွက်ပြီး လမ်းလျှေ
ဘာတွေ လျှောက်လို့ပါလား"

"မမ စင်သီယာ"

မိုးပြာရောင် ဝတ်စုံနှင့် လိုက်ဖက်သော စင်သီယာက ထုံးစံအတိုင်း
ချိုအေးသော အပြုံးဖြင့် အစောမျက်နှာကို လှမ်းကြည့်နှုတ်ဆက်ခြ
ဖြစ်သည်။

"ဒီမှာလေ… အစောအတွက် မမကိုယ်တိုင် ကြက်သားရို
လုပ်လာတယ်၊ အားရှိအောင် စားလိုက်ဦး"

"ဒုက္ခရှာလို့ မမစင်သီယာရယ်၊ အစောက လူမမာ မဟုတ်ေ
ပါဘူးရှင်"

အခုမှ စင်သီယာနောက်က ဗန်းတစ်ချပ်ကိုင်ပြီး ပါလာသ
အလုပ်သမားကို ကြည့်၍ သဘောပေါက် နားလည်သွားသည်။

"စားပွဲပေါ်တင်ပြီး ထားလိုက်တော့ မောင်အဲ"

"ဟုတ်ကဲ့ မမ"

အလုပ်သမားက ရိုကျိုးသော အမူအယာဖြင့် စင်သီယာ ပြေ
သလို ကြက်သားရိုစ်ပါသည် ထမင်းအုပ်ကို စားပွဲပေါ်ထားပြီး အခ
တို့နားက ပြန်ထွက်သွားသည်။

"မမကို ဘာမှ အားနာနေစရာ မလိုဘူး အစောရယ်၊ ကိုစိုင်
ကိုယ်တိုင်က အစော ဒဏ်ရာမြန်မြန်ကျက်အောင် ကြက်သားရို
လုပ်ပေးလိုက်ပါလို့ မမကို မှာခဲ့တာဆိုတော့ သူပြောတဲ့အတိုင်း





ပ်ပေးသလို အစောကလည်း ကိုစိုင်း စိတ်ချမ်းသာအောင် စားပေး
က်ပါ ညီမရယ်"

"ကိုစိုင်းက သူခိုင်းတဲ့အတိုင်း မလုပ်ပေးရင် မမကို အပြစ်တင်
လေ။ မမက သူစိတ်ဆိုးမှာ သူအပြစ်တင်တာမျိုး အဖြစ်မခံနိုင်ဘူး"

"အဟင်… ဟင်း… ဟင်"

ချစ်စရာကောင်းအောင် ရယ်မောလိုက်သူ၏ မျက်နှာကို အစော
ကြင်ငေးငေးလေး ကြည့်နေမိသည်။ စင်သီယာဟာ အစော တွေ့မြင်
သော မိန်းမတွေနှင့် မတူသည်မှာ အမှန်ဖြစ်သည်။

"ကလေးတွေချည်း ထားခဲ့ရလို့ မမပြန်သွားလိုက်ဦးမယ်၊
စော တစ်ယောက်တည်း ဖြစ်ရဲ့လား"

"ဖြစ်ပါတယ်ရှင် အစော နေကောင်းနေပါပြီ"

"မနက်ဖြန်ကျမှ သားတို့နဲ့ အစောကို တွေ့ခိုင်းတော့မယ်နော်
စော"

"ဟုတ်ကဲ့ မမ"

စင်သီယာ ထွက်သွားသည်နှင့် အစောခေါင်းထဲ တွေးစရာတွေ
ားကြီး ဖြစ်ကျန်ခဲ့သည်။ အစ်ကိုကတစ်မျိုး ညီကတစ်မျိုး ရှုပ်ထွေး
သည့် အနေအထားကို အစော အလိုမရှိ။ မုန်းလည်း မုန်းတီးမိသည်။
မှာ ချစ်သူမရှိတာ သိစေမယ့် လက်ထပ်ရမည့်သူရှိပြီးသားဖြစ်၍
အပေါ် ရင်ခုန်စိတ်လှုပ်ရှားမိသည်မှန်သော်လည်း ရိုးမအချစ်ကို
ဖြန့်၍မဖြစ်။

ချစ်မိသည့်တိုင် ချုပ်တည်းမျိုသိပ်ရမည့် အနေအထားမှာ သူ့ကို
စက်နိုင်မှ ဖြစ်မည်။ အစော အသက်ကို ကယ်တင်ခဲ့ပုံမှာက သူ့



www.burmeseclassic.com

www.burmeseclassic.com



အသက်ကို ရင်းရဲသော ရိုးမရင်ထဲ နှလုံးသားထဲက အချစ်။ နက်ရှိုင်းသော မေတ္တာ၊ အကြင်နာစေတနာ အားလုံး တောက ဖဲစခန်း ထဲမှာ အကုန်အစင် သွန်ချပြခဲ့လေသော ချစ်သူ။

အစောကို ခွင့်လွှတ်ပါကွယ်။

လက်ထပ်ရမယ့် ဇနီးလောင်းရှိနေတဲ့ ယောကျ်ားတစ်ယောက် အချစ်ကို လက်ခံတဲ့ပြန်မိရင် တစ်ဖက်မိန်းကလေးရဲ့ အသည်း ခွဲသလိုဖြစ်မှာကို အစောကြောက်တယ်။ အမှန်တကယ်လည်း သင့်။ မဖြစ်ထိုက်ဟု အစော ယုံကြည်သည်။ စောင့်စည်းထိန်း ရမည့် ဝတ္တရားဖြစ်၍ လက်ထပ်မည့်သူရှိပြီးသား ရိုးမအချစ်ကို ခံစရာ အကြောင်းမရှိ။ ဒီကြားထဲ တကယ့်လူမမာကြီးတစ်ယောက် အစောအပေါ်မှာ ပြုမူဆက်ဆံနေသော စင်သီယာတို့ လင်မယား နှစ်ယောက်ကိုလည်း စိတ်ညစ်မိသည်။ စင်သီယာက သူ့ယောကျ်ား စိတ်ချမ်းသာမည်ဆိုလျှင် ဘာဖြစ်ဖြစ် အပြုံးမပျက်။ မျက်ကန်းအချစ် ဖြစ်သည်။

မနက်၊ နေ့၊ ညစာ အားလုံး အစောကို သူမအခန်း အဆောင်ထဲ တစ်ယောက်တည်း သီးသန့်ပြင်ဆင်ပေးသည်။ ထောက်ဒဏ်ရာ သက်သာဝါပြီဆိုလည်း မရ။

“မမတို့ကို အားမနာပါနဲ့ကွယ်၊ အစောအတွက်ရယ်လို့ တစ် တစ်သန့် ပြင်ဆင်ပေးနေရတာမျိုး မဟုတ်ပါဘူး။ ဒေဝီတို့ ခမ်း တို့လည်း သူတို့အခန်းထဲမှာ ယူစားကြတာလည်း ရှိပါတယ်။ သဖြင့် ဒေဝီပေါ့ သူ့ကောင်လေး ပြန်သွားပြီကတည်းက ဘယ်သူ မျက်နှာချင်း မဆိုင်ဘူး ကိုစိုင်းက လွဲရင်လေ”





ဒေဝီချစ်သူ ပြန်သွားတာ အစော မသိလိုက်ရပါ။ ဘယ်လို ပြဿနာဖြစ်မှန်းမသိပေမယ့် ရိုးမနှင့်ဒေဝီ အစောမျက်စိရှေ့မှာ စကား များကြ ပြဿနာဖြစ်ကြတာကိုတော့ အစောသိ၍ ဒေဝီ ဘာဖြစ်နေလဲ။ ဘယ်သူ့ကို စိတ်ဆိုးနေလဲဆိုတာကို သိလိုက်သည်။ ညစာစားချိန်မှာ သူတစ်ယောက် အစောအဆောင်ရှေ့ ရောက်လာသည်။

“ခေါက်… ခေါက်”

“ဘယ်သူလဲ”

“ကိုယ်ပါ”

“ဟင်”

အခန်းတံခါးကို ဖွင့်လိုက်တော့ စားစရာ ထည့်ထားသည့် ဗန်း တစ်ချပ်နှင့် ရပ်နေသည့် ရိုးမကြောင့် အစော ငိုချင်သွားသည်။

“အစောအတွက် ညစာစားဖို့”

“ဒီမှာပဲ အစောကို ပေးခဲ့ပါလား ရှင်”

“ဘာဖြစ်လို့လဲ”

“ကိုယ့်ကို အခန်းထဲတောင် ဝင်ခွင့်မပေးတော့ဘူးလား”

တစ်ဖက်က ကြည့်တော့လည်း စောရဲ့အသက်သခင် ကျေးဇူး ရှင်။ တခြားတစ်ဖက်မှာကြပြန်တော့ အစောအချစ်ကို မဖြစ်နိုင်မှန်း သိရက်နှင့် အမြတ်တနိုး တောင်းခံနေသည့် ချစ်သူ။ အစောမျက်နှာကို ငေးနစ်နစ် စိုက်ကြည့်သူ၏ မျက်ဝန်းအစုံအောက်က မလွှတ်မြောက် နိုင်သည့်အတူ အခန်းပေါက်ဝမှာ ပိတ်ရပ်ထားသည့် အစောကိုယ်လေး ကို အသာဖယ်ပေးလိုက်ရသည်။

“သင့်ခံယူး”



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းတံခါးကို မပိတ်ဘဲ ဖွင့်ထားပြီး အစောအတွက် သောက်စရာ၊ မုန့်၊ ခက်ရင်းကအစ အသေးစိတ် ပြင်ဆင်ပေးနေသူ ငေးကြည့်နေမိသည်။

"လာလေ အစော၊ ကိုယ့်ကို ဘာကြည့်နေတာလဲ"

"အစောအခန်းမှာ ရှင်အကြာကြီး မနေသင့်ဘူး ထင်လို့ပါ

"ဘာဖြစ်လို့လဲ"

"အစော ဘယ်သူ အထင်သေးစော်ကားတာကိုမှ မခံချင်ဘူး

"ဒေဝီ့ကို ပြောတာလား"

"အားလုံးကို ပြောတာ ရှီး"

အစော စကားကြောင့် တည်ငြိမ်သွားသော သူ့အသွင်က အစ ရင်ကို နာကျင်စေသော်လည်း အစောကိုယ့်ကျင့်တရားနှင့် အစ ဂုဏ်သိက္ခာနှင့် နှိုင်းဆလျှင် ထိုနာကျင်မှုက စာမဖွဲ့လောက်ပါ ထ သည်။

"အစော"

"ပြောပါ"

"ကိုယ့်ကိုချစ်လား"

"အစော မသိဘူး"

"မင်းညာတာ'

"အို"

ပြောရင်း သူက အစောနားရောက်လာပြီး အစော မျက်နှာ နင့်နင့်သည်းသည်း ငုံ့မိုးစူးစိုက်ကြည့်လာ၍ အစော မျက်လွှာချ ခေါင် ငုံ့ပစ်လိုက်သည်။





"ကိုယ့်မျက်နှာကို ကြည့်ပါအစော"

"ဟင့်အင်း"

အစော ခေါင်းခါလိုက်တာ ဘာကြောင့်မှန်းမသိ။ ဖြစ်နိုင်လျှင် နားက ဝေးရာသို့ ထွက်ပြေးသွားချင်လာသည်။

"အစော"

"အို… အစောကိုလွှတ်ပါ၊ တခြားလူတွေ မြင်ကုန်ပါ့မယ်"

"မမြင်စေချင်ရင် လွယ်လွယ်လေးပါ"

"ဒုန်း"

"အို… ဘာလို့ တံခါးကို ပိတ်ပစ်ရတာလဲ"

"အစောကို ချစ်လို့"

"အို… လွှတ်ပါ"

အသံကျယ်ကျယ်ထွက်၍ မအော်ဝံ့သဖြင့် ရိုးမလက်ထဲက တ်ရုန်းရင်း သူ့ရင်ခွင်ထဲရောက်မှန်းမသိ ရောက်သွားရသူက အစော သည်။

"အစော တောင်းပန်ပါတယ်ရှင်၊ အစောကို သနားပါနော်"

"သနားရုံမက သိပ်ချစ်နေတာ အစောမသိဘူးလား၊ ကိုယ့်ကို ချစ်ပါ အစောရယ်"

"မဖြစ်နိုင်လို့ပါရှင်"

"ချစ်တော့ချစ်နိုင်တယ် မဟုတ်လား"

"ရှင့်မှာ နန်းခမ်းမွန်တစ်ယောက်လုံး ရှိနေတာ မေ့များနေသလား

"သူ့အကြောင်း မပြောနဲ့ မကြားချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မကြားချင်လို့ ဖြစ်မလား ရှင်တကယ်ဆို ရှင်နဲ့သူ လက်ထ
ကြမှာကို"

"ဒီလောက် ပြောချင်တဲ့ပါးစပ်... လာခဲ့"

"ရှင်နော်... အစောကို လွှတ်ဆို"

အင်အားခြင်းက မမျှ။ နဖက်သွယ်လျသော ပျော့ပျောင်းသ
အစောကိုယ်အိအိလေးက တောင့်တင်းသန်မာသော ရင်ခွင်ထဲ စိတ်
လက်ရှိ ဖိနှစ်ဆွဲယူထားသူကြောင့် ရုန်းဖယ်ချင်၍သော်မှမရ။ မျက်
လှလှပေါ်သို့ အပ်ကျလာသည့် သူ့ချစ်အနမ်းတွေကို ရှောင်ဖယ်သ
အနေနှင့် အစောက သူမမျက်နှာလေးကို ဘယ်ညာခါရင်းတော့ သူ
ချစ်စနိုးရယ်သည်။

"ဒီလိုလုပ်လို့ အစောကိုအစော ကိုယ့်လက်က လွှတ်မယ်ထ
တယ်ပေါ့ ဟုတ်လား"

"အစော မကြိုက်တာကို ရှင်မလုပ်ပါနဲ့၊ ရှင်ဒီလို ဖွတ်လုပ်ရင်
ရှင့်ကို အစောမုန်းမိတော့မယ် သိလား"

"သိတယ်"

"သိရက်နဲ့ ရှင်က..."

"ဟုတ်တယ်၊ အစောကို ကိုယ့်ရင်ထဲက အချစ်တွေအားလုံး
အသိပေးပေါက်ကွဲ ရင်ဖွင့်ပြီးမှ ဘာမှမဖြစ်သလို ပုံစံနဲ့ ကိုယ်ဆက်ပြ
ဟန်ဆောင်မနေနိုင်တော့ဘူး အစော"

"အစော ဘာပြောပြော အစောဟာ ကိုယ့်ချစ်သူ၊ ကိုယ်လက်ထ
မယ့် တစ်ဦးတည်းသော အချစ်ဦး၊ ကိုယ့်ချစ်သူကို ကိုယ်ချစ်တာ
အပြစ်ဆိုရင် အဲဒီအပြစ်ကို ကိုယ်ကျေကျေနပ်နပ် ခံယူမယ်"





"အို... အမေ့"

ရှောင်တိမ်းယိမ်းဖယ်ခြင်းအဖြစ်က သူ့ထံမှ အချစ်ကို ပိုမိုနိုးထ
သည်လားမသိ။ မထိတထိ ရှိုက်နမ်းနေရသည်အပေါ် အားမလို
အရ ဖြစ်လာဟန်ဖြင့် အစောယုရိုက်နေသည့် လက်အစုံကို ဖမ်း
ပြီး အစောမျက်နှာလေးကိုပင် မော့စေလျက် အချစ်အနမ်းတွေ
ကြမ်းကြမ်း ခြွေအချမှာ အစောမျက်လုံးအစုံ ပြာဝေသွား၏။ သူ့
မ်းတွေက နုဖတ်သော မျက်နှာလေးအနံ့မှ ဖြူနုသော ဖွေးနုနေ
ည့် လည်တိုင်ရင်ညွန့်ဖွေးဖွေးအနံ့ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း
ရှိုက်နမ်းနေ၍ မျက်ဝန်းအစုံက ရက်စက်ဖြင့် သူ့အလိုလို မှေးမှိတ်
ဖြစ်သွားသည်။

"အစော"

"လွှတ်ပါတော့ရှင်"

"ကိုယ့်ကို ချစ်တယ်လို့ ပြောပါ"

တိုးရှိုက်နင့်မောသော သူ့အသံမှာ ပျော်ဝင်နေသော ချစ်ခြင်းဆို
ည့်အရာကို အစော မသိချင်။ အစော နှုတ်ခမ်းအစုံကို ဖိကပ်ရှိုက်
သူကိုလည်း မတားမြစ်နိုင်။ သူ့ရင်ခွင်ထဲက လွတ်မြောက်လိုစိတ်
ရုန်းဖယ်ဖို့ ကြိုးစားတိုင်း သူက အစော မလှုပ်နိုင်အောင် အတင်း
ပ်ဆုံး တုပ်နှောင်ရှိုက်နမ်းသဖြင့် အနေရခက်စွာ ရက်လန့်နေရသူက
စော ဖြစ်သည်။

"ရှင် သိပ်လွန်နေပြီနော်၊ ပြောမရရင် အစော အော်ပစ်လိုက်
ယ်"

"ကိုယ်ကိုယ်တိုင်က အားလုံးကို သိစေချင်နေတာ အစော



www.burmeseclassic.com

www.burmeseclassic.com



ဆော်ရင် ကိုယ်က ပိုဝမ်းသာရမယ့်သူပါဗျာ”

“ဘယ်လိုဆော်မှာလဲ ဆော်လေ”

သူ့လိုလူကို ခြိမ်းခြောက်၍ မရနိုင်မှန်း သိလိုက်၍ အစော စိတ်ညစ်သွားသည်။

“ဒီမှာ... ရှင့်ကို အစောအရှုံးပေးပါတယ်၊ ကျေနပ်ပါတော့နော်”

“ကိုယ်ကြားချင်တာ အဲဒီစကား မဟုတ်ဘူး၊ အစော ကိုယ့်ကို ချစ်ပါတယ်ဆိုတဲ့ စကား”

“အစော မပြောနိုင်တဲ့စကားကို ဘာလို့မေးနေရတာလဲရှင်၊ အခု ရှင်ဖြစ်ချင်တာ ဖြစ်နေပြီ မဟုတ်လား”

စိတ်ရှုပ်ရှုပ်နှင့်ဆိုတော့ သူက အစောတစ်ကိုယ်လုံးကို အသားများအောင် ဖျစ်ညစ်ရှိုက်နမ်းပစ်၍ အစောတစ်ကိုယ်လုံး သူ့ရင်ခွင်ထဲ ကျိုးကျေမတတ် ဖြစ်သွားသည်။

“ရှင် ဘယ်လိုဖြစ်နေတာလဲ”

“ကိုယ်ဖြစ်ချင်တာ ဖြစ်ခွင့်ရမယ်ဆိုရင် အစောတစ်ကိုယ်လုံးကို သိမ်းပိုက်ခွင့် ရချင်တာလို့ ပြောတာ”

“ကိုယ့်ကို ချစ်တယ်လို့ ပြောရမှာ ဒီလောက် ခက်နေလား၊ ဒီလိုမှန်းသိရင် တောထဲမှာတုန်းကတည်းက...”

“အဲဒီတုန်းက ရှင့်ကို လူကောင်းလို့ ထင်လို့ပေါ့ရှင်”

“အခု ကိုယ်က ဆိုးနေလို့လား”

“ရှင်ကိုရှင် သိမှာပေါ့၊ ဖယ်ပါ တော်ကြာ မမစင်သီယာ ရောက်လာလို့ တွေ့သွားရင် မကောင်းပါဘူးရှင်၊ အစော တောင်းပန်ပါတယ်”

“မင်း ကိုယ့်ကို တကယ် မချစ်ဘူးလား”

“မသိဘူးရှင်”

“မင်း သိကိုသိရမယ်၊ မင်း ကိုယ့်ကို ချစ်တယ်ဆိုတာ ကိုယ်သိသလို မင်းလည်းသိတယ်”

“ကြိုက်သလို ထင်တော့ရှင်၊ အစော ဘာမှပြောစရာ မရှိဘူး”

“ကောင်းပြီ၊ မင်းဘက်က ပြောစရာမရှိရင် ငြိမ်ငြိမ်နေ”

“အိုး”

ရင်းနှီးကျွမ်းဝင်ခြင်း မရှိသော ယောက်ျားပျိုတစ်ယောက်၏ ကိုယ်သင်းနံ့က အစောကို ပြင်းထန်စွာ ညှို့ငင်လာ၍ အစော သူ့ အနမ်းပင်လယ်ထဲမှာ မျောပါသွားလုမတတ် ဖြစ်သွားသည်။ အချစ်ဆိုသည့် စကားကို ကြားဖူးသော်လည်း ယောက်ျားတစ်ယောက်၏ ချစ်ခြင်းက အစောအတွက် အစိမ်းသက်သက်မှုသာဖြစ်၍ ရုတ်တရက် ရင်ဆိုင်တွေ့လိုက်ရချိန်မှာ ထိုအချစ်က သူမအတွက် ပြင်းထန်တက်ကြွလွန်းသည်ဟု ထင်သည်။

“ဒေါက်... ဒေါက်”

“အစောရေ... မမပါ”

“တံခါးဖွင့်ပါဦး”

“ဒုက္ခပဲ အပြင်မှာ မမစင်သီယာ ရောက်နေပြီ ဘယ်လိုလုပ်မလဲ”

စင်သီယာကြောင့် ရိုးမက အကြောက်လွန်နေသည့် အစော၏ ပါးပြင်နုကို တစ်ချက်ရှိုက်နမ်းပြီး သူမကိုယ်လေးကို အသာဖြေလွှတ်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်သည်။

"ဘာမှမဖြစ်ပါဘူး"

"ကိုယ်တံခါး သွားဖွင့်ပေးလိုက်မယ်"

ရှီးမက ဟန်မပျက် တံခါးဘက်ကို လျှောက်သွားချိန်မှာ အစော က သူမကိုယ်သူမ သပ်ရပ်အောင် ပြုပြင်ရင်း စင်သီယာရှေ့မှာ ဘာမှ မဖြစ်သလို ကြိုးစားဟန်ဆောင်နိုင်အောင် မနည်းကြိုးစားနေရသည်။

"ဟော့... မမစင်သီယာ"

"ရှီးလည်း ရောက်နေတာလား"

"ဟုတ်ကဲ့"

ရှီးမကိုတွေ့၍ စင်သီယာ အံ့ဩဟန်မရှိသလို ရှီးမ၏ တည် ငြိမ်သောအသွင်ကြောင့် သာမန်နှုတ်ဆက်ရင်း အစောရှိရာကို စင်သီယာ က တစ်ချက်လှမ်းကြည့်ပြီး ပြုံးပြသည်။

"တော်ပါသေးရဲ့ကွယ် ရှီး ဒီမှာရှိနေလို့... ဟိုမှာ နန်းခမ်းမွန်က ရှီးပျောက်လို့ လိုက်ရှာနေတာ သွားလိုက်ဦး"

"ကိုယ်သွားမယ် အစော"

"ဟုတ်ကဲ့"

ရှီးမက ခပ်တည်တည် နှုတ်ဆက်ထွက်သွား၍ စင်သီယာနှင့် အစောကျန်ခဲ့သည်။

"ညစာက လာပို့သွားပြီပဲ"

"ဟုတ်တယ် မမ"

"ကိုစိုင်းက အစောနဲ့အတူ ညစာစားမယ်ပြောလို့ မမကိုယ်တိုင် လာခေါ်တာ ညီမရဲ့"





"ကိုစိုင်းနဲ့မမကို ကျေးဇူးတင်ပါတယ်၊ ဒီည အစော အပြင် ထွက်ချင်တော့လို့ ဒီမှာပဲ စားပါရစေနော်"

"အစော သဘောပါကွယ်၊ ဒီမှာလည်း စားစရာတွေ ရောက် ပြီးသားဆိုတော့ ကိုစိုင်းကိုပဲ မမအဆင်ပြေအောင် ပြောလိုက်ပါမယ်"

"ဟုတ်ကဲ့"

စင်သီယာ အစောအခန်းထဲ ပြန်ထွက်သွားမည့်ဟန်ပြင်ပြီးမှ တစ်စုံတစ်ခုကို သတိရသွားသလို အစောဘက် လှည့်ကြည့်သည်။

"မနက်ဖြန် ရှီးမညီလာကို ပြန်ကြမယ့်ကိစ္စ အစောကို မမ ပြောရသေးဘူးနော်"

"မပြောရသေးဘူး မမ"

"အေးကွယ်... အစတုန်းတော့ ကိုစိုင်းလည်း ဒီမှာ ပျော် အောင်နေဦးမလို့ပါပဲ။ နောက်ပိုင်းက အလုပ်ကိစ္စတွေ ပေါ်လာ တော့လည်း မဖြန်မဖြစ်ပြန်ဖို့ကိစ္စ ချက်ချင်း စီစဉ်ပါဆိုတာနဲ့ စီစဉ် လိုက်ရတာပဲ"

"မနက်စာ ဘရိတ်ဖက်စ် စောစောစားပြီး ပြန်ကြမယ်၊ အစော လည်း ပြင်ဆင်စရာရှိတာ ပြင်ဆင်ထားလိုက်ပါ မမသွားဦးမယ်"

စင်သီယာက မောရပမ်းရမှန်း မသိ။

တစ်နေရာနှင့်တစ်နေရာ၊ တစ်ဆောင်က တစ်ဆောင်သို့ အလုပ် သမား အဖော်တစ်ယောက်နှင့်အတူ ပေါ့ပါးသွက်လက်စွာ သွားနေနိုင် သူဖြစ်သည်။ ဘယ်ကိစ္စကိုမှ အလုပ်သမားတွေနှင့် လွှတ်မထားဘဲ သူမကိုယ်တိုင်ပါဝင်ရမှ ကျေနပ်သည့်သူ ဖြစ်သည်။

ဒါကြောင့်လည်း စင်သီယာကို အားလုံးက လေးစားကြသည်ညီ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ စင်သီယာ မသိအောင် ဘယ်သူမှ ဘာမှမလုပ်ရဲ။ အော ခြေသိမ်းကအစ အားလုံးသိထား နားလည်ထား၍လည်း ဘယ်လို ကမှ စင်သီယာကို လိမ်ညာ၍မရ။ မေတ္တာရှေ့ထား၍ ပြောဆိုဆက် တတ်သူဖြစ်သလို ဆုပေးဒဏ်ပေးစနစ်ကြောင့်လည်း ချစ်ကြော ရှိသေသမှု ရှိကြသည်။

အလုပ်ရှင်နှင့် အလုပ်သမားဆိုပေမယ့် စင်သီယာက အလု သမားမိသားစု စားဝတ်နေရေး၊ လူမှုရေး၊ ကျန်းမာရေး ကိစ္စအား သူမက တာဝန်ယူထားသလို ပြဿနာတစ်စုံတစ်ရာ ဖြစ်လျှင်လည် အားလုံးက စင်သီယာကိုသာ အားကိုးကြသည်။ မိသားစုသဖွယ် အုပ်ချုပ်ဖွဲ့စည်းထား၍ ရိုးမညီလာမှာ အလုပ်ရှင်အလုပ်သမား ပြဿ ဘာတစ်ခုမှ မရှိ။

အလုပ်သမားအားလုံး လူကောင်းနှင့် လူယောင်းတွေချည်းဖြစ် ရိုးမညီလာ မိသားစုအတွက်ဆိုလျှင် အသက်ပေးရပေးရဆိုသည့် လူတွေ ချည်း ဖြစ်သည်။ လုပ်ငန်းပိုင်းမှာ သစ္စာရှိသော စိတ်ချယုံကြည်ရသော လူတွေနှင့်သာ ဖွဲ့စည်းထား၍ ဘယ်သွားသွား၊ ဘယ်လာလာ စိတ်ချ တာလည်း ပါသည်။

အစောမှာ စင်သီယာပြန်သွားမှ အခန်းတံခါးပိတ်ပြီး တစ်ယောက် တည်း ငြိမ်နေမိသည်။ စင်သီယာရှေ့မှာ ဟန်မပျက်နေနေရသော်လည်း ကိုယ့်လိပ်ပြာ ကိုယ်မလုံ။ ရိုးမနှင့်သူမကိစ္စကို စင်သီယာ ရိပ်မိသွား ပြီလား၊ တွေ့များတွေ့သွားသေးသလားဟု ရင်ပူနေလျက်။ စင်သီယာ က တွေ့သွားလျှင်ဆိုသည့် အတွေးကို ရှေ့မဆက်ရဲ။

ရှက်စရာကောင်းလိုက်တာ မမကြီးရယ်။



သူမအဖြစ်ကို ဘယ်သူ့ရင်ဖွင့်တိုင်တည်ရမှန်း မသိ၍ အဖေး ဆက်နေသည့် အစ်မဖြစ်သူ အမည်ကို တိုးတိတ်စွာ ဆိုညည်းလိုက် သည်။ မမကြီးက ဒီအကြောင်းတွေသိရင် အစောကို ဘယ်လိုပြောဆို ကြိပေးမှာပါလိမ့်။

စိတ်လှုပ်ရှားနေ၍ ဘာတစ်ခုမှ စားသောက်ချင်စိတ်မရှိ။ မနက် ပြန်မည့်အတွက် သူမ အဝတ်တွေသာ စနစ်တကျ သိမ်းဆည်းနေ သည်။ အစောက ရိုးမဆိုသည့်လူကို ဘယ်လိုမှ ချစ်တယ်ဆိုတဲ့ ဖြေမပေးဘဲနေသော်လည်း ရိုးမဆိုသည့် လူအမြင်မှာ အစောက ချစ်သူဖြစ်နေသည်။ ထို့ကြောင့်လည်း အစော ဘာပြောပြော ဂရု ိုက်။ သူလုပ်ချင်တာ ဖွတ်လုပ်သွားတာကို မုန်းမိသည်။

ထိုညစာကို ဘာတစ်ခုမှ ဟုတ်တိပတ်တိ မစားနိုင်၊ တစ်ညလုံး အကြောင်း တွေးနေတာနှင့် မိုးလင်းခါနီးမှ မှေးခနဲ အိပ်ပျော်သွား သည်။ ဒါတောင် အိပ်မက်ထဲမှာ သူက အစောကို လိုက်နှောင့်ယှက် နေသေးသည့်အတွက် အစောအိပ်ရာကနိုးတော့ မိုးလင်းနေပြီ ဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"တီချယ် လာပြီ"

"ဟေး… သားသားမီးမီးတို့ သိပ်လှနေပါလားကွယ်"

သူမရှိရာ လက်ကလေးတွေ ဆန့်တန်း၍ ရင်ခွင်ထဲ ပြေးဝ[င်]
လာသည့် ချစ်စရာ သားသား၊ မီးမီးလေးတွေကို ချစ်စရာအပြုံးလှ[လှ]
ဖြင့် ရင်ဖွင့်ကြိုဆို ထွေးပွေ့လိုက်သည်။ ဒါကို အလွန်ကျေနပ် [နှ]
သိမ့်နေသည့် ပီတိအပြုံးနှင့် ခန့်ခန့်ကြီး ကြည့်နေသူက စိုင်းညီလ[ာ]
ဖြစ်သည်။

"ကြည့်ပါဦး စင်သီယာ၊ သားတို့သမီးတို့ သူ့တီချယ်[ကို]
ဘယ်လောက်လွမ်းနေကြလဲ မသိဘူး၊ သူတို့တီချယ်ကို မြင်တာ[နဲ့]
ရင်ခွင်ထဲ ပြေးဝင်သွားလိုက်ကြတာ ဒီက ဒယ်ဒီနဲ့မာမီကိုတော[င်]
သတိမရကြတော့ဘူး"

"အဟွန်း… ဟွန်း… ဟွန်း"

"စင်သီယာလည်း သားတို့ကို သူတို့တီချယ်ဆီ ခေါ်မသွား[း]
ဖြစ်ဘူး ကိုရယ်၊ အစောက နေထိုင်မကောင်း ဖြစ်နေတာဆိုတော[့]





[သ]ားတို့သမီးတို့ကြောင့် စိတ်အနှောင့်အယှက် မဖြစ်စေချင်လို့လည်း
[ပ]ါပါတယ်"

ပြုံးရွှင်နေသည့် ခင်ပွန်းသည်မျက်နှာပေါ်က စိတ်ခံစားချက်
ကြောင့် ကိုယ်တိုင် စိတ်ကြည်နူးချမ်းမြေ့သွားရသူက စင်သီယာ ဖြစ်
သည်။ စင်သီယာ ဘယ်လောက်မောမော၊ သူမ မိသားစုအတွက်
[ဘ]ယ်လောက် ပင်ပန်းပင်ပန်း၊ စိုင်းညီလာမျက်နှာပေါ်က အပြုံးကို
[မြ]င်လိုက်ရလျှင် မောသမျှ လန်းဆန်းပြေပျောက်ရသူ ဖြစ်သည့်အတိုင်း
[စို]င်းညီလာ ပြုံးတော့ သူမပါ စိတ်အလိုလို ပျော်ပြီးပြုံးနေသည်။

"မင်္ဂလာပါ ကိုစိုင်းနဲ့ မမ"

"မင်္ဂလာပါဗျာ သားတို့ကို စာသင်တော့မလို့လား"

"ဟုတ်ကဲ့ ကိုစိုင်း"

"လာ… သားတို့၊ သမီးတို့"

"တီချယ့်စကားကို နားထောင်ကြနော်"

"ဟုတ်ကဲ့ မာမီ"

ကလေးတွေနှင့် စာသင်ခန်းထဲ ဝင်သွားသော အစောကို လိုက်
[က]ြည့်နေသည့် မျက်ဝန်းတစ်စုံကို အစောက မသိ။ ထိုမျက်ဝန်းပိုင်ရှင်က
[သူ]မဖြစ်သည်။ ရှေ့ပြာခန်းက အပြန်မှာကတည်းက အစောက သူ့ကို
[လုံ]း၀ အရေးမစိုက်။ သူစိမ်းပြင်ပြင်ပုံစံနှင့် သူ့ကို မျက်လုံးချင်း အဆုံ
[ချ]ခဲ့သည်အထိ သူ့ရင်ကို တရိရိ ခံစားချက်တွေပေးပြီး နှိပ်စက်ထား၍
[ခ]ံရခက် ဒေါသထွက်နေသူ ဖြစ်သည်။

သူမဘက်က သူ့ကို ဘယ်လောက် စိမ်းနိုင်ပြတ်နိုင်ကြောင်း
[ပြ]နေပေမယ့် အစောဆိုသည့် သူမကိုမှ အရှုံးအမှုး အချစ်တွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



လှိုက်လှဲမြတ်နိုးစွာ ချစ်မိနေသူက အစောမှအစော ဖြစ်နေတော့ ခ
သည်။ သူမက စိမ်းနိုင်ပေမယ့် သူ့ဘက်က မစိမ်းနိုင်။

ရိုးမညီလာမှာ အလုပ်ကိစ္စနှင့် အစ်ကိုဖြစ်သူ စိုင်းညီလာ အ
ပြည့်ရှိနေတော့ ရိုးမ စိတ်ထင်တိုင်း လုပ်ချင်တာ လုပ်၍မရ။ အားလုံ
ရှေ့မှာ သူ့ရင်ထဲက ပေါက်ကွဲချင်နေသည့် သူ့ရင်ထဲက အချစ်စိတ်
ဘယ်သူမှ မရိပ်မိအောင် မျိုသိပ်ဟန်ဆောင်ထားပေမယ့် သူ့ အဖြစ်
ရိပ်မိသူတစ်ယောက် ရှိနေတာကို မသိ။

ထိုသူက တခြားသူ မဟုတ်။

စင်သီယာ ဖြစ်သည်။ ရေပြာစခန်းမှာကတည်းက ရိုးမ
အစောအခန်းထဲမှာ တွေ့ကတည်းက သူတို့အခြေအနေကို ရိပ်မိခဲ့သည်
သေချာ အကဲခတ်ပြီး သတိထားကြည့်မိတော့မှ ရိုးမအချစ်တွေ
ပိုမြင်ရသည်။ ပိုတွေ့ရသည်။ ရိုးမဘက်က အစောနှင့်ပတ်သက်ပြီ
ပျာယာခတ်နေသလောက် အစောက သူ့အချစ်ကို အသိအမှတ် မပြု
လက်မခံလိုသည့် အမူအယာဖြင့် ခပ်စိမ်းစိမ်းရှိနေသည့် အနေအထား
ဖြစ်သည်။

အရှင်းဆုံး ပြောရလျှင် အစောက ပြေးသူဖြစ်ပြီး ရိုးမက လိုက်
သူ ဖြစ်သည်။ ဤသည်က ယောက်ျားနှင့် မိန်းမကြား ဖြစ်ရိုးဖြစ်စဉ်
အချစ်ဇာတ်လမ်းတစ်ပုဒ်ထဲက အလွန်လှပသည့် ချစ်သူရင်ခုန် ကြည်
နူးစရာ ဇာတ်ကွက်ကလေးဟုဆိုလျှင်လည်း မမှားပါ။

စင်သီယာက အပျိုနှင့်လူပျိုတို့၏ အချစ်ဇာတ်လမ်းကို လက်ခံ
သည်။ အားပေးသည်။ ဖြစ်သင့်ဖြစ်ထိုက်သော အနေအထားဖြစ်၍
လည်း ထိုသူနှစ်ယောက်ကို အဆင်ပြေစေချင်သည်။ လိုက်ဖက်ညီ





သော ချစ်သူစုံတွဲလေး တစ်ခု။ လှပသော အချစ်ဇာတ်လမ်းတစ်ပုဒ်
ဖြစ်လာအောင်လည်း ကူညီချင်သည်။

အစောနှင့်ရိုးမ ကြည်ဖြူသွားလျှင် စိုင်းညီလာ ရင်ထဲက ဖြစ်တွန်း
ပေါက်ဖွားနေသော နောက်ထပ် အချစ်သစ် ဇာတ်လမ်းသည်လည်း
သူ့အလိုလို ငြိမ်သက်ပြီးသား ဖြစ်သွားမည်။ ကိုယ်ချစ်သော၊ မြတ်နိုး
သော လင်ယောက်ျားဖြစ်၍ သူ့ဘာလုပ်လုပ်၊ ချစ်စိတ်တစ်ခုတည်းနှင့်
အပြစ်မမြင်။ မငြိုငြင်ရက်ခဲ့သော်လည်း ကိုယ်တိုင် မိသားစုဘဝကို
ပျော်စရာကောင်းအောင် ပိုင်ဆိုင်ထားသည့်ကြားက အချစ်သစ်ရှာချင်
နေသော အိမ်ထောင်ရှိ ယောက်ျားတစ်ယောက်၏ အပြုအမူက ခွင့်လွှတ်
ချင်စရာ မရှိ။

ဖြစ်လည်း မဖြစ်သင့်။ ထို့ကြောင့်လည်း ပိုင်နိုင်သော ဆုံးဖြတ်
ချက်ကို စင်သီယာ ချခဲ့သည်။ နန်းခမ်းမွန်ကို ရိုးမ စိတ်မဝင်စား။
အိမ်သူသက်ထား ဇနီးမယားအဖြစ် စိတ်ပင်ကူးပုံမရ။ အစ်ကိုဖြစ်သူ
ကြောင့် ရိုးမဘက်က အလိုက်အထိုက် မီးစင်ကြည့်ကပေးနေတာက
လွဲပြီး နန်းခမ်းမွန်က သူ့အာရုံမှာ မရှိ။ ရိုးမ အာရုံ၊ ရိုးမ နှလုံးသားမှာ
အနက်ရှိုင်းဆုံးနေရာယူနေသူက အစောဆိုသည့် မိန်းမလှလေး ဖြစ်
သည်။

ငယ်ရွယ်နုငယ်သော်လည်း အစောက ဣန္ဒြေသိက္ခာအပြည့်ဖြင့်
တည်ငြိမ်လေးနက်သော မိန်းကလေးဖြစ်သည်။ ဝတ်ပုံစားပုံ နေပုံ
ထိုင်ပုံကအစ အဆင့်အတန်း ရှိသည်။ စည်းစနစ်ကြသည်။ ရိုးရာ
ယဉ်ကျေးမှုအပြည့်ဖြင့် မြန်မာအလွန်ဆန်သော မြန်မာမလေးဖြစ်
င်သီယာကိုယ်တိုင် အစောကို အထင်ကြီး သဘောကျခဲ့သည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ရှိးမနှင့်လည်း သဘောတူသည်။

အခေါင်မပြေသည့် ချစ်သူနှစ်ဦးကို အခေါင်ပြေစေချင်သ… ထိုကြောင့် သူတို့နှစ်ဦးတည်း တွေ့ဆုံနိုင်မည့် အခွင့်အရေးကို စင်သီ… ကပဲ ဖန်တီးပေးခဲ့သည်။ ကလေးတွေ စာသင်ပြီးအချိန်မှာ … အတူ သောက်ကြသည်။ အလုပ်ကိစ္စကြောင့် အပြင်သွားနေ၍ … ညီလာ အိမ်မှာမရှိ။ ရှိးမကိုယ်တိုင် အိမ်ကြီးထဲမှာ မနေ။

သူ့အတွက် သီးသန့်ပုံစံထုတ် ဆောက်ထားသည့် အ… ထဲမှာ လွတ်လပ်စွာ သူတစ်ယောက်တည်းနေသော်လည်း ရှိးမနေ… အဆောင်က အစော အခုနေသည့် အခန်းနှင့်သိပ်မဝေး။ ရှိးမ အ… ကို ဖြတ်ပြီးမှ အစောက သူမအခန်းရှိရာဘက် သွားရခြင်း ဖြစ်…

"အခုတစ်လော ရှိးတစ်ယောက်လည်း ဘာဖြစ်နေမှန်း … ဘူးကွယ်၊ အရင်လို ကော်ဖီဝိုင်းမှာ လာထိုင်တာတောင် မမြင်… ဘယ်လောက်ကြာပြီလဲ"

"အစောနဲ့ရော စကားပြောဖြစ်ကြရဲ့လား"

"အစောနဲ့လည်း သိပ်မဆုံဖြစ်ပါဘူး၊ မမစင်သီယာ"

ထိုစကားကို ဣန္ဒြေမပျက် ပြောလိုက်ရသော်လည်း … ခြားခြား အစောကိုမှရွေးပြီး ရှိးမအကြောင်း ပြောလာသည့် စင်သီ… ကြောင့် ရပြောစခန်းမှာတုန်းက သူနဲ့အစောအဖြစ်ကို စင်သီယာ သိ… ပြီးလားဟု ရင်ခုန်ထိတ်လန့်စိတ်နှင့် မျက်နှာပျက် မသွားအောင် … သတိထားနေရသူက အစောဖြစ်သည်။

"မနက်ကတော့ သူသိပ်နေမကောင်းဘူးလို့ မမကို ပြော… အစော အဆောင်ကိုပြန်ရင် ရှိးအတွက် ဒီဆေးနဲ့ကော်ဖီကို ယူ…





…ပေးမလားကွယ်၊ အိမ်မှာ စိုင်းရဲ့ ကောင်လေးတော ခေါ်နေ့ခဲ့ နေ… ယ်ပါသွားလို့ ညီမရယ်"

"မမကိုယ်တိုင်လည်း ကလေးတွေကို သွားကြည့်ရဦး… ဒါလေးတော့ မမကို ကူပါဦးကွယ်"

"ရပါတယ် မမစင်သီယာရယ်၊ ဒီလောက်တော့ အစော လုပ်… နိုင်ပါတယ်၊ အစောပြန်ရင် သူ့အတွက် ယူသွားလိုက်ပါ့မယ်"

"သင့်ခံယူးနော် အစော"

"မာမီ"

"ဟော… သားခေါ်နေပြီ၊ မမသွားလိုက်ဦးမယ်"

ပေါ့ပါးသွက်လက်စွာ ထွက်သွားသူက လွယ်သည်။ မလွယ်သူ… ၁ အစောဖြစ်သည်။ နေမကောင်းဖြစ်နေသူကို ကော်ဖီနှင့်ဆေး သွား… ပေးရသည့်အလုပ်က ဘာတစ်ခုမှ အပန်းမကြီး။ အစောအသက်ကို … တယ်ခဲ့သည့် အသက်သခင် ကျေးဇူးရှင်ဖြစ်၍ ထိုထက်မကပင် ပို… လုပ်ပေးသင့်တာကိုလည်း အစောသိသည်။ လက်လည်း လက်ခံသည်။ … ခက်နေတာက သူနှင့်အစောကြားက ပြဿနာဖြစ်သည်။

မချစ်ပါဘူးဆိုလည်း မရ။

မကြိုက်ပါဘူး ဆိုပြန်တော့လည်း နားမထောင်။ သူ ဘာဖြစ်ဖြစ် … အစောဘက်က ဘာမှမဖြစ်သလို မသိဟန်ဆောင်ပြီး ခပ်စိမ်းစိမ်း … ခပ်ဖြတ်ဖြတ် နေလာခဲ့သမျှ အခုမှ ဒုက္ခလှလှတွေ့ပြီဟု တွေးပြီး … အစော သက်ပြင်းချလိုက်သည်။

စင်သီယာကိုယ်တိုင် အကူအညီတောင်းထား၍ အစောလည်း … ကူညီပါမည်ဟု ကတိပေးပြီးပြီ။ အခုမှ မသွားချင်ပါဟု ပြောရင်လည်း…



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်။ စိတ်ညစ်ညစ်နှင့် စင်သီယာပေးထားသည့် ကော်ဖီနှင့် ထည့်ထားသည့် ဇန်းလေးကိုယူပြီး ရီးမ အခန်းရှေ့ ရောက်လာ အစော ရင်ခုန်သံတွေ ဆူညံစပြုလာသည်။

အခုမှ ခက်လိုက်တာနော်။

ဆက်ရပ်နေလို့လည်း မဖြစ်။

သူ့ကို မျက်နှာချင်းဆိုင်တွေ့ဖို့ကြတော့လည်း အားက နောက်ဆုံး စိတ်ကိုတင်းပြီး ရီးမအိပ်ခန်းတံခါးကို ခပ်ဖွဖွခေါက် သည်။

"ခေါက် ခေါက်"

"ဘယ်သူလဲ"

"ကော်ဖီ လာပို့တာပါ"

"မသောက်ချင်ဘူး၊ ပြန်ယူသွား"

ချိုသာခြင်းမရှိသော ရီးမအသံက ဒေါသသံစွက်နေတာ ထောင်ပြီး အစော ရင်မောသွားသည်က သူပြောသလို ကော်ဖီခွက် ပြန်ယူသွားရမလား စဉ်းစားကြည့်သည်။ စင်သီယာကိုယ်တိုင် နေထိုင်မကောင်းဖြစ်နေ၍ သေး၊ ကော်ဖီကို အပို့ခိုင်းခြင်းဖြစ်၍ ပြ သွားလို့မဖြစ်မှန်း သိလိုက်သည်။

"ခေါက်... ခေါက်"

"မသောက်ဘူးလို့ ပြောနေတာကို ဘာလို့ တံခါးကို ခေါက်..."

"ကျွီ"

"ဟင်... အစော"

ဒေါသဖြစ်ဖြစ်နှင့် အိပ်ခန်းတံခါးကို ဆွဲအဖွင့်... တံခါးဝမှာ နေသူကို မြင်လိုက်ရသည့်ခဏ ဖြစ်နေသော ဒေါသတွေ ဘယ် ကသွားလိုက်မှန်းပင်မသိ။ သူ့မျက်စိရှေ့မှာ မြစိမ်းရောင်ဝတ်စုံဖြင့် ါနဖတ်နေသော အစောမျက်နှာကို စူးစိုက်ကြည့်ရင်း ရီးမရင်ထဲ ခနဲဖြစ်သွားသည့်အထိ အပျော်လွန်သွားသည်။

"ဒီမှာ... ရှင့်အတွက် မမစင်သီယာ ပို့ခိုင်းလိုက်တာ"

"ကို့ကို ရှူးအောင်လုပ်နေတာလား အစော"

အစော ကမ်းပေးသည့် ကော်ဖီဇန်းကို တစ်ချက်မကြည့်။ သူ့ မျက်စိရှေ့က အစောပျောက်သွားမှာ စိုးကြောက်သည့်အလား အစော မျက်နှာလှလှလေးကို မျက်တောင်မခတ် သိမ်းကျုံးကြည့်နေမိ၏။ ကြည့်အောက်မှာ အစောပါးလေးတွေ ရဲပြီး အနေရခက် ထူပူလာ၏။

"ရော့... ယူလေ"

"ယူမှာပါ ပေး"

"အို... ရှင် ဘာလုပ်တာလဲ၊ အစောလက်ကို လွှတ်..."

"လွှတ်ဆို..."

ရီးမက အစောပေးသည့် ကော်ဖီဇန်းကို လှမ်းယူသလိုလိုနှင့် အစောလက်ကိုပါ ဆုပ်ကိုင် ဖျစ်ညှစ်ဆွဲယူလိုက်ခြင်းကြောင့် အစောမှာ ကာခြင်းမပြုသည့်အဆုံး ရုန်းရင်းကန်ရင်းနှင့် သူ့အခန်းထဲ ရောက် အထိ ရောက်သွားသည်နှင့် အကြံသမားဖြစ်သော ရီးမကလည်း အခန်းတံခါးကို ဆွဲပိတ်လိုက်၍ အစော အသက်ရှူမှားသွားသည်။

"ရှင် ဘာတွေ လျှောက်လုပ်နေတာလဲ ရီးမ"

"အပြင်မှာ လူတွေနဲ့ရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှ မရှိပါဘူး"

"အို… ရှိရှိ မရှိရှိ ရှင် အစောရှေ့က ဖယ်နော်၊ အခန်းတံခါး
အခု ဖွင့်ပေး"

"ရှောက်"

"ဟင်… ရှင် ဘာလို့ အခန်းတံခါးကို ပိတ်လိုက်တာလဲ"

"အစော ထွက်ပြေးမှာစိုးလို့"

ပြောပြောဆိုဆို သူက အစောလက်ထဲက ကော်ဖီပန်းကိုယူပြီး
စားပွဲပေါ် ချလိုက်သည်။

"ကိုယ့်ကို ဒီလောက်နှိပ်စက်ရရင် တော်သင့်ပါပြီ အချစ်ရယ်
ကိုယ် အစောကို လွမ်းလှပြီ"

"အို… လွှတ်ပါ"

"ဟင့်အင်း… ချစ်တယ်"

"ရှင်… အစောကို အနိုင်မကျင့်နဲ့ဆို…"

"အို… အို"

အစောမျက်စိရှေ့မှာ ပိတ်စီးသွားသောအရာက လှိုက်လှဲသော
အနမ်းတို့ဖြင့် ဖွဲ့စည်းထားသည့် တမ်းတလွမ်းဆွတ်မှုကို အငမ်းမ
ရှာဖွေနေသော ရင်ခွင်တစ်စုံဖြစ်သည်။ သေးကျဉ်းသော အစော
ခါးလေးမှာ တင်းစွာရစ်ပတ်ထားသော လက်အစုံ၏ မြဲမြံကြံ့ခိုင်မှုက
အစောကို မလှုပ်နိုင်အောင် တင်းကျပ်စွာ ရစ်ဖွဲ့တုပ်နှောင်ထားသော
အရာဖြစ်သည်။ နီရဲစိုစွတ်သော နှုတ်ခမ်းအစုံ၏ ရှာဖွေမှုအောက်မှာ
အစောတစ်ကိုယ်လုံး လောင်မြိုက်သွားမတတ် ဝါးမျိုဖိုကြိုးစားနေသော
ချစ်အနမ်းတွေက အတားအဆီးမဲ့ ပြုဆင်းလျက်။





"ကိုယ် မင်းကို မလွှတ်ဘဲ အပိုင်သိမ်းထားမှ ထင်တယ်"

"ရှင် မဟုတ်တာ မပြောနဲ့နော်"

"ဟုတ်တာ ပြောနေတာ အစော"

"ပြောစမ်း မင်း ကိုယ့်ကို ဘယ်လို ဖြစ်စေချင်တာလဲ"

"ဘာမှ မဖြစ်စေချင်ဘူး၊ အစောကို လွှတ်"

အစော ဘာပြောပြော သူက ဂရုမစိုက်။

အစောကို တင်းကျပ်စွာ ထွေးပွေ့ထားသည့် ရင်ခွင်ထဲက
…န်နေတာကို သဘောကျသလို ခပ်ပြုံးပြုံးကြည့်နေပုံကို အစော
…သည်။

"လွှတ်လို့ ပြောနေတာ မကြားဘူးလား"

"ကြားတယ်"

"ကိုယ်နဲ့ပတ်သက်ပြီး အစော ဆတ်ဆတ်ထိမခံဖြစ်နေလေ
…့ကို အစောက ပိုချစ်ပိုမြတ်နိုးလာအောင် ပြုစားလေဖြစ်နေတာ
…သိလား"

"ရှင် ချစ်အောင် အစော ဘာမှ မလုပ်ဘူး"

"အဲဒီ ပြောနေတာကိုက ချစ်စရာဖြစ်နေတာ"

"တိ…"

"ဟော… အပြင်မှာ ကားသံကြားတယ်၊ အစောကို လွှတ်
…ပါရှင်"

ယောက်ျားတစ်ယောက်အဖြစ် သူ့ပုံစံက ဖြစ်လာသမျှ ရဲရဲ
…ခိုင်မည်ဆိုသည့် အနေအထားနှင့် အစော ရုန်းကန်နေတာကို
…မလွှတ်ဘဲ အစောပါးပြင်နုကို ရှိုက်နမ်းနေနိုင်သော်လည်း ဒီနေ့သော



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော အစောမှာ သူနဲ့ ဆန့်ကျင်ဘက် ရှက်စိတ်ဖြင့် နေရာ[illegible]
အငွေ့ပျံချင်သည့်အထိ သူ့အလိုဇို ကွယ်ပျောက်သွားချင်နေသည်။

"ကိုယ့်ကို ချစ်တယ်ဆိုမှ…"

"ရှင် ဘာလို့ အစောကို ဒုက္ခပေးနေတာလဲ"

"ကိုယ့်ကို အစောပေးထားတဲ့ ဒုက္ခလောက်တော့ အစောဒုက္ခ[illegible] မများဘူးထင်တယ်"

"ချစ်လား ပြော"

အစောထံမှ ဘာသံမှ မထွက်တော့ သူက ခေါင်းမာနေသည်[illegible] အစောမျက်နှာကို နက်နက်ရှိုင်းရှိုင်း ငုံ့မိုးစူးစိုက်ကြည့်သည်။

"ကောင်းပြီ၊ အစော ဘာမှမပြောချင်ရင် ကိုယ်တို့ ဒီအတိုင်[illegible] နေကြယုံ့ဝဲ"

"ရှင်… ရှင်… အစောကို သိပ်အနိုင်မကျင့်နဲ့၊ ကဲဟယ်… ကဲ… ကဲ…"

အစောက ဘယ်လိုမှ မကြံတတ်သည့်အဆုံး သူ့မှာရှိသ[illegible] အင်အားကိုသုံးကာ ရှီးမ ရင်ဘတ်နှင့် လက်မောင်းနေရာနှံ့ တဘုန်[illegible] ဘုန်း ထုရိုက်ရင်း ပါးပြင်ပေါ် မျက်ရည်ပေါက်ကြီးတွေ အဆက်မပြတ် ဖြတ်စီးကျလာသည်။

"ဘာလို့ ငိုတာလဲ၊ ကိုယ့်ချစ်သူကို ချစ်တယ်ပြောတာ ငိုစရာ[illegible] လား"

"ရှင့်ကို ဘယ်သူမှ မချစ်ဘူး"

"ဒါဖြင့် ဒီမျက်ရည်တွေက ဘာလို့ ကျနေရတာလဲ"

"မုန်းလို့ သိလား၊ ရှင့်ကို မုန်းလို့"

"ကိုယ်လည်း အစောကို မုန်းတယ်"

"ရှင်နော်"

အကြိမ်ကြိမ် ခဝ်နှိပ်သော အချစ်တံဆိပ်များအဆုံးမှာ သူ့အခန်း[illegible]ဘာ အစော ပြေးထွက်လာခဲ့သည်။ ဒါကို မြင်ဖြစ်အောင် မြင်တွေ့[illegible]သူက ဒေဝီ။ သူမတစ်ယောက်တည်း ကျိတ်ခံစားနေသည့် ဝေဒနာ[illegible] ဆက်မခံစားနိုင်တော့။ အစောဆိုသည့် မိန်းမ ဒီနေရာက လွှင့်[illegible]အောင်လုပ်မှ ဒေဝီ့ရင်ထဲက ခံစားချက်တွေ သက်သာနိုင်တော့မည့်[illegible]ဖြစ်ကြောင့် စင်သီယာကို အစောအကြောင်းပြောရန် ဆုံးဖြတ်ပြီး[illegible]အဲခန်းက အောက်ထပ်ဧည့်ခန်းကို ဆင်းခဲ့သည်။

"ဟေး… ဒေဝီ၊ ဒီနေ့ ဘယ်မှ မသွားဘူးလား"

ဒေဝီကို နှုတ်ဆက်လာသူက စိုင်းညိုလှ။

"ဖျင်းလို့ ဘယ်မှ မသွားတာကိုကြည့်"

"အစ်ကိုညိုမဏာ အဆန်းပါလား၊ သူများတွေက ဖျင်းလို့ အပြင်[illegible]ထ်လည်ကြတယ်၊ ဒေဝီကတော့ ဖျင်းလို့ အိမ်မှာ နေနေတာပေါ့[illegible]တ်လား"

"အဟား… ဟား… ဟား…"

လွှတ်လပ်ပေါ့ပါးစွာ ရယ်မောလိုက်သူ၏ မျက်နှာကို ငေးကြည့်[illegible]း ဒေဝီပါ ပြုံးလိုက်မိသည်။ လောကကြီးက ရယ်စရာဖြစ်သည်။[illegible]ဝီကိုချစ်၍ ဒေဝီကို မြတ်နိုးသော စတီဗင်လိုယောကျ်ားကိုတော့[illegible]ဝီက အလိုမရှိ။ ဒေဝီ့ကို ချစ်လည်းမချစ်၊ စိတ်လည်း မဝင်စားသော[illegible]ကိုကြမှ ဒေဝီ့ နှလုံးသားရော၊ ဘဝရော ပုံပေးပြီး ချစ်ချင်နေသည်။

"ကိုကြီး ဆရာမကို ကြည့်ပြောထားဦး"



www.burmeseclassic.com

www.burmeseclassic.com



"အစော ဘာဖြစ်နေလို့လဲ"

ခေဝီ့နှုတ်များက ဆရာမဆိုသည့်စကားကြောင့် စိုင်းညီလာ မျက်နှာပေါ်က အပြုံးတို့ ကွယ်ပျောက်သွားကာ ခေဝီ့ကို စိတ်ဝင်စား သလို ကြည့်သည်။

"ကိုကြီး ဆရာမကို ရိုးအခန်းထဲက ထွက်လာတာ မြင်လိုက် ရလို့"

"ဘယ်လို"

"စင်သီယာ ဆေးသွားပို့ခိုင်းလိုက်တာပါ ကို၊ ရိုး သိပ်နေမကောင်း ဘူးဆိုလို့ပါ"

"သြော်… အဲဒီလိုလား"

"အစောကို အထင်မလွဲပါနဲ့ ခေဝီ၊ မမစင်သီယာ အကူအညီ တောင်းလို့ သူ့ခမျာ ကူညီပေးရှာတာပါ"

"အမောပြေ သံပရာရည်လေး သောက်လိုက်ပါဦး ကို"

စင်သီယာ ဦးဆောင်သည့်ပွဲက လှပစွာ ပြီးဆုံးသွား၍ ခေဝီ ဖြစ်ချင်သလို ဖြစ်ခွင့်မရလိုက်ဘဲ ဖြစ်သွားသည်။ ဒီမှာ ရှိနေသူ စင်သီယာကို ကျော်လွှန်ချင်၍ မရမှန်း ခေဝီသိသလို အားလုံးလည်း သိကြသည်။

"ဆောရီး မမ၊ ခေဝီ့စိတ်ထဲ တစ်မျိုးထင်လိုက်မိလို့ပါ"

"ရပါတယ်ကွယ်"

"ကဲ… အစောကိစ္စ အသာထားပြီး ခေဝီ့ကိစ္စ အရင် ပြော အောင်"

"ဘာလဲ ကိုကြီး"





"စတီဗင့် မိဘတွေကိုယ်တိုင် ခေဝီ့ကို သမီးအလိမ္မာလေးကို …တော်ပါရစေဆိုပြီး ကိုကြီးတို့ ဖုန်းဆက်ခွင့်တောင်းနေကြပြီ၊ ကိုကြီး …ယ်လိုအကြောင်းပြန်လိုက်ရမလဲ"

စတီဗင်ဆို၍ ခေဝီ ငြိမ်သွားသည်။ ဖြစ်ချင်တာထက် ဖြစ်သင့် …ကို ရွေးရမည်ဆိုလျှင်တော့ ခေဝီ့အတွက် အကောင်းဆုံး အိမ်ထောင် …က စတီဗင်ဖြစ်သည်။ လူချောလူဖြောင့်တစ်ဦးဖြစ်၍ စတီဗင်တို့ …ကလေးတိုင်း စိတ်ဝင်စားကြပေမယ့် စတီဗင့် ချစ်စကားက ခေဝီ …ယောက်တည်း ဖြစ်သည်။

"ဟိတ်… ဘယ်လိုလဲ၊ ကိုကြီး ခေါင်းညိတ်လိုက်ရတော့ …လား"

"ကိုကြီး သဘောပါ"

"စတီဗင်က လူတော်လေးပါ၊ ခေဝီနဲ့ ကိုကြီး သဘောတူတယ်၊ …တိုင်းပဲ ကိုကြီး အကြောင်းပြန်လိုက်မယ် ဟုတ်လား"

"ကိုကြီးသဘောပါလို့ ပြောပြီးပြီပဲ"

"ကောင်းပါပြီဗျာ၊ ကိုကြီးတို့ရဲ့ တစ်ဦးတည်းသော ညီမလေးရဲ့ …လာပွဲကို အခမ်းနားဆုံးဖြစ်ရစေမယ်၊ ကိုကြီး ကတိပေးတယ်"

ပျော်စရာ မင်္ဂလာသတင်းဖြစ်ပေမယ့် ခေဝီမပျော်ပါ။

"ကျေးဇူးတင်ပါတယ် ကိုကြီး၊ ဘာပဲဖြစ်ဖြစ်…"

ဖြစ်လာသည့်ဘဝမှာ အကောင်းဆုံးနေထိုင်ခြင်းတလွဲ၍ တခြား …း စိုင်းညီလာတို့ နှီးမောင်နှံကို နှုတ်ဆက်ပြီး ခြံထဲဆင်းလာသည့် …ဝီနှင့် ခြံအတွင်းသို့ ကားတစ်စီးဖြင့် အရှိန်ပြင်းစွာ မောင်းဝင်လာ …သာ စတီဗင်တို့ လမ်းခုလတ်မှာ ဆုံမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေဝီ"

ကားကိုရပ်ပြီး စတီဗင်က ဒေဝီ့ထံ လျှောက်လာသည်။ ရှေ့ဖြ
စခန်းမှာ ဒေဝီနှင့် စိတ်ဆိုးပြီး ပြန်သွားကတည်းက စတီဗင်နှင့် ဒေဝီ
ပြန်မဆုံဖြစ်ကြသေး။

"ကိုကြီးက ဖုန်းဆက်တယ်၊ ကိုယ်တို့လက်ထပ်ဖို့ ဒေဝီ
သဘောတူလိုက်ပြီတဲ့ ဟုတ်လားဟင်"

"အင်း..."

ဒေဝီ ခေါင်းညိတ်လိုက်တော့ စတီဗင်က ဒေဝီ့ကိုယ်လေးကို
သူ့ရင်ခွင်ထဲ ဆွဲပွေ့ပြီး အတင်းကျုပ်ဆုံး ဖက်ထားသည်။ ဒီတစ်ခါတော့
ဒေဝီ မရုန်းတော့ပါ။ စတီဗင့်ရင်ခွင်မှာ ပါးအပ်ပြီး ပြုံးနေသည့် နှုတ်ခမ်း
လေးတွေနှင့် ဆန့်ကျင်ဘက် မျက်ဝန်းမှာ မျက်ရည်ကြည်တွေ သီးဆ
နေ၏။ မျက်ဝန်းအစုံကို အသင်သာဆုံး မေးမှိတ်ငြိမ်သက်ပစ်လိုက်
သည်။



## အခန်း (၁၃)

"ဟော့ ရိုးမ"

"သြော်... ခမ်းမွန်"

ရုတ်တရက်ကြီး ခမ်းမွန်ကို တွေ့လိုက်ရသဖြင့် ရိုးမဘက်က
ကြိုတင် ရှောင်တိမ်းနေချိန်မရ။ အစောဆီသွားမည့် အစီအစဉ်ပျက်ပြီး
ခမ်းမွန်ရှေ့မှာ ဟန်မပျက် ရပ်နေလိုက်ရသည်။ ဒါကို အစောကလည်း
ခွင့်သည်။ ကလေးတွေကို စာသင်ပေးပြီး တခြားလုပ်စရာမရှိ၍
ဒေါ်စုတို့နှင့်အတူ ထမင်းစားခန်းမှာ ပိုင်းကူလုပ်ပေးနေခိုက်မှာ သူမတို့နား
ရိုးမ မယောင်မလည်နှင့် ရောက်လာသည့်အခိုက်မှာ နန်းခမ်းမွန်က
ရိုးမနား ဘွားခနဲ ရောက်လာခြင်း ဖြစ်သည်။

"ခမ်းမွန်ဖြင့် ရိုးကို တစ်အိမ်လုံး အနှံ့ရှာလိုက်ရတာ၊ ရိုးက
ဒီရောက်နေတာကိုး၊ ပြောပါဦး၊ ဒီမှာ ဘာလာလုပ်နေတာလဲ"

နန်းခမ်းမွန်က ရယ်ရယ်မောမောပြောရင်း သူမအကြည့်တွေက
အစောထံ ဖျတ်ခနဲ ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမလည်း ဒီရောက်နေတာကိုး၊ ကလေးတွေကို စာသင်
ပြီလား"

"ဟုတ်ကဲ့၊ သင်ပြီးပါပြီ"

အစောက အလိုက်သင့်ဖြေရင်း သူမ လုပ်စရာရှိတာ ဆက်
နေ၍ နန်းခမ်းမွှန်အကြည့်က ရီးမထံ ပြန်ရောက်သွား၏။

"ခမ်းမွှန်တို့ အပြင်သွားပြီး တစ်ခုခုစားရအောင် ရီး"

"ကိုယ် မသွားဘူး ခမ်းမွှန်"

"မဆာလည်း လိုက်ခဲ့ပါ၊ ခမ်းမွှန်တစ်ယောက်တည်း မသွား
လို့၊ ရီးကို တာမင်လာခေါ်တာပေါ့။" ရီးက လိမ္မာပါတယ်"

"သွားရအောင်နော်၊ ဘာမှ မကြာစေရဘူး၊ ခဏလေး
တကယ့်ကို ခဏလေးပဲနော်လို့… နော်"

နန်းခမ်းမွှန်က အားလုံးရှေ့မှာ ရီးမလက်မောင်းတစ်ဖက်ကို ပို
ဆွဲကိုင်ထားလျက် ရီးမ အရပ်မြင့်ကြီးကို မျက်နှာလေးမော့၍ ချွဲ
တိုင်း ချွဲနေပုံက ယောကျ်ားဖြစ်သူ ရီးမ မပြောနှင့် ကြားထဲ
အစောကိုယ်တိုင် အသည်းယားအောင် ဖြစ်နေ၏။

"လိုက်သွားလိုက်ပါ ရီးရယ်၊ တစ်ခါတလေပဲဟာ၊ သွား
သွား ခမ်းမွှန်၊ သမီးအစ်ကိုကို ခေါ်သွား"

"ဟေး… ပျော်စရာကောင်းလိုက်တာ၊ မမစင်သီယာကိုယ်
ပြောနေပြီ၊ လာ သွားကြမယ်"

စင်သီယာကြောင့် ရီးမ ဘာတစ်ခုမှ ပြောခွင့်မသာဖြစ်သွား
သူ့လက်မောင်းကို အတင်းဆွဲခေါ်နေသည့် နန်းခမ်းမွှန်နောက်သို့
မကြည်မသာနှင့် အတူလိုက်ပါသွားရသည်။ စိတ်ထဲမှာတော့ အ





ချက်နှာလေးကိုသာ မြင်ယောင်နေသည်။

"တီ… တီ…"

အနားမှာ စကားတွတ်ထိုးရင်း လိုက်ပါလာကာ သူ၏စကားကို
ဘာတစ်ခုမှ စိတ်မဝင်စား။ သူတို့ကားကို နောက်မှာ အတင်းလိုက်
ကျော်တက်ဖို့ကြိုးစားနေသည့် ကားတစ်စီးကြောင့် သူ့ကားကို လမ်း
တစ်ဖက်သို့ ဖယ်ပေးသော်လည်း တစ်ဖက်ကားက ကျော်တက်မသွား။

ရီးမ ကားကို ရန်ပြုချင်သည့်သဘောနှင့် ကပ်ကပ်တိုက်နေ၍
တစ်ဖက်ကားကို ရီးမ လှမ်းကြည့်လိုက်တော့ သူတစ်ခါမှ မမြင်ဘူး
သည့် လူတစ်ယောက်က သူ့ကားကို လိုက်တိုက်ခိုက်နေ၍ အံ့ဩသွား
သည်။ ထိုသူက ရီးမကို မကြည့်။ ရီးမဘေးမှာ ထိုင်နေသည့်
နန်းခမ်းမွှန်ကိုသာ စိုက်ကြည့်နေ၍ နန်းခမ်းမွှန် မျက်နှာထိန်းမရအောင်
ဖျက်သွားသည်။

"ကျွီ"

ကားနှစ်စီးပုံစံက ကြောက်စရာကောင်းအောင်ဖြစ်နေသည်။

"ဘာကောင်လဲကွာ၊ ဒါ တာမင်ပြဿနာရှာနေတာ"

"ကားကို ရပ်လိုက်တော့ ရီးမ"

နန်းခမ်းမွှန်ထံမှ ထွက်လာသောအသံ ဖြစ်သည်။

"ဘာလို့ ရပ်ရမှာလဲ၊ ရီးမကို ဒီလိုလာလုပ်လို့မရဘူးဆိုတာ
အကြောင်းသိအောင် ပြရမယ်။ ခမ်းမွှန်သာ ကိုယ့်ကိုကိုယ် မထိနိုက်မိ
အောင် သတိထား"

ရီးမက လှုငယ်ပီပီ သူ့ကို လာရန်စသူကို အလျှော့မပေး။
သက်တဲ့ပြန်လိုစိတ်နှင့် တစ်ဖက်ကားကို လုံးဝ မျက်ခြေပြတ်မခံ ရှုးစိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေ၍ နန်းခမ်းမွန် မျက်စိမျက်နှာ ပျက်နေတာကို မသိ။

"ကဲကွာ"

"ဝုန်း... ဒုန်း"

"အမယ်လေး... အား"

နန်းခမ်းမွန်ထံမှ အလန့်တကြား အော်သံနှင့်အတူ ရိုးမကား

လမ်းတစ်ဖက်ကို အရှိန်ပြင်းပြင်း ပြေးဆင်းသွား၍ ရိုးမကိုယ်တ

သူ့ကားကိုသူ မနည်းထိန်းနေရချိန်မှာ တစ်ဖက်ကားက အောင်နိုင်

တစ်ယောက်လို လမ်းပေါ်မှာ ကျီခနဲ ရပ်သွားပြီး ကားမောင်းသည့်သူ

သူတို့ကားကို မျက်တောင်မခတ် စူးစိုက်ကြည့်နေသည်။

"ကျွီ"

ရိုးမ သူ့ကားကို ဘရိတ်အုပ်ပြီး ရပ်လိုက်တော့ နန်းခမ်းမွန်

မှာ ဖြာကျသည့် သွေးများကို တွေ့လိုက်ရသည်။

"ကားကို ရပ်လိုက်ပါ ရိုး၊ ခမ်းမွန် တောင်းပန်ပါတယ်"

"ခမ်းမွန်ကို ဒုက္ခရာရအောင်လုပ်တဲ့သူကို ကိုယ်က အ

လက်တုံ့ မပြန်ဘဲ ဒီအတိုင်း ငြိမ်ခံနေရမှာလား၊ ဒီကောင်ကို အရင်

ဒီမှာ မမြင်ဖူးပါဘူး"

"သူက ရန်ကုန်ကပါ"

"ဘာ..."

"ခမ်းမွန် သူ့ကို သိလို့လား"

"သိပါတယ်"

"ဟင်"

နန်းခမ်းမွန်ထံမှ မထင်မှတ်သော တုံ့ပြန်မှုကြောင့် ရိုးမ အံ့ဩ





ခဉ်မှာပင် ကားပေါ်ကလူ ဆင်းလာပြီး သူတို့ရှိရာ ဆောင့်ကြွားကြွား

ခံ ထိမထင် ပျက်မှာပေးနှင့် လျှောက်လာနေတာကို တွေ့လိုက်ရ

သည်။

"သူက ဘယ်သူလဲ၊ ခမ်းမွန်နဲ့ ဘယ်လို ပတ်သက်နေလို့လဲ"

"သူက အရင် ခမ်းမွန်ရဲ့ချစ်သူပါ"

အခုမှ ရိုးမ သဘောပေါက် နားလည်သွားသည်။ သူ့ကို

ရှာနေသူက တခြားသူလည်း မဟုတ်။ နန်းခမ်းမွန် ချစ်သူဆိုမှတော့

ဘက်က ဘာတစ်ခုမှ လက်တုံ့မပြန်မိအောင် ဒေါသကို လျှော့ချ

က်ရသည်။

"ဘယ်လိုလဲ ခမ်းမွန်... ဟင်... ခမ်းမွန် နဖူးမှာ သွေးတွေနဲ့ပါ

လား"

"နင့်ကို ခမ်းမွန် မုန်းတယ် ခရမ်း၊ နင့် မျက်နှာကို မမြင်ချင်

ဘူး"

"ခမ်းမွန်နားက ခုထွက်သွား"

နာကျင်ပေါက်ကွဲစွာ အော်ဟစ်လိုက်သော ခမ်းမွန်စကားသံကို

ခမ်းဆိုသည့်လူက ဂရုမစိုက်ဘဲ အခုအချိန်ထိ ငြိမ်ပြီး သူတို့အဖြစ်ကို

ကြည့်နေသည့် ရိုးမမျက်နှာကို ရန်လိုစွာ စူးစိုက်ကြည့်သည်။

"ငါ့ချစ်သူကို ငါ့လက်ကလုယူချင်တဲ့လူက မင်းလား"

"ကဲကွာ"

"ခရမ်း"

"ဒီလိုမရဘူး ကိုယ့်လူ"

မထင်မှတ်ဘဲ ရန်ပွဲတစ်ခု ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နန်းခမ်းမွှန် တားနေပေမယ့် ဘယ်သူမှ သူမစကားကို နားမထော... အပြန်အလှန်ထိုးကြိတ် သတ်ပုတ်နေ၍ နန်းခမ်းမွှန်က ခရမ်းဆိုသည့်... ရှိရာ တအားပြေးဝင်သွားပြီး ခရမ်းဆိုသည့်လူကို ထုရင်း ရိုက်... မျက်ရည်ပေါက်ပေါက်ကျလျက် အော်ဟစ်ရန်တွေ့သံတွေ ဆူညံ... သည်။

"လူဆိုး၊ လူမိုက်၊ နင့်ကို ခမ်းမွှန်မုန်းတာ အဲဒါတွေ... သိလား၊ နင် သေမှ အေးမယ်"

"သေစမ်း၊ မြန်မြန် သေလိုက်"

"ကဲ… ကဲ"

"မင်း ကျေနပ်အောင် ရိုက် နန်းခမ်းမွှန်၊ မင်းအတွက် ငါခို... မိုက်တာ အပြစ်လား"

"အပြစ်ပဲဟဲ့ အပြစ်ပဲ"

"ကောင်းပြီ၊ ငါဘာလုပ်လုပ် မင်းမျက်လုံးထဲမှာ အပြစ်မြင်... အစကတည်းက ငါ့ကို ဘာလို့ ချစ်ခဲ့သေးလဲ"

"ဘာလို့ ငါ့ကို ရူးအောင် လုပ်ခဲ့တာလဲ ပြော"

"မသိဘူး၊ ခမ်းမွှန် ဘာမှ မသိဘူး"

"အေး… မင်း မသိပေမယ့် ငါသိတယ်၊ မင်း မိဘ... သဘောမတူတာတစ်ခုတည်းနဲ့ မင်းထားခဲ့ချင်တိုင်း ထားခဲ့လို့ မ... ဆိုတာ လက်တွေ့သက်သေပြတာ"

"နောက်တစ်ခါ ငါမကြိုက်တာ ထပ်လုပ်ရင် မင်းရော ... လက်ထပ်မယ့်ကောင်ရော သေပြီသာ မှတ်"

ခရမ်းဆိုသည့်လူက နန်းခမ်းမွှန် ထုချင်တိုင်း ထု၊ ရိုက်ချင်...





...ကပေမယ့် သူမကို ဘာတစ်ခုမှ ပြန်မလုပ်ယုံမက ရင်ဖွင့်၍ပင် ...ရိုက်သမျှ ငြိမ်ခံနေ၍ ရိုးမ သူ့အစား ရင်မောနေမိသည်။ လူကသာ ...ခမ်းမွှန်လုပ်သမျှ ငြိမ်ခံနေသော သူ့မျက်လုံးအကြည့်တွေကတော့ ခမ်းမွှန် ...၏ မျက်နှာလေးက တစ်ချက်မခွာ။ ချစ်သူမျက်နှာကို မျက်တောင် ...ခတ် စူးစိုက်ကြည့်နေပုံကိုက ချစ်ခြင်း၊ မြတ်နိုးခြင်းတို့ ပြည့်လျှမ်းနေ ...တာ မြင်တွေ့နေရသည်။

သူတို့နှစ်ယောက် ပြဿနာထဲကို ရိုးမ ဝင်မပါ။ နှစ်ယောက် ...ား ပေါက်ကွဲရန်ဖြစ်ပြီးနောက် ခရမ်းက သူ့ကားကို နေရာတ... ...ကြမ်းကြမ်း မောင်းထွက်သွား၍ သည်းထန်စွာ ငိုကြွေးနေသော ...ခမ်းမွှန်နှင့် ရိုးမ နှစ်ယောက်သာ လမ်းပေါ်မှာ ကျန်ခဲ့သည်။

"ဆေးခန်းသွားကြမလား ခမ်းမွှန်"

"ဟင့်အင်း၊ ခမ်းမွှန်ကို လူရှင်းတဲ့နေရာကိုသာ ခေါ်သွား ...ပါ"

"ခမ်းမွှန်နဖူးမှာ သွေးတွေနဲ့"

"ခမ်းမွှန် ဘာမှမဖြစ်ပါဘူး ရိုး၊ ခမ်းမွှန်ပြောတဲ့အတိုင်းသာ ...မွှန်ကို ကူညီပါနော်"

"ကောင်းပြီလေ၊ ခမ်းမွှန်ပြောတဲ့အတိုင်းပဲ ကိုယ်လုပ်ပေးပါ့မယ်"

"လာ… ကားပေါ်တက်"

လမ်းမှာ ဘယ်သူမှ စကားမပြောကြ။ ကိုယ့်အတွေးနဲ့ကိုယ် ...သက်နေကြသည်။

"ခဏနော် ခမ်းမွှန်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



စတိုးဆိုင်တစ်ဆိုင်ဝင်ပြီး ရိုးမက ခမ်းမွန်အတွက် လိုအပ်သ... ရေသန့်ဘူး၊ ဆေးပလာစတာ၊ လက်ကိုင်ပဝါကအစဝယ်ပြီး လှူရှင်း... နေရာမှာ သူ့ကားကိုရပ်လိုက်သည်။

"ရော့... ဒီပစ္စည်းတွေနဲ့ ခမ်းမွန်ဒဏ်ရာကသွေးတွေကို... ရှင်းရေးလုပ်ပစ်လိုက်ဦး"

"သြော်... နေဦး၊ ခမ်းမွန်အင်္ကျီမှာပေနေတဲ့ သွေးတွေ... ချက်ချင်း ပြောင်အောင်လုပ်လို့ရမှာမဟုတ်ဘူး၊ ပြီးရင် ကိုယ့်... အင်္ကျီကို ထပ်ဝတ်ထားလိုက်"

"ကျေးဇူးတင်ပါတယ် ရိုး"

ပြောရင်း ခမ်းမွန် ထပ်ငိုတော့ သူ သက်ပြင်းချလိုက်သ... ခမ်းမွန်မှာ ချစ်သူရည်းစားရှိမှန်း သူလည်းမသိ။ ခမ်းမွန်က... မပြော။ ခရမ်းဆိုသည့်လူက လူချောပေမယ့် ပုံစံကား ဂျစ်ကန်... မိုက်ကန်းကန်း ထောင့်မကျိုး၍ လူကြီးမိဘတွေအမြင်... ကြည့်ရနိုင်စရာ မမြင်။ ဒါကြောင့်လည်း သူတို့သမီးနဲ့ သဘောမ... တွေးနေချိန်မှာ ခမ်းမွန်က အငိုရပ်ပြီး သူမ မျက်နှာပေါ်က သွေး... ရေသန့် ပုလင်းထဲကရေနှင့် သန့်စင်ဖယ်ရှားနေသည်။ ... ငြိမ်နေသော ရိုးမ မျက်နှာကို မျက်ရည်ဝေသော မျက်ဝန်းအစုံ... လှမ်းကြည့်သည်။

"ခမ်းမွန်ကို အထင်သေးသွားပြီလား ရိုး"

ခမ်းမွန်အသံလေးတွေက တုန်နေသည်။ မျှော်လင့်မထား... သူမ ချစ်သူရောက်လာပြီး ရိုးမကို ရန်ပြုသွားသည့်အတွက်လ... အားမှာ နေမှန်း ရိုးမသိ၍ အသာအယာ ခေါင်းခါပြလိုက်သည်။

"ချစ်သူရည်းစားရှိတာနဲ့ အထင်သေးရမှာလား ခမ်းမွန်၊ အရွယ်ရောက်တဲ့သူတိုင်း ချစ်သူရည်းစားရှိကြတာ မဆန်းပါဘူး"

"ခရမ်းက လူဆိုးလူမိုက်ဆိုတာ ရိုးအမြင်ပဲ"

"သူပြောတော့ ခမ်းမွန်ကိုချစ်လို့ ဖြစ်ရတာဆို"

ရုတ်တရက် ခမ်းမွန်ထံမှ ဘာသံမှထွက်မလာ။ အင့်ခနဲ... ချက် ရှိုက်ပြီး မျက်ရည်တွေကို လက်ဖဝါးနှင့် ခပ်ကြမ်းကြမ်းလေး ...သုတ်တာ မြင်ရသည်။

"ချစ်တာနဲ့ မိုက်တာ တခြားစီပါ ရိုးရယ်၊ ခမ်းမွန်ကို တကယ်...ရင် သူ့ကိုယ်သူ လူကြီးမိဘတွေသဘောကျအောင် ပြုပြင်ရမှာပေါ့၊ ...ရိုးမြင်တယ် မဟုတ်လား သူ ဘယ်လောက် မိုက်ရိုင်းလဲဆိုတာ"

"ကိုယ်တစ်ခုမေးရင် ခမ်းမွန် စိတ်ဆိုးမလား"

"မေးပါ၊ ခမ်းမွန် စိတ်မဆိုးပါဘူး"

"ခမ်းမွန် ချစ်သူကို ခမ်းမွန် ချစ်လား"

"အဲဒါတွေက ပြီးခဲ့ပါပြီ"

"မပြီးလို့ ဒီအထိတောင် ရောက်လာနေပြီပဲ၊ အခုပုံအတိုင်းဆို...ပ်တော့ လွယ်မယ်မထင်ဘူး။ ဒီစကားပြောတာ ကိုယ်က ခမ်းမွန့်...ကို ကြောက်လို့မဟုတ်ဘူးနော်၊ အချိန်မရွေး ရင်ဆိုင်ရဲတယ်"

"ရိုး ဘယ်လောက် သတ္တိရှိတယ်ဆိုတာ ခမ်းမွန် သိပါတယ်"

တိုးတိတ်သော ခမ်းမွန်အသံမှာ ကြေကွဲခြင်းတို့ ပြည့်နေသည်။ ...မက ခမ်းမွန်အခြေအနေကိုကြည့်ပြီး သူမ မဖြေချင်သည့်စကားကို ...ထပ် ဖွတ်အတင်းမေးမြန်းခြင်းမပြုဘဲ သူမပြောသည့်အတိုင်း ...သူမ သူငယ်ချင်းအိမ်မှာ ခမ်းမွန်ကို ထားပြီး အိမ်ပြန်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တိ"

သူ့ကား လမ်းထဲက ပြန်အထွက်မှာ အရှိန်ခပ်ပြင်းပြင်း မောင်းဝင်လာသည့် ကားတစ်စီးနှင့် လမ်းမှာဆုံ၍ လှမ်းကြည့်လိုက်တော့ သူ့ကို ရန်လိုစွာ စူးစိုက်ကြည့်သွားသည့် ခမ်းမွန်ရည်းစားကို တွေ့လိုက်ရသည်။ ရီးမကားကို ခြေရာခံလိုက်လာ၍ ခမ်းမွန် သူငယ်ချင်းအိမ်ရှေ့မှာ ခရမ်း၏ကားကို ရပ်သွားတာ နောက်ကြည့်မှန်က လှမ်းမြင်လိုက်ရ၏။

သူတို့ပြဿနာက မပြီးသေးမှန်း ရီးမသိသည်။ ဒီလိုပဲ ရီးမနှင့်အစော ပြဿနာက မပြီးသေး။ ဒီလိုတွေးလိုက်မိတော့ ခမ်းမွန်ရည်းစား ခရမ်းဆိုသည့် ချစ်လှမိုက်ကို ကျေးဇူးတင်သွားသည်။ သူတို့ချင်း ပြေလည်ရင် ခမ်းမွန်နှင့်သူ မင်္ဂလာကိစ္စ အလိုလိုပျက်သွားမည်။ သူချစ်သည့် အစောကို လက်ထပ်ယူမည်ဆိုလျှင် ကိုကိုစိုင်းညီလာလည်း သူ့ကို ဘာတစ်ခုမှ အပြစ်ပြော၍ ရတော့မည်မဟုတ်။ ကိုယ့်အတွေးနှင့်ကိုယ် ပျော်ပြီး ရီးမညီလာကို ပြန်ရောက်တော့ အစောကို လူတစ်ယောက်နဲ့ ချစ်စရာကောင်းအောင် ရယ်မောစကားပြောနေတာ တွေ့လိုက်ရ၍ ရီးမရင်ထဲ ပူသွားသည်။

ထိုလူကို ရီးမ မမြင်ဘူး။

မျက်နှာစိမ်း ရည့်သည်တစ်ယောက်အပေါ်မှာ လှိုက်လှဲဖော်ရွေသောအပြုံး၊ အကျွမ်းတဝင် တရင်းတနှီးရှိလှသော အမူအရာတို့ကြောင့် ရီးမရင်ထဲ မနာလိုဝန်တိုစိတ်ဖြစ်လာသည်။ သူ့အပေါ်မှာ ဘယ်တုန်းကမှ ထိုကဲ့သို့ မဆက်ဆံတာ ပြန်တွေးမိတော့ ရီးမ ရင်ပိုနာသည်။

ကားကို ဆင်ဝင်အောက်မှာ ရပ်ပြီး ရီးမက အစောတို့ကို လှမ်း





နေရသည့် နေရာမှာ ရပ်လိုက်သည်။ ချောမောသော မျက်နှာကညည်လျက်။ တစ်လောကလုံး သူ့လုပ်စာ ထိုင်စားနေရသည့် မျက်နှာနှင့် သူမတို့ နှစ်ယောက်ကို မျက်တောင်မခတ် စူးစိုက်ကြည့်နေပုံက ကြောက်စရာ။ ဒါကို အစောမြင်ပါသည်။ တွေ့လည်း တွေ့ပါသည်။

သူ့အလှည့်ကြတော့ ဖြစ်နေလိုက်တာ။

ရီးမပုံစံကို မြင်တာနှင့် အစောနားမှာ အတူရှိနေသည့် ဥက္ကာကို လိုနေမှန်း သိသည်။ ဥက္ကာက မမသြ လူကြုံထည့်ပေးလိုက်သောနှင့် ပစ္စည်းများကို ယူလာပေးသော အစာအပေါ် တစ်ဖက်သက်တွယ်ရှိနေသည့် အစော၏ ငယ်သူငယ်ချင်းဖြစ်သည်။

မမသြက အစောကို ဥက္ကာနှင့် သဘောတူသည်။ ဥက္ကာကိုယ်တိုင် အစောကို အမြတ်တနိုး တန်ဖိုးထားပြီး ချစ်နေမှန်း သိပေမယ့် ဥက္ကာအပေါ်မှာ အစောဘက်က ဘာခံစားချက်မှ မရှိ။ ဥက္ကာကို ချစ်စရာကောင်းသော ခင်မင်စရာ သူငယ်ချင်းအဖြစ်ထက် ပိုခံစား၍ မရသဖြင့် သူ့အချစ်ကို လက်မခံခဲ့။

ဥက္ကာကတော့ အစောအချစ်ကို အခုချိန်အထိ မျှော်လင့်နေဆဲဖြစ်သည့်အတွက် ဥက္ကာအကြည့်ထဲမှာ အစောကို ချစ်မြတ်နိုးသော အကြည့်တွေက တစ်ခါတစ်ခါ သတိလက်လွတ် ပါလာတတ်သည်။

"မတွေ့ရတာ ကြာလို့လားမသိဘူး။ အစောက ပိုလှလာသည်"

"အစောက အမြှောက်ကြိုက်နော် ဥက္ကာ"

"သိပါတယ်ဗျာ၊ ဒါကြောင့် ကိုယ်ကလည်း အစောအကြိုက် လိုက်ပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်မဟုတ် အစောတို့ အတူရယ်ကြရာက ဥက္ကာအကြ
တွေက ရှိမရှိနေသည့် နေရာကို ရောက်သွားသည်။

"ဟိုလူက ဘယ်သူလဲအစော ကိုယ့်ကို ကြည့်နေပုံက ရန်သူ
ပါပဲလား"

"သူ့နာမည်က ရိုးမတဲ့ ဒီအိမ်က သူတို့ ညီအစ်ကိုပိုင်တာလေ"

"လူချောတစ်ယောက်ပဲကွ၊ ကြည့်ရတာ အစောနဲ့ ကိုယ့်
အထင်လွဲနေပုံပဲ"

ယောက်ျားခြင်းဆိုတော့ တစ်ယောက်စိတ်ကို တစ်ယောက် ထွ
ဖောက်မြင်ပုံဖြင့်ပြောရင်း ဥက္ကာက အစောကို ပခုံးတွန့်ပြသည်။

"သူနဲ့ အစောက ဘာဆိုင်လို့ အထင်လွဲရမှာလဲ"

"တကယ် ဘာမှမဆိုင်ဘူးလား"

"ဥက္ကာနော်"

မျက်နှာတည်တည်ဖြင့်-အစောက ဥက္ကာစကားကို နှုတ်ခမ်
တော့ ဥက္ကာက ရယ်သည်။

"ကိုယ့်အထင်ပြောရရင် ရိုးမဆိုတဲ့လူက အစောကို သိပ်ချစ်နေ
ဆိုတာ သေချာတယ်"

"ဘယ်သူက ဥက္ကာကို အဲဒါတွေ မေးနေလို့လဲ"

"ကိုယ်က ပြောချင်နေတာလေ၊ ကဲ... ကိုယ်ပြန်မယ် တော
ကြာ ဟိုလူစိတ်ထဲ ကိုယ်ကို ဆေးရိုးသည် ထင်နေဦးမယ်"

"သွားပြီနော် အစော"

"ဟိုရောက်ရင် ဖုန်းဆက်ဦးနော် ဥက္ကာ"

"အေးပါ"

ဥက္ကာ နှုတ်ဆက်ပြီး သူ့ကားနှင့် ပြန်သွားသည်နှင့် အစော
နားရောက်လာသူက ရိုးမ။

"စောစောက လူက ဘယ်သူလဲ"

"ဥက္ကာတဲ့"

"အဲဒီလူ မင်းကို ချစ်နေတာသိလား"

သဝန်တိုသံကြီးနှင့် အစောမျက်နှာကို စူးစူးစိုက်စိုက်ကြည့်ပြီး
ပြောလာသူ၏ မျက်နှာကို အစောကမကြည့်ပဲ သူ့ဒေါသဖြစ်စေမည့်
စကားကို တမင်ရွေးပြောလိုက်သည်။

"သိသားပဲ၊ သူက အစောချစ်သူ"

"ဘာ..."

"အစောသွားတော့မယ်"

"မင်း မသွားရဘူး"

"အို... အစောလက်ကို လွှတ်ပါ"

သူ့နားက စကားအနိုင်ပိုင်းပြီး ထွက်သွားရန် ပြင်နေသည့် အစော
လက်တစ်ဖက်ကို တင်းကျပ် မြဲမြံသော သူ့လက်တွေနှင့် ဆွဲခေါ်
သွားသူက ရိုးမ။

"ရှင်နော်... လူမြင်ကွင်းကြီးမှာ ဘယ်လိုဖြစ်နေတာလဲ"

"အစော လက်ကိုလွှတ်"

"မလွှတ်ဘူး"

"ကဲဟယ်...မလွှတ်ဦး"

"ဖြန်း"

မရည်ရွယ်ပဲ အစော သူ့ပါးကို ရိုက်လိုက်မိပြီးမှ နောင်တရသွား



www.burmeseclassic.com

www.burmeseclassic.com



သလို ရိုးမကိုယ်တိုင်လည်း အစောထံမှ ထင်မှတ်မထားသည့် တုံ့ပြန်မှုကြောင့် အစောမျက်နှာကို အဲ့သြမယုံနိုင်သလို စူးစိုက်ကြည့်ရင်း သူမ လက်လေးကို အသာလွှတ်ပေးလိုက်သည်။

"မင်း ကိုယ့်ကို အဲဒီလောက် မုန်းနေလိမ့်မယ်လို့ ကိုယ်မထင်ဘူး"

"အခုချိန်ကစပြီး ကိုယ့်မျက်နှာကို မင်းဘယ်တော့မှ မမြင်ရဘူး အစော"

"ကိုရိုးမ"

အစောခေါ်ပေမယ့် သူလှည့်မကြည့်။

နေရာက ချာခနဲ လှည့်ထွက်သွားသူနောက် ပြေးလိုက်သွားပြီး အစော သူ့ကို တောင်းပန်စကားဆိုရန် ခြေလှမ်းအပြင် အရှိန်ပြင်းပြင်း မောင်းဝင်လာသည့် စိုင်းညီလာ၏ ကားကို မြင်လိုက်ရ၍ မိန်းမငယ်လေး တစ်ယောက်အနေနှင့် တခြားသူရှေ့မှာ ယောက်ျားမှုတစ်ယောက်နောက် ပြေးလိုက်သွားရန် မသင့်တော်၍ နေရာမှာ အသာ ရပ်ကျန်ရစ်ခဲ့သည်။

"ဆရာမ"

"ဩော်... သားတို့ သမီးတို့ပါလား"

ကားတံခါးဖွင့်သည်နှင့် ကားပေါ်က ပြေးဆင်းလာသည့် ကလေးတွေကို အလိုက်သင့် ဆီးကြိုနှုတ်ဆက်နေချိန်မှာ စင်သီယာနှင့် စိုင်းညီလာတို့ကားပေါ်က ဆင်းလာကြသည်။

"အစော တစ်ယောက်တည်း ပျင်းနေပြီထင်တယ်"

"မပျင်းပါဘူး ကိုစိုင်း..."





"ဆရာမ... ဒီမှာ သားတို့အရုပ်တွေ အများကြီး ဝယ်လာတာ ကြည့်ပါဦး"

"မီးမီးလည်း ဝယ်လာတယ် ဆရာမ"

"ဟုတ်လား၊ ဘာတွေဝယ်လာလဲဆိုတာ ဆရာမကို ပြပါဦး"

ကလေးတွေက အစောလက်ကိုဆွဲပြီး အိမ်ထဲခေါ်သွား၍ သူတို့နောက်အနှုပ်အောင် အစော လိုက်သွားချိန်မှာ ရိုးမက သူ့ကားပေါ်တက်ပြီး စက်သံပြင်းပြင်းနှင့် မောင်းထွက်သွားတာ မြင်လိုက်ရသည်။

"ရိုးမ... ဘယ်လဲ"

စင်သီယာက လှမ်းမေးလိုက်ခြင်း ဖြစ်သည်။ ရိုးမက နောက်ကို လှည့်ချက်လှည့်မကြည့်သလို စင်သီယာမေးတာကိုလည်း ဖြေဆိုသွားခြင်း မရှိ။

"ရိုး ဘယ်သွားတာလဲ စင်သီယာ"

"စင်သီယာလည်း မသိဘူး ကို၊ စင်သီယာမေးတာ ရိုး မကြားလိုက်ဘူးနဲ့ တူတယ်"

"ဒီ... ဒီ"

စင်သီယာတို့ စကားပြောနေတုန်း စိုင်းညီလာဖုန်းက အသံမြည်သံဖြင့် နားထောင်လိုက်တော့ စိုင်းညီလာမျက်ခုံး တွန့်သွားသည်။

"ဘယ်လိုကွ၊ ပြန်ပြောစမ်းပါဦး"

စိုင်းညီလာအသံက ဒေါသနှင့် စိတ်ရှုပ်ထွေးသံ၊ ဖြူသော မျက်နှာ အရောင် ပြောင်းသွားသလို ထူသောမျက်ခုံးကို တွန့်ကုတ်ထား၍ ပြောကြားနေရသော စကားအတွက် စိုင်းညီလာ အဘယ်မျှ စိတ်အနှောင့်အယှက်ဖြစ်နေပြီဆိုတာ သိသာထင်ရှားစေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကောင် အခုဘယ်မှာလဲဆိုတာ စုံစမ်းထားလိုက် အိုက်"
လက်ထဲက ဖုန်းကိုပိတ်ပြီး ဆိုဖာပေါ် ပစ်တင်လိုက်သည့် စိုင်း ညီလာမျက်နှာက ခက်ထန်နေ၏။

"ဘာဖြစ်လို့လဲ ကို"

"ရိုးမနဲ့ နန်းခမ်းမွန်ရည်းစား ရန်ဖြစ်ကြတယ် ပြောတာပဲ"

"နန်းခမ်းမွန် ရည်းစား ဟုတ်လား ကို"

"ရန်ကုန်က လိုက်လာတာတဲ့၊ သူ့မိဘတွေ ပြောတုန်းက သ သမီးမှာ ချစ်သူရည်းစား မရှိဘူးတဲ့။ အခုတော့ ရိုးမကိုတောင် စိန် ရန်စတယ်ဆိုတော့ ဒီကောင်က ဘာကောင်မို့လဲ"

"ဒေါသကို လျှော့ပါ ကိုရယ်၊ ကိုယ်က လူကြီးလေ၊ သူ လူငယ်တွေနဲ့ ပြိုင်တိုက်ခိုက်နေလို့ သင့်တော်ပါ့မလား၊ နန်းခမ်း မိဘတွေကို ပြောသင့်ပြောထိုက်တဲ့စကား ကိုယ့်ကိုယ်စား စင်သီ ပြောလိုက်ပါ့မယ်"

ယောကျ်ား ဒေါသကိုသိ၍ စင်သီယာက လေပြည်လေး ဝင်ထိန်းဖို့ ပိုကြိုးစားသည်။ စိုင်းညီလာ သဘောကောင်းနေလျှ ရေမြေနှင့်တူသော်လည်း တစ်ခါတစ်ရံ ပေါက်ကွဲထွက်လာသည့် သ ဒေါသက အဆိပ်ပြင်းသော မြွေတစ်ကောင်ကဲ့သို့ ကြောက်စ ကောင်းတတ်သူဖြစ်၍ စင်သီယာက သူ့ယောကျ်ားအကြောင်း သိ ပီပီ ဒေါသလျှော့ဖို့ ပြောနေခြင်း ဖြစ်သည်။

"မင်း ဘာမှမပြောနဲ့ စင်သီယာ၊ ကိုယ့်ညီကို ဒီလိုဖယားရှုပ်တဲ့ မိန်းကလေးနဲ့ မပေးစားတော့ဘူး၊ သူတို့မင်္ဂလာပွဲကိုလည်း ဖျက်တယ်"

"ကလေးမလေးကို အပြစ်တင်နေလို့ ဘယ်ဖြစ်မှာလဲ ကို





နေခတ် ကောင်လေးတွေ ဘယ်လိုဆိုတာကိုလည်း သိသားပဲ၊ ချို့က မစားရတဲ့အမဲ သဲနဲ့ပက်ကြတာတွေ အများကြီး"

"စကားတွေ လွန်မဖြစ်လိုက်ပါနဲ့ဦးကွယ်၊ စင်သီယာ ဘာ ဆိုရမလဲဆိုတာ စဉ်းစားပါဦးမယ်"

စင်သီယာ့စကားကြောင့် စိုင်းညီလာ နည်းနည်းတော့ ငြိမ်သွားသည်။ သူကိုယ်တိုင် ရိုးမကို နန်းခမ်းမွန်နှင့် လက်ထပ်ဖြစ်အောင် အားပေး တိုက်တွန်းခဲ့တုန်းက နန်းခမ်းမွန်မှာ ဒီလိုပြဿနာရှိမှန်းမသိ။ ခုကို နန်းခမ်းမွန် ရည်းစားဆိုသည့်ကောင်က ကိုယ်ထိလက်ရောက် ကားတာမျိုးကျတော့ အစ်ကိုတစ်ယောက်အနေနှင့် ဘယ်လိုမှ လက်ပိုက်ကြည့်မနေနိုင်။

"အခု ရိုးမ ဘယ်သွားတာလဲ"

"နန္ဒာအိုင်ကို သွားမယ်လို့ ဒေါ်စုကို ပြောသွားပါတယ် မောင်စိုင်း"

နန္ဒာအိုင်ဆိုမှ စိုင်းညီလာ ရင်ထဲက အပူလျှော့သွားသည်။ လူငယ်ဆိုတော့ စိတ်လိုက်မာန်ပါ နန်းခမ်းမွန်ရည်းစားကို သွားလက်တုံ့ပြန်မှာ းရိမ်သည်။ နန္ဒာအိုင်ကို သွားသည်ဆိုတော့ ဘာပြဿနာမှမရှိ။ စိတ်ထဲမှာတော့ ကိုယ့်ညီကို လာထိတော့ တနုံ့နုံ့ဖြစ်နေသည်။

"ကိုယ် အပြင်ခဏ သွားဦးမယ် စင်သီယာ"

"မိုးမချုပ်စေနဲ့နော် ကို"

စင်သီယာ့စကားကို ခေါင်းညိတ်သည်ဆိုရုံ အသိအမှတ်ပြုပြီး သူ့ကားကို ခပ်ကြမ်းကြမ်း မောင်းသွားသူကို စင်သီယာ ငေးကြည့်ရင်း ကျန်ခဲ့သလို အစောကိုယ်တိုင်လည်း အခုမှ ရိုးမနှင့် နန်းခမ်းမွန်



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာကို ကြားသိရ၍ စိတ်မကောင်း ဖြစ်သွားသည်။

ဘယ်လိုပြောပြော။

ရိုးမ၏ ယောကျ်ားမာနကို တစ်ဖက်က စော်ကားထိပါးခြင်း နားလည်လိုက်သလို အကြောင်းမသိဘဲ ရိုးမအပေါ်မှာ ကိုယ် လက်ရောက် တုံ့ပြန်လိုက်မိသမျှ အစော ရင်ထဲနင့်ခနဲ ဖြစ်သွားသည်

အစောကို ခွင့်လွှတ်ပါ ရိုးရယ်။



## အခန်း (၁၄)

မမြသြ ရေးထားသည့်စာကို ဖတ်ပြီး အစော သက်ပြင်းချလိုက်သည်။ ထုံးစံအတိုင်း မမြသြက ဥတ္တာနှင့် အစောကို သဘောတူကြောင်း ဆက်ထပ်စေလိုကြောင်း တိုက်တွန်း ရေးသားထားသည်။ ပြီးတော့ အစောကို သူ့ အလုပ်အဆင်ပြေတာနဲ့ ချက်ချင်း ခေါ်ယူမည်။ ညီအစ်မ နှစ်ယောက် အရင်လို နှစ်ယောက်အတူ ပျော်ရွှင်စွာ နေကြမည်ဆိုသည့် အကြောင်း အစော အခုလက်ရှိအလုပ် အဆင်ပြေမပြေ အသေးစိတ် သူသိချင်သည်ဟု ဆိုထားပြန်သည်။

မမြသြ စာလေးကို စာအိတ်ထဲ သေချာပြန်ထည့်ပြီး သိမ်းလိုက် ချိန်မှာ ဥတ္တာကို သတိမရဘဲ ရိုးမ၏ မျက်နှာက အစောအာရုံထဲ ပြေးဝင်လာသည်။ ပြတင်းပေါက်ကတစ်ဆင့် လှမ်းမြင်နေရသည့် ပြာလွင်သော မိုးကောင်းကင်ကြီးကို မော့ကြည့်မိသည်။ အခုဆို ရိုးမ သိလာမှာ အစော အလည်ရောက်နေတာ သုံးလတင်းတင်း ပြည့်တော့ သည်။ ကလေးတွေနှင့် စာသင်ရတာ အဆင်ပြေသလို အိမ်သူအိမ်သား



www.burmeseclassic.com

www.burmeseclassic.com



တွေ့နှင့် ဆက်ဆံရမှာလည်း အပြစ်ရယ်လို့ ပြောဆိုစရာ သိပ်မ...

တစ်ခါတစ်ခါ စိုင်းညီလာ၏ စကားလုံး အမူအယာတွေ...

*အစောကို အနှောင့်အယှက် ဖြစ်စေသည်မှတစ်ပါး စင်သီယာ၏ သာ...*

ညှင်းပြောင်းသော လိုက်လျောညီထွေ ဆက်ဆံမှုအောက်မှာ အရေ...

ငြိမ်းအေး ဖြေသာစေရခြင်းက အစောကို ဒီနေရာက ထွက်မသွားစေ...

အောင် ဖြစ်စေသည်။

အခုတော့ စိုင်းညီလာကိစ္စတင် မဟုတ်တော့။ ရှီးမ၏ ...

မေတ္တာ တောင်းခံမှုအောက်မှာ အစောရင်ထဲ မော၍ ပင်ပန်းမှုတွေ...

နွမ်းနွမ်းနယ်နယ်။ ဘာကို အပြစ်တင်၍ ဘာကို အပြစ်မြင်ရမှန်းမသိ...

ဝေခွဲရခက်သော အတွေးတွေက အစောကို အချိန်ပြည့် နေရာ...

စိုးမိုးထား၍ သက်ပြင်းခါခါချနေရသူက အစောဖြစ်သည်။ ရှီးမနှ...

ပြဿနာဖြစ်ပြီးကတည်းက ပန်းညီလာကို ရှီးမ ပြန်မလာဘဲ နန္ဒာအိုင်...

သူတစ်ယောက်တည်း သွားနေနေတာ ဒီနေ့နဲ့ဆို ၈ ရက်နစ်ဆယ်ဖြည့်...

ဖြစ်သည်။

ပန်းညီလာမှာ ဘယ်သူမှ ရှီးမအကြောင်းမပြော၊ တွေ့နေမြင်နေကြ...

မျက်နှာကို မတွေ့ရ မမြင်ရတော့မှ အစောကိုယ်တိုင် သူ့အပေါ်မှာ...

ငြိတွယ်နေသည့် သူ့မရင်ထဲက သံယောဇဉ် အတိမ်အနက်ကို သေချာ...

ချိန်စက်၍ သိလာခဲ့သည်။ နှုတ်က ထုတ်ဖော်ဝန်ခံခြင်းမပြုသည်မှာ...

တစ်ပါး အစောလည်း သူ့ချစ်သလို သူ့ကို ပြန်ချစ်နေမိပြီဟု သိလိုက်...

ရချိန်မှာ အစောရင်မှာ မချိအောင် နာကျင်ခံစားခဲ့ရသည်။

တခြားတစ်ပါးသူနှင့် လက်ထပ်တော့မည့် ယောကျ်ားတစ်...

ယောက်ကို အစောနှလုံးသား အလိုလိုက်ပြီး ချစ်လိုက်ရမည်ကို အစော...

...ယ်တိုင် လက်မခံ။ အစော၏ ဘသက်သခင် ကျေးဇူးရှင်လည်း

...၏ အစောကို မြတ်မြတ်နိုးနိုး တန်ဖိုးထား ချစ်နေသူလည်း ဖြစ်သည်။

...မအပေါ်မှာ အစောကိုယ်တိုင် မေတ္တာစစ်နှင့် ချစ်နေပါလျက်

...ကြောင့်များ ကိုယ်ထိလက်ရောက် သူ့ပါးကို ရိုက်ခဲ့မိပါလိမ့်ဟု

...သွားမိတိုင်း အစောကိုအစော ခွင့်လွှတ်မရနိုင် ဖြစ်နေသည်။

အစောကို ခွင့်လွှတ်ပါ ရှီးရယ်။

စိတ်ထဲကပဲ တိုးတိတ်စွာ တောင်းပန်စကား ဆိုမိသည်။ ထိုထက်

...ည်း ပို၍ အစောမှာ ပြောစရာ စကားမရှိ။ နန္ဒာအိုင်ကို ရှီးမ

...ထွက်သွားသည်နေ့မှာပဲ ပန်းညီလာကို နမ်းခမ်းမွန် မိဘတွေ ရောက်

...လာပြီး သူတို့သမီးကိစ္စအတွက် စိုင်းညီလာတို့ ဖနီးမောင်နှံကို တောင်း

...ကြသည့်အတွက် နှစ်ဘက်လူကြီးမိဘတွေ ပြန်လည်အဆင်ပြေ

...ဆင့်မြတ်သွားကြသည့်အပြင် မင်္ဂလာပွဲကို အမြန်ဆုံး စီစဉ်နိုင်ကြရန်

...တိုင်ပင်ဆွေးနွေးသွားကြကြောင်း ပန်းညီလာရှိသူတိုင်း သိကြသလို

အစောလည်း သိခဲ့ရသည်။

ဝမ်းသာစရာ မင်္ဂလာသတင်းအဖြစ် အားလုံးပျော်နေကြသူတွေထဲ

အစောကိုယ်တိုင် အများရှေ့မှာ ရောယောင် ပြုံးရယ်နေခဲ့ရပေမယ့်

...ကယ် အသက်မဝင်ဆိုသည်ကိုတော့ အစောကိုယ်တိုင်လည်း မသိ။

နန္ဒာအိုင်ကို နမ်းခမ်းမွန် လိုက်သွားသည်ဆိုသည့် သတင်းကို

...ကြားလိုက်ရသည်။ သူတို့ချင်း အဆင်ပြေသွားကြပြီဆိုတော့ အစောမှာ

...ဘာမှ ပြောစရာမရှိ။ လနှင့်နေ။ မြနှင့်ရွှေလို လိုက်ဖက်သော စုံတွဲအဖြစ်

အစောဘက်က အသိအမှတ်ပြုရုံသာ ရှိသည်။ သူ့အပေါ် အစောဘက်

...က ကိုယ်ထိလက်ရောက် စိတ်နောက်ကိုယ်ပါ ပြုမူမိသမျှ နောက်မှ



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်တော့မည်ဟု ဆုံးဖြတ်ခဲ့ပေမည့် နန္ဒာအိုင်က လူက ပန်းညီ
သို့ ရောက်လာခြင်း မရှိ၍ အစောလည်း သူ့ကို တောင်းပန်
ဆိုခွင့် မရ။

ဒီကြားထဲ ဒေဝီမင်္ဂလာကိစ္စ စီစဉ်နေရသဖြင့် ရိုးမတို့ မ
ကို နောက်ဆုတ်ရွှေ့ဆိုင်းထားကြောင်း စင်သီယာ ပြောသမျှ
မပျက် နားထောင်ရသေးသည်။ ဖြစ်ချင်တာထက် ဖြစ်သင့်
ရွေးချယ်ကြသူတွေထဲ အစောကိုယ်တိုင် အပါအဝင် လူတစ်
မဖြစ်ခဲ့။ ဥက္ကာကို မချစ်ဘဲ လက်ထပ် မယူနိုင်သည်က အ
ကိုယ်ပိုင်ဆုံးဖြတ်ချက် ဖြစ်သည်။

ပန်းညီလာမှာ သူမ ဆက်နေလို့မှ ဖြစ်ပါတော့မလားဟု တွေ
အစောရင်တွေ မွန်းကျပ်ရှုပ်ထွေးလာသည်နှင့် ခြံထဲ အစော ဆင်
ခဲ့သည်။ ပန်းညီလာက အမည်နှင့် လိုက်ဖက်အောင်လည်း တော
ဥယျာဉ်ရှိသလို စိမ်းမြသော မြက်ခင်း၊ ရေသူမရုပ်ပါသော ရေတံ
အစ သဘာဝကျကျ လှပစွာ ဖန်တီးထား၍ ခြံထဲဆင်းတိုင်း အ
စိတ်တို့ ပန်းသမျှ လန်းဆန်း ကြည်လင်ရမြဲ ဖြစ်သည့်အတိုင်း
လည်း အစောရင်ထဲက မွန်းကျပ်မှုတချို့ မွှေးပျံ့သော ပန်းရနံ့တို့
လွင့်ပျယ်စ ပြုလာ၏။

"လမ်းလျှောက်နေတာလား အစော"

"မမစင်သီယာပါလား"

မမျှော်လင့်ဘဲ ပန်းချုံကွယ်တစ်ခုမှာ ပန်းတွေခူးနေသည့် စ
ယာကို အဝါရောင်ဖျော့ဖျော့ ဝတ်စုံဖြင့် လှပစွာ တွေ့လိုက်ရ၍ အ
အစော နှုတ်ဆက်လိုက်သည်။





"ပန်းတွေ အများကြီးပါ၊ဟား မမစင်သီယာ"

"ဘုရားပန်းအတွက်လေ... တချို့ကိုတော့ ဧည့်ခန်းထဲမှာ
လှဲဆင်မယ်"

"သြော် ဒါနဲ့ အစော နာန္ဒာအိုင်ကို တစ်ခါမှ မရောက်ဖူး
သေးဘူးနော်"

"ဟုတ်ကဲ့၊ အစော မရောက်ဖူးပါဘူး မမ"

နန္ဒာအိုင်ဆိုသည့် အမည်ကြားရုံဖြင့် အစောရင်ခုန်သံတွေ မြန်
ာရတာ ဘာကြောင့်ပါလိမ့်။ သူရှိနေသည့် နေရာ။ သူရှိနေသည့်
ရပ်မို့များလား။ သေချာတာတော့ ထိုအမည်ကို ကြားရုံဖြင့် အစော
င်ထဲ နွေးထွေးရှိန်းမြသော ခံစားချက်တစ်မျိုး ညင်သာစွာ ဖြတ်သန်း
ဆင်းသွားခြင်း ဖြစ်သည်။

"နန္ဒာအိုင်ရောက်ရင် အစောပျော်သွားမယ် ထင်တယ်၊ အဲဒီမှာက
သူ့စိတ်တိုင်းကျ အစားအသောက် အသီးအနှံပင်တွေ စိုက်ပျိုးထား
ာ အများကြီးပဲ။ တိရစ္ဆာန်တွေလည်း မျိုးစုံတယ် ပန်းဥယျာဉ်
ာစ်ခုလည်း ရှိသေးတော့ နန္ဒာအိုင်သို့ တစ်ခါသွားပြီးရင် နောက်တစ်ခါ
ပ်သွားချင်ကြတာချည်းပဲလေ"

"အဓိကက နန္ဒာအိုင်ဆိုတဲ့ ရေအိုင်အကြီးကြီး ရှိနေတာလည်း
ါတာပေါ့၊ အဲဒီမှာ ငါးတွေကလည်း အများကြီးပဲ"

"ဟုတ်လား"

"သားတို့ကို ဒီဆန်းဒေး နန္ဒာအိုင်ကို လိုက်ပို့ပေးမှာဆိုတော့
အစောပါလိုက်ခဲ့လေ၊ ဟိုရောက်တော့ ဓာတ်ပုံလေး ဘာလေး ရိုက်ရ
ာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ပြောသည့်လူက ပေါ့ပေါ့ပါးပါး ရယ်ရယ်မောမော ဖြစ်သေ… အစော နန္ဒာအိုင်ကို သွားရမည်ဆိုတာနှင့် ရင်ခုန်စိတ်လှုပ်ရှားလျ… ခြေကုန်လက်ပမ်းကျ မောပမ်းချင်နေသည့်အတွက် ထိုခရီးကို အ… ငြင်းပယ်လိုက်ပါသည်။

"မမတို့ပဲ သွားကြပါ၊ အစော မလိုက်တော့ပါဘူး"

"ဘယ်ဟုတ်မလဲ၊ အစောလိုက်ခဲ့ရမယ်၊ အပျော်သက်သ… သွားတာဆိုတော့ ဘာမှ ပူစရာမလိုဘူး နောက်ပြီး ကိုယ်တစ်ခါ… မရောက်ဖူးသေးတဲ့ နေရာကို သွားရတာဆိုတော့ အသစ်အဆန်းလည်း ဖြစ် ဗဟုသုတလည်း ရတာပေါ့"

"လိုက်ခဲ့ပါကွယ်၊ ကလေးတွေကိုလည်း သူတို့ ဆရာ… လိုက်မယ်ဆိုတဲ့အကြောင်း ပြောထားလိုက်မယ်"

စီစဉ်သူက သူ့အစီအစဉ်နှင့်သူဆိုတော့ အစောက ထိုထက်ပို… ငြင်းပယ် မနေသင့်တော့၍ လိုက်ပါမည့်အကြောင်း ခေါင်းညိတ် အ… ပေးလိုက်ရသည်။ နေခြင်းပြန် ခရီးဖြစ်နေသဖြင့် သွားမည်ဆို သွားထို… သည့် ခရီးဖြစ်သည့်တိုင် ရိုးမနှင့် မျက်နှာချင်းဆိုင်ရမှာ စိုးကြောက်… တာနှင့် အစောစိတ်ထဲ တစ်မျိုးဖြစ်နေတာ အမှန်ဖြစ်သည်။

အို… ဘာဖြစ်လဲ။

အစောက သူ့ကို တောင်းပန်ဖို့ စိတ်ကူးထားတာ ပန်းညီ… ရောက်မှ တောင်းပန်တာထက်စာရင် သူတစ်ယောက်တည်း ရှိနေ… နန္ဒာအိုင်မှာ တောင်းပန်လိုက်ရတာ အဆင်ပြေပါတယ်။

သူ့ကိုယ်သူ ထောက်ခံအားပေးရင်း ရိုးမနှင့် မျက်နှာချ… ဆိုင်မိလျှင် ပြောရမည့်စကားတွေကို စဉ်းစားနေမိသည်။ အလုပ်စ…



…တည်းက ခြောက်လတိတိ အလုပ်လုပ်ပါမည်။ အကြောင်း တစ်စုံ …စ်ရာကြောင့် အလုပ်ထွက်ခဲ့လျှင် လျော်ကြေးနှစ်ဆ ပေးပါမည်ဟု …ချုပ်ထား၍ အစော အလုပ်က ထွက်ချင်တိုင်း ထွက်မဖြစ်ကြောင်း …စောကို အလုပ်ရှာပေးသည့် ဆရာမကြီး ဒေါ်ကြင်ဆီကို ဖုန်းဆက်ပြီး …လုပ်က ထွက်ချင်ကြောင်းပြောမိ၍ ဆရာမကြီးက စာချုပ်ပါ …ကြောင်းအရာများကို ပြောပြခဲ့ခြင်း ဖြစ်သည်။

အစက ထိုအချက်ပါမှန်း အစောမသိ၊ မမကြည်ကလည်း မပြော။ …ကြည်ကိုယ်တိုင် အစောက ထိုဆရာမအလုပ်ကို ဝင်လုပ်ရသူဖြစ်၍ …ခုမှ သိရခြင်း ဖြစ်သည်။

"သမီးတို့အနေနဲ့ နှစ်ဆမကလို့ ဆယ်ဆလျော်ရမယ်ဆိုလည်း …လျော်နိုင်တာ ဆရာမကြီး သိပါတယ်"

"မောင်စိုင်းတို့ကိုယ်တိုင် ဒီအလုပ်ကို စရှာခိုင်းကတည်းက ခြောက်လအနည်းဆုံး လုပ်နိုင်မယ့်သူကိုသာ ရှာပေးပါလို့ အတန်တန် …တာနဲ့ သူတို့ပြောတဲ့အတိုင်း တကယ်လုပ်နိုင်မယ့်သူကိုသာ ရွေးပေး …မယ်လို့ ကတိပေးထားပြီးမှ ဆရာမကြီး မျက်နှာမပျက်ချင်ဘူး …ကွယ်"

"အဆင်မပြေတာရှိရင် ညှိနှိုင်းပေးပါ့မယ်၊ အားမနာဘဲ ပြောပါ …လုပ်ကိုတော့ ခြောက်လပြည့်တဲ့အထိ ဆရာမကြီးအတွက် သည်းခံ …ပေးစေချင်တယ်"

ဆရာမကြီးက လူအများ လေးစားခံရသူ ဖြစ်သလို သူ့နယ် …စ်ဝိုက် ဩဇာညောင်းသူဖြစ်၍ အစောကြောင့် သူ့ဂုဏ်သိက္ခာ အထိ …ခိုက် မခံနိုင်မှန်းသိတာနှင့် အစောလည်း ဆရာမကြီးစကားကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်နာပါမည်ဆိုတာနှင့်သာ အဆုံးသတ်ခဲ့ရသည့်အတွက် တခြား
ထွက်ခွာချင်၍ မဖြစ်။

နန္ဒာအိုင်ကို မနက်စော သွားဖြစ်ကြသည်။ စိုင်းညီလာအေ
မပါ။ စင်သီယာတို့ သားအမိတစ်တွေ၊ ကလေးထိန်းနှင့် အစော
စင်သီယာ၏ အသိမိတ်ဆွေ ဇနီးမောင်နှံနှင့် သားလေးတစ်ယောက်
ဖြစ်သည်။ အပျော်ခရီးသက်သက်ဖြစ်၍ အားလုံး လွတ်လပ်ပေါ့
နေကြသလို ကလေးတွေကလည်း တစ်လမ်းလုံး ကားထဲမှာ ဝုန်းဒိုင်း
ကျဲ ဆော့ကစားရင်း လိုက်ပါလာကြသည်ကို ဘယ်သူမှ အပြစ်မ
သူတို့ ပျော်အောင်ပင် လူကြီးတွေက တမင်ဖန်တီးပေးထားကြသည်

ကားထဲမှာ စားသောက်စရာတွေ အပြည့်ပါသလို ကလေး
အကြိုက် သရေစာမုန့်မျိုးစုံ ယူလာသဖြင့် အစာ စားလိုက် ကစားလိုက်
နှင့် ရယ်သံလေးတွေ ခိုးခိုးခစ်ခစ် ဆူညံနေသည်။ ကလေးထိန်း
အဒေါ်ကြီးတစ်ယောက်တည်း မနိုင်၍ အစောက ကလေးတွေ ကူထိန်း
ပေးရင်း သူတို့မေးသမျှ ဖြေရသည်။ သူတို့ပျော်အောင် အတန်းကစာ
ရွတ်ကြ၊ သီချင်းဆိုကြနှင့် မြိုင်နေသည်။

“စင်သီယာတို့ ကလေးတွေကို စာသင်ပေးတဲ့ ဆရာမက
သိပ်တော်တာပဲကွယ်၊ ကလေးတွေကို ဂရုလည်း စိုက်တယ်။ လိမ္မာ
အောင်လည်း သင်ပေးတယ် အဲဒီလို ဆရာမမျိုး၊ တို့ကို တစ်ယောက်
လောက် ရှာပေးပါလား”

“အမယ်လေး… ဒီဆရာမက စင်သီယာ ရှာလို့ရတဲ့ ဆရာမ
မဟုတ်ဘူး တိုးရေ၊ ဆရာမကြီး ဒေါ်ကြင် ရှာပေးထားတာ၊ တိုး
လိုချင်ရင် ဆရာမကြီးဆီ သွားကြည့်လေ၊ စင်သီယာ လိုက်ပို့ပေးမယ်”

“ကျေးဇူးပဲ စင်သီယာ သားအတွက် ဆရာမကောင်းကောင်း
ရချင်နေတာ ကြာပြီ”

တိုးဆိုသည့် စင်သီယာ့ သူငယ်ချင်းက အစောကို တစ်ချိန်လုံး
ကြည့်ပြီး သဘောကျမဆုံး။ နန္ဒာအိုင်ကို ရောက်တော့ ရိုးမက သူတို့ကို
ဆီးကြိုနေသည်။ ဧည့်သည်ပါလာ၍ စကားအပိုမပြောသော်လည်း
အကြည့်တွေက အစောကိုယ် အစောမျက်နှာမှာသာ မကြာခဏ
ရောက်ရှိနေတာကို အစော သတိထားမိပေမယ့် မသိချင်ယောင်
ဆောင်နေလိုက်သည်။ နေ့လယ်စာကို ရိုးမ၏တပည့်ကျော် ဖိုးထောင်
ချက်ပေးထားသည့် ကြက်သားဟင်း၊ တောကြက်၊ ရေဘဲ၊ ငါးကြော်၊
ငါးကြောင်းချဉ်ဟင်း၊ ပဲပုတ်ချက်တို့ မြိုင်နေအောင် ပြင်ဆင်ပေးထား၍
အားလုံး ထမင်းစားမြိန်ကြသည်။ ပန်းညီလာက စင်သီယာ့ထည့်ယူ
လာသည့် လက်ဖက်ပွဲ၊ အချိုပွဲ အသီးအနှံစုံကိုပင် ကောင်းကောင်း
မစားနိုင်ကြတော့။

အိမ်ကြီးက နှစ်ထပ်အိမ်ကြီး ဖြစ်သော်လည်း အိမ်ဆောက်ပုံက
ဆန်းဆန်းနေသည်။ ထန်းလုံးတွေနှင့် အလှဆင်ထားပုံ၊ မီးခိုးခေါင်းတိုင်၊
မီးလင်းဖိုနှင့် ကျယ်ဝန်းလှပသော အသွင်နှင့် အိမ်ထဲရှိ အိမ်ထောင်
ပရိဘောဂ အသုံးအဆောင်တွေကအစ တစ်မျိုးတင့်တယ် ချစ်ဖွယ်
ကောင်း စိတ်ကြိုက် ဖန်တီးပြုပြင်ထားသဖြင့် အားလုံးက သဘောကျ
ကြသည်။

ရိုးမက ဧည့်သည်တွေကို နေရာအနှံ့ လိုက်ပြသည်။ ကလေး
တွေ စိတ်ဝင်စားကြသည်က ရိုးမတပည့် ဖိုးထောင်လိုက်ပြသည့်
ငှက်ခွာန် မွေးမြူရေးခြံဖြစ်ပြီး ရေကစား၍ရသော နန္ဒာအိုင်ထဲက

www.burmeseclassic.com



အလှမွေး ရွှေငါးရောင်စုံနှင့် မျက်စိတစ်ဆုံးပွင့်နေသည့် ပဒုမ္မာ...
ပန်းရောင်ပွင့်ကြီးများနှင့် စိမ်းမြသော ကြာရွက်ကြာဖူး ကြာခွက်...
ပြည့်လျှမ်းနေသည့် လှေလှော်၍ရသောနေရာ ဖြစ်သည်။

"မမ ကလေးတွေက ဒီနေရာက ခေါ်လို့မရတော့ဘူး ရိုး...
အစောကိုပဲ တခြားနေရာအနှံ့ လိုက်ပို့ပေးလိုက်ပါတော့ကွယ်၊ မ...
ဖြည်းဖြည်းမှပဲ ရိုးတို့နောက်ကို လိုက်လာခဲ့မယ်"

စင်သီယာ၏ အစီအစဉ်နှင့် ရိုးမနောက်ကို လိုက်ခဲ့ရသူ အ...
မတွေ့ရသည့်ရက်အတွင်း သိသာစွာ သွယ်ဆင်းသွားသည့် မျက်နှ...
ဘာတစ်ခုမှ ရိုတ်သိမ်းပြုပြင်ထားခြင်း မရှိသည့် နှုတ်ခမ်းမွေး ပါးသို...
မွေးတွေကြောင့် ရိုးမအသွင်က တစ်မျိုးဖြစ်နေပေမယ့် တည်ကြ...
ခန့်ညား ချောမွေ့သောအသွင်ကတော့ ပျောက်ကွယ်သွားခြင်း မရှိ...

ရိုးမကတော့ သူ့ကို ဘာစကားမှ မပြောဘဲ ငြိမ်နေသည့် အ...
ကိုကြည့်ကာ အသည်းယားနေမိသည်။ စင်သီယာတို့နှင့်အတူ အ...
ပါလာမည်ဆိုကတည်းက သူ အိပ်မပျော်။ ချစ်ရသူကို တစ်ချိန်...
သတိရလွမ်းဆွတ်နေသည့် သူ့အဖြစ်တွေကို ဘယ်သူမှမသိ။ သူ့...
မသိဟန်ဆောင်နေသော အစောမျက်နှာလေးကို တစ်ချိန်လုံး ခိုးကြ...
ရင်း သူ့ရင်တွေ တဖျက်ဖျတ် ခုန်နေတာကို ဘယ်သူမှ မရိပ်မိအော...
မနည်းဟန်လုပ် ဘရိတ်အုပ်နေခဲ့ရသည်။

အခုတော့ သူနဲ့အစော နှစ်ယောက်ချင်း တွေ့ခွင့်ရပေပြီ။ ထိုအ...
အနေ ထိုအခွင့်အရေးကို ဖန်တီးပေးသည့် စင်သီယာကိုလည်း ကျေးဇူး...
တင်မဆုံး။ လှပသော အစောမျက်နှာလေးကို မြတ်နိုးစွာ စူးစိုက်ကြ...
လိုက်သည်။





"အစော"

"ရှင်"

"တို့ကို ဘာစကားမှ မပြောချင်လောက်အောင် မုန်းနေပြီလား"

မေးမေးပြောပြောနှင့် လှမ်းလက်စ ခြေလှမ်းကိုရပ်ပြီး အစောနှင့်
...ျက်နှာချင်းဆိုင်လိုက်သည်။ သူ့ကို အစော အသာမော့ကြည့်၍
...ခေါင်းခါလိုက်သည်။

"ရိုးမ ထင်သလို မဟုတ်ပါဘူး။ အစော ကျူးလွန်ခဲ့တဲ့ အပြစ်
...အတွက် ရိုးကို ဘယ်လိုတောင်းပန်ရမလဲဆိုတာ စဉ်းစားနေမိလို့ပါ"

"အစောကို ခွင့်လွှတ်ပါ"

"ဘယ်လို ခွင့်လွှတ်ရမှာလဲ"

"ရှင်"

"ကိုယ် မင်းကို သိပ်ချစ်တယ် အစော၊ ကိုယ်လိုချင်တဲ့ အချစ်ကို
...ခင်းဆီက မရမချင်း ကိုယ်ဘက်က အချစ်တွေ မထိန်းနိုင် မသိမ်းနိုင်
အမြဲပေါက်ကွဲနေဦးမှာပဲဆိုတာ မင်း မသိလို့လား"

လှိုက်မောသော သူ့အသံက တိုးရှိုက်နှင့်မောလျက် အစော
...မျက်နှာကို ငုံ့မိုး စူးစိုက်ကြည့်နေသည် ရွှန်းလက်သည့် မျက်ဝန်းအစုံက
...တမ်းတမ်းတတ။

"ကိုယ့်ကို ချစ်တယ်လို့ပြောပါ အစော"

"ရှင် အစောကို စိတ်မနာဘူးလား"

"အစော"

"အို"

"ချစ်တယ် အစောရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ တင်းကျပ်စွာ နှောင်ဖွဲ့လာသူ၏ ရင်ခွင်ထဲမှာ အစော ရုန်းဖယ်နိုင်ခြင်း မရှိတော့ပါ။ တန်းတန်းမတ်မတ် ကျရောက်လာသည့် ချစ်အနမ်းတွေအောက်မှာ အစောရဲ့ မာန်တင်းဟန်ဆောင်ထားသမျှ အချစ်တံတိုင်းလေး လဲကျပြိုပျက်သွားသည်။

"ချစ်တယ်နော်"

"အင်း"

"ကိုယ် သိပ်ချစ်တာပဲ အချစ်ရယ်"

"အိုကွယ်"

လွှမ်းသမျှ အတိုးချ ချစ်အနမ်းတွေက အစောကို စကားဆိုရန်ခွင့်မပြု။ နုနယ်သော နှလုံးသား၏ အလိုကို လိုက်မိပြီးနောက်မှာ အစောဦးနှောက် အသိဉာဏ်များကို မေ့ထားလိုက်သည်။

"ကိုယ်တို့ အမြန်ဆုံး လက်ထပ်ကြမယ်နော်"

"ဖြည်းဖြည်းပေါ့"

"ဘာဖြစ်လို့လဲ"

"နန်းခမ်းမွှန်နဲ့ ကိုယ်..."

"သူနဲ့ကိုယ် ဘာမှမဆိုင်ဘူး"

"ဘာပဲပြောပြော ကိုယ်တို့က လူကြီးချင်း သဘောတူထားကြတာပဲ"

ရီးမက အစောမျက်နှာကို စိုက်ကြည့်တော့ အစောက သူ့ကို ချစ်စရာကောင်းအောင် ပြုံးကြည့်နေ၍ သူ အသည်းယားသွားသည်။

"ကိုယ့်ကို သိပ်အသည်းယားအောင် မလုပ်နဲ့နော်၊ စိတ်မထိန်းနိုင်ရင် ခက်ကုန်မယ်"

"ကြောက်စရာကြီးပါလား"

"မယုံဘူးပေါ့"

"အစော အဲဒီလို ပြောနေလို့လား"

"မပြောလည်း အစောအကြည့်ကို ကိုယ်သိတယ်"

"လာခဲ့"

"ဟေး... ကို"

အစောက ရီးမကိုယ်ကြီးကို လက်သီးဆုပ်လေးတွေနှင့် နာကျင်အောင် ထုရိုက်တော့ သူက ရယ်သည်။ အစောက သူ့မျက်နှာကို ...ဘဲ့မကြည့်ရဲတော့။

"သွား... သွား... ကို သိပ်ဆိုးတယ်သိလား"

"ဒါကြောင့် လက်ထပ်မယ်လို့ ပြောတာ"

"သိပ်ချစ်နေပြီကွ၊ ကိုယ့်ချစ်သူနဲ့ တစ်နာရီ တစ်စက္ကန့်မှ ခွဲမနေ...ချင်တော့ဘူး ဒီကပြန်ရင် ကိုကို့ကို ကိုယ်တို့ကိစ္စ ဖွင့်ပြောလိုက်တော့...ယ်"

"အစော သဘောမတူဘူးနော်"

"ဘာဖြစ်လို့လဲ"

"အို အခုချစ်သူဖြစ်၊ အခု လက်ထပ်ရမယ်လို့ ရီးကို ဘယ်သူ...ပြောလဲ"

"သူက ပြောတာ"

ရီးမက သူ့နှလုံးသားနေရာကို လက်ထောက်ပြီးတော့ အစော...ိုင်းခနဲ့ မျက်စောင်းထိုးသည်။

"အစောက ကိုယ်ကို တကယ် မချစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြန်ပြီ"

"မဟုတ်လို့လား၊ ကို့ကို တကယ်ချစ်ရင် ကိုယ့်ချစ်သူအလိုကို လိုက်ရမှာ အစောတာဝန်ပဲ"

"နန်းခမ်းမွန်ကိစ္စ အရင်ရှင်းပါဦး ကိုရယ်၊ နောက်မှ အစောတို့ မင်္ဂလာကိစ္စ စဉ်းစားကြတာပေါ့နော်"

"ကောင်းပြီ၊ မင်္ဂလာကိစ္စကို နောက်ရွှေ့တာကို လက်ခံတယ် အချစ်ကိစ္စကို နောက်မဆုတ်တော့ဘူး"

"အို… ကို"

"မိုးတွေ ရွာလာပြီ"

"လာ… လာ ကို့နောက်လိုက်ခဲ့"

အချစ်သည်းနေသူကို တားမရ စီးမရ ဖြစ်နေတုန်း၊ မိုးက ဝေါခနဲ ရွာချသဖြင့် နှစ်ယောက်အတူ မိုးလွတ်ရာသို့ ပြေးခိုဝင်မိသည့် နေရာက ရိုးမစိတ်ကြိုက် စုဆောင်းထားသည့် သစ်ခွအိမ်ကလေး ဖြစ်နေသည်။

"ဟယ်… ပန်းတွေလှလိုက်တာ ကိုရယ်"

"ပန်းရဲ့ သခင်ကရော မလှဘူးလား"

ရိုးမက သူ့မျက်နှာကို အစောရှေ့ လာရပ်ပြတော့ အစောရယ် လိုက်သည်။

"ဒီရုပ်ကြီးက လှလား ကြည့်ပါဦး၊ မျက်နှာမှာ အမွေးအမျှင် တွေနဲ့ ဖြစ်ချင်တိုင်း ဖြစ်နေလိုက်တာ၊ ကိုယ့်ရုပ်ကိုယ် မှန်ထဲ ပြန်ကြည့် ကြည့်ဦး"

"ကြည့်မယ်… လာ"





"ကိုနော်… တော်ပြီဆို"

"အို"

ရိုးမက သူ့နယ်လည်းဖြစ်၊ နှစ်ယောက်တည်း လွတ်လပ်နေသည့် အချိန်မှာ စိတ်ကို ချုပ်တည်း မျိုသိပ်ထားသမျှ သူ့စိတ်ကြိုက် ချစ်ခွင့် ရသည်နှင့် အချစ်ကြမ်း၊ အချစ်သရမ်းနေ၍ အစောမှာ သူ့ရင်ခွင်ထဲ ချစ်စရာ ယမင်းရုပ်အဖြစ် ရုန်းမရ ဖယ်မရ သူပြုသမျှ နှမှန်းမသိ နေရသူ ဖြစ်နေ၏။

"အို… တော်ပြီကွယ်"

"ကိုယ့်ကို အစောချစ်တယ်ဆို"

"ချစ်တာတော့ ချစ်တာပေါ့ကွယ်… ဒါပေမယ့်"

"ဒီလောက်ဆို တော်ပြီ၊ အစော ချစ်သူဘဝမှာ ချစ်သူလို နေတာလောက်တော့ အစော ခွင့်ပြုသင့်ပါတယ်"

ရိုးမက တားမရ။

အစောမှာသာ မျက်လုံးလေး တဝိုင်းဝိုင်းနှင့် ရိုးမ၏ ထက်သန် လိုက်လှဲသော အချစ်လှိုင်းထဲ အလန့်တကြား လိုက်ပါရင်း သူ့ကိုယ် ကြီးကို ထုရိုက် ရုန်းဖယ်ပစ်နေမိသည်။ အပြင်မှာ မိုးက သည်းနေသလို လေကလည်း ထန်နေ၏။ ကြမ်းတမ်းသော ရာသီဥတု အသွင်ပြောင်း သွားသလို သစ်ခွအိမ်လေးထဲ ချစ်သူနှစ်ဦးမှာလည်း ချစ်အနမ်းတွေ အပြိုပြိုအလဲလဲနှင့် နှစ်ယောက်တည်း ရက်ရက်သည်းသည်း ဖြစ်သွား သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

နှန်းခမ်းမွှန်နှင့် မင်္ဂလာကိစ္စကို နှစ်ဦးသဘောတူ ဖျက်သိမ်းလို
ရပေမယ့် စီးပွားရေးကိစ္စကို အရင်အတိုင်း ဘာတစ်ခုမှ အပြောင်းအ
မရှိပါဆို၍ စိုင်းညီလာ ကျေနပ်လိုက်သည်။ နှန်းခမ်းမွှန်ကို သူ့မိ
တွေက နိုင်ငံခြားကိုပို့ရန် ပြင်ဆင်နေစဉ်မှာပဲ ခရမ်းက သူ့သဘော
သူ နှန်းခမ်းမွှန်ကို ခိုးပြေးသွား၍ သတင်းစာထဲမှာ အမေပြတ် စွန့်လွှ
ခြင်းသတင်းတွေ အဆက်မပြတ်ပါလာသည်။

တစ်ဦးတည်းသော သမီးဖြစ်၍ ဒေါ်သကို လှူဥပါဟု နှန်းခ
မွှန် မိဘတွေကို မိတ်ဆွေ အပေါင်းအသင်းတွေ တိုက်တွန်းကြ သတိ
ကြနှင့် ဖြစ်နေချိန်မှာ ရိုးမက သူဖြစ်တာ ဖြစ်ခွင့်ရသည့် ကံတရားအ
ကျေးဇူး အထပ်ထပ် တင်နေသည်။

"ဒါပဲနော်… ဒေဝီ မင်္ဂလာပွဲက အရင်နီးသွားလို့ ဒေဝီမင်္ဂလ
ပြီးတာနဲ့ ကိုယ်တို့ကိစ္စကို ကိုကိုသိအောင် ဖွင့်ပြောလိုက်တော့မယ်"

"ကို့ သဘော"

"တကယ်လား"





"ကိုနော်… ဒီမှာ အလှတွေ ပြင်ထားတာမြင်လား၊ ပျက်ကုန်
လို့ကတော့ ကို့ကို ဘယ်တော့မှ မခေါ်တော့ဘူးသိလား"

နှုတ်ခမ်းလေးစူ၍ သူ့ကို မကြည့်သလိုလေး ရန်တွေ့နေသည့်
ချစ်သူမျက်နှာလေးကိုသာမက ချစ်သူကိုယ်လုံးလေးကို မကျေနပ်သလို
မျက်လုံးအစုံဖြင့် စူးစိုက်ကြည့်မိသူက ရိုးမ။ ဒေဝီ မင်္ဂလာညစာစားပွဲကို
ဝန်းညီလာခြံကြီးထဲမှာ ကျင်းပသည့်အတွက် တစ်အိမ်လုံး အလုပ်ရှုပ်
နေကြ၍ ဘယ်သူမှ အစောနှင့် ရိုးမကို သတိမထားမိ။ သတို့သား
ဘက်က မိဘဆွေမျိုးတွေ တရုန်းရုန်း၊ ပြင်ကြ၊ ဆင်ကြ။ စည်ကား
ရှုပ်ထွေးနေချိန်မှာ ရိုးမက သူ့ချစ်သူ အချောအလှကို လူကြည့်ခံရတိုင်း
နောလို ဝန်တိုခြင်းတွေနှင့် ဒေါ်သမုန်တိုင်း ထန်နေသူကြောင့် စိတ်
အနှောင့်အယှက် ဖြစ်နေရသည့် အစောက ရိုးမကို နှုတ်ခမ်းစူနေသည်။

"အလှတွေကလည်း၊ ပြင်ထားလိုက်တာ… ဘာကိစ္စ ဒီလောက်
ပြင်ဆင်ထားရတာလဲ ကိုယ့်မှာ ရည်းစားတစ်ယောက်လုံး ရှိနေတာ
လည်း သတိရဦး"

"ကိုနော်… အစောကိုလာပြီး ပြဿနာရှာမနေနဲ့။ ဒါ မင်္ဂလာ
ညစာစားပွဲရှင်… ညစာစားပွဲနဲ့လိုက်ဖက်အောင်တော့ မိန်းကလေးပီပီ ပြင်ရ
ဆင်ရသေးတာပေါ့ သိလား"

"တော်ကြာ သတို့သမီးနဲ့ မှားနေမှာစိုးလို့ ပြောတာ…"

"မှားတော့ ကောင်းတာပေါ့"

"မင်းနော် ကိုယ့်ကို ဒေါ်သဖြစ်အောင် လုပ်နေတာလား"

"ကိုယ်က အစောကို ဒေါ်သဖြစ်အောင် လုပ်နေတာတော့
သည့်မပြောတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ… တော်ပြီ မင်းဘာသာ လှူကြည့်ချင်လို့ လုပ်... ဆို ကြိုက်သလိုသာလုပ်"

"ကို"

အစောလှမ်းခေါ်ပေမယ့် ရိုးမကလှည့်မကြည့် ယောကျ်ားဖြ... အစောကို သူက အရင်ဦးအောင် စိတ်ကောက်၍ ထွက်သွားသ... ကြည့်ပြီး အစောမှာ စိတ်ဆိုးဒေါသဖြစ်ရမှာလား။ ဒီလောက် သ... မနာလို ဖြစ်နေတာကိုပဲ ကြည်နူးရယ်မောဖြစ်လိုက်ရမှာလားမသိ... စိတ်မကြည်မသာနှင့် ကျန်ရစ်ခဲ့သည်။

"မိန်းကလေးက စိတ်မကောက်ရဘူး ယောကျ်ားဖြစ်တဲ့ သ... ချည်း စိတ်ကောက်နေတာ ကောက်ပါစေ၊ ဘယ်တော့မှ ပြန်မချော... ပွန်း"

တစ်ယောက်တည်း ရန်တွေ့စကားဆိုရင်း မှန်ထဲက သူ့မပုံရိပ်... ကြည့်လိုက်တော့ ပန်းဖျော့ရောင်နုနုနှင့် အချိုးကျလှပစွာ ...ာထားသ... ဧည့်ခံပွဲဝတ်စုံနှင့် အလွန်လှပသော မိန်းကလေးတစ်ယေ...က် အစော... ပြန်ကြည့်နေတာနှင့် တူသည်။ ဒီဝတ်စုံကို ဖန်တီးစီစဉ်ပေးသ... စင်သီယာဖြစ်သည်။ ဒေဝီမင်္ဂလာပွဲက ပန်းညီလာမှာ တစ်ကြိမ်၊ ရန်... က ဆီဒိုးနားမှာ တစ်ကြိမ် ကျင်းပမည်ဖြစ်သည်။

မင်္ဂလာဆွမ်းကျွေးကို နာမည်ကြီး ဘုန်းကြီးကျောင်းမှာ ကျ... ပေမယ့် ညပိုင်းပွဲကိုတော့ လူငယ်တွေ လွတ်လပ်ပေါ့ပါးစွာ ပျော်... နိုင်ရန် အစီအစဉ်တိုလည်း အသောက်အစားလေးများ၊ အကလေး... ထည့်ထားသဖြင့် လူတွေအားလုံး ပျော်ရမည့်ပွဲဖြစ်ပေမယ့် ချစ်သ... စိတ်ကောက်သွား၍ အစော မပျော်နိုင် ဖြစ်သွားသည်။

ပွဲက လူများသလို စည်ကားသည်။

ထိုသူတွေထဲမှာ အစောအလှက တစ်မျိုးထင်ရှား တောက်ပနေ...ကိုတော့ ဖုံးဖိထားလို့မရ။ မနက်ခင်း ဘုန်းကြီးကျောင်းမှာ ကျင်းပ...သည့် မင်္ဂလာဆွမ်းကပ်ကတည်းက အစောကို စိတ်ဝင်စားကြသူတွေ...ာဟ်ပုံ ခိုးရိုက်သူတွေ အကြောင်းမရှိ အကြောင်းရှာပြီး မိတ်ဆက်စကား...ကြသူတွေကြောင့် ရိုးမ မျက်နှာက မကြည်။

အလှူရှင်မှန်းသိအောင် မဏ္ဍပ်တိုင် တက်ပြချင်နေ၍ အစော...မှာ ရိုးမ ကြာကြာနေပြန်တော့လည်း အစောက မကြိုက်။ သူ့နားက...သွား၍ ကြာတော့ ရိုးမက အစောလုပ်သမျှ ဒီအတိုင်း လက်ပိုက်...ည့်ရင်း ဒေါသတွေ လိုမ့်ထွက်နေသည်မှာ ပြီးသည့်အချိန်ထိ ဖြစ်...သည်။

"လက်ထပ်ပြီး ဒီလိုမျိုးလာလုပ်လို့ကတော့ ဆောရီးပဲ၊ လုံးဝ...ပြုမှာ မဟုတ်ဘူးဆိုတာ အခုကတည်းက ကြိုပြောထားမယ်"

အလှပြင်တာ မကြိုက်သူနှင့် မိန်းကလေးပီပီ အလှကြိုက်မလေး...ာတို့ကြားက ပြဿနာက ဘယ်လိုမှ ညှိနိုင်းလို့မရ။

"မိန်းကလေး အလှကြိုက်တာ မသိဘူးလား"

"မသိဘူး"

"မသိရင် အခုကတည်းက လက်ထပ်ဖို့ မစဉ်းစားနဲ့၊ ရှင်ခွင့်ပြုပြု...ပြုပြု အစောက လှချင်တဲ့သူ၊ ကိုယ့်ကိုကိုယ် လှအောင် ပြင်မှာပဲ"

ကျိတ်ပြီး နှစ်ယောက်ရန်ဖြစ်နေကြပေမယ့် ဧည့်သည်တွေရှေ့မှာ...ာ မျက်နှာကို ကိုယ်စီပြုံးထားကြသည်။ ရိုးမနားမှာ အချိုးသမီး...သတ်များသလို အစောနားရှိနေကြသူတွေကလည်း ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



အများစုဖြစ်၍ တစ်ယောက်ကိုတစ်ယောက် ဒေါသဖြစ်နေကြသည် မင်္ဂလာဆည်ခံပွဲက ထင်တာထက်ပိုပြီး စည်ကားသလို အားလုံးပျော် ကြသဖြင့် စကြနောက်ကြ ရယ်မောကြနှင့် သတို့သား သတို့သမီး မှာ ခည့်ပရိသတ်တို့ ရှုပ်ထွေးနေရှိန်။ စိုင်းညီလာက သူ့မျက်စိရှေ့ မြင်တွေ့နေရသည့် အစော၏ ချစ်စရာကောင်းအောင် လှပနေ အပြုံးမျက်နှာလေးကို လူအလစ်မှာ နစ်နစ်သည်းသည်း စူးစိုက်ကြည့် သူ့ရင်ထဲက အချစ်တွေ ထိန်းချုပ်ရခက်အောင် လှုပ်ရှားနေသည်

မဖြစ်သင့်ဘူးဆိုတာလည်း သိသည်။

မချစ်သင့်ဖူးဆိုတာလည်း နားလည်သည်။ ဦးနှောက် တရား၏ ထိန်းချုပ်မှုကြောင့် သူ့ကိုယ်သူ သတိလက်လွတ် ဖြစ်မ အောင် ကြိုးစားနေခဲ့ပေမယ့် အစောအကြောင်း စဉ်းစားမိသည် စိုင်းညီလာ အတွေးအာရုံထဲက သူမပုံရိပ်က သူ့နှလုံးအထိ စူးရှ နစ်ဝင်သွားတတ်သည်က ခက်နေသည်။ စင်သီယာကို သူ့ရင်ထဲ ခံစားချက်တွေ ဖွင့်ပြောနေတုန်းကလည်း သူ့ကိုယ်သူ မတရား သိသည်။

သူ့အပေါ် အစစအရာရာ နားလည်သည့် မိန်းမတစ်ယော အပေါ် လိုတာထက်ပိုပြီး အခွင့်အရေး ယူနေမိတာလည်း သူနား သည်။ အိမ်ထောင်ရှိ ယောကျ်ားတစ်ယောက်က အပျိုစင် မိန်းမ တစ်ယောက်ကို နှောက်ထပ် မချစ်သင့်မှန်း သိသိနှင့် အစော သူချစ်မိပုံက ဆယ်ကျော်သက်အရွယ် လူငယ်တစ်ယောက် ခံစား မျိုး ဖြစ်နေတာတော့ သူလည်း မတတ်နိုင်။

အစောကို သူချစ်သည်။





ဘယ်လို အချစ်မျိုးနှင့် ချစ်နေသည်။ ဘယ်လောက်အထိ မြတ်နိုး စွဲလမ်းနေသည်ကို အတိအကျ ခွဲခြားဖော်ပြနိုင်စွမ်း မရှိတော့ အစော ပျော်လျှင် သူပျော်သည်။ အစောငိုလျှင် သူငိုချင်သည်။ အစောမျက်နှာ လေးကို ထာဝရ ကြည့်နေချင်သည်။ အစောရှိနေလျှင် သူ့ဘဝ ပြီးပြည့် စုံသလို ခံစားရသည်။ အစောရှိသည့်အရပ်မှာ သူနေချင်သည်။ အစော မရှိသည့် နေရာမှာ သူရှိမနေချင်သည့်အထိ စိုင်းညီလာရင်ထဲက ခံစား ချက်တွေက သူ့ကိုယ်တိုင် သူ့ကိုယ်သူ လိုက်မမီနိုင်သည့်အထိ။ နူးရှ လှုပနေသည်။ ထူးခြားဆန်းပြားနေသည်။

ဒီနေ့မှာတော့ အစောကို ပိုင်ဆိုင်ချင်စိတ်က သူ့ကိုယ်တိုင် တား မရ ဆီးမရ ဖြစ်နေသည်။ အစောကိုသာ ပိုင်ဆိုင်ခွင့် ရမည်ဆိုလျှင် ဘာပဲ လုပ်ရလုပ်ရ။ ဘာတွေဖြစ်ဖြစ် ဂရုမစိုက်ချင်တော့သည်အထိ ရင်ခုန်သံတွေ လှိုင်းထန်နေ၍ အရက်တွေ တစ်ခွက်ပြီးတစ်ခွက် ဆင့် သောက်မိသည်။

သူ့နားမှာ အရင်လို ထိန်းသိမ်းပေးမည့် စင်သီယာလည်း မရှိ။ ဧည့်သည်တွေနှင့် အလုပ်များနေ၍ စိုင်းညီလာကို မကြည့်နိုင်။ ဂရု စိုက်နိုင် ဖြစ်နေတော့ ပိုဆိုးသည်။

“ချစ်တယ် အစောရယ်”

မင်းကို ကိုစိုင်း ချစ်တယ်။

လာနှုတ်ဆက်သူတွေကို ဟန်မပျက် ရယ်မောနှုတ်ဆက် နေပေ ယ့် စိုင်းညီလာအာရုံကို ဖမ်းစားထားသူက အစောဖြစ်နေသည့် တွက်လည်း သူ့ကိုယ်သူ သဘောကျစွာ တစ်ယောက်တည်း ခပ်ဟက်ဟက် ရယ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်း ရှုးနေပြီ စိုင်းညီလာရယ်။

မင်း ရှုးနေပြီ။

သူ့ကိုယ်သူ လှောင်ပြုံးပြုံးရင်း လူတွေနှင့် ဝေးရာကို တ ယောက်တည်း ခွဲထွက်လာခဲ့သည်။ အစောကို ဆက်မြင်နေရလျှ ကြာလေခက်လေဖြစ်တော့မည် သူ့အဖြစ်ကို သူသိသည်။ ခြံထောင့် ခုံတန်းလေးမှာ ထိုင်ပြီး မိုးကောင်းကင်ကြီးကို မော့ကြည့်မိသည်။

ဒီနေ့ လသာနေသည်။ ကြည်လင် ရှင်းသန့်နေသော ကော ကင်မှာ ဝင်းစက်စွာ သာနေသည့် လမင်း၊ အစောမျက်နှာနှင့် တူသ အစောအလှကို မြင်သူတိုင်း ငြိမ်းအေးစေသော အလှဖြစ်၍ အစော မြင်မြင်ခြင်း နှစ်ခြိုက်သဘောကျမိရာက ချစ်ခင်စွဲလမ်းလာမိသည်

သူနှစ်သက် မြတ်နိုးသော အရာအဖြစ် အစောကို ဖန်ပေ ချောင်ထဲမှာ ပိတ်သိမ်းပြီး အပိုင်သိမ်းထားချင်ပေမယ့် သက်မဲ့ အ လေးမဟုတ်။ သက်ရှိလူသား မိန်းမလှလေးဖြစ်နေ၍ စိုင်းညီ ဆန္ဒရှိတိုင်း ဘာမှလုပ်၍ မရ။ သူသာ အိမ်ထောင်မရှိသော လူ လူလွတ်တစ်ယောက်ဆိုလျှင် အခုချိန်ဆို အစောကို သူ့ရင်ခွင်မှာ အ သိမ်းထားပြီးလောက်ပြီဆိုတာ သူပဲသိသည်။

အစောဆိုတဲ့ မိန်းမလှလေးရယ်။

ဘယ်ဘဝက ရေးစက်ဟု သူ မသိ။ ရင်ထဲမှာ ငြိတွယ် သော နှလုံးသားခံစားချက်က သူ့ရင်ကို အပြင်းထန်ဆုံး ရိုက်ခတ် သည်က အမှန်ဖြစ်သည်။

"ဩော်… ကိုစိုင်းက ဒီရောက်နေတာကိုး"

"အစော"





စိုင်းညီလာ အံ့ဩသွားသည်။

မိုးပေါ်က ကျလာသည့် နတ်သမီးကို မမြင်ဖူး၍ ထိုနတ်သမီး ဘယ်လောက်ချောသည်။ လှသည်ဆိုတာ သူ မသိ။ သူ့မျက်စိရှေ့မှာ မြင်တွေ့နေရသည့် အစော၏ အလှကတော့ သူ့ရင်ကို ဖော်မပြနိုင်သော သုပ်ခပ်မှု ပေးစွမ်းနေသူဖြစ်၍ လရောင်အောက်မှာ ရွှန်းရွှန်းစက်စက် လှချင်တိုင်း လှနေသော အစောကိုကြည့်ပြီး သူ အသက်ရှုဖို့ မေ့သွား သည်။

အစောကို မတွေ့အောင် ရှောင်နေမှ အစောက သူမျက်စိရှေ့ တည့်တည့်ကို ရောက်လာသည်။ ဘယ်နတ်မင်းက ကျီစယ်နေသည် သိ။

"ဆော်ရီးနော် ကိုစိုင်း၊ အစောလည်း ခေါင်းနည်းနည်းမူးလာလို့ ဒီဘက်ထွက်လာတာ အစော သွားဦးမယ်"

"ကိုယ်လည်း အခုသွားတော့မှာပါ အစော"

"အစောကြောင့်ဆိုရင်တော့ မသွားပါနဲ့ ကိုစိုင်း ဒီမှာပဲနေပါ"

အစောထံမှ အားတုံ့အားနာ စကားသံလေးကို ကြားရ၍ သူပြုံး လိုက်သည်။ အစောကြောင့်ဆိုရင်တဲ့။ အင်း… အစောဆိုတဲ့ မိန်း ကလေးက ဘာကြောင့်များ ဒီလောက်ရင်ခုန် စိတ်လှုပ်ရှားစရာ ကောင်း နေရတာပါလိမ့်။

"အစောကြောင့် မဟုတ်ပါဘူး။ အစောသာ ကိုယ်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်သွားမှာ စိုးတာပါ"

စိုင်းညီလာ စကားကြောင့် အစော ပြုံးလိုက်သည်။ အမှန်တကယ် တော့ စိုင်းညီလာကို မျှော်လင့်မထားဘဲ ဒီနေရာမှာ တွေ့လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



တာကိုက အစောအတွက် စိတ်အနှောင့်အယှက်ဖြစ်ရတာ မဟုတ်လား။

"ကိုယ်တို့လည်း တော်တော် ရေစက်ရှိတယ်ထင်တယ်၊ မထင်မှတ်ဘဲ စိတ်ချင်းတိုက်ဆိုင်ပြီး ဒီနေရာလေးမှာ လာဆုံဖြစ်နေတယ်"

ရယ်ရယ်မောမောနှင့် စိုင်းညီလာက နေရာက ထရပ်လိုက်၍ သူ့အရိပ်ကြီးက အစောကိုယ်လေးကို မိုးသွားသည်။ လကို ရှုန်းမြှုသာနေသလို အလွန်လှပသော မိန်းကလေးက သူ့ရင်ထဲ တိတ်တခိုးချစ်မြတ်နိုးနေသူအဖြစ် သူ့နားမှာ အတူနီးကပ်စွာ ရှိနေခြင်းကရစ်ရွေရည် အတော်တော်များများ သောက်ထားသည့် စိုင်းညီလာရင်ထဲက အချစ်စိတ်ကို သူ့အလိုလို ရုန်းကြွဖို့ ဖြစ်နေ၏။

ထိုကြောင့် တောက်ပရှန်းစိုသော မျက်ဝန်းအစုံဖြင့် အစောမျက်နှာလေးကို အမြတ်တနိုး ငုံ့မိုးစူးစိုက်ကြည့်လိုက်မိသည်။ အစောကတော့ သူ့ကို မကြည့်။ တိုက်တိုက်ဆိုင်ဆိုင် စိုင်းညီလာနှင့် လာဆုံနေရတာကို စိတ်ညစ်ပြီးနေရာက ဘယ်လိုလွတ်အောင် ပြေးရမလည်းဆိုတာသာ တွေးနေမိသည်။

"သေချာတွေးကြည့်ရင် အစော ကိုယ်တို့အိမ်ကို ရောက်လာတာကိုက ဘယ်လောက်ထူးဆန်းလဲ တကယ်ဆို ကိုယ်တို့အိမ်ကို ရောက်လာရမှာက အစောရဲ့ မမ မဟုတ်လား"

"ကိုစိုင်းက မမကို သိတယ်"

"သိတာပေါ့၊ ဒါကြောင့် အစောရောက်လာတော့ ကိုယ်သိပ်အံ့သြနေတာ"

မရည်ရွယ်ဘဲ စကားပြောရင်း လမ်းအတူတူ လျှောက်ဖြစ်ကြရာက အစော စိုင်းညီလာ မျက်နှာကို မော့ကြည့်လိုက်မိသည်နှင့်





တိုက်ဆိုင်စွာ အစောကို ငုံ့ကြည့်နေသော သူ့မျက်ဝန်းတွေနှင့် ရှုန်းလက်း ဆုံမိသည်။

"အစော"

"ရှင်"

"အစောစိတ်ထဲမှာ ကိုယ့်ကို ဘယ်လိုလူလို့ ထင်သလဲ"

"ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ယောက်လို့ ထင်ပါတယ်"

"အဟွန်း… ဟွန်း… ဟွန့်"

"ကြည့်ပါဦးဗျာ အစောက လူတင် လှတာမဟုတ်ဘူး။ စကားပြောတာကလည်း ချစ်စရာကောင်းတယ်။ ဒါတွေကြောင့် အစောကိုယ်သဘောကျတာ ထင်တယ်။ ဪ… နေဦး… ကိုယ်အစောကိုပေးစရာရှိတယ်… ဒီမှာ"

"အို… ဒါကဘာလဲ"

သူ့မျက်စိရှေ့မှာတင် သူ့လက်မှာ ဝတ်ထားသည့် စိန်လက်စွပ်ကိုချွတ်ပြီး အစောကို လှမ်းပေးလာသည့်အတွက် အစော လန့်သွားကာကိုယ်လေးပါ တွန့်ခနဲ ဖြစ်သွားသည်။

"ကိုယ့်လက်စွပ်လေ၊ ဒီလက်စွပ်လေးကို ဟိုအရင်ထဲက အစောကို ပေးမယ်လို့ ဆုံးဖြတ်ထားတာ အတိအကျပြောရရင် ဒီလက်စွပ်ပိုင်ရှင်က ကိုယ့်မေမေပေါ့။ အခုတော့ အစောလက်စွပ် ဖြစ်သွားပြီး"

"အို… မဟုတ်တာ၊ ဒီလောက် တန်ဖိုးကြီးတာ အစော မယူပါစေနဲ့ ယူလို့လည်း မသင့်တော်ပါဘူးရှင်၊ ကိုစိုင်းလက်စွပ်ကို ကိုစိုင်းဘာသာပဲ ပြန်သိမ်းထားပါ"



www.burmeseclassic.com

www.burmeseclassic.com



ဘာမဆိုင် ညာမဆိုင် သူ့အမေပိုင် စိန်လက်စွပ်ကို အစော
လာပေးနေသူကို ကြည့်ပြီး အစော လန့်လာသည်။ သူလုပ်နေပုံမှာ
လူကောင်းတစ်ယောက် သာမန်လုပ်ရပ် မဟုတ်၍ အစော
ပိုကြောက်လာသည်။ ရီးမကို စိတ်ဆိုးပြီး လူရှင်းသည့်နေရာကို
လာသည့် အစောအမှားကို အခုမှ နောင်တရနေသည်။

"ကိုယ်ကပေးရင် ယူမှကြိုက်တယ်၊ ကိုယ်ပေးတာကို ငြင်း
တို့ လက်မခံတာတို့ကို ကိုယ်ဘယ်လောက် မုန်းလဲ အစောသိလား"

"ရော့… ယူပါ၊ ဒီလက်စွပ်ပိုင်ရှင်ဟာ အစောပဲ ဖြစ်ရမယ်
ကိုယ်ဆုံးဖြတ်ထားပြီးသား။ အစောမယူရင် ကိုယ်သဘောနဲ့ကိုယ်
ပေးရလိမ့်မယ်"

"အို… အစောလက်ကို လွှတ်ပါ"

"ရှူး… မအော်နဲ့လေ၊ တော်ကြာလူတွေက ကိုယ်တို့ကို တ
ထင်နေပါ့မယ်"

စိုင်းညီလာစကားကြောင့် သူမလက်ကလေး တစ်ဖက်ကို
ပိုင်နိုင်းဆွဲပြီး သူပေးချင်နေသည့် လက်စွပ်ကို ဖွတ်အတင်း ဝတ်
သည့် သူ့လက်က သူမလက်လေးကို ဖွတ်ရုန်းနေရာက လ
ရပ်သွားတော့ သူက ရယ်သည်။

"ဘယ်လိုလဲ ကိုယ်ပြောတာနဲ့တင် ကြောက်သွားပြီလား"

"ကြည့်စမ်း… အစောလက်ကလေးနဲ့ ဘယ်လောက်လ
ချတ်မပစ်နဲ့နော်၊ ကိုယ်ပြောနေတဲ့ကြားက ကိုယ်မကြိုက်တာကို လုပ်
ကိုယ်ကလည်း အစော မကြိုက်တာကို ဖွတ်လုပ်ပစ်မိလိမ့်မယ်
တယ်"





"အစောရေ"

"ဟော့… ဟိုမှာ အစောကို လိုက်ရှာနေကြပြီ… သွား…
သွား"

စိုင်းညီလာက အစောကို စေ့စေ့စူးစူး အမြတ်တနိုး ငေးမောကြည့်
နေရာက အစောလက်ကလေးကို လွှတ်လိုက်သည်နှင့် နေရာက သမင်
ငလေးတစ်ကောက်လို လှစ်ခနဲ ပြေးထွက်သွားသူက အစောဖြစ်သည်။
စိုင်းညီလာက သူ့မျက်စိရှေ့က ပြေးထွက်သွားသည့် အစောကို ကြည့်
ရင်း သူလုပ်ချင်တာ လုပ်ခွင့်ရလိုက်၍ ကျေနပ်နှစ်သိမ့်သော ရယ်ခြင်းဖြင့်
ချစ်စနိုး ရယ်မောလိုက်သံက သူ့ဝန်းကျင်မှာ ပြန့်လွင့်ကျန်ခဲ့သည်။

အစောမှာသာ မူးမူးရူးရူးနှင့် အစောလက်ကို ဆွဲပြီး သူ့သဘော
နှင့်သူ အစောကို လက်စွပ် ဖွတ်အတင်းဝတ်ပေးလိုက်သည့် စိုင်းညီလာ
ကို စိတ်ဆိုးဒေါသဖြစ်ဖြစ်နှင့် ဘာလုပ်၍ လုပ်ရမှန်းမသိ။ သူမလက်က
လက်စွပ်ကို ဖွတ်ဆွဲချွတ်ပစ်ပြီး ပိုက်ဆံအိတ်ထဲ ကမန်းကတန်း
ထည့်ဖွက်လိုက်ရသည်။

"ဘာလုပ်နေတာလဲ အစော"

"ကို"

ရီးမ သူမနားရောက်လာ၍ အစောကိုယ်လေး တွန့်ခနဲ ဖြစ်သွား
သည်။ စိုင်းညီလာနှင့် သူမတို့အဖြစ်ကို ရီးမ မြင်သွားလေသလား
အတွေးနှင့် ရီးမမျက်နှာကို ကြည့်လိုက်တော့ ပကတိ တည်တည်ငြိမ်ငြိမ်
ဖြစ်နေမှ စိတ်ထဲက ထိတ်လန့် တုန်လှုပ်နေတာတွေ အနည်းငယ်
သက်သာလျော့ပါသွားသည်။

"အစောကြည့်ရတာ အထိတ်တလန့်နဲ့ ဘာဖြစ်နေတာလဲ



www.burmeseclassic.com

www.burmeseclassic.com



အစော"

"ဟင်အင့်… အစော ဘာမှမဖြစ်ပါဘူး၊ ကိုယ့်ကို ရုတ်တရက် မြင်လိုက်ရလို့ အစော လန့်သွားတာပါ"

"ကိုယ့်ချစ်သူကို လန့်စရာလား… လာခဲ့"

"အို… ကို"

တွေးခန် ရောက်သွားသည့် ချစ်သူရင်ခွင်ထဲမှာ စကားသံတွေ ကွယ်ပျောက်သွားပေမယ့် မိုက်သံအိတ်ထဲက စိုင်းညီလာ၏ စိန်လက်စွပ် ကြောင့် စိတ်တွေ ပိုမွန်းကျပ် ရှုပ်ထွေးသွားသည်။ ချစ်သူကို ဒီအကြောင်း တွေ အစောပြောလိုက် ရမလား။ မဖြစ်သေးဟု ထင်သည်။ ဒါက ဘယ်လိုလုပ်ပြီး အစောဆီ ရောက်လာတာလဲဟု မေးရင် အစော ဘယ်လိုပြောရမှန်းမသိ။ အစောကြောင့် ညီအစ်ကိုချင်း အထင်မှား အမြင်မှားတာမျိုးလည်း မဖြစ်စေလို။

"အစော"

"ဟင်"

"ကိုယ်ပြောတာ ကြားရဲ့လား"

"အင်း… ကို ဘာပြောတာလဲဟင်"

"ကြည့်စမ်း… လူက ကိုယ့်ရင်ခွင်ထဲမှာနေပြီး စိတ်က ဘယ် တွေရောက်နေလဲ ပြောစမ်း"

ကျွဲမြီးတိုသွားသည့် ချစ်သူကိုကြည့်ပြီး အစော သက်ပြင်းချလိုက် သည်။ အစောတွေးနေတာ ကိုယ့်အစ်ကိုအကြောင်းပါဟု အမှန်အတိုင်း ဝန်ခံလိုက်ရင် ဘာတွေဖြစ်ကုန်မည်မသိ။ ထိုကြောင့် ချစ်သူကျေနပ်စေ ရန် သူမမျက်နှာကို မကျေမနပ်ကြည့်နေသည့် ရီးမကို အချိုမြိန်ဆုံး





ပြုံးပြလိုက်ပြီး ချစ်သူရင်ခွင်မှာ ပါးလေးပေးအပ်လိုက်ပါသည်။

"အစောကို ခွင့်လွှတ်ပါ ကိုရယ်၊ အစော ကိုနဲ့ မဝေးချင်တဲ့ အကြောင်း တွေးနေတာပါ"

"ဘယ်လို… ကိုယ်တို့က ဘာလို့ဝေးရမှာလဲ"

"အစောမသိဘူးကို၊ ကံတရားကို အစော ကြောက်တယ်၊ ယုံဘူး"

လေးနက်စွာ အစောပြောလိုက်တော့ ရီးမကိုယ်တိုင် တွေဝေ ငိုင်သွားကာ အစောမျက်နှာလေးကို သူ့ရင်ခွင်ထဲက ဆွဲယူပင့်မော့ ကြည့်သည်။

"ကံကြမ္မာဆိုတာ လူကလုပ်မှဖြစ်တာလို့ ကိုယ်ယုံတယ်၊ ကြောင့် ကိုယ်တို့ ကိစ္စကို ကိုကို့ကို ဖွင့်ပြောပြီး အမြန်ဆုံး လက်ထပ် ကြရအောင်"

"အစော သဘောတူတယ် မဟုတ်လားဟင်"

"မမသြကို ဒီအကြောင်းတွေ တစ်ခုမှ အစော မပြောရသေးဘူး မမသြကို အစော ပြောပြခွင့်တောင်းချင်သေးတယ်၊ ဒီလောက်တော့ နားလည်ပေးနိုင်မယ် ထင်ပါတယ်"

"ကောင်းပြီလေ၊ အစော မမသြကို ကိုယ်နဲ့အစောတို့ တစ် ယောက်ကိုတစ်ယောက် မခွဲနိုင်အောင် သိပ်ချစ်နေကြပါပြီ အမြန်ဆုံး လက်ထပ်ခွင့်ပြုပါလို့ တစ်ခါတည်း ပြောလိုက်"

"မမသြက သဘောတူတယ်ဆိုတာနဲ့ အစောနဲ့ကို ချက်ချင်း လက်ထပ်မယ်"

"ကို့ သဘောပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကို သဘောဆိုရင်တော့… ဟော့ဒီလို… ဟော့ဒီလို…"

"အို… တော်ကြာ လူတွေ တွေ့သွားပါဦးမယ် ကိုရယ်"

"လွယ်ပါတယ် ဘယ်သူမှ မတွေ့တဲ့နေရာ ကိုယ်သိတယ်"

"အို"

ရီးမက အစောကိုယ်လေးကို အမှောင်ရိပ်ကျသည့် သစ်ပင်ကြီး အောက် ဆွဲယူသွား၍ အစောမငြင်းသာဘဲ သူ့နောက် ပါသွားသည်။ အနှောင့်အယှက်ကင်းသော ချစ်ခြင်းထဲမှာ ချစ်တေး အထပ်ထပ် သီကျူးနေသူကြောင့် အစော လက်သီးဆုပ်လေးတွေက ရီးမရင်ဘတ် ပေါ် တဘုတ်ဘုတ် ရောက်လာသည်။

"သွား… သွား၊ ကို့ကို မုန်းတယ်သိလား"

"တကယ်မုန်းရဲလို့လား"

"တကယ်မဟုတ်ဘူး၊ ဆယ်ကယ်မုန်းတာ"

"တော်ပြီ နောက်ဘယ်တော့မှ ကို့ကို အတွေ့မခံတော့ဘူး"

"သတ္တိရှိရင် လုပ်ကြည့်လေ၊ ကိုယ်မင်းကို ဘယ်လောက်ချစ် လဲဆိုတာ တစ်ခါတည်း သိသွားမယ်"

"သိပ်ချစ်တယ်"

"သွား… မုန်းတယ်"

အမုန်းစကားဆိုသူ၏ စကားသံက ချိုမြိန်နေ၍ ရီးမကာ အစော ကိုယ်လေးကို သူ့ရင်ခွင်ထဲ ညင်သာစွာ ဆွဲယူကာ ချစ်စနိုး ရယ်မော လိုက်သံက ရွှန်းစက်စွာ သာနေသော လရောင်ထဲ တိုးသဲ့စွာ စီးမျော သွားသည်။



## အခန်း (၁၆)

"တီ… တီ"

အနားကပ်ပြီး တီးလာသည့် ကားဟွန်းသံကြား၍ နောက်ကြည့် လိုက်တော့ စိုင်းညီလာကိုယ်တိုင် မောင်းလာသည့် သူ့ကားကို တွေ့ လိုက်ရ၍ လှမ်းလက်စ ခြေအစုံ ရပ်လိုက်သည်။

"ဟိုတ်… အစော၊ တစ်ယောက်တည်း ဘယ်သွားမလို့လဲ"

"ဈေးဘက်ခဏသွားမလို့ပါ ကိုစိုင်း"

"ကိုယ်လည်း ဈေးဘက်သွားမှာဆိုတော့ တစ်ခါတည်းလိုက်ခဲ့၊ ဈေးမှာ ချပေးခဲ့မယ်"

ကားက အစောနားမှာ ရပ်သွားသည်။ အစတုန်းက အစော ကိုယ်တိုင် သူ့ကားနှင့် မလိုက်ရန် ဆုံးဖြတ်ထားသော်လည်း အစော အိတ်ထဲမှာ အမြဲရှိနေသည် စိုင်းညီလာရဲ့ လက်စွပ်ကြောင့် သူ့ကားနှင့် လိုက်ရန်ဆုံးဖြတ်ပြီး အသင့်ဖွင့်ပေးသည့် ကားတံခါးကတစ်ဆင့် ကား ထဲ ထိုင်လိုက်မိလျှက်သား ဖြစ်သွားသည်။ အစောက ကားပေါ်ရောက် တာနှင့် ကားလေးက နေရာကလျှောခနဲ ပြေးထွက်သွားတော့မှ



www.burmeseclassic.com

www.burmeseclassic.com



အစောက သူ့အိတ်လေးကို ဖွင့်ပြီး စိုင်းညီလာလက်စွပ်ကို ယူလိုက်သည်။

"ကိုယ်တော့ ဒီနေ့ ကံကောင်းပြီး အစောနဲ့ တိုက်တိုက်ဆိုင်ဆိုင် နှစ်ယောက်တည်း လာတွေ့တာပဲ၊ အစော ဒီရောက်တာ ဘယ်လောက်ကြာပြီလဲ၊ တစ်ခါမှ အခုလိုမျိုး အပြင်မှာ မဆုံဖူးဘူး"

စိုင်းညီလာက စကားကို သူ့အဓိပ္ပာယ်နှင့်သူ ပြောရင်း အစော သူ့ကားပေါ် ပါလာတာကို ကျေနပ်ကြည်နူးနေချိန်မှာ အစောက သူ့ လက်ထဲရောက်လာသည့် စိုင်းညီလာ လက်စွပ်လေးကိုင်ကာ ကား မောင်းနေသူ၏ အပြုံးမျက်နှာကို ကြည့်လိုက်သည်။

"အစောလည်း ကိုစိုင်းနဲ့ အခုလို ဆုံလိမ့်မယ်လို့ မထင်ပါဘူး ဒီနေ့ဆုံရတာကိုတော့ ကံကြမ္မာကို အစော ကျေးဇူးတင်ပါတယ်"

"ကိုစိုင်းကားနဲ့ လိုက်လာတာ ကိုစိုင်း အစောကို ပေးထားတဲ့ လက်စွပ်ကို ပြန်ပေးချင်လို့ပါ … ဒီမှာ ကိုစိုင်းရဲ့ [illegible] က်စွပ်"

စိုင်းညီလာမျက်နှာပေါ်က အပြုံး ပျောက်သွားပြီး သူပေးထားသည့်လက်စွပ်ကို ပြန်ပေးနေသည့် အစောမျက်နှာလေးကို ကားမောင်းနေရင်းက တစ်ချက်လှည့်ကြည့်သည်။ စူးရှထက်မြက်သော သူ့အကြည့်မှာ ကြည်နူးပျော်ရွှင်မှု မရှိတော့ဘဲ ကွယ်ပျောက်သွားတာကို သတိထားလိုက်မိသည်။

"ကိုယ်ပေးပြီးသား ပစ္စည်းကို ကိုယ် ဘယ်တော့မှ ပြန်မယူတတ်ဘူးအစော"

"အစကတည်းက အစောက လက်ခံခဲ့တာ မဟုတ်ပါဘူး ကိုစိုင်း ကိုစိုင်းဘာသာ ဖွတ်အတင်း ကိုစိုင်းသဘောနဲ့ ကိုစိုင်း ပေးခဲ့တာပါ"





"ဘာပဲဖြစ်ဖြစ်၊ အစောကို ကိုယ်ပေးပြီးသား ပစ္စည်းကို ကိုယ် ပြန်မယူဘူး အစော"

"အစောကလည်း လက်မခံနိုင်ပါဘူး ကိုစိုင်း"

သူတို့နှစ်ယောက်ကြားမှာ မထင်မှတ်ဘဲ တင်းမာမှုလေးတွေ အခြေအတင်ဖြစ်လာ၍ အစောက စိတ်ပိုင်းဖြတ်ပြီးသည့်ဟန်ဖြင့် စိုင်း ညီလာပေးသည့် လက်စွပ်လေးကို ကားဒက်ရှ်ဘုတ်ပေါ် အသာ လှမ်း တင်လိုက်သည်နှင့် စိုင်းညီလာကားက နေရာက ပို၍ အရှိန်မြှင့်လျက် ဝေါခနဲ ပြေးထွက်သွားတာ အစော သတိထားလိုက်မိသည်။

"ဘယ်သွားမလို့လဲ ကိုစိုင်း၊ အစောကို ဒီမှာပဲ ကားရပ်ပေးပါ"

အစောပြောပေမယ့် စိုင်းညီလာက မလှုပ်။ ကားကို ပိုအရှိန်မြှင့် လိုက်၍ အစော မျက်နှာကွက်ခနဲ ပျက်သွားသည်။

"ကိုစိုင်း"

"ပြောပါ"

"အစောကို ဒီနေရာမှာပဲ ကားကို ရပ်ပေးပါ"

"ကိုယ့်လက်စွပ်ကို အစောလက်ခံရင် ရပ်ပေးမယ်"

"အို… မဟုတ်တာ"

"ဘယ်လိုမဟုတ်တာလဲ၊ ကိုယ်ပေးတဲ့လက်စွပ်ကို အစော ဘာလို့ လက်မခံချင်တာလဲဆိုတာ ကိုယ်သိချင်တယ်"

"ဘာမှ သွေးသားမတော်စပ်တဲ့လူဆီက ဒီလို အဖိုးတန်ပစ္စည်း ကို ဘာအကြောင်းနဲ့မှ လက်မခံနိုင်တာ အစောအပြစ်လား ကိုစိုင်း"

ဒေါသဖြစ်ဖြစ်နှင့် အစောပြောလိုက်တော့ သူက အစောကို စူးခနဲ့ လှမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုခု တော်စပ်ပတ်သက်မှ အစောက လက်ခံမယ် ပြောတာလား"

"အစောပြောတာ အဲဒီလို မဟုတ်ဘူး"

"ကိုယ်နားလည်တာက အဲဒီလိုပဲ"

"ဒုက္ခပဲရှင်၊ အစောကို ရှေ့မှာပဲ ကားကို ရပ်ပေးလိုက်ပါတော့နော်"

"ကိုယ်ပြောပြီးပြီလေ၊ အစောသဘောတူရင် ကားကို အခုရပ်လိုက်မယ်"

ပြော၍ရမည့်သူမျိုးမဟုတ်၍ အစော စိတ်ညစ်သွားသည်။ သူနားဝင်လက်ခံလာအောင် ဘယ်လို စကားအလှသုံးပြီး ပြောရမလဲဟု အစော စဉ်းစားနေချိန်မှာပဲ စိုင်းညီလာက သူ့ကားကို လူရှင်းသည့်နေရာမှာ ကျီခနဲ ထိုးရပ်လိုက်၍ အစော ဝမ်းသာသွားသည်။

"ကျေးဇူးတင်ပါတယ် ကိုစိုင်း"

ပြောပြောဆိုဆို ကားတံခါးကို ဖွင့်လိုက်တော့ ဖွင့်မရ။ စိုင်းညီလာက အစောလုပ်ပုံကို ကားမောင်းသည့်နေရာက မရယ်မပြုံး ခပ်တည်တည် မျက်နှာထားနှင့် မျက်တောင်မခတ် စူးစိုက်ကြည့်နေတော့ အစောလန့်သွားသည်။

"ကားတံခါး ဖွင့်လို့မရဘူး ကိုစိုင်း"

"ကိုယ် ပိတ်ထားတာ"

"ရှင်"

အစောလန့်သွားတာကို ကြည့်ပြီး သူက ခပ်သဲ့သဲ့ ရယ်သည်။

"အစော... အစော... မင်းကြောင့် ကိုယ်တော့ သိပ်ခက်





နေပြီ"

ချစ်ခြင်းတို့ဖြင့် ရှုန်းစက်နူးညံ့စွာ လင်းလက်နေသော စိုင်းညီလာ၏ မျက်ဝန်းအစုံက မြတ်နိုးခြင်းတို့က ဖုံးမရဖိမရ။ အစော သူ့အကြည့်တွေကို မျက်နှာချင်းဆိုင်းရမှာ ကြောက်လန့်ပြီး စိတ်ထဲက ချစ်သူနိုးမကို လှမ်းတလိုက်မိသည်။

"အစောကို စတွေ့တဲ့နေ့ကတည်းက ကိုယ်ဘာဖြစ်သွားလဲ ဆိုတာ အစောသိလား"

"အို... အစောက ဘာကိုသိရမှာလဲ ရှင်"

"ကားတံခါးကို ဖွင့်ပါ။ အစော ဒီနေရာက အမြန်ဆုံးသွားပါရစေ၊ တော်ကြာ လူတွေက အစောတို့ကို တစ်မျိုးထင်သွားရင် သင့်တော်ပါဘူးရှင်"

"ကိုယ်လည်း အဲဒီစကားကို အမြဲစဉ်းစားတယ်၊ အစောပြောတဲ့ သင့်တော်တယ်၊ မသင့်တော်ဘူးဆိုတာလေ"

ပြောရင်းက ပိုဆိုးလာ၍ အစော ငိုချင်လာသည်။

"ကိုယ့်ရင်ထဲမှာ ဒီလောက် ပြင်းထန်တဲ့ စိတ်ခံစားချက်မျိုး ဘယ်သူနဲ့မှ အခုချိန်ထိ မခံစားဖူးဘူးဆိုရင် အစော ယုံပါ့မလား"

"ကိုစိုင်း"

အစော အလန့်တကြား သူ့အမည်ကို ခေါ်လိုက်တော့ သူက ရယ်သည်။

"အစော ကိုယ့်ကို ကြောက်နေတာလား"

"မမစင်သီယာတို့ သားအမိကို သတိရပါဦးရှင်"

"သတိရပါတယ်၊ ဒါကြောင့်လည်း ကိုယ့်ကိုယ့် သတိ



www.burmeseclassic.com

www.burmeseclassic.com



လက်လွှတ် ဖြစ်မသွားအောင် ကြိုးစားထိန်းချုပ်လာခဲ့တာပဲ၊ အထူးသဖြင့် အစောဆိုတဲ့ မိန်းမလှလေး ကိုယ့်ကြောင့် ထိခိုက်နစ်နာမှာ ကိုယ်မလိုချင်ဘူး။ အဲဒီလောက်အထိ အစောအပေါ်မှာ ကိုယ်တန်ဖိုးထားပြီး ချစ်ခဲ့တာ မြတ်နိုးခဲ့တာ အစောသိရင်"

"အို… တော်ပါတော့ရှင်၊ မပြောကောင်း၊ မဆိုကောင်းတွေ ဘာလို့ပြောနေရတာလဲ"

"အစောကို ကိုယ်ချစ်တယ် မြတ်နိုးတယ်ဆိုတာ အစောအတွက် မပြောကောင်း၊ မဆိုကောင်းတဲ့ စကားလား"

"ဟုတ်တယ်ရှင့်၊ ဟုတ်တယ်၊ အစောဆိုတာ ရှင်ညီရဲ့ချစ်သူ ရှင်ညီနဲ့ လက်ထပ်မယ့်သူကို အစ်ကိုဖြစ်တဲ့ရှင်က မရိုးမသား ချစ် စကားတွေပြောသင့် ပြောထိုက်တယ်များ ထင်နေလို့လား"

မထူးတော့ပြီမို့ အစောက သူ့ရင်ထဲက ခံစားချက်တွေကို ဖွင့်ပြောလိုက်သည်နှင့် စိုင်းညီလာ ဘာစကားမှ မပြောနိုင်ဘဲ အစော မျက်နှာကို အံ့ဩသလို ပြန်ကြည့်နေပြီးမှ-

"ဘယ်လို… အစောက ရိုးမနဲ့ လက်ထပ်တော့မယ့် ရိုးမ ချစ်သူဟုတ်လား"

"ဟုတ်ပါတယ် ကိုစိုင်း၊ အစောတို့ ဒီကိစ္စ ဖွင့်ပြောမလို့ လုပ်နေတုန်း ဖေဖိုးမင်္ဂလာပွဲအတွက် ပြင်ဆင်နေကြချိန်မှာ ဖြစ်နေလို့ ဖွင့်မပြောဖြစ်ကြသေးတာပါ"

"ရိုးမနဲ့ အစော ဘယ်တုန်းက ချစ်ခဲ့ကြတာလဲ"

"သိပ်မကြာသေးပါဘူး ကိုစိုင်း"

မေးသူကမေးလာတော့ ဖြေသည့်သူကလည်း ဖြေရသည်။





"ဘယ်လိုပဲဖြစ်ဖြစ် အစောကို မြင်မြင်ခြင်း ချစ်ခဲ့တာက ကိုယ်ပဲ၊ အစောက ကိုယ့်အချစ်ဦး ကိုယ့်အချစ်ဆုံး မိန်းမ"

"မဖြစ်နိုင်တာ မပြောပါနဲ့ ကိုစိုင်း"

"မဖြစ်နိုင်တာ မရှိဘူးအစော၊ မဖြစ်သေးတာပဲရှိတယ်၊ ကိုယ် အစောကို ချစ်တယ်"

"ဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် ကိုယ့်အချစ်ကို ဘယ်တော့မှ [illegible]ရုတ်သိမ်းမှာ မဟုတ်ဘူးဆိုတာ အစော မြဲမြဲမှတ်ထားလိုက်"

"ကျွို"

"ရှူး"

"အို… ဒါက ဘယ်လဲ"

"ဘယ်ဖြစ်ဖြစ်"

"ဟင်"

အရှိန်ပြင်းစွာ ဝေါခနဲ ပြေးထွက်သွားသည့် ကားပေါ် ထိတ်လန့် [illegible]ချောက်ချားစွာ အစော ပါသွားသည်။ ဘယ်ကို ဦးတည်နေမှန်း မသိ[illegible]သည့် ခရီးမှာ အစော ဘဝပျက်ရတော့မှာကိုတွေးပြီး အစော ကြောက် [illegible]သည်။

"အစော တောင်းပန်ပါတယ် ကိုစိုင်းရယ်၊ အစောကို ကားရပ် [illegible]ပေးပါနော်၊ အစောတို့ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စကို ဇွတ်မလုပ်ချင် [illegible]နဲ့ရှင်"

"အစောကို သနားပါ"

အစော ဘာပြောပြောမရ။

ဘာစကားမှလည်း မတုံ့ပြန်။ မိုင်ကုန်ဖွင့်မောင်းနေသည့်ထားကို

www.burmeseclassic.com



ရင်တထိတ်ထိတ်ကြည့်ရင်း အစော ပါးပြင်ပေါ် မျက်ရည်ပူတွေ စီး
လာသည်။ ဒီနေ့မှာ ဖုန်းက ပါမလာ။ ရိုးမကို ဖုန်းဆက်ပြီး အကူအညီ
တောင်းလို့လည်း မရ။

"ကျွိ"

ကားက ခြံဝန်းအကျယ်ကြီး တစ်ခုတည်း ခပ်ကြမ်းကြမ်း မောင်း
ဝင်သွားပြီး အိမ်ကြီးတစ်အိမ်ရှေ့မှာ ရပ်လိုက်တော့ အစော လန့်သွား
သည်။

"အစော"

"ရှင်"

"မင်း ကိုယ့်ကို လက်ထပ်ပါ"

"အို… အစောက ရှင့်ညီချစ်သူရှင့်"

"သူ့ကို မေ့ပစ်လိုက်"

"ရှင်… ရူးနေလား"

"ဟုတ်တယ်"

"ကိုယ်လည်း စင်သီယာကို ကွာရှင်းလိုက်မယ်"

"ဟာ…"

အစောရင်ထဲ အေးခနဲ ကျင်သွားကာ စိုင်းညီလာ မျက်နှာ
အံ့သြမယုံနိုင်စွာ ကြည့်နေသည့်အချိန်မှာပဲ သူက ကားပေါ်ကဆင်းပြီ
အစောဘက် ကားတံခါးကို ဆွဲဖွင့်လိုက်သည်။

"ဆင်း"

"ဟင့်အင်း"

"ကိုယ်ပွေ့ခေါ်ချင်ရင် မင်းကြိုက်သလိုလုပ်"





"အို"

ဒီလိုတော့ အစော ကြောက်လန့်ပြီး ကားပေါ်က ဆင်းပြီးသား
ဖြစ်သွားသည်။ သူက ဘာမပြော ညာမပြော အစောလက်ကလေးကို
ဆွဲပြီး အိမ်ကြီးထဲ ဝင်သွားတော့ အစော သူ့လက်ထဲက ရုန်းထွက်ဖို့
ကြိုးစားပေမယ့်မရ။

"အစောလက်ကိုလွှတ်"

"တစ်သက်လုံး မလွှတ်ဘူး၊ အခုချိန်ကစပြီး မင်းကို ကိုယ်
အပိုင်သိမ်းထားလိုက်ပြီ"

"ရှင် မယုတ်မာနဲ့နော်"

"လွှတ်"

ဖျတ်ခနဲ သူက အစောကိုယ်လေးကို ရင်ခွင်ထဲ ဆွဲယူ ပွေ့ဖက်
လိုက်၍ အစော သူ့ရင်ခွင်ထဲက ရှုတ်ရုန်းထွက်ပေမယ့် သူက မလွှတ်။
နှုတ်ခမ်းရှုတ် ချစ်အနမ်းတွေ အစော မျက်နှာလေးထက် ရက်ရက်
စက်စက် ပြိုကျလာချိန်မှာ အစောစိတ်ထဲက ရိုးကိုသာ တနေမိသည်။

"မင်းကိုယ့်ကို ချစ်ရမယ် အစော"

"ဘယ်တော့မှ မချစ်ဘူး"

"မချစ်ရင် မလွှတ်ဘူး"

"ရှင်နော်… အို… အို"

အချစ်နှုတ်ဖမ်းစားခံရသူက ဘာပြောပြောမရ။ သူ့ရင်ခွင်ထဲမှာ
အစောကို တင်းကျပ်စွာ ထွေးဖက်ထားရင် အနမ်းမုန်တိုင်း ထန်နေချိန်
အစောခေါင်းထဲ အသိတရားတစ်ခု လင်းခနဲ လက်သွားသည်။

"ဒီမှာ အသက်ရှူကျပ်နေပြီ ကိုစိုင်း အစောကို လွှတ်ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို စိတ်မဆိုးတော့ဘူးလား"

"အင်း..."

အစောက ချို့မြသော မျက်နှာနှင့် သူ့အကြိုက်လိုက်၍ ခေါင်းညိတ်လိုက်တော့ သူက အစောပါးကို တစ်ချက်ငုံ့နမ်းပြီး အစော ကိုယ်လေးကို တင်းကျပ်စွာ ပွေ့ဖက်ထားရာက အသာဖြေလွှတ်ပေး၍ အစောမျက်နှာကို မျက်လုံးလက်လက်တွေနဲ့ စိုက်ကြည့်သည်။ သူ့ အကြည့်တွေကို အစောက ရင်ဆိုင်မကြည့်ဘဲ မျက်လွှာချထားတော့ သူက အစောမျက်နှာလေးကို မွတ်အောင်း လက်နှင့်ပင်မော့ပြီး သူ့ မျက်နှာချင်းဆိုင်ကာ အစောမျက်လုံးထဲ စွတ်လိုက်ကြည့်သည်။

"အစော"

"အစောတို့ ပြန်သင့်ပါပြီရှင်"

"ဘာဖြစ်လို့လဲ"

"သိချင်ရင် အစောကို နည်းနည်းလွှတ်စမ်းပါဦး"

"ကိုယ့်ကို ညာမလို့လား"

"မဟုတ်ဘူး၊ လိမ်မလို့"

အစောစကားကို သူက သဘောကျသလို ရယ်မောပြီး အစော ကိုယ်လေးကို အသာလွှတ်လိုက်သည်နှင့် အစောက စိုင်းညီလာ ရှ ဘတ်ကြီးကို တအားဆောင့်တွန်းပြီး နေရာက ပြေးထွက်ခဲ့သည်။

"ဟာ... အစော"

"ဟိတ်... နေဦးလေ"

အစောက နောက်ကို တစ်ချက်လှည့်မကြည့်။ ကားပေါ် ပြေး တက်ပြီး ကားစက်ကို ဆောင့်နှိုးထွက်လိုက်ချိန်မှာ ထွက်စပြုနေသည်





အစောကားပေါ် ဝုန်းဒိုင်းကျရောက်လာသည့် စိုင်းညီလာကြောင့် အစော က သူမ ကားကို တအား အရှိန်မြှင့်ပစ်လိုက်သည်။

"ကားကို ရပ်လိုက်စမ်း အစော"

"မရပ်ဘူး၊ မရပ်ဘူး အစောသေသွားလဲ၊ အေးတာပဲ"

"အစော... မင်း၊ မလုပ်နဲ့နော်၊ ကိုယ်မင်း မကြိုက်တာ မလုပ် တော့ဘူးလို့ ကတိပေးတယ်"

"ကားကို အခုရပ်လိုက်"

အစောက သူ့ဘာပြောပြော မရ။

သူကြောက်နေမှန်းသိလေ ကားကို ပိုပြီး စက်အရှိန်မြှင့် မောင်း လေ ဖြစ်၍ ပတ်ဝန်းကျင်ရှိ မြင်ကွင်းတွေက တစ်နေရာပြီး တစ်နေရာ ရိပ်ခနဲ ရိပ်ခနဲ ဖြတ်ကျန်ခဲ့သည်။

"သေစမ်း"

သူရော အစောရော နှစ်ယောက်စလုံး မြန်မြန်သေမှ အေးမည်။ ဒီအဖြစ်တွေကို ရိုးမသိလျှင် ဘယ်လောက်ရှက်စရာ ကောင်းလိုက်မည် သေိ။ ရူးမိုက်သည့် စိုင်းညီလာဆိုသည့်လူ မြန်မြန်သေမှ ဒီကိစ္စတွေ ရှင်းသွားမည်ဆိုသည့် အစော အတွေးကို ပထမဆုံး ရိပ်မိလာသူက စိုင်းညီလာ။

အစတုန်းက အစောတစ်ခုခု ဖြစ်သွားမှာ စိုးရိမ်စိတ်နှင့် အစောကို ကားအရှိန်လျှော့မောင်းဖို့ ပြောသည်။ တားသည်။ ပြော၍ တား၍ ရတော့ အစော ဘာလုပ်တော့မည်ဆိုတာ သူသဘောပေါက်လာ သည်။ နားလည်လာသည့်အတွက် အစောကို မတားတော့။

သူမ လုပ်ချင်ရာလုပ် လွှတ်ထားလိုက်သည်။ မျက်ရည်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပေါက်ကျပြီး အံကြိတ် ကားမောင်းနေသည့် အစော မျက်နှာလေးကို သူစိုက်ကြည့်နေရာက ခပ်သဲ့သဲ့ ရယ်လိုက်သည်။

"ချစ်သူနဲ့ ဒီဘဝမှာ မပေါင်းရဘဲ အတူတူသေရလည်း မဆိုးပါဘူး။ အစောတောင် သေရဲသေးတာ ကိုယ်က ဘာလို့ အစောနဲ့ အတူ လိုက်မသေရဲရမှာလဲ"

"အစောကြိုက်သလိုလုပ်၊ ကိုယ်ကျေနပ်တယ်၊ ဒီဘဝမှာ မပေါင်းရလည်း နောင်ဘဝပေါ့"

"အရူး ရှင်ရူးနေပြီသိလား"

"သိတယ်၊ အဲဒါ အစောကိုချစ်လို့"

"မပြောနဲ့ မကြားချင်ဘူး"

မျက်ရည်တွေနှင့် အစော တအားအော်ဟစ်လိုက်တော့ ကားက လမ်းပေါ်မှာ အထိန်းအကွပ်မဲ့ ဘယ်ညာလူးသွားပေမယ့် စိုင်းညီလာမှု

"မင်း ဘာပြောပြော၊ မင်းဟာ ကိုယ့်ချစ်သူ၊ ကိုယ်ချစ်တဲ့ မိန်းမပဲ၊ မင်း ယုံယုံ မယုံယုံ ကိုယ့်ဘဝမှာ မင်းလောက် ဘယ်မိန်းမကိုမှ မချစ်ခဲ့ဖူး ဘယ်မိန်းမကိုမှလည်း..."

"ကျွီး"

"ဟာ... ရှေ့မှာ... ကား... ကား"

"ကျွီး"

"ကျွီး"

"အစော"

"ဝုန်း"

"အား"





အရှိန်ဖြင့် ပြေးဝင်လာသည့် လမ်းတစ်ဖက်က ကားကို အစော ရှောင်တိမ်းရန် ကြိုးစားရင် ကားကို အရှိန်မထိန်းနိုင် ဖြစ်သွားကာ သမ်းဘေးက သစ်ပင်ကို ဝင်တိုက်မိကာ ဝုန်းခနဲ အဆုံးမှာ အားလုံး အမှောင်အတိ ကျသွားသည်ကလွဲ၍ ဘာဆိုဘာမှ မမှတ်မိတော့။

အစောအာရုံ၊ အစောအသိတရားထဲ ပထမဆုံး ဝင်လာသည်က လူတစ်ယောက်၏ အသံဖြစ်သည်။

"အစော"

"အစော သတိရပြီလားဟင်၊ ကိုယ့်ကို မျက်လုံးဖွင့်ကြည့်ပါဦး"

အစက ဘယ်သူ့အသံမှန်းမသိ။ မပီမပြင် မသည်းမကွဲ။ နောက်တော့ တဖြည်းဖြည်း ပီပြင်သည်းကွဲစွာ တွေ့မြင်ကြားသိလာမှ ထိုအသံပိုင်ရှင် ရှိးမက စိုးရိမ်သောက မျက်နှာနှင့် အစောမျက်နှာကို ငုံ၍ စူးစိုက်ကြည့်နေတာ မြင်လိုက်သည်။

"ရှိး"

"အစော... အစောရယ်၊ ကိုယ်ဝမ်းသာလိုက်တာ အချစ်ရယ်၊ ကိုယ့်ကို မှတ်မိတယ်နော်"

"အင်း"

အစော ခေါင်းညိတ်လိုက်တော့ တင်းကျပ်စွာ ဆုပ်ကိုင်ထားသည့် အစောလက်ကလေးကို ဖွဖွရှိုက်နမ်း ဂုဏ်ပြုသည်။ အစော အာရုံတွေ ဖြည်းဖြည်းခြင်း စုစည်းမိလာချိန်မှာ စိုင်းညီလာကို မှတ်ခနဲ သတိရလာသည်။

"ကိုစိုင်းရော"

"ကိုကို ဟိုဘက်အဆောင်မှာ၊ ခေါင်းကို တော်တော်ထိသွားသော



www.burmeseclassic.com

www.burmeseclassic.com



အခုထိ သတိမရသေးဘူး"

"စိုးရိမ်ရလားဟင်"

"အင်း..."

ရှီးမျက်နှာ ပျက်သွားတာမြင်တော့ အစောရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ အစောကြောင့် သူသေသွားတော့မှာလား။ အဲလိုတော့လည်း မဖြစ်စေချင်ပါ။

"အစောကိုယ် အစောသာ ကျန်းမာအောင်နေပါ။ ကိုကို့အတွက် သိပ်လည်း မစိုးရိမ်ပါနဲ့. ကိုကို့နားမှာ မမစင်သီယာတို့ ရှိပါတယ်"

မမစင်သီယာ အမည်ကြားတော့ အစောရင်ထဲ နင့်သည်းစွာ ဝမ်းနည်းကြေကွဲသွားသည်။ ဘာဖြစ်လို့ အစောကြမှ ဒီလိုအဖြစ်တွေ လာဖြစ်ရတာလဲ။

"အစော"

"ဟင်"

"ဘာဖြစ်လို့လဲဟင်၊ ခေါင်းထဲက မူးလို့လား"

အစောခေါင်းညိတ်ပြလိုက်တော့ ရှီးမ တစ်စုံတစ်ခု ပြောလိုက်သလို ထင်ရသော်လည်း သေချာသည်းကွဲခြင်း မရှိတော့ဘဲ နှစ်မြှုပ်စွာ ပြန်လည် အိပ်ပျော်သွားသည်။ အချိန်နာရီတွေ ဘယ်လောက် ကြာသွားသည် မသိ။ ဒုတိယအကြိမ် အစော သတိရလာတော့ အစောနားမှာ မမစင်သီယာကို ရှီးမနှင့် အတူတူ တွေ့ရသည်။

"နေသာရဲ့လား အစော"

"ဟုတ်ကဲ့"

"ကိုကိုလည်း ပြန်သတိရနေပြီ အစော"





"ဟုတ်လား"

"စကားတော့ မပြောနိုင်သေးဘူး။ အခုထိ အရေးပေါ်အခန်းမှာပဲ ရှိသေးတယ်"

အစောတို့ ကားရှေ့မှာ တောင်လေးတစ်ခုခံနေ၍ အသက်သေဆုံးသည်အထိ မဖြစ်ခဲ့သော်လည်း နှစ်ယောက်စလုံး ဒဏ်ရာပြင်းစွာ ရခဲ့ကြသည်အထဲမှာ စိုင်းညီလာခေါင်းက ဒဏ်ရာက အဆိုးဆုံး ဖြစ်သည်။

ဦးခေါင်းဒဏ်ရာကြောင့် ဘာကိုမှ မမှတ်မိသည့် အနေအထား ဖြစ်၍ စင်သီယာငိုသလို ရှီးမကလည်း အစ်ကိုဖြစ်သူနားမှာ အံကြိတ် မျက်ရည်ဝဲနေသည်။

"ဒီလိုမျိုး ဖြစ်တတ်ပါတယ်။ သေချာ ဆေးဝါးကုသလိုက်ရင် နောက်တော့ ပြန်ကောင်းလာမှာပါ။ လူနာအတွက် အချိန်နည်းနည်း တော့ ပေးရလိမ့်မယ်"

"ဟုတ်ကဲ့ပါဆရာ"

အစော ဆေးရုံက ဆင်းလာသည့်အချိန်အထိ စိုင်းညီလာက ဆေးရုံးက မဆင်းရသေး။ အစော ကျန်းမာလာသည့်အချိန်မှာ စိုင်းညီလာကို နိုင်ငံခြားခေါ်သွားပြီး ဆေးကုသမှုပြုလုပ်ရန် မိသားစုလိုက် ထွက်ခွာသွားရန် ပြင်ဆင်ကြသည်။

"အစောလည်း ကိုကိုနဲ့အတူ လိုက်ခဲ့ပါကွာ။ အစော တစ်ယောက်တည်း ကိုယ်စိတ်မချဘူး"

"စိတ်မချရင် မင်းနဲ့အစော လက်ထပ်လိုက်တော့ ရှီး၊ မင်းတို့ ချင်း မေတ္တာမျှနေကြတာ မမသိတယ်၊ မမ သဘောလည်း တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အစော သဘောကရော ဘယ်လိုလဲ"

ရိုးမနှင့် စင်သီယာက အစောမျက်နှာကိုကြည့်ပြီး အစော သဘောထား အစောဆန္ဒကို မေးနေချိန်မှာ အစော တွေဝေနေသည်။ ဘယ်သူမှမသိပေမယ့် အစောနှင့်စိုင်းညီလာကြားမှာ ပြဿနာက ရှိနေသည်။ ထိုပြဿနာက ဘယ်လိုမှ ဖြေရှင်းလို့ မရသလို ဘယ်သူ့ကိုမှ ပြောပြ၍မရသော ပြဿနာဖြစ်၍ ဘယ်သူ့ကိုမှလည်း ထိုအကြောင်း ဖွင့်ပြော၍ မဖြစ်။

"အစော"

"ရှင်"

"ကိုယ်တို့ လက်ထပ်ကြရအောင်"

ပြောတာလွယ်သည်။

လက်ထပ်ကြမည်ဆိုလျှင်လည်း ဘာမှမခက်။ မမသြဲက အစော စိတ်ချမ်းသာလျှင် သူကျေနပ်ပါသည်ဆိုတာနှင့် ရိုးမကို အစော လက်ထပ်မည်ဟု ကြည်ဖြူ ခွင့်ပြုထားသည်။ ရိုးမနှင့် လက်ထပ်ပြီးမှ စိုင်းညီလာအချစ်တွေ ထပ်ပေါက်ကွဲလာလျှင် အစော မည်သို့ရှေ့ခရီးကို ဆက်ရမည်နည်း။

အခုထိတော့ စိုင်းညီလာက သူ့အတိတ်ခရီးကို လုံးဝ မမှတ်မိ၊ ဘာဆိုဘာမှ မသိသူအဖြစ် အစောတို့နားမှာ ရှိနေသည်။ လက်ထပ်ပြီးမှ စိုင်းညီလာ ပြန်သတိရလာလို့ အစောနှင့် သူ့အကြောင်း ပြန်စဉ်းစားမိလျှင်...

"ဟင့်အင်... ဟင့်အင်၊ အစော လက်မထပ်ဘူး..."

"ဘာဖြစ်လို့လဲ အစော၊ ကြည့်စမ်း သူတစ်ကိုယ်လုံး ချွေးစေး





တွေပျံလို့ အစောနေမကောင်းဘူး ထင်တယ်... လာ... လာ... အစောအခန်းကို ကိုယ်လိုက်ပို့မယ်"

အကြောင်းမသိသည့် ရိုးမက အစောကိုယ်လေးကို ကြင်နာစွာ တွဲယူပြီး အစောအခန်းကို လိုက်ပို့သည်။

"အခုလိုပုံနဲ့မှ အစောကို ပိုစိတ်မချစရာ ဖြစ်နေပြီ ရိုး၊ မင်းတို့ လက်ထပ်ပွဲကို နောက်မှလုပ်ချင်လုပ်ကြ၊ အခု ရုံးတက် လက်မှတ်ထိုးပြီး မင်းမိန်းမကိုပါ ဟိုမှာ ဆေးကုဖို့ တစ်ခါတည်း ခေါ်ခဲ့ရိုး"

စင်သီယာ အစီအစဉ်နှင့် အစော ဇွတ်ငြင်းနေသည့်ကြားက ဇွတ်လက်ထပ်ဖို့ ဖြစ်လာသည်။

"မဖြစ်ဖူး ရိုး၊ အစော ရိုးကို လက်ထပ်လို့ မဖြစ်ဘူး"

"ဟုတ်ပြီ... ဘာဖြစ်လို့လဲဆိုတာကို ပြော"

"အဲဒါက... ဟို"

"တော်ပြီ အစော ဘာပြောပြော ကိုယ်နားထောင်မှာ မဟုတ်ဘူး။ ဘားအက်စီဒင့်ဖြစ်ပြီးကတည်းက အစော တစ်မျိုးဖြစ်နေတာ ကိုယ်သိတယ် အစော လက်မထပ်လည်း ရတယ်၊ ကိုယ်က အစောကို လက်ထပ်မယ်"

"မဟုတ်ဘူး ရိုး၊ အစောပြောမယ်"

"ဘာမှမပြောနဲ့ ဒီနေ့ကစပြီး အစောကို အပိုင်သိမ်းပိုက်လိုက်ပြီ"

"ရိုး... လွှတ်ဆို"

"အို"

ချစ်လှူဆိုးလေး ပြောစကား တစ်ခွန်းမှ နားထောင်ခြင်း မပြု

www.burmeseclassic.com

www.burmeseclassic.com



သူ့သဘောနှင့်သူ အစောကို သိမ်းပိုက်ရယူလိုက်သူကြောင့် အစောမငြင်းနိုင်ဘဲ ရိုးမရင်ခွင်ထဲ သက်ဆင်းလိုက်ရသည်။ ရိုးမနှင့် လက်ထပ်ပြီး စိုင်းညီလာဆေးကုသရန် မိသားစုအကုန် စကော့ပူကို သွားတော့ အစောပါ သူတို့နဲ့အတူ ပါလာသည်။

စိုင်းညီလာကို ဆရာဝန်ကြီးတွေ ကိုယ်တိုင် အထူးကြပ်မတ်ကုသမှုကြောင့် သိသာစွာ တိုးတက်ကောင်းမွန်လာသည်။ စင်သီယာက စိုင်းညီလာနားမှ မခွာသဖြင့် ကလေးတွေကို အစောနှင့် ကလေးထိန်းကြီးတို့ကပဲ ကြည့်ရှုစောင့်ရှောက်ကြရသည်။ စိုင်းညီလာက လူကောင်းပကတိနှင့်မခြား။ ကျန်းမာလာသော်လည်း ကိစ္စအလုံးစုံကို မမှတ်မိတာကလွဲလျှင် အားလုံး အဆင်ပြေနေသည်။

သူ့မိသားစုတွေကိုလည်း သိလာသည်။ ဆွေမျိုးသားခြင်း အသိမိတ်ဆွေတွေကိုတော့ သေချာ မမှတ်မိ။

"ဒါတွေက နောက်တော့ အဆင်ပြေသွားမှာပါ။ အားလုံးကို ဖြည်းဖြည်းချင်း ပြန်သိလာပါလိမ့်မယ်။ ဆေးရုံကို တစ်လတစ်ခါ လာပြရင်ရပါပြီ"

ဆရာဝန်ကြီးစကားကြောင့် မိသားစုအားလုံး စိတ်ချမ်းသာကျေနပ်သွားကြသည်။

"ကိုစိုင်း… ဒီမှာ ကြည့်ပါဦး ဘယ်သူ့လဲလို့"

ပထမဆုံး အစောနှင့် ဆုံကြခြင်း ဖြစ်သည်။ ရိုးမအပါအဝင် စင်သီယာကိုယ်တိုင် စိုင်းညီလာအခြေအနေကို စောင့်ကြည့်နေသည်။ အရင်က အစောကို စိုင်းညီလာ လုံးဝမမှတ်မိ။ သူ့မှတ်ဉာဏ်တွေ ပြန်ရလာမှ အစောနှင့်စိုင်းညီလာ ပြန်ဆုံကြရသည့်အချိန်မှာ အစော





ကိုယ်တိုင် စိတ်လှုပ်ရှားပြီး စိုင်းညီလာ မျက်နှာကို ငေးကြည့်နေသလို
င်းညီလာကိုယ်တိုင်လည်း အစောမျက်နှာလေးကို မျက်တောင်မခတ်
စိုက်ကြည့်လျက် တွေဝေငြိမ်သက်နေပုံက အားလုံးအတွက် စိတ်ဝင်
းစရာဖြစ်နေ၏။

လှပသော မျက်နှာလေးကို မြင်မြင်ချင်း စိုင်းညီလာရင်ထဲ ဒိန်း
ဖြစ်သွားကာ သူ့ဦးခေါင်းထဲ ပိတ်စီးဖုံးကွယ်နေသော အရာတစ်ခု
င်းခနဲကွာကျသွားသလို… စိုင်းညီလာ အတွေးအာရုံထဲ ပုံရိပ်တွေ
တစ်ခုပြီးတစ်ခု တဖျတ်ဖျတ် ပြေးသွားသည်။

"အစော"

သူ အစောအမည်ကို ထိတ်လန့်တကြား ဟစ်အော်ခေါ်လိုက်သံ
ဆုံးမှာ သူ နေရာက ဝုန်းခနဲ ထရပ်လိုက်မိလျက်သား ဖြစ်သွားသည်။

"အစော"

အစောကို ကြည့်၍ စိုင်းညီလာ အားလုံးကို ပြန်သတိရလာ
သည်။ သူနဲ့အစောတို့ ထိုနေ့ကအဖြစ်အပျက်တွေ တစ်ခုပြီးတစ်ခု…

"အား… ခေါင်းထဲက မူးလိုက်တာ"

"ကိုကို သတိထားလေ လာ… လာ… အိပ်ရာမှာ လှဲနေ
ပါ်တ်"

"လာ… ကို၊ စင်သီယာကို တွဲ၊ အိပ်ရာထဲမှာ ငြိမ်ငြိမ်လေး
နော်ကို။ ခဏနေရင် အားလုံးကောင်းသွားမှာပါ… ရိုး၊ ဆရာဝန်
းခေါ်နေတယ်"

သိပ်မကြာလိုက် ရိုးမနှင့် ဆရာဝန်လိုက်လာပြီး စိုင်းညီလာကို
ခါ်တာတွေ စစ်ဆေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးအိုကေပါတယ်၊ ဖြစ်နိုင်ရင် သူတစ်ယောက်တည်း ခဏ အနားပေးထားလိုက်ပါ"

စိုင်းညီလာကို တစ်ယောက်တည်းထားပြီး အားလုံး အခန်း အပြင်ကို ထွက်သွားကြသည့်အချိန်မှာ အကြောင်းအရာအားလုံး အစ အဆုံး ပြန်လည်သတိရလာပြီဖြစ်သော စိုင်းညီလာက အဖြစ်အပျက် အလုံးစုံကို ခြုံငုံသုံးသပ်နားလည်နေပါပြီ။

သူနဲ့ အစောအဖြစ်တွေ။

နောက် ရိုးမနှင့် အစောအနေအထား။

"ကြည့်ပါဦး ကို… သူဘယ်သူလဲဆိုတာ သိလားဟင်…"

"ဟင့်အင်"

အစောကို စင်သီယာ.ခေါ်လာတုန်းက သူမမှတ်မိ၍ ခေါင်းခါ တော့ စင်သီယာက ရယ်သည်။

"အစောလေ ကို့ဆရာမပေါ့၊ အခု ရိုးနဲ့ လက်ထပ်လိုက်ပြီ ဆိုတော့ ကို့ညီမလေး ဖြစ်သွားပြီ"

အစောက ရိုးမနဲ့ လက်ထပ်လိုက်တဲ့ ရိုးမ ချစ်ဇနီးချော။

သူ့ညီရဲ့ မိန်းမ။

စိုင်းညီလာရဲ့ ညီမဖြစ်လာသည့် မိန်းကလေး။

သူဘာတွေ လျှောက်လုပ်ခဲ့မိတာပါလိမ့်။ ဘာလိုမှ မဖြစ်သင့်တဲ့ ကိစ္စကိုမှ… သူက အရူးတစ်ယောက်လို စဉ်းစားဆင်ခြင်ကင်းမဲ့စွာ အစောအချစ်ကို ရယူသိမ်းပိုက်ချင်ခဲ့မိသည်။

တစ်ခါတည်း အတိတ်မေ့နေခဲ့ရင် ဘယ်လောက်ကောင်းမလဲ အစောရယ်။ ကိုယ် သတိမရချင်တာတွေကို မေ့ထားလို့ရတယ်





ဖြစ်နိုင်တာတွေကို ပြန်မတွေးချင်ဘူး။

အခု အားလုံးကို ကိုယ်ပြန်သတိရတော့ မင်းကိုချစ်တဲ့ ကိုယ့် နှလုံးသားက အရင်လို ပြင်းထန်တဲ့ ခံစားချက်ဝေဒနာတွေ ပြန်ဖြစ် လာတာ ကိုယ်ဘယ်လို တားဆီးရမှာလဲ။

ကိုယ်အချစ်ဆုံး၊ အမြတ်နိုးဆုံး ချစ်ရသူက သူ့မျက်စိရှေ့ တည့် တည့်မှာ အစွန်းကပ်စွာ ရှိနေတာကို ဘာမှမဖြစ်သလို ဘာတစ်ခုမှ မခံစားရသလို နေပြနိုင်လောက်အောင် စိုင်းညီလာ့နှလုံးသားက ဟန် ဆောင်မကောင်းပါ။

အစောကို ချစ်သည့်အချစ်ကို သူ့ကိုယ်တိုင်လဲ လိုက်မမီ။ သေချာ တာက အစော သူ့အနားမှာ အမြဲရှိနေလျှင် တစ်နေ့မဟုတ် တစ်နေ့ ပေါက်ကွဲမိလျှင် ခက်တော့မည်။ အစောဆိုတာ အရင်ကလို အပျိုစင် လေး မဟုတ်တော့။ သူ့ညီ၏ ဇနီးမယား။ ပြီးတော့ သူတို့နှစ်ယောက် ထားသိသည့် ဒီအချစ်ကိစ္စကို ဘယ်လိုဖြေရှင်း၍မှ မရ။

သူဘာလုပ်ရမည်နည်း။

အစောလည်း ထိုကိစ္စအတွက် စိတ်ဆင်းရဲနေမည်ဆိုလျှင် သူ့မှာ တာဝန်ရှိနေပြီ။

ကိုကို့ကို ခွင့်လွှတ်ပါ ရိုးရယ်။

အစောကို ကိုကို ဘယ်လိုမှ မုန်းပစ် မေ့ပစ်လို့ရမှာ မဟုတ်ဘူး ဆိုတာ ကိုကိုသိတယ်။

တိကျခိုင်မာသော ဆုံးဖြတ်ချက်တစ်ခု သူ့အတွက် ရှိကိုရှိရ မည်။ စင်သီယာကို သူခေါ်လိုက်သည်။

"ဘာလဲ ကို၊ ဘာဖြစ်လို့လဲ ဟင်"

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်သောကတွေနှင့် သူ့နား အပြေးရောက်လာသူကို သူ အသာ အယာ ပြုံးပြလိုက်သည်။

"ကို ဘာမှ မဖြစ်ပါဘူး စင်သီယာ၊ အစောဆိုတဲ့ မိန်းကလေး ကို မြင်လိုက်ရတော့ ကို ခေါင်းထဲ မိုက်ခနဲဖြစ်သွားတာ ပြောပြချင်လို့ပါ သူ့နာမည်က အစောနော်"

"ဟုတ်တယ်ကို၊ အစောကို ကိုယ်မမှတ်မိတော့လားဟင် အဲဒီနေ့က ကို သိပ်နေမကောင်းလို့ အစောကို အကူအညီတောင်းပြီး ကို့ကား ကို မောင်းနိုင်းခဲ့တာလေ"

"ဟုတ်လား၊ ကိုယ် ဘာမှမသိတော့ဘူး"

"အစောကိုရော ကိုသိလား"

"ဟင်အင်"

အားလုံးကို မှတ်မိသည်။

အားလုံးကို နားလည်သည်။ သို့သော် သူ ခေါင်းခါလိုက်သည်။ အစောနဲ့သူ့ကြားမှာ ဘာဆိုဘာမှ မရှိ။ အဲဒီနေရာကို သူ့နှလုံးသားမှာ ထာဝရ သိမ်းထားရုံမှတစ်ပါး အခြင်မှာတော့ ထိုအရာကို ကွက်လပ် အဖြစ်ထားရန် သူ့ကိုယ်တိုင် ဆုံးဖြတ်ခဲ့တာကို ဘယ်သူမှ မသိ။

ဆရာဝန်စစ်ဆေးမှုကို နောက်ထပ်ခံယူရသည်။

"နောက်တော့ ပြန်သတိရလာမှာပါ မစိုးရိမ်ပါနဲ့"

နှစ်သိမ့်အားပေးအပြုံးဖြင့် ဆရာဝန်က အားလုံးကို နှုတ်ဆက်ပြီး ထွက်သွားသည်။

"အားလုံးကို ပြန်သတိရလာမှာပါလို့ ဆရာဝန်က ပြောပြီးပြီပဲ။ အစောကို အခု မမှတ်မိလည်း နောက်တော့ ကိုကိုကိုယ်တိုင် ပြန်သတိ





ရလာမှာပါ၊ စိတ်မကောင်းမဖြစ်နဲ့အနော် အစော"

"ဟုတ်ကဲ့ပါ၊ ကိုစိုင်း အစောကို ပြန်သတိရလာတဲ့ အချိန်ကိုပဲ အစော စောင့်နေပါမယ်"

စိတ်တစ်ဖက်က စိုင်းညီလာအတွက် စိတ်မကောင်း ဖြစ်မိသလို တခြားစိတ်တစ်ဝက်ကလည်း စိုင်းညီလာ အတိတ်ကို ပြန်သတိရပြီး အရင်ကိစ္စတွေ ပြန်မှတ်မိလာရင်ဆိုသည့်အတွေးက အစောရင်ကို မွန်းကျပ် ရှုပ်ထွေးစေသည်။

"လောလောဆယ်တော့ ကိုကို နေပြန်ကောင်းလာတဲ့ အထိမ်း အမှတ်အဖြစ် ညီတို့ကို မင်္ဂလာဦးလက်ဖွဲ့ တစ်ခုခုပေးဗျာ"

"ကိုကိုက ဘာပေးရမှာလဲ"

"ဩော်… နေဦး… နေဦး မမစင်သီယာ့ဆီမှာ ကို့ကားထဲက ရတဲ့ ကို့လက်စွပ်တစ်ကွင်းရှိတယ်"

"ရော့… ကို… ကိုညီကို မင်္ဂလာဦးလက်ဖွဲ့အဖြစ် ကိုယ်တိုင် ပေးလိုက်"

စင်သီယာ လှမ်းပေးသည့် လက်စွပ်ကို မြင်လိုက်ရတော့ စိုင်း ညီလာရင်ထဲ ခံစားချက်တစ်မျိုး ဖြစ်ထွန်းသွားသလို အစောရင်ထဲလည်း လှုပ်ခပ်သွားတော့ စိုင်းညီလာ မျက်နှာကို အလန့်တကြားလေး ကြည့် လိုက်မိသည်။ ဒီလက်စွပ်လေးမှာ သူတို့နှစ်ယောက်တည်း သိသည့် ကိစ္စဖြစ်၍ တခြား ဘယ်သူမှ ဒီအကြောင်းကို မသိ။

"ရော့… ညီ"

"ကျွန်တော့်ကို မပေးနဲ့ ကိုကို၊ ကိုကိုညီမ အစောလက်ကို ကိုကိုကိုယ်တိုင် အထိမ်းအမှတ်ဖြစ်တဲ့အနေနဲ့ ဝတ်ပေးလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အို"

ရိုးမစကားကြောင့် အစောအကြည့်လေးတွေက စိုင်းညီလ
မျက်နှာကို အဓိပ္ပာယ်တစ်မျိုးလေးနှင့် ကြည့်လိုက်မိသည်။ စိုင်းညီလာ
အစောကို မကြည့်။ သူ့လက်ထဲက လက်စွပ်လေးကို ငုံ့ကြည့်နေ

"ဒီလက်စွပ်က မေမေရဲ့ လက်စွပ်ပဲ၊ အစောနဲ့ထိုက်လို့ အစေ
ဆီကို ပြန်ရောက်လာတာပါ"

စိုင်းညီလာ့စကားကြောင့် အစောရင်တွေ တဒိတ်ဒိတ် ခေ
ခုန်သွားသည်။ သူပြောနေတဲ့ စကားအဓိပ္ပာယ်တွေ ဘယ်လိုလဲ။ သူ
အစောတို့ကိစ္စကို သူပြန်သတိရ မှတ်မိနေတယ်ဆိုတဲ့ သဘောလာ

"ကိုယ် ဒီလက်စွပ်လေးကို အစောကို ပေးပါရစေ၊ လက်ခံပါ"

"လက်ခံပါတယ်လို့ ပြောလိုက်လေ အစော"

အစောမျက်နှာကို စူးစိုက်ကြည့်နေသည့် စိုင်းညီလာ မျက်ဝန်းထဲ
က နူးညံ့သိမ်မွေ့မှုတွေထဲမှာ ဘယ်လို အရာတွေ ရှိနေလဲ အစေ
မသိချင်တော့ပါ။ ရှိန်းစက်ဝင်းလက်နေသည့် သူ့အကြည့်တွေ
အစော မျက်ဝန်းမှတစ်ဆင့် အစောနှလုံးသားကို ထိုးဖောက်သွားသကဲ့
ခံစားလိုက်ရ၍ အစောနှုတ်ဖျားက 'ရှင် အစောကို သေသေချာချ
မှတ်မိနေတယ် မဟုတ်လား' လို့ ထုတ်မေးလိုက်ချင်စိတ်ကို အနားမှ
ရှိနေသူတို့ကြောင့် အသာချုပ်တည်း မျိုသိပ်လိုက်ရသည်။

အစောစိတ်ထင်ထားတာပဲ ဖြစ်ပါစေတော့လေ။ သူကိုယ်တိုင်
အစောကို မမှတ်မိပါဟု ပြောထားပြီးပြီပဲ။

"ဘယ်တော့မှ မေ့ပျောက်လို့ မရနိုင်တဲ့ အချစ်ရဲ့ အထိမ်းအမှတ်
ဒီမင်္ဂလာလက်စွပ်ကို အစောလက်မှာ ကိုယ်ကိုတိုင် ဝတ်ပေးပါရစေ"





"အို"

အစော တားချိန်မရလိုက်။

စိုင်းညီလာက အစောလက်ကလေးကို ဆွဲယူပြီး လက်စွပ်လေး
ကို အစောလက်မှာ ဝတ်ဆင်ပေးလိုက်၍ အခန်းထဲမှာ လက်ခုပ်သံလေး
တွေ ဆူညံသွားသည့်အခိုက်မှာ စိုင်းညီလာ မျက်ဝန်းထဲမှာတော့ အလွှန်
လသာသည့် ညတစ်ညက သူ့သဘောနှင့်သူ အစောကို ဒီလက်စွပ်
ကလေး ဝတ်ပေးသည့် မြင်ကွင်းတစ်ခုက လျှင်မြန်စွာ ပြေးဝင်လာ
သည်။

အခု စိုင်းညီလာ အလွှန်ဖြစ်ချင်သည့် ဆန္ဒအတိုင်း အားလုံး
ဖြစ်ခွင့်ရလိုက်ပါပြီ။ ထိုအတွက် ဆန့်ကျင်သည့် ကံတရားကို သူ
ကျေးဇူးတင်သည်။

"ကျေးဇူးတင်ပါတယ် အစော"

"အစောကလည်း ကိုစိုင်းကို ကျေးဇူးတင်နေမှာပါ"

တစ်ယောက်မျက်နှာ တစ်ယောက်ကိုယ်စီ အဓိပ္ပာယ်တွေနှင့်
စူးစိုက်ကြည့်လိုက်ပြီး သူမလက်ကို အခုချိန်ထိ တင်းကျပ်စွာ ဆုပ်ကိုင်
ထားသူလက်ထဲက အသာရုန်းယူ ဖယ်ရှားလိုက်မှ စိုင်းညီလာက
အစောလက်လေးကို မလွှတ်ချင်လွှတ်ချင်နှင့် အသာဖြေလွှတ်ပေးလိုက်
သည့်အခုံးမှာ ပြုံးနေသည့် ခင်ပွန်းသည်ရှိရာသို့ ပြေးသွားလိုက်မိသူက
အစောကိုယ်တိုင် ဖြစ်သည်။

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ
ချစ်မေတ္တာဖြင့်
မြပုလဲသွယ်



www.burmeseclassic.com